ဇာလုပ်ကတ်ဖို့လေး

အသျှင်စံကျော်ထွန်းရွှီးရေ ရခိုင်တော်လှန်ရီးသမိုင်းသုံးသပ်ချက်

**မာတိကာ**

(၁) နိဒါန်း၊ ဇာလုပ်ကတ်ဖို့လေး

(၂) ငါရို့ ဇာတော်လှန်ရီးနန့် တော်လှန်ကတ်ဖို့လေး

(၃) ရခိုင့် အမျိုးသားတော်လှန်ရီးသမိုင်းကြောင်း
- (က) မဟာ ပဒေသရိုက်နယ်ချဲ့ ကိုတော်လှန်ခြင်း
- (ခ ) ဗြိတိသျှ အရင်းသျှင်နယ်ချဲ့ ကိုတော်လှန်ခြင်း
- (ဂ ) ဗြိတိသျှ အိန္ဒိယဆိုရေ စီးပွားရီးစားချက်ကိုဖွေ့စေးခြင်း
- (ဃ) ၁၉၃၇ ခုနှစ် ဗြိတိသျှဗားမား ကိုခွဲထုတ်ခြင်းနန့် နယ်နိမိတ်မျဉ်း (ဝါ) (McMahan line)သတ်မှတ်ခြင်း

(၄)ရခိုင့် အမျိုးသား တော်လှန်ရီး သမိုင်းကြောင်း ရောထွီးလားခြင်း
- (က) ပထမ ရခိုင်ဝံသာနုခေတ် ဇာပိုင်လေး?
- (ခ ) ၂၀ ရာစု ပထမပိုင်း တော်လှန်ရီးများ ဇာပိုင်လေး

(၅) ကျွန်ပုန်းခိုက်
- (က) ဒုတိယ ရခိုင်ဝံသာနုခေတ် (အမျိုးသား တော်လှန်ရီး စေးရုံးရီးကာလ)
- (ခ ) ရခိုင့် အမျိုးသား တော်လှန်ရီး အဖွေ့အစေးများ ပေါ်ပေါက်လာခြင်း၊

(၆) အမျိုးသား တော်လှန်ရီးနှင့် တော်လှန်မေ၊
- မဟာဗျူဟာ
- နည်းဗျူဟာ
- ခံယူချက်များ

(၇) ကောက်စိုက်ချက်များ

(၈) လုပ်ငန်းပိုင်း

## (၁) ဇာလုပ်ကတ်ဖို့လေး

**၁။ သျှိုက်တေ ရဲဘော်အပေါင်းရို့ အေနိန့် ငါရို့ ဇာလုပ်ကတ်ဖို့လေး?**

အေနိုင်ငံရီး၊ တော်လှန်ရီး၊ သံသရာဝဲကို စိုင်းစားယင်း ၊စိုင်းစားယင်း၊ အေမီးခွန်းရာ တစ်ခုထွက်ပေါ်လာရေ။ ကိုယ့် ဖာသာ ကိုယ်လေ့ အကြိမ်ကြိမ်၊ မီးမြန်းမိရေ။ ကိုယ့်ရဲဘော်တိကိုလေ့ ဒေမီးခွန်းကို စိတ်နန့် အခေါက်ခေါက်အခါခါ မီးမြန့် ကြည့်ရေ။ ငါစိတ်ကူးကြည့်ရေ။ စိုင်းစားကြည့်ရေ။ ဝေဖနကြွေရေ။

ငါဇာလုပ်ရဖို့လေး? ငါရို့ဇာလုပ်ရဖို့လေး?

အဖြေကား ငါရို့လွတ်လပ်ရီး ရအောင်လုပ်ရဖို့။ လွတ်လပ်ရီးရအောင် ဘဇောင်လုပ်ရဖို့လေး? လွတ်လပ်ရီး ရအောင်တော်လှန်ရဖို့။

ဟုတ်ယာ၊ ဘဇောင် လွတ်လပ်ရီးမျိုးကို ငါရို့လိုရေလေး။ ဖိနှိပ်ခြင်းကင်းရေ (လူမျိုးရီး အရဖိနှိပ်ခြင်း ကင်းရေ၊ လူ တန်းစားအရ ဖိနှိပ်ခြင်းကင်းရေ) လွတ်လပ်ရီးမျိုးကို ငါရို့လိုလားရေ။ အဂယောင့်ပင် စင်ကြယ် မြင့်မြတ်တေ၊ ဖိနှိပ်ခြင်းကင်း ရေ လွတ်လပ်ရီးအတွက် ငါရို့ တော်လှန် တိုက်ခိုက်ရမေ။ ဒေကာလမာ လွတ်လပ်ရီး တိုက်ပွွေးကို ပြပြင်ရီး နန့် စမ်းလို့မတွိ့။ ဖက်ဆစ်အာဏာ အတွင်းမာ ပြပြင်ရီးရေ ဖျက်ဆီးရေ ကိရိယာတစ်ခု ဖြိုက်နီကတ်တေ။ တော်လှန်ရီး အောင်မြင်လာရေခါ နေးဇျူဟာ ပိုင်းမာ ပြုပြင်ရီးကို လိုအပ်ကေ ထေ့သုံး ရဖို့ဖြိုက်ကေလေ့ ဒေအချိန်မာ အောင်ပွွေးကို လွတ်လပ်ရီး အောင်ပွွေးကို ပြုပြင်ရီးနန့် မရယူနိုင်။ ဥပဒေတွင်း လှုပ်ရှားရီးကို လုပ်ဖို့ဆိုကေ ဖြိုက်နိုင်ရေ။ ယကေလေ့ ဥပဒေတွင်း လှုပ်ရှားရီး အခြီအနီ ကိုရာ ပီးနိုင်လိမ့်မေ။ အဆုံးအဖြတ်ကိုကား ပီးနိုင်ဖို့မဟုတ်။ ယင်းနန့်ရာ လွတ်လပ်ရီး အတွက် တော်လှတ်ရီးရာ အဓိက။ ရခိုင့် လွတ်လပ်ရီး အတွက် ရခိုင့် တော်လှန်ရီးရာ အဓိက။

ယကေ ဘဇောင် တော်လှန်ရီးလုပ်ဖို့လေး။ တော်လှန်ရီး ဆိုစွာ အဆင့်(၃) ဆင့်ဟိရေ။

**ပတမ အဆင့်**

အမျိုးသား တော်လှန်ရီး (National revolution)

**ဒုတိယ တန်းအဆင့်**

ပြေသူ့ ဒီမိုက ရေစီ တော်လှန်ရီး (Class revolution)

**တတိယ အဆင့်–**

ဆိုချေလစ်တော်လှန်ရီး (socialist revolution) ရို့ပင်ဖြိုက်ကတ်တေ။

ယကေ အေနိန့် ရခိုင်ပြေ အမျိုးသား အနေနန့် ဇာတော်လှန်ရီး စခန်းအဆင့်ကို ဆင်နွှဲရဖို့လေး။ စာအုပ်ကြီးမာ စခန်းဆင့်ကို ရှာလို့ မမှန်ကန်နိုင်။ ဥာဏ်ပညာ ထက်မြက်မှုနန့် ရှာလို့မမှန်ကန်နိုင်။ လက်ဝဲအစွန်း၊ လက်ယာ အစွန်းရို့မာ ရှာလို့လေ့ မမှန်နိုင်။ ငါရို့ ရခိုင့်ရုပ်ဘဝ သမိုင်းမာရာရှာရဖို့။ နောက်မြီးဆွဲဝါဒ ရို့နန့် ရှာလို့ရဖို့မဟုတ်။ သိပ္ပံနေးကျ တော် လှန်ရီး သဘောတရားနန့်ရာ ရှာလို့ရနိုင်ဖို့။

ရခိုင် လူမှုအဖွေ့အစေး၏ ရုပ်ဘဝ၊ ရုပ်သမိုင်းကို လှည့်ကြည့်ကေ ကိုလိုနီဘဝ၊ ကိုလိုနီ သမိုင်းကို တွိ့ရဖို့အမှန်။ ကိုလိုနီမာတောင်က ဖုံးကွယ်ခံ ကျွန်ပုန်းကိုလိုနီ (Hidden colony) ဖြိုက်နီရေ။ ကိုလိုနီ ရခိုင့်လူမှုအဖွေ့အစေးမာ ကိုလိုနီ ရခိုင် အမျိုးသားနန့် ဗမာနယ်ချဲ့ရို့၏ အဓိက ပဋိပက္ခ အဖြိုက်တွိ့ရရေ။ ပထမ စခန်းအဆင့်ဖြိုက်တေ အမျိုးသား တော်လှန်ရီးကို ကိုင်တွယ်ရဖို့ပင် ဖြိုက်တေ။ ယင်းမှတပါး အခြားမဟိ။

မျက်မှောက်ကာလမာ ဗမာ ဖက်ဆစ်နယ်ချဲ့ရို့ကို အမျိုးသားတော်လှန်ရီးနန့် ရခိုင်မြေက နှင်ထုတ်ပိုက်ရဖို့ပင် ဖြိုက်တေ။ ဒေစင်ကြယ်မွန်မြတ်တေ အလုပ်ကို ငါရို့လုပ်ရဖို့ဖြိုက်တေ။ ငါရို့ ယူရဖို့တာဝန်ဖြိုက်တေ။ ကိုလိုနီ နိုင်ငံ တစ်ခုမာ အမျိုးသား လွတ်လပ်ရီး မဟိဘေး၊ လူတန်းစား လွတ်မြောက်မှုမဟိနိုင်။ အမျိုးသား လွတ်လပ်ရီးမဟိဘဲ ဇာလူမှုတိုး တက်ရီးကိုမှ မလုပ်ဆောင်နိုင်။ ယင်းနန့်ရာ ကိုလိုနီရခိုင်မြေမာ ငါရို့ ရခိုင် အမျိုးသား တစ်ရပ်လုံးအနေနန့် ပထမဆုံး အမျိုးသား လွတ်လပ်ရီးကို ဆင်နွှဲလားရဖို့။ တချိန်တေးမာ ကိုယ့်ရခိုင် လူမှုအဖွေ့အစေးတွင်း ပဋိပက္ခ၊ လူတန်းစားချင်း ပဋိပက္ခ၊ မျိုးနွယ်စုချင်း ပဋိပက္ခ၊ ဒေသန္တရ ပဋိပက္ခ၊ နိုင်ငံရီးအုပ်စုချင်း ပဋိပက္ခ၊ အားလုံးရေ လက်အောက်ခံ ပဋိပက္ခ ဖြိုက်နီသိလို့။ ယင်း ပဋိပက္ခကို အမျိုးသားရီးကို ဦးတည်လို့ မိတ်ဆက်အသွင်ဖြေရှင်းလားရဖို့။

## (၂)ငါရို့ ဇာတော်လှန်ရီးမျိုးနန့် တော်လှန်ကတ်ရဖို့လေး?

### ချိုက်တေရီးပေါ်အပေါင်းရို့ အေနိ ဇာတော်လှန်ရီးမျိုးနန့်တော်လှန်ရဖို့လေး?

ဒေမီးခွန်းကို အထက်ကတော့ခါ တဆိတ်ကေလောက် ဆွေးနွေးခယာဖြိုက်တေ။ ယကေ အကျေ ချေ့လို့မဆွေးနွေးခင် ရှီးအထက်က အမျိုးသားခေါင်းဆောင်ကြီးတိ ဇာတော်လှန်ရီးမျိုးကို လုပ်ခကတ်တေလေး ဆိုစွာကို တချက်လောက် လိလာကြွေကတ်ဦးမေ။ ယင်းစော်ရို့ရေ

ဇာတော်လှန်ရီးမျိုးကို လုပ်ခကတ်တေလေး တော်လှန်ရီး စခန်းဆင့် (၃) ဆင့် ဟိစွာမာ ပထမ စခန်းဆင့်ကို လုပ်ခကတ်တေလား။ မဟုတ်ကေ ဒုတိယ အဆင့်ကို လုပ်ခကတ်တေလား။ တတိယ ဆင့်ကို လုပ်ခကတ်တေလား? တနေး အမျိုးသား တော်လှန်ရီးကို လုပ်ခကတ်တေလား မဟုတ်ကေ လူတန်းစား တော်လှန်ရီးကို လုပ်ခကတ် တေလား? မဟုတ်ကေ ဆိုယှေလိတ် တော်လှန်ရီးကို လုပ်ခကတ်တေလား? ရခိုင့် လူမှုအဖွဲ့အစေး ရုပ်သမိုင်းနန့် ရခိုင် တော်လှန်ရီးသမိုင်းကို လိလာကြေ့လိုက်ကေ ပထမ စခန်းဆင့်၊ အမျိုးသား တော်လှန်ရီး ဆင်နွှေးခကြောင်းတွိ့ခရဖို့ပင် ဖြိုက်တေ။

## ငါရို့ အဖ ရခိုင် ပြေရေ

**AD1784 (AC.1146)** ကပင် လွတ်လပ်တေ ၊မှိခိုကင်းရေ၊ အချုပ်အချာအာဏာ ပိုင်ဆိုင်ရေ ၊ အမျိုးသား နိုင်ငံဘဝက လွတ်လပ်မှု မှီခိုကင်းမှု၊ အချုပ်အာချာအာဏာပိုင်ဆိုင်မှုတိ လုံးဝဆုံးယှုံးလခပြီးကေ ကိုလိုနီ ကျွန်ဘဝကို ကျရောက်လခစွာ ဂနိထက်ထိ လွတ်လပ်ရီး မရသိ။ အမှီအခိုကင်းရေ အချုပ်အချာအာဏာ ပိုင်ဆိုင်ရေ အမျိုးသား နိုင်ငံဘဝကို မရောက်နိုင်သိ။ ယင်းကြောင့် ကျွန်ဖြိုက်လခရေ (၁၁၄၆ ခု ပြာသိုလဆုပ် ၇ ရက်) နိကပင် သို့မဟုတ် ဗမာ့ ပဒေသရိုက်နေချေ့ရို့ ရခိုင်ပြေကို စလို့ဝင်လာရေ ၁၁၄၆ ခု နတ်တော် လဆန်း (၄) ရက်နိကပင် တော်လှန်ရီး၏ ဖခင်ကြီး ကျော်ထွီး စတင်ဆင်နွှေးခရေ ရခိုင်ပြေ အမျိုသား တော်လှန်ရီးကား အဆုံးသတ် အောင်ပွွေးကို ဂနိထိ မရောက်သိ။ ယင်းကြောင့် အမျိုးသား တော်လှန်ရီး အဆုံးသတ် အောင်ပွွေးဖြိုက်တေ အမျိုးသား လွတ်လပ်ရီး အောင်ပွွေးအတွက် ရခိုင်ပြေ အမျိုးသား တော်လှန်ရီးကို ဆက်လက်ဆင်နွှေး ကတ်ရဖို့။

## (၃)ရခိုင် အမျိုးသား တော်လှန်ရီး သမိုင်းကြောင်း

### (က) ဗမာ ပဒေသရိုက်နေချေ့ ကိုတော်လှန်ခြင်း

ပထမပိုင်း (၁၇၈၄–၁၇၈၈) **AD** ၁၆၃၈ (ရခိုင်နိုက်–၁၀၀၀–ပြေ့) ခု သိရိသုဓမ္မဘုရင် ကွယ်လွန်လားခ တေ ရခိုင်လူမှုအဖွဲ့အစေးမာ စေးရုံးရီး အင်အား လျော့ဆင်းစပြုလာလတ်တေ ယင်းအချိန်ထိ ရခိုင် ပဒေသရိုက် မြီသျှင် စနိုက်မာ အာရစ္စတိုကရေစီ (**ARIATOCRACY**) ခေါ် သုခမိန်ထိန်းကွပ်ရီး စနိုက် ခိုင်နောင်းကေလေ့ နောက်ပိုင်းကာလ လူအုပ်ဝါဒခေါ် မော်ဘိုကရေစီ (**Mobcracy**) ထွန်းကားစ ပြုလာရေ။ ကိုယ်ရံတော်တပ်များက အချုပ်အချာ အာဏာ ကို ကြိုးဆွွေးလာလတ်တေ။ မြို့စား၊ ရွာစားများ (**feurallordo**) က နန်းလုလာလတ်တေ။ မင်းမျိုး မင်းနွှေ အများစုနန့် ကိုယ်ရံတော် တပ်သားအများစုရေ ရခိုင်ပြေ အစွန်အဖျားဖြိုက်တေ ကံသာ၊ ရီကြေဒေသတို့ တိမ်းယှောင်လားလတ်တေ။ ယင်းအချိန်ကား ရခိုင့် အကျအဆင်းကာလပင်ဖြိုက်တေ၊ ရခိုင်အမျိုးသား အစေးအရုံးရီးအပြိုအဆင်း ကာလဖြိုက်တေ။ ၁၇၈၄ (**AC**.၁၁၄၆) အထိ ဆူဆူပူပူ၊ လှုပ်လှုပ်ယှားယှား ဖြိုက်နီရေ။ ရခိုင်မြီသျှင် ပဒေသရိုက်စနိုက်၏ အဆိုးဆုံး ကာလပင်ဖြိုက်တေ။

**AD.1784**.က ဗမာနေချေ့ ပဒေသရိုက်ဘုရင် မောင်ဝိုင်းရေ ရခိုင်ပြေကို ကျူးကျော်တိုက်ခိုက်ပြီးကေ သိမ်းယူလီရေ။ အစက ရခိုင်မင်းညီ မင်းသားအချို့နန့် မောင်ဝိုင်းရို့ မဟာမိတ်ဖွဲ့ကတ်ပြီးကေ ရခိုင်မင်းသား ဟရီကို မြောက်ဦးမှာ နန်းတင်ဖို့ မောင်ဝိုင်းကို အခွန်ဘဏ္ဍာဆက်ဖို့လောက်ရာ အစီအစိုင်ဟိခရေ။ ယင်းနန့်ဇ လက်ဟိရခိုင်မင်းကို မထောက်ခံဘေး မင်းသား ဟရီကို ထောက်ခံရေ ရခိုင်မြို့စား၊ ရွာစားအချို့ မောင်ဝိုင်းတပ် ကျူးကျော်လာစွာကို ကြိုဆိုခကတ်သိရေ။ နောက်ပြီးမှရာ မောင်ဝိုင်း၏ မဟာမိတ် သိုက်စာဖောက်ဖျက်ကြောင်းကို ရခိုင်ခေါင်ဆောင်တိ ရိပ်မိကတ်တေ။ ယင်းပိုင် ရိပ်မိလာရေ ခေါင်ဆောင်များထေးက ဗိုလ်ချင်းပြန်၏ မြို့သူကြီး ဦးသံဒေလေ့ အပါအဝင်ဖြိုက်တေ။ ယင်းအခါကကား မောင်ဝိုင်းတပ်ရို့ လက်ဦးမှုရလားခယာဖြိုက်တေ။ နောက်မြီးဆွွေး စိတ်နန့် သူတပါးအားကိုးစိတ်ဟိရေ လူတိုင်း ဒေအမှားမျိုးကို ကျူးလွန်ကတ်တေချေးပင် ဖြိုက်တေ။ ဒေခိုက် လူကြီး၊ လူငယ်တိ ကြပ်ကြပ် သတိထားစရာပင်ဖြိုက်တေ။ ဗမာမောင်ဝိုင်းရေ ရခိုင်ပြေ မြောက်ဦးမြို့ကို အောင်မြင်ကေလေ့ ရခိုင်တပြေလုံးကိုကား မသိမ်းယူနိုင်ခ။ တစိပ်တဒေသကိုရာ သိမ်းယူနိုင်ခရေ။ နတ်မြိုက် အနောက်ဖက် ဘင်္ဂါ ၁၂ မြို့ ၊ ဗိုလ်မင်းထောင် ၊ ဖလံထောင် ၊ မြဲထောင်ရို့ကိုကား သူမရလီ။ အင်္ဂလိပ် သံတမံ ကပ္ပတိန် ကန်နိန်း (**captain canning**) အင်းဝမြို့ကို ရောက်တေအခါ မောင်ဝိုင်းရေ ရခိုင်ပြေ ကျန်အစိပ်အပိုင်းဖြိုက်တေ ဘင်္ဂလားဒေသကို တိုက်ခိုက်သိမ်းယူဖို့ ကြံစီနီကြောင်း တွိခရရေလို့ ကပ္ပတိန် ကန်နိန်း၏ မှတ်တမ်းကတွိ့ရရေ။ ယေကေလေ့ မောင်ဝိုင်းရေ နတ်မြိုက် အနောက်ဖက်ကို လုံးဝမရခ၊ သူ မြိုက်ကိုကူးဖို့ကြံတိုင်း ရခိုင် တော်လှန်ရီး ခေါင်ဆောင်ရို့၏ ခုခံတိုက်ခိုက်စွာကို အလျူးအလေးခံစားခရေ။ မောင်ဝိုင်းတပ်ရို့ရေ ရခိုင်မြီကို လိုချင်စွာထက် ယင်းဒေသမာ ခိုအောင်းနီရေ ရခိုင်တိကို လိုချင်စွာက အားကြီးလို့ဖြိုက်တေ။ ယင်းရခိုင်တိကို ထုတ်ပီးဖို့စွာကိုလေ့ အင်္ဂလိပ်နန့် ဆက်ဆံလာရရေအခါ မောင်ဝိုင်းရို့ အကြိမ်ကြိမ် တောင်းခံခကတ်တေ။ ယင်းအခါ ဗမာနေချေ့ရို့၏ ကြွေးကြော်သံက "ကျူပင်ခုတ် ကျူငုတ်မျှ မကျန်စေနန့်" လို့ ဆိုရေ ဆောင်ပုဒ်ဖြိုက်တေ။

ရခိုင်ပြေကို ကျူးကျော်ဖို့ ဗမာနေချေ့ရို့ ရခိုင်ပြေနားသို့ ဝင်လာရေခါ တောင်ကုတ်နေက တန်းလွေးစား ကျားရီဝတ်၊ တောင်မင်းကြီး ကျော်ထွီး စတင်ခုခံတိုက်ထုတ်ခရေ။ ၁၁၄၆ခု၊ နတ်တော် လဆန်း (၄) ရက်က ဗမာနေချေ့တပ်ရေ ရခိုင်ပြေကို ထိုးဝင်ရောက်လာရေ ။ ယင်းနှိုက် ယင်းလ၊ လဆန်း (၉)ရက် စနီနိက တောင်မင်းကြီး ကျော်ထွီး ခုခံတိုက်ထုတ်လိုက်တေ။ နောက်တခေါက် ယိုင်းလာရေအခါလေ့ တိုက်ဖျက်လိုက်တေ။

၁၁၄၆ခု နတ်တော်လဆန်းက ဗမာနေချေ့ အလုံးအရင်းနန့် ဝင်လာရေခါ တောင်မင်းကြီးရေ မြောက်ဦး မင်းဘားက ၄င်း၊ ရမ်းပြေ့ကျွန်းက အိမ်ရှိမင်းယောင်း သက်စံရွှေရို့ပါးက ၄င်း၊ မာန်အောင်မြို့စား ဗိုလ်ထွန်းအောင်ကျော် ရို့ပါးက၄င်း ၊စိုက်ကူ တောင်းလိုက်တေ။ ယေအခါ အချင်းချင်း သံယဝင်နီကတ်လို့ စုစုစေးစေး နေချေ့ကိုခုခံဖို့ စိတ်ဓာတ် မရောက်နိုင်ခကတ်။ တကွေး တပြားစီ ဖြိုက်နီကတ်တေ။

(၁)။ မြောက်ဦးဘုရင် မဟာသမ္မတရာဇာ အပြင်

(၂)။ ငကြေးတောင်က ခါးမနိုင်တမင်း

(၃)။ ပန္နေး ချောင်းကျွန်းက ကောင်းညွှန့်ရန်တိုင် တမင်း

(၄)။ ကြပ်စင်ကျွန်းက ခါးပိုင်ကြီးသံဒေတမင်း

(၅)။ ရိုးကျွန်းက ကုလားရွှေစာတမင်း

(၆)။ တန်းလွေးက တောင်မင်းကြီး ကျော်ထွီးတမင်း

(၇)။ မာန်အောင်ကျွန်းက သတိုးဖြူတမင်းရို့ပင်ဖြိုက်တေ။ အစုအငေအေများအပြား ပင်ဟိနီကတ်တေ။ ယင်းနန့်ဇ ဗမာနေချေ့ရို့ရေ တခုပြီးတခု တိုက်ခိုက် ချိုးနှိမ့်ဖို့ လွေကူလားခရေ။ ဗမာနေချေ့ ပဒေသရိုက်ကား ပရိယေအရာက ပြေတန်းဆာပိုင် လေ့ဖျားတတ်တေအတိုင်း၊ ရခိုင် သိုက်စာဖောက်တိက ရိုကတင်ယူခပြီးကေ ပြေသူ လူထုကို တပတ်ရိုက်ခသိရေ။ ယင်းနန့်ဇ အချို့အချို့ ရွာဇားများ သီမင်းကြိုဆိုပွေးတိကို လုပ်မိခကတ်သိရေ။

တောင်မင်းကြီးရေ ရခိုင်အမျိုးသား တော်လှန်ရီး သမိုင်းကြောင်းက နေချေ့ကို ပထမဆုံး ပွေးဦးနင်း တိုက် ထုတ်ခသူဖြိုက်တေ။ စိုက်အင်အားမမျှလို့ တန်းလွေးချောင်းက ဆုတ်ပြီးကေ ရမ်းပြေ့၊ သံတွေး၊ မာန်အောင်နေက ခေါင်း ဆောင်တိကို တပ်ပေါင်စုဖို့၊ ဗမာနေချေ့ကို တိုက်ထုတ်ဖို့ကြိုးစားခရေ။ မှန်ကန်ရေ မဟာဗျူဟာ၊ နေးဗျူဟာပင် ဖြိုက်တေ။

တောင်မင်းကြီးရေ နောင်တော်ခါးပိုင်ကြီး စံပေါ်ရွှီ ရမ်းပြေ့စား ဗိုလ်ပေါလုံး၊ လမုစား ဗိုလ်လှခိုင်၊ ရမ်းပြေ့စား ဗိုလ်ထွန်းအောင် ရို့နန့် လူအင်အား (၃) သောင်းကျော် စုစေးပြီးကေ တုံးကျောက်ဆိပ် တိုက်ပွေးက ဗမာနေချေ့ကို အနိုင်ယူလိုက်တေ။ ဒုတိယ တကြိမ် ပြင်းပြင်းထန်ထန် တိုက်ရရေ။ ယှုံးနိမ့်လို့ ယင်းက တဖန်ဆုတ်ပြီးကေ ပဂေးချောင်းကျွန်းက ခေါင်ဆောင် ကောင်းညွှန့်ရန်တိုင် ၊ဗိုလ်ထွန်းပေါ်ဝေရို့နန့် ပူးပေါင်ပြန်ရေ ။ ယင်းကအားနန့် ဗမာနေချေ့ကို တိုက်ခိုက်လီရေ။ ယင်းတခါအားမမျှလို့ မယူကမ်းသို့ ဆုတ်ခံရရေ။ ယင်းနောက်ပိုင်းနှိုက်ကပင် မဟာဓမ္မရာဇာမင်း၊ သားတော်အိမ်ရှိမင်း၊ မောင်းသက်စံရွှေရေ ယောက်ဖတော် စိုက်ကွပ်ဗိုလ်ချေ့စွေ နန့်အတူ ရမ်းပြေ့မြိုက်ဝတိုက်ပွေးက ဗမာနေချေ့တပ်တိကို ပြင်းပြင်းထန်းထန်း တိုက်ထုတ်ခကတ်တေ။ ယင်းတိုက်ပွေးက ဗိုလ်ချေ့စွေကျဆုံးလို့ ရခိုင်တပ်ပျက်ကာ နောက်ဆုတ်လီရရေ။ ဗမာနေချေ့ရို့လေ့ ယင်းအခါ အိမ်ရှိမင်း သက်စံရွှေ၏ ဇင်ချောင်းနေကို သိမ်းပိုက်လိုက်ကတ်တေ။

တောင်ပိုင်းက ရခိုင် ဗိုလ်မင်းတပ်မင်းရို့ ဖရိုဖရီးပြိုကွေးလီကေ ဗမာနေချေ့ရို့ရေ ရခိုင်ပြေမြောက်ပိုင်းသို့ ချီးတက်လာကတ်ပြီးကေ (၁၁၄၆) ခု ပြာသိုလ်လဆုတ် (၆) ရက်က လောင်းကြက် မြို့ဟောင်းက တပ်တေပြီးကေ မြောက်ဦးမြို့တော်ကို တိုက်ခိုက်လီရေ။ ယင်းနိကပင် ရခိုင် ဗိုလ်မင်းတပ်မင်းရို့လေ့ လောင်းကြက်တပ်ကို ထွက်တိုက်လီရေအခါ ယှုံးနိမ့်ခရေ။ ယင်းနန့်ဇ တိုက်ဂျီတော် (၃၀) နန့် မြောက်ဦးဘုရင် မဟာ သမ္မတရာဇာ မင်းရေ ယင်းနို သိုင်းခေါင်အချိန်က ရမ်းပြေ့ကျွန်းကို ဆုတ်လီရရေ။ နောက်တရက် ပြာသိုလဆုတ် (၇) ရက် စနီနိက (၁၇၈၄ ခု ဒီဇင်ဘာလ) မြောက်ဦးရွှေမြို့တော်ကို ဗမာနေချေ့ရို့ သိမ်းပိုက်လီရေ။ ပြာသိုလကွေ တနင်္ဂနွီနိ (၁၇၈၅ပြာသိုလ) ကျွန်းသာယာက ရခိုင် မင်းတရားကို ဗမာနေချေ့ရို့ လက်ရဖမ်းဆီးမိလို့ အမရပူရမြို့တော်သို့ ပို့လိုက်ကတ်တေ။ အထက်က ဆိုခရေအတိုင်း ဗမာနေချေ့ရို့ရေ ရခိုင်မင်းသား ဟရီကိုနန်းတင်ဖို့လို့ ဥပါယ်တမည် လုပ်ထားလို့ ပြေသူအများစုက ထင်တလုံးနန့် မျှော်ကိုးနီခကတ်တေ။ မင်းသား ဟရီ ကွေလွန်ရေခါ မုတ်ဆိတ် တပုတ်မင်းသားကို နန်းတင်ဖို့လို့ လေ့စားထားပြီးကေ ပြေသူကို ချုပ်ကိုင်လိုက်တေ။ ယင်းအချိန်ခါက ဗမာနေချေ့ကို ဖွေးသတ္တိ အပြေ့နန့် တော်လှန်နီရေ ရခိုင် ခေါင်ဆောင်ကြီးကကား တောင်မင်းကြီး ကျော်ထွီးပင်ဖြိုက်တေ။ ယင်းနန့်ဇ ဗမာနေချေ့ရို့က သူ့ရို့လက်တွင်းသို့ ကျရောက်သမျှ ရခိုင် အမျိုးသားအားလုံးကို သုံးပန်းအဖြိုက် သတ်မှတ်ပြီးကေ “နေထွက်ဘုရင် ကျွန်တော်မျိုး” ဆိုရေစာတန်းကို ပီရွှက်၊ ထန်းရွှက်၊ ဝါးခြမ်း ရို့မာ ရွှီးပြီးကေ လိုင်ပင်းမှာ ဆွေးထားစီရေ။ ဆွေးမထားရေလူကို တောင်မင်းကြီးလူလို့ ယူဆပြီးကေ သတ်ပိုက်ကတ်တေ။

၁၁၄၆ ခု တပိုတွေး လဆန်း (၁၃) ရက် ၊တနင်္ဂနွီနိက ကတညူတောင်ထိပ်က မဟာမုနိ ရုပ်ရှင်တော်၏ ကိုယ်စားတော်ကို ဗမာနေချေ့ရို့ ပင့်ဆောင်သိမ်းယူ လားခကတ်တေ။ ရခိုင်ပြေ အရပ်ရပ်က ဓာတ်တော်၊ မွီတော် ပေါင်းကအစ ပြေသူရို့၏ပစ္စွေး၊ ဝန်ဆန်၊ ကျွေးနွား၊ ကြက်ဝက်၊ အဆုံးထိရသမျှသိမ်းယူကာ ဗမာပြေသို့ပြန်လီကတ်တေ။ မြောက်ဦး မြို့တော်က နန္ဒပကျန်ကို မြို့စောင့်၊ ပြေစောင့်၊ အဖြိုက် ဗမာနေချေ့ကထားပိုက်ခကတ်တေ။

မြို့ဝန် နန္ဒပကျန်လက်ထက်က ရခိုင် တပြေလုံး ပြေသူရို့ရေ ရရာလက်နက်ကိုဆွေးပြီးကေ တွီ့ရေနေချေ့ကိုဆက်လက် တော်လှန်ကတ်တေ။ ပြေသူရို့၏ ပြန့်ကြေးနီရေ တော်လှန်ရီး သွီးကန်ကို စုစုစေးစေးလုပ်ပီးဖို့ ခေါင်ဆောင်ကောင်း အလိုအပ်ဆုံး အချိန်ပင်ဖြိုက်ကေလေ့ အာယတနန့် ဂိုဏ်ဂနတရား ပြင်းထန်နီလို့ တဦးတယောက်လေ့ တိုးတက်ခွင့်မရခ။ အချင်းချင်း ကွေးကွေးပြားပြား တော်လှန်လို့ပင် ဟိကတ်တေ။ မှတ်ချက်။ ။အေနိထက်တိုင် အေဒဏ်ကို ခံနီကတ်ရသိရေ စိုက်မှန်ရေ တော်လှန်ရီး အဖွေ့အစေးတိုင်းရေ ဂိုဏ်ဂနလိုင်းကို လုံးဝ ပေဖျက်ပြီးကေ ပြေသူလိုင်းကို အဓိက အရှုံစိုက်ကတ်ကေ ညီညွှတ်စုစေးရီးဆိုစွာ ချက်ချင်း ဖြိုက်လာရလိမ့်မေ။ ဂိုဏ်းဂန အာနာကို အခြီခံစွာရေ အတ္တကို အခြီခံစွာဖြိုက်ပြီးကေ အမျိုးသား တရပ်လုံး ဘဝကို အခြေခံသူရာ စိုက်မှန်ရေ တော်လှန်ရီး သမား (ဝါ) အဖွေ့ ဖြိုက်လိမ်မေ။ အေအဖွေ့ကိုရာ အမျိုးသားတရပ်လုံးလေ့ ထောက်ခံလာလိမ်မေ။

ယင်းပိုင် အမျိုးသားအင်အားစုတိ အချင်းချင်း မညီမညွတ်ဖြိုက်နီရေ အချိန်က ဗမာနေချေ့ရို့ကား ရခိုင်ပြေသူရို့ကို ရခိုင်သမိုင်းတလျှောက်လုံးက တခါလေ့မကြုံဖူးအောင် အုပ်လိုက်သတ်ဖြတ် နီရေ။ လက်လှမ်းမှီ သလောက် စာရင်းအရ

(၁) ပေါင်းတုတ်ပြင်က ပြေသူ ၁၀၀၀

(၂) သရက်အုပ် က ၁၀၀၀

(၃) ကြက်ရိုးတောင် က ၁၀၀၀

(၄) စံကားတောင် က ၂၀၀၀

(၅) မြောက်ဦးမြို့ထက်က ပြေသူ ၃၇၀၀၀

(၆) ပုခက်တွင်း နို့စို့ချေတိကို ဓါးကဇတ် ပခစွာ ၁၀၀၀၀

(၇) ဘုရားပေါ်၊ ဒိုင်းကျီ၊ မောင်းဆွေး၊ ငရကောက်၊ ခေါင်းပြိုတောင်၊ ပုရိမ်း၊ ပေါင်းတုတ်၊ ရတနာပြင်၊ လက်မ တောတန်း၊ ကိုးဆေ့ကိုးတောင်၊ သံတွေး ၊ ရမ်းပြေ့၊ မာန်အောင်၊ အရပ်ရပ်ရို့က ဗမာ နေချေ့ရို့ သတ်ပိုက်ခရေပြေသူ အပေါင်း အလီလီ ရရေကား ၁၈၄၀၀၀ (၁၇၈၄–၈၈အတွင်း) စုစုပေါင်း အသတ်ခံရစွာ ၂၃၆၀၀၀။

အေလောက် သီရေပြေသူကို ဂုခိုက်ပြေသူရို့က သမိုင်းမတင်ကတ်ကေ ဇာလို့ ယူဆကတ်ရဖို့လေး?ယင်းပိုင် လူသမိုင်းကို ဂရုမပြုကတ်တေ၊ လူမျိုးဆက်သိုက်အတွက် အနာဂတ်ဆိုစွာ တေပါ်နိုင်ဖို့လား?။ ယင်းသမိုင်းကို ဆက်ခံရေ လူကို ကျိုင်းမြောင်းရေလို့ ဆိုကေ ဆိုရေလူ၏ စိတ်ကို ကျေရေလို့သတ်မှတ်ရဖို့လား?။ နေချေ့ရို့၏ ပြေသူအပေါ် ရက်စက်ပြုမှုစွာကို သမိုင်းမတင်ကေ၊ တင်စွာကို ချုပ်ချကေ ယင်းပိုင်လူကို ပြေသူကို နှိုက်စက်တေနေချေ့ကို ထောက်ခံ အားပီးရေလူစားလို့ သတ်မှတ်ရရေ။ ပြေသူကို ဆက်ခံစွာ ပြေသူသမိုင်းကို ဆက်ခံစွာရေ တရားရေ၊ မှန်ကန်ရေ လူ့ကျင့်ဝတ်နန့် ညီညွတ်တေ။ နေချေ့ရို့၏ ယုတ်မာမှုကို၊ ပြေသူရို့၏ ဒုက္ခခံစားရမှုတိကို ဖော်ထုတ်ရဖို့ပင်၊ သမိုင်း မော်ကွန်း တင်ရဖို့ပင်ဖြိုက်တေ။

ရခိုင်ပြေ မြောက်ဦး မြို့တော်ကို ဗမာနေချေ့ ပဒေသရိုက် သိမ်းပိုက်ပြီးရေ နောက်ပိုင်း ၁၁၄၇ ခု တန်းခူးလက တောင်မင်းကြီး ကျော်ထွီးရေ ညီညွတ်ရီးတပ်ပေါင်းစု လုပ်နိုင်အောင် ကြိုးစားပြီးကေ ဗမာနေချေ့ကို တိုက်ခိုက်လီရေ။ မုဇုန္တတ်ကြီး ဘဈွေ၊ ဓါးပြန်စီးဗိုလ်ကောင်းစံရွှီ၊ ဓါးပိုင်ကြီး စံပေါ်ရွှီရို့နန့် အင်အားစုပြီးကေ အရှိအိန္ဒိယ ကုမ္ပဏီနန့် မဟာမိတ်ဖွဲ့ကတ်တေ။ ပဒေသရိုက်နေချေ့နန့် အရင်းသျှင်နေချေ့ ၂ တိုင်ကြားက ကျရောက်နီရရေ ရခိုင် လူမှုအဖွဲ့အစေးကို ကေတင်ဖို့အတွက် ပက်ပင်း ပတိပက္ခဖြိုက်တေ ဗမာနေချေ့ကို ရခိုင်ပြေတွင်းက တိုက်ထုတ်ဖို့အတွက် လက်နက်အရောင်းအဝေ အကူအညီကိစ္စအတွက် စကားဆိုကတ်တေ။ ကုမ္ပဏီကိုယ်စားလှယ် စိုက်တကောင်းမြို့ဝန် နန့် တောင်မင်းကြီး ကိုယ်စားလှယ် နောင်တော် ဓါးပိုင်ကြီး စံပေါ်ရွှီ ရို့ အပြန် အလှန်ဆွေးနွေးခကတ်တေ။ ယေကေလေ့ ဆွေးနွေးပွေး အတွင်းကပင် ရခိုင် ခေါင်ဆောင် အချင်းချင်း စိတ်ဝမ်းကွေးပြားမှု ဖြိုက်ပေါ်လာလို့ အချဉ်းနှီးဖြိုက်လီရရေ။

ယင်းအချိန် အတိုးအတွင်းက ပန္နေးချောင်းကျွန်းစား ကောင်းညွန်ရန်တိုင်ရေ "ရသေ့တောင်တိုက်ပွေး" မှာ ကျဆုံး လီယာဖြိုက်တေ။ သမ္မတရာဇာမင်း၏ သားတော် သက်စံရွှီမဟာ သမ္မတရာဇာမင်း၏ ညီတော် ချိုက်လှရွှီရို့ရေ သူရီးတထောင်နန့် ရမ်းပြေ့မြို့ကို တိုက်ခိုက် လာကတ်တေ။ ဗမာနေချေ့ တပ်က အားနန့် ဖိလို့ ရခိုင်မင်းသား နှစ်ပါးရို့ ဆုတ်ခံရရေ။ သံတွေးမြို့ကို လမုစား ဗိုလ်ဟရီ တပ်မှူးဗိုလ်ရီးစံရို့ ရသလောက်ရခိုင် အင်အားနန့် ဖိတိုက်ကေလေ့ ဗမာနေချေ့ရို့က လက်ဦးမှုရထားယာဖြိုက်လို့ တပ်ဆုတ်ခံရရေ။ မာန်အောင်ကျွန်းက ဗိုလ်မြရောင်၊ ဗိုလ်ထွန်းအောင် ရို့ ဗမာနေချေ့ကို တော်လှန်တိုက်ခိုက်ရာက ယှုံးနိမ့်လို့တောင် ဂွ၊ ကြိမ်သလီတို့ ဆုတ်ပြီးလီရရေ။ မာန်အောင်ကျွန်းက ဆီးသမား၊ ဗေဒင်တတ် အများအပြားကို ဗမာနေချေ့ရို့ သတ်ပိုက်လီရေ၊

မြောက်ဦးမြို့အနီး မြို့သိုက်ချောင်းက တောင်မင်းကြီး ကျော်ထွီးရေ ဗမာနေချေ့ကို တိုက်ခိုက်လီပြန်ရေ။ တိုက်ပွေးက
ပြင်းထန်ရေ ။ ယင်းတိုက်ပွေးက ရခိုင် တော်လှန်ရီး ခေါင်ဆောင်ကြီးမှာ သေနတ်ထိမှန်လို့ ၁၁၄၈ ခု ကဆုန်လမှာကွေလွန်
လီရေ။ တောင်မင်းကြီး၏ မိဖုရား သားတော်၊ သမီးတော်၊ မောင်းမမိဿံရို့ကို ဗမာနေချေ့ရို့က ဖမ်းဆီး၊ ချိုင်နှောင်ပြီးကေ
မြိုက်မှာ ပိုက်ချလို့သတ်ဖြတ်လိုက်တေ။

အနောက် ခုနိုက်ခရိုင် တောင်စိုင်စနေး အရပ်သားရို့ကလေ့ ဗမာနေချေ့သိုက်စာကို မခံဘေး တော်လှန်ကတ်တေ။
ရမ်းပြေ့စား ဗိုလ်ပေါလုံး ။ လမုစား ဗိုလ်ပေါခိုင်ရို့ပူးပေါင်းပြီး ထားကတ်တေ။ ယင်းခါ ဗမာနေချေ့ရို့က လက်ဦးမှု ရထားပြီးဖြိုက်တေအတိုင်း စနေးတပ်ကို ဖြိုခွင်းပိုက်တေ။ ၁၁၄၉ ခုနှိုက် ကဆုန်လက စနေးတရွာလုံးကို သတ်ပြီးကေ မီးလှန်ပိုက်လိုက်တေ။ နံယုံလမာ အိမ်ရှိမင်းသား သက်စံရွှီမှာ သီနပ်ဒဏ်ရာနန့် ကွေလွန်လီရေ။

နေချေ့ပဒေသရိုက် မောင်ဝိုင်း၏ ရခိုင်ပြေသူအပေါ်မှာ ရက်စက်ယုတ်မာမှုကား ကမ်းကုန်ရေ။ ရခိုင် အမျိုးပြုန်းအောင်၊ ရခိုင် တော်လှန်ရီးစိတ်ဓာတ် ကုန်ခန်းအောင်၊ အစစအရာရာကို လူမဆံ၊ သူမဆံ၊ ရိုက်ချိုးဖျက်ဆီးပိုက်တေ။ မျိုးပွားဖုံးလွှမ်းပိုက်တေ။ နောက်နောင် ရခိုင် မတော်လှန်နိုင်အောင် ရခိုင်ဘုရင် အဘယ မဟာရာဇာမင်း၏ သားတော်ပတင်စား စံရွှီပေါ်၊ စန္ဒသုမနရာဇာမင်း၏ သားတော် ကျော်ဇံ ၊ ဓမ္မရိုက်ရာဇာမင်း၏ သားတော် ရီနောက်စား သုဒ္ဓေါဦး၊ တခြားမင်းသား၊ မင်းသမီးများ ဝိနေးထိုရ် ၊ သျှိုတ်သောင်း ဆရာတော်၊ ရတနာစံဦး ဆရာတော်၊ ဇိနမာန်အောင် ဆရာတော်၊ လောက မာန်အောင်ဆရာတော်၊ ပိန္နေးတောင် ဆရာတော်၊ ပုရောဟိတ်မင်းဆရာ၊ သျှိုက်တိုင်ဗေဒင်တတ်၊ ဆီးသမား၊ ကိုယ်ရံတော်၊ သူငယ်တော်၊ ယောက်ျားမိန်းမ (၇၇၀၀) ရို့ကို ၁၁၄၆ တပေါင်းလမှာ ဗမာနေချေ့ရို့ ဖမ်းဆီးခေါ်ဆောင်လားခရေ။ ပိဋကပ် ၃ ပုံ၊ ဗေဒင်ဗါဟိရကျမ်း ၅၆ စောင့်ရို့ကိုလေ့ သိမ်းယူလားခရေ။ မြောက်ဦးမြို့တော်ဟိ ကျောင်းကြီး ၃၀၊ ကျောင်းငေ ၃၇၀၀။ တပြေလုံးဟိ ကျောင်း၊ ကန်၊ စေတီပုထိုးများအားလုံးကို ရခိုင်ထက်ရီးလက်ရာဆိုလို့ မမြင်ရအောင် ဗမာမင်း အမိန့်နန့် ဖျက်ဆီးပိုက်ကတ်တေ။ မြောက်ဦးရွှေမြို့တော်နန့် တကွ ရမ္မာဝတီမြို့တော်၊ မေဃဝတီမြို့တော်၊ ဒွါရာဝတီမြို့တော်မှာဟိရေ နန်းတော် ကျုံးမြောင်းစရေ မြို့အင်္ဂါအားလုံးကိုလေ့ ဗမာမင်းအမိန့်နန့် ဖျက်ဆီးမီးချိုးပြီးကေ မီးလှန် ပိုက်လိုက်ကတ်တေ။ ရခိုင် ရဟန်းတော် ထေရ်ကြီး၊ ဝါကြီးတိကိုလေ့ လူထုတ်ပြီးကေ ဗမာ ပဥ္စင်းပျိုရို့ပါးမှာ သိက္ခာပိုက်တင်စီရေ။ ဗမာနေချေ့ သာသနာပြု ဆရာတော် ၁၂ ပါး ရောက်လာပြီးကေ ရခိုင် ယိုင်ကျေးမှု အရပ်ရပ်ကိုဖျက်ဆီးပိုက်ကတ်တေ။ ရခိုင် စာပီကျမ်းဂန်တိကိုလေ့ ဖျက်ဆီးပြီးကေ ဗမာ ဘာသာပြန်ဆိုကတ်တေ။ ဗမာစာ ၊ဗမာစာပီရို့ကို ရခိုင်ပြေသူတိပါးမှာ

အသုံးပြုစီရေ။ နေချေ့မှု ကိစ္စ အရပ်ရပ်ပြီးရေခါ အောင်ဇာတီနန့် သိမ်ကျောင်း ဆောက်လုပ်လီကတ်တေ။ ယင်းအတွက်နန့် ၁၁၅၀ (AD.1788) က စပြီးကေ ရခိုင်လက္ခဏာအရပ်ရပ်တို့ ပျက်စီး၊ တိမ်မြုပ်လီရရေ။

အေကား ၁၁၄၆ ခု ဗမာနေချေ့ ရခိုင်ပြေသို့ ဝင်ကတေးက စပြီးကေ ၁၁၅၀ ခု ဗမာနေချေ့ရို့ ရခိုင်လက္ခဏာ အရပ်ရပ်ကို ချိုးဖျက်လိုက်တေ အချိန်ထိ အကျိုင်းချုပ်သမိုင်း ဖြိုက်တေ။

## ဒုတိယပိုင်း ၁၇၈၈– ၁၇၉၄

ရခိုင်ဗိုလ်မင်း၊ တပ်မင်းအပေါင်းရို့မှာ ဗမာ နေချေ့ရို့လက်ဦးမှု ရလားချက်ကို ပြန်ချိုးချဖို့ အကြိမ်ကြိမ် ကြိုးစား ကတ်ကေလေ့ တော်လှန်ရီး၏ အဓိက ဝင်ရိုးဖြိုက်တေ စေးကမ်းဟိခြင်း၊ စေးလုံးညီညွတ်ခြင်းကို အရမတေဆောက် နိုင်ကတ်လို့ အယှုံးနန့်ချေး ရင်ဆိုင်နီကတ်ရရေ။ ယှုံးတိုင်းယှုံးတိုင်း ရခိုင်ပြေ အနောက်ပိုင်းဒေသမှာ ခိုအောင်း နီကတ်ရရေ။ ရခိုင်ပြေ အနောက်ပိုင်းဒေသကို ယင်းအချိန်က ဘင်္ဂလားကို သိမ်းပိုက်ထားရေ ဗြိတိသျှ အရှိအိန္ဒိယ ကုမ္ပဏီက အပိုင်ခံထားရာဖြိုက်တေ။ ဒေကာလမှာ ရခိုင်ပြေ အရှိဖက်တခြမ်းကို ဗမာ ပဒေသရိုက်နေချေ့က စိုးမိုးလို့ အုပ်ချုပ်နီယာဖြိုက်တေ။ အနောက်ဖက် တခြမ်းကို ဗြိတိသျှအရင်းသျှင် နေချေ့ရို့ လေ့စားအုပ်ချုပ်နီယာဖြိုက်တေ။ ရခိုင်တော်လှန်ရီး ခေါင်ဆောင်ရို့ရေ ဗမာနေချေ့ပါးမှာ စိုက်ရီးအရယှုံးတိုင်း အနောက်သို့ ဆုတ်ပြီးကေ ယင်းမှာ စေးရုံးရီး လုပ်လိလုပ်ထဟိကတ်တေ။ ရခိုင်ပြေ အရှိဖက်ခြမ်း နတ်မြိုက်ကပင် မော်တင်စွန်း၊ ဟိုင်းကြီးကျွန်း နဂရိုက်အငူထိ။ အနောက်ဖက်ခြမ်း နတ်မြိုက်ကပင် အနောက်ဖက်ဘင်္ဂါ ၁၂ မြို့သက်ထောင်၊ ဖလံထောင်၊ ဗိုလ်မင်းထောင်၊ မြဲထောင်အထိ။

### ရခိုင်ပြေ အရှိဖက်ခြမ်းဟိ

၁၁၅၀ ခု နောက်ပိုင်းက ရခိုင် ပြေသူတရပ်လုံးကို ဗမာနေချေ့ရို့ ခါးတင်အုပ်ချုပ်လီရေအခါ ရခိုင်တော်လှန်ရီး ခေါင်ဆောင်များဖြိုက်ကတ်တေ ရမ်းပြေ့စား ဗိုလ်ပေါလုံး၊ ကျွေးတကောင်နိုင်ဗိုလ်၊ ဗိုလ်ခွက်ပေါက်၊ ဗိုလ်စိန်ရောင်၊ ဗိုလ်မြရောင်၊ ဗိုလ်ထွန်းဦး၊ ဗိုလ်မျတ်မှောင်ဖြူ၊ ဗိုလ်တိုင်းချိုက်ပရံ ၊ နတ်တောင်စားဗိုလ်ရွှေကျော်၊ ဆေစင်းစီးဗိုလ် လက်ျာပြန်ရွာအုပ် ဗိုလ်တုံးစံ၊ ဗိုလ်ကောစွေ၊ ဒင်္ဂါးတောင်စား ဗိုလ်တုံးစံရွှီ၊ ပလက်စားဗိုလ်စံ စရေ ဗိုလ်အပေါင်ရို့ရေ ရခိုင်ပြေ အနောက်ဒေသမှာ ခိုလှုံလို့ ဟိလီကတ်တေ။ ယင်းခေါင်း ဆောင်တိနန့် ပြေသူတရပ်လုံးကို ဗမာနေချေ့ရို့ ဝင်ရောက် တိုက်ခိုက်သတ်ဖြတ်လိုရေစိတ်တဖွားဖွား ပေါ်ပေါက်နီလီရေ ။ ဗြိတိသျှနန့် ရင်ဆိုင်တိုးနီရေ အတွက် ဗမာနေချေ့ရို့အဖို့ အခွင့်မသာဖြိုက်နီခရေ။ ယကေလေ့ အခွင့်ရကေ ရရေပိုင် ရခိုင်တိကို သတ်ဖြတ်လီရေ။

၁၁၅၆ ခု (AD.1794) က ဗမာနေချေ့ရေ နေးပရိယေအမျိုးမျိုးနန့် ရမ်းပြေ့စားဗိုလ် ပေါလုံး၊ ဗိုလ်ခွက်ပေါက်၊ ကျွေးတကောင်နိုင် ဗိုလ် ၃ယောက်ကို ကုမ္ပဏီအစိုးရ ပါးက တောင်းခံလီရေ၊ ယင်းအခါ ဗမာတိပါးက လတ်စားထားရေ စိုက်တကောင်းမြို့ဝန် ကာနေလ်အာစကိန် (Colonel Erskine) က အဆိုပါဗိုလ် ၃ ဦးရို့ကိုဖမ်းဗျာလ် ဗမာနေချေ့ လက်သို့ လွှေးအပ်လိုက်တေ။ ယင်းဗိုလ် ၃ ဦးရို့ကို ဖမ်းဗျာလ် ဗမာနေချေ့ရို့က အမရပူရသို့ ပို့လိုက်ပြန်ရေ။ ယင်းမာပင် ယင်းခေါင်ဆောင် ၃ ဦးကို (၁၁၅၇–ခု–နံယုန်လ) မှာ ကားစင်တင်ဗျာလ် မသီ မရှင်၊ တန်းလန်းတင်လို့ သတ်ပိုက်လီရေ။ ကျွေးတကောင်နိုင်ဗိုလ်ကား ထွက်ပြီး လွတ်မြောက်လားခရေ။ ယေကေလေ့ ရခိုင် ခေါင်ဆောင်တိကား ရခိုင် မာန်ကိုမချ။ ဖြိုက်တေဘဝမှာဖြိုက်တေပိုင် ရှန်းကန်ကတ်တေ။ ကားစင်ထက်မာပင်နေချေ့ပဒေသရိုက်ကို ဆန့်ကျင် ဆန္ဒပြယင်း ကွေလွန်လားခကတ်တေ။

## တတိယပိုင်း(၁၇၉၄–၁၈၁၅)
## ဗိုလ်ချင်းပြန် တော်လှန်ရီး

ရခိုင် လူမှုအဖွေးအစေးမှာ မြီသျှင်ပဒေသရိုက်စနှိုက် နောက်ဆုံးပိုင်း တေတဲ့ချိန်ကာလမှာ အမျိုးသားစေးလုံးမှုပြိုကွေးလားခရေ အတွက်တာကြောင့် ကိုလိုနီကျွန်ဘဝသို့ကျရောက်လားခရေ အရှိဖက် ရခိုင်ပြေ တစိပ်တဒေသနန့် ရခိုင်လူမှုအဖွေးအစေး တစိပ်တဒေသကို ဗမာပဒေသရိုက်နေချေ့က ရက်စက်မှုမျိုးစုံနန့် အုပ်ချုပ်လီရေ။ ဤနောက်ဖက် ရခိုင်ပြေတစိပ်တဒေသနန့် ရခိုင် လူမှုအဖွေးအစေး တစိပ်တဒေသကို ဗြိတိ အရင်းသျှင် နေချေ့ရို့သိမ်းယူပြီးကေ ဘင်္ဂလားနေနန့်ပေါင်းစပ်ပိုက်လိုက်တေ။

ဗမာနေချေ့ရို့ ရခိုင်ပြေကို သိမ်းယူရေနှိုက် ၁၇၈၄ က ၁၇၈၈ ထိအတွင်းမှာ ရခိုင်အမျိုးသား တရပ်လုံး ဗမာ နေချေ့ကို ခါးခါးသီးသီး တော်လှန်ခကတ်တေ။ စေးရုံးညီညွတ်ခြင်း၊ စေးကမ်းဟိခြင်း၊ စရေ တော်လှန်ရီး၏ အဓိကဝင်ရိုး (၀၊) အင်္ဂါများ ချို့တေ့မှုကြောင့် ယင်းတော်လှန်ရီးမှာ မအောင်မြင်နိုင်ခ၊ ဗမာနေချေ့ရို လူမဆန်ရေစိတ်နန့် ရခိုင်ပြေ အရပ်ရပ်မှာ သိန်းသန်းချီလို့ သတ်ဖြတ်ကကတ်တေ ။ ယင်းခေတ်ခါ မှတ်တမ်းများအရ ဗမာမြို့ဝန် နန္ဒပကျန် သတ်ပိုက်ခစွာ ရခိုင်အမျိုးသားပေါင်း ၂၃၆၀၀၀ ဖြိုက်တေ။ (၁၇၈၄ ၈၈အတွင်း)။ မာန်အောင်မြို့ဝန် ဗမာသမိုင်းရီးများကလေ့ မာန်အောင်ကျွန်းဟိ ပညာသေပေါင်းများစွာကို

သတ်ဖြတ်ခရေ။ မြို့သိုက်ချောင်း စိုင်းတင်ချောင်း၊ တောင်ခွင်၊ ကြိမ်သလီနေရှို့မှာ သတ်ဖြတ်ခံခရေ ပြေသူအပေါင်းမှာလေ့ ရှာလိုက် နယ်လိုက် ချီလို့ဖြိုက်တေ ၊ရသမျှ ရခိုင်သုံးပန်းနန့်ပြေသူတိကို အုပ်လိုက်အုပ်လိုက် ဖမ်းပြီးကေ မြိုက်ကမ်းနားမှာ ပင်လေကမ်းခြီရှို့မှာ ခြံခပ်ပြီးကေ ဖြားရီနန့်မြှုပ်သတ်ခစွာ အေနိထက်တိုင် ခြံထိုးပြင်တိ ဟိနီသိရေ။

**AD-1788** မှာ ဗမာမြို့ဝန်ဖြိုက်တေ အနောက်တိုက်ဝန် လက်ထက်က ရခိုင်ပြေက ဖမ်းယူလားခရေ သူငေတော် ၁၀၁ ယောက် ယိုးဒယားကို တိုက်ဖို့ ပီးပို့ရစွာကား လူ ၆၀၀၀ဖြိုက်တေ။ ၁၇၈၇ ခု မှာမြို့ဝန်မင်းကြီး ကျော်ထင်စိန်ဖူး၊ လက်ထက်မှာ လူပေါင်း ၂၀၀၀ မင်းကွန်း စေတီတေဖို့လို့ပီးရရေ။

ယင်းအပြင် စိုက်ပွေးမှာ ပါလီရေ ရခိုင်အာဇာနီပေါင်း ရောဂါ ဖီးတော်မွတ်ခြင်း ဖီးနန့်သီလီရရေ လူအပေါင်းရှို့မှာ မရီတွက် နိုင်အောင်ပင်ဖြိုက်တေ။ ဗမာရို့ ချွေးတပ်ဆွေးယူလားခစွာလေ့ အများအပြားပင် ဖြိုက်တေ။ ယင်းနန့် ရခိုင်အမျိုးသားရှို့ရေ ရခိုင်ပြေ အနောက်ဖက်ခြမ်း ဗြိတိသျှ အရှိအိန္ဒိယ ကုမ္ပဏီ သိမ်းယူထားရေဒေသကို ကုန်းကြောင်းတမျိုး၊ ရီကြောင်းတဖုံ၊ ထွက်ပြီးလီကတ်တေ။ စိုက်တကောင်းတောင်ရို့၊ တောရိုင်းရို့ကို တိုးဝင်လီကတ်တေ။ လူအပေါင်းလေ့ အများအပြားပင်ဖြိုက်တေ။ သံတွေ၊ ရမ်းပြေ့၊ မာန်အောင်၊ စရေ ဒေသရို့ကပင်လေ့ ရီကြောင်းဖွင့်ကာ ဘင်္ဂလားအဝကွန်း၊ ကွန်းရိုင်းရို့ကို ခုတ်ထွင် ယှင်းလင်းဗျာလ် နီလီကတ်တေ။ လူအပေါင်းလေ့အမြောက်အများ ပင်ဖြိုက်တေ။

၁၇၈၈ ခု ဗမာရို့ မြောက်ဦးကို သိမ်းပိုက်ပြီးနောက် ၁၄ နှိုက်အကြာမှာ ရခိုင်အမျိုးသား သုံးပုံနှစ်ပုံရေ ရခိုင်ပြေ အနောက်ဖက်ခြမ်း ဗြိတိသျှပိုင်နက်တို့ ပြောင်းရွှို့လားလီကတ်တေ။ ကပ္ပတိန်ဟိရမ်း ကောစ် (**captain hiramcox**) ၏ အစီရင်ခံစာအရ **AD-1799.** ခု မှာ ရခိုင်သားပေါင်း ၄ သောင်း ၊ မဟုတ်ကေ ၅ သောင်း ပြောင်းရွှိလာ ကြောင်းဖေါ်ပြထားရေ။

အေခွင့်ရေ ၁၇၉၉ နှိုက် တနှိုက်အတွင်း ပြောင်းရွှို့ကတ်စွာဖြိုက်တေ။ ရခိုင် ဒုက္ခသေပေါင်းအနက် တရက်မှာ အယေ့၂၀ ယောက်စီ သီဆုံးလီရေ။ လာလမ်းတလျှောက်မှာ လူသီ အလောင်းထပ်နီရေ။ လူအိုများ ရောဂါသေများ မိခင်များ အယေ့များမှာ ခရီးကြမ်းတလျှောက် မရီမတွက်နိုင်အောင် သီဆုံးလီရေ။ အမိအလောင်ထက်မှာ နို့စို့နီရေ အယေ့တိလေ့ အများအပြားပင်ဖြိုက်တေ။ လို့သူ အစီရင်ခံစာမှာ ဖေါ်ပြထားရေ။

အခု ရခိုင်ပြေမှာ ဆက်ခံနီရေ ရခိုင် အမျိုးသား အပေါင်းရှို့ရေ ယင်းအခါက အသက်မသီလို့ ကျန်လိုက်တေ ရခိုင် ဖိုးဖီးဇူဇာက ဆင်းသက်လာရေ ရခိုင် အမျိုးသားတိဖြိုက်တေ ဆိုစွာကို မမိအပ် ၊ မမိရ၊ လူမျိုးဆက်ကို လူမသိရ။ လူ့သမိုင်းကို လူ့တော်လှန်ရီး သမိုင်းဆက်ကို လူမသိရ လူမျိုးဆက်ကို လူပင်ဆက်ခံရဖို့ပင်ဖြိုက်တေ။

ယင်းပိုင် ဖြိုက်နီချိန်မှာ (၁၇၉၈) ဗမာဘုရင် မောင်ဝိုင်က လူပေါင်း ၄ သောင်းနန့်သီနပ် ၂ သောင်းရှို့ကို ရခိုင်ပြေက တောင်းခံပါရေ။ ယင်းနန့်ဇ ဗမာမြို့ဝန်ရှို့က ချွေးတပ်ဆွေးနီလီရာ ယင်းနှိုက် (၁၁၆၀) ခု တန်းဆောင်မုန်း လဆန်း ၂ ရက် အင်္ဂါနီမှာ လကျာ်ပြန်ရွာအုပ် ဖိုလ်တုံးစံ၊ ဖိုလ်ကောစွေ၊ ဒင်္ဂါးတောင်းစားဖိုလ်တုံးစံရှိရှို့ရေ တိုက်စေ၊တိုက်မောင်းတီးလို့ တော်လှန် တိုက်ခိုက်ကတ်တေ။ ယင်း တော်လှန်ရီး အင်အားစုရေ ငရကောက်မှာ တပ်တေလို့ တော်လှန်ကတ်တေ။

မြို့သူကြီး ဦးသံဒေ၏ သားဖိုလ်ချင်းပြန် သမက်လတ်ရုံးဖိုလ် ၊ ပလက်စားဖိုလ်စံရှို့လေ့ မယူကမ်း အောင်တပ်မှာ တပ်တေပြီးကေ တော်လှန် တိုက်ခိုက်လီရေ။ ရမ်းပြေ့ မြို့သူကြီး ဖိုလ်စံမြမှာကား ဗမာနေချေ့ရှို့က ဖိုလ်ချင်းပြန်နန့် ဆက် သွယ်ကြောင်းကို သိလားလို့ ကွပ်မျက်ခံလီရရေ။ **AD.1811(AE.1173)**မှာ ဖိုလ်ချင်းပြန်ကား နတ်မြိုက်ကမ်းခြီ ဟာရဗင်း ကလူစုရေခါ ၁၅၀၀ လောက်ရရေ။ မယူကမ်း အောင်တပ်တို့ ရောက်တေခါ လူ ၃ သောင်းအထိ ရလာရေ ။ ယင်းခရိုက်နှိုက် မေလ မှာ မောင်တောမြို့ကို သိမ်းပြီးကေ ရခိုင် တပြေလုံး တော်လှန်ရီးအင်အား ဖြန့်ကြက်လိုက်တေ ဇွန်လ အလေလောက်မှာ မြောက်ဦးမြို့တော်မှ အပ ကျန်တပြေလုံးကို ဖိုလ်ချင်းပြန် သိမ်းထားလိုက်တေ။

ယင်းနောက်ပိုင်း ဖိုလ်ချင်းပြန်ရေ ကစ္ဆပနဒီ ကုလားတန်မြိုက် အနောက်ဖက် ယိုးငူ အရပ်မှာ ဇေယျာဝတီမြို့ကို တေထောင်လိုက်တေ ။ ဖိုလ် မျက်တောင်ရှေကို “နန္ဒိသေနဗန္ဓုလ” သွေ့နန့် စိုက်သူကြီး ခန့်လိုက်တေ ။ ရခိုင်တပ်မှူ ဖိုလ်မှူ အပေါင်းကို ရခိုင်ပြေအရပ်ရပ်မှာ တပ်ကိုယ်စီနန့် စေးအုပ်ထားစီရေ။ လကျာ်ပြန်အရပ်က ပလက်စား ဖိုလ်စံတပ်မှူမောင် ရွှေရို့တာဝန်ယူရေ။ ရွှေနတ်ပင် လမ်းကြောင်းက ဖိုလ်အောင်ရှိရှို့ တာဝန်ယူရရေ။ လောင်းကြက် မြို့ဟောင်းက ဖိုလ်စော်ကေး တပ်မှူဖိုလ်သောကြာ၊ ရမ်းဝမြိုက်က ဖိုလ်တိုးအောင်ကျော် မအီအရပ်က မြံတောင်စား ဖိုလ်မှုးမောင်ညို ၊ တပ်မှုးဖိုလ် ညိုရောင်ဖြူရှို့ တာဝန်ယူကတ်ရရေ။ မြောက်ဦးမြို့ကို ဖိုလ်မျက်တောင်ရှေ လမုစား ဖိုလ်ရွှေလူရှို့ ဝိုင်းဝန်ပိတ်ဆို့ထားရေ။ မာန်အောင်မြို့ကို လက်ရှန်း ဖိုလ်တိမ်ကြား ဖိုလ်ရှို့ ဝိုင်းဝန်ပိတ်ဆို့ထားရေ။ သံတွေမြို့ကို မြို့သိုက်စား ဖိုလ်မောင်ဝေ ဖိုလ် ဘချိုက်ရှိရှို့ ဝိုင်းဝန်း ပိတ်ဆို့ထားကတ်တေ။

ယင်းအချိန်လောက်မှာ ဖိုလ်ချင်းပြန်ရေ စိုက်တကောင်း တရားသူကြီးပါးတို့ သံစာတစောင်ပို့လိုက်တေ။ ဗြိတိသျှ အရှိအိန္ဒိယ ကုမ္ပဏီက လက်နက်ခဲယမ်း မီးကျောက်ကူညီပါက ဘဏ္ဍာ လက်ဆောင်ပီးပြီးကေ မိတ်အကြေဖွေ့ အကြောင်းကို ရီးသားလိုက်တေ။ ယင်းအချိန်ကပင် ယင်းပိုင်လုပ်စွာရေ ဖိုလ်ချင်းပြန်၏ နေးဗျူဟာပင်ဖြိုက်တေ။ တောင် မင်းကြီး ကျင့်သုံးခရေ နေးဗျူဟာနန့်တူရေ။ ပက်ပင်းကာလမှာ ရခိုင်ပြေ၏ အဓိကပတိပက္ခမှာ ဗမာနေချေ့နန့် ရခိုင် တမျိုးသားလုံးဖြိုက်နီရေ ပတိပက္ခဖြိုက်တေ။ ဗမာနေချေ့မှာ ပဒေသရိုက်နေချေ့ဖြိုက်တေ ရခိုင် တမျိုးသားတရပ်လုံးကို ပဒေသရိုက် လူတန်းစားအရ ဖိနှိပ်သတ်ဖြတ်နီရေ အမျိုးသား လက္ခဏာအရပ်ရပ်ကို ဖျက်ဆီးနီရေ။ အမျိုသား တရပ်လုံးကို မျိုးဖြုတ်နီရေ ယင်းနန့်ဇ ဒေပတိပက္ခကို ဖေယှားတိုက်ထုတ်ဖို့ အတွက် ဗမာ ပဒေသရိုက်နေချေ့၏ ရန်ဖက်ဖြိုက်တေ ဗြိတိသျှ အရှိအိန္ဒိယ ကုမ္ပဏီကို အရံအင်အားစုအဖြိုက် မိတ်ဖွေ့ယူမှုကို တောင်မင်းကြီးရှို့ ဖိုလ်ချင်းပြန်ရှို့ ကြိုးစားခစွာရေ သဘာဝကျရေ မိတ်ဖွေ့ရုံမဟုတ်ဘေး ပြေကိုထိုးအပ်ကေမှားရေ။ ယေကေ့ ဗမာပဒေသရိုက် လက်အောက်ခံဘဝက ဗြိတိသျှ အရင်းသျှင် နေချေ့လက်အောက်ခံ ဘဝတို့ ကျွန်လက်ပြောင်း လဲလိုက်ရုံရာ ကျဖို့။

ဖိုလ်ချင်းပြန်ရှို့ ယင်းပိုင် ကမ်းလှမ်းချက်ကို ကုမ္ပဏီအစိုးရက မလိုမ့်တပတ်လုပ်ထားရေ။ တဖက်မှာ စိုက်တကောင်း တရားသူကြီး မစ္စတာပီစေးလ် (**mr.pechak**) က ဖိုလ်ချင်းပြန်ကို ဖမ်းဖို့အတွက် ဝါရမ်းထုတ်ထားရေ။ အခြားတဖက်မှာ ဖိုလ်ချင်းပြန်၏ လှုပ်ရှားမှုကို ဒေါက်တာ မတ်ရီး (**DR.MERAE**) ရှို့ပိုင် ပုဂ္ဂိုလ်ရှို့ကလေ့ ရခိုင် တော်လှန်ရီး၏ တပ်ကို အကူအညီပီးနိုပြန်ရေ ယင်းအခါ ဗြိတိသျှ အရင်းသျှင် နေချေ့ရှို့မှာ အမေရိကတိုက်

မြောက်ပိုင်းရို့မှာ၊ ဥရောပတိုက်မှာ၊ အာဖရိက၊ တိုက်တောင်းပိုင်းမှာ၊ အိန္ဒိယပြေမှာ၊ တရုပ်ပြေမှာ၊ ပြင်သိုက်၊ အရင်းသျှင် နေချေ့ရို့နန့် စိုက်ရီး၊ နိုင်ငံရီး၊ စီးပွားရီး ၊ အရ ပြိုင်ဆိုင်တိုက်ခိုက်လို့ဟိနီရေ ယင်းနန့်ဇ ရခိုင်ပြေကိစ္စ မြန်မာပြေ ကိစ္စရို့မှာ မယောင်မလေ လုပ်ထားခြင်းဖြိုက်တေ။ ယင်းအခါက ဗြိတိသျှ ကုမ္ပဏီရေ ဗမာ ပဒေသရိုက်ရို့နန့် နားလေအောင် သံတမန် အကြိမ်ကြိမ် လွှတ်ပြီးကေ မိတ်ဖွေ့ဖို့ကြိုးစားနီရေ အခြားတဖက်မှာလေ့ ဗမာနန့် တွင်းရီးမှာ ပြင်သိုက်ရို့ အပြိုင်အဆိုင် ခြီကုတ်ဖို့ ကြံနီရေ ယင်း အတွက်တာနန့် ဖိုလ် ချင်းပြန်ရို့ကမ်းလှမ်းချက်ကို မပြန်ကြားဘေး နီခကတ်တေ။

ဖိုလ် ချင်းပြန်မှာ ယင်းနိုက် တမိုးလုံး ရခိုင်ပြေကို ထိန်းထားနိုင်ကပင် ဗြိတိသျှတပ်က ထွက်နီကတ်တေ အိန္ဒယ အမျိုးသား စိုက်သားများ မိမိတုပ်တွင်းတို့ ဝင်ဖို့ဆွေးနွေးလီရေ။ လက်နက်ရိက္ခကို ခက်ခက်ခဲခဲ စုလီရရေ။ မိုးကုန်ကေ ဗမာ နေချေ့နန့် ရင်ဆိုင်ရဖို့ပင် ဖြိုက်အတိုင်း စိုက်မှုစိုက်ရာကိစ္စရို့ကို စီးစီးစိုက်စိုက် ပြင်ဆင်ထားလီရေ။ ယေကေလေ့ လက်နက် ခေးယမ်း ၊ မီးကျောက်နန့် စိုက်ပညာဖက်မှာ ကောင်းကောင်းကြီး အားနဲနီရေ။ အချို့ တပ်သားရို့မှာ ဝါးချွန်ကိုပင် လက်နက် ကိုင်ဆောင်ရရေ စိုက်ပညာ လိကျင့်ရီးကိုလေ့ စိုက်ပွေးတွင်းမှာ လုပ်ရရေလို့ ဆိုရဖို့ပင် ဇာဖြိုက်လို့လေးဆိုကေ စိုက်တကောင်း နေဖက်က စေးရုံးရီး လုပ်စိုင်ကလေး ဗြိတိသျှရို့ မသိအောင် မြီအောက် စေးရုံးရီးကိုရာ လုပ်နိုင်ခရေ။ ယေပြီးကေ စိုက်ချီလာရရေ တမိုးတွင်းလုံးမှာလေ့ လိကျင့်ဖို့ ကောင်းကောင်းမရနိုင်။ အိုးပိုက်၊ အိမ်ပိုက် ပြီးလွှားနီရရေ ရခိုင်လူအဖွေးအစေးရေ နေချေ ၂ တိုင် ကြားမှာ ရှန်းကန်နီရစွာက လွေရေအလုပ်မဟုတ်။ ဇာပင်ဖြိုက်ဖြိုက် ဖိုလ်ချင်းပြန်၏ တော်လှန်ရီးရေ နေချေ့ဆန့်ကျင်ရီး အစိုက်အမှန်ပင်ဖြိုက်တေ။

၁၈၁၁ ခု ဒီဇင်ဘာလကို ရောက်လတ်တေအခါ ဗမာနေချေ့ ပဒေသရိုက် မောင်ဝိုင်းရေ ကြေးကြောင်း၊ ရီကြောင်းစိုက် ၂ ကြောင်းက ရခိုင်ပြတို့ လွှတ်လိုက်တေ မအီချောင်းတိုက်ပွေးမှာ ရခိုင်ရို့ယုံးနိမ့်လို့ တောင်ပိုင်းက ရီတပ်အားလုံးရေ စနေးခံတပ်ဟာ စုစေးနီရရေ။ ပင်လေကြောင်းတိုက်ပွေးမှာ ယုံးနိမ့်ရပြန်ရေ စိုက်လီ ၃၀၀ လူတသောင်း အနက် ၂၀၀ ပျက်စီးလီရရေ။

ယင်းကြောင်း ဖိုလ်ချင်းပြန်ရေ တပ်အားလုံးကို စုစေးပြီးကေ ကျိန်းကျွန်းကခုံခံပြန်ရေ။ အင်းအားမမျှလို့ ဇေဝတီခံတပ် မြို့တို့ ထပ်ဆင့်ဆုတ်ခွာရပြန်ရေ ၁၈၁၂ ဇန္နဝါရီလလောက်မှာ (၁၁၇၃ ခုပြာသိုလပြေ့ ဗဒူးနိ) ရခိုင် တပြလုံးက လူပေါင်း ၉၀၀၀၀ (ကိုးသောင်း)ကို သိမ်းယူခေါ်ဆောင်ပြီးကေ စိုက်တကောင်း နေဖက်တို့ ခိုဝင်လီရရေ။

ဗမာ နေချေ့ရို့ကား ထက်ကြပ်လိုက်ပါလာပြီးကေ မောင်တောမြို့ ခဲတပ်ကချရပ်လီကတ်တေ။ ယင်းနောက် ဗမာ နေချေ့ရို့ရေ ဗြိတိသျှကုမ္ပဏီပါးတို့ သံစာကမ်းလှမ်းပြီးကေ ဖိုလ်ချင်းပြန် လက်ရုံးဖိုလ်နန့် တကွ ရခိုင်ပြေသူရို့ကို ပြန်တောင်းလီရေ ရခိုင် ဘုရင် အဆက်ဆက်၏ ဒွိုင်နက် နေမြီဖြိုက်တေ စိုက်တကောင်းဒေါ်းရို့ကို မြန်မာ မင်းဘားပီးအပ်ရန် တောင်းလီရေ။ မပီးအပ်ကေ စိုက်ပြုဖို့ လို့ခြိမ်းခြောက်လီရေ။

၁၈၁၂ ခု (၁၁၇၄ ခု ကဆုံလ)မှာ ဖိုလ်ချင်းပြန်၏ လက်ရှိးစင်တပ်ရေ ငကြေးတောင်ခံတပ်ကို ဝင်စီးပြီးကေ ဗမာ နေချေ့တပ်မှုး ငလွန်းပြေကို ကွပ်မျက်လိုက်တေ။ ယင်းအချိန်လောက်မှာ အင်္ဂလိပ် စိုက်ဗိုလ် ကာနယ်လ်မော်ဂန် **Canal Margan)**က ဖိုလ် ချင်းပြန်၏ မိသားစုနန့် လက်ရုံးဖိုလ် ၊လမုစား ဖိုလ်ရွှေရို့ကို ဖမ်းဆီးပြီးကေ စိုက်တကောင်း အကျိုင်းထောင်မှာ ချုပ်ထားစီရေ။ ယင်းမှာ လက်ရုံးဖိုလ် ကွေလွန်လီရေ၊ ကျန်တော်လှန်ရီး မိသားစုကို ဒေါ်းမြို့မှာ အကျေချုပ်နန့် အိမ်တဆောင်မှာ ထားလီရေ။

ဖိုလ်ချင်းပြန်ကား တော်လှန်ရီးအောင်လံကို လွှင့်ထူမြေး လွှင့်ထူပြီးကေ မယူကမ်း မင်္ဂလာကြီးတောင်တပ် ချထားရေ။ နောင်တော် လေးမြို့စား ဖိုလ်အောင်ကျော် ဒဂီးတောင်စား ဖိုလ်တုံးစံရွှေ ၊ ဖိုလ်စော်ကား ယောက်ဖတော် ဖိုလ်သက်နှံ၊ ရို့နန့် စေးရုံးပြီးကေ ဗမာနေချေ့ကို ဆက်လက် တိုက်ခိုက်မောင်းထုတ်တေ။ မိုးစေကျွန်း တိုက်ပွေး (၁၁၇၄ ခုပြာသိုလ)မှာ ယုံးနိမ့်လို့ ရှောက်ချောင်း ဖျားတို့ဆုတ်လီရရေ ၊ ယင်းနိုက် တပိုးတွေးလမှာ သရက်ချိုမြို့ကို တေလီကျင်ရေ။ ခမီး၊ မြို ၊သက်၊ ချင်း၊စရေစလူမျိုးစုအားလုံးကို စုစေးတပ်ဖွေးပြီးကေ သမက်တော် တိမ်ကြားဖိုလ်ကို တပ်မှုးခန့်အပ်လိုက်တေ။ ကစ္ဆပနဒီ မြိုက်ညာ၊ ကူဝတိုက်ပွေး (၁၁၇၅ပြာသိုလ)မှာ ယုံးနိမ့်လီပြန်လို့ တပ်ဆုပ်ခံရရေ။ ယင်းလမှာပင် ဖိုလ်ချင်းပြန်ရေစိုက်တ ကောင်းနေသို့ ခိုဝင်လီရရေ။ ၁၈၁၃ (၁၁၇၅ တပေါင်းလ)မှာ ဗမာမြို့ဝန် နော်ရထာဆိုသူရေ ရခိုင် လူသန်လူပြန်ရို့နန့် စိုက်တကောင်းနေမြီက ပြန်လာကတ်တေ အိမ်ထောင်သေ စိုက်ပြီးရို့ကိုပါ ရင်ကိုခါးနန့် ခွေးပြီးကေ ကျီးစာ၊ ငှက်စာ၊ ကျွေးလီရေ ။ အခြားတဖက်မှာ ဗြိတိသျှကုမ္ပဏီ ကလေ့ ဖိုလ်ချင်းပြန်ကို ဖမ်းရကေ အိန္ဒိယ ရှူပီဒင်္ဂါး ၅၀၀၀ သူ့လက်အောက်ခံ ဖိုလ်ကိုဖမ်းရကေ ရှူပီငွေ ၁၀၀၀ ပီးဖို့လို့ ဆုငွေထုတ်ဆင့် ကြေငြာလိုက်တေ။

**AD-18** ရာစု အဆုံး ၁၉ရာစု အစကာလမှာ အဖရခိုင်ပြေမှာ ၃ ပွင့်ဆိုင် စိုက်ပွေးခင်းကျင်းနီခရေ။ နေချေ့ ၂ ရန်ကြားမှာ ရခိုင် လူမှုအဖွေးအစေးကြား ပျိုက်နီခရေ။ ဗမာနေချေ့ ကျူးကျော်စကာလက ရခိုင် လူအဖွေးအစေးကို အလှပလ နိုးဆောင်နိုင်ရေ။ ကောင်းဆောင်ကောင်း မပေါ်ထွန်းခ။ ယေကေလေ့ အများစုကို တန်းလွေးချောင်းက တောင်မင်းကြီး ကျော်ထွီး ဦးဆောင်နိုင်ခရေ။ နေချေ့ ပဒေသရိုက်ကို အဓိက ပတိပက္ခထားပြီးကေ ဗြိတိသျှနေချေ့ကို လက်အောက်ခံ ပတိပက္ခထားလို့ အရံအင်အား အကူအင်အား အဖြိုက်ထားဖို့ ကြိုးစားခကတ်တေ။ ယေကေလေ့ကိုယ်ရို့ အချင်းချင်းစေးရုံးမှုအင်အား နေးပါးခလို့ တော်လှန်ရီး ယုံးနိမ့်ခရရေ။ ငါရို့ ခိုက်အတွက် သခ်န်းစာ ယူစရာပင်ဖြိုက်တေ။

ယင်းနောက် ဖိုလ်ချင်းပြန်ရေ ၃ ပွင့်ဆိုင် စိုက်ပွေးကို ဆက်လက်ဆင်နွှေးရေ။ သူ့လက်ထက်မှာ စေးရုံးရီး ကောင်းမွန်လာရေ။ ယေကေလေ့ လက်နက်အင်အားနန့် စိုက်ပညာ အင်အားအဆမတန် နိမ့်ကျနီရေအတွက်နန့် နေချေ့ ၂ ၏ဒဏ်ကြောင်း ယုံးနိမ့်ရရေ။ ယင်း ၃ ဆိုင်အထေးမှာ ဗြိတိသျှ နေချေ့က ပရိယေ အကြွေ့ဝဆုံးဖြိုက်လို့ ရခိုင် အင် အားကို ထွားထွားညက်အောင် စိုက်ကဇတ်ပြီးကေ ထားခရေ။ တဖက်မှာ ဖိုလ်ချင်းပြန်ကို တော်လှန်ရီး မလုပ်နိုင်အောင် အကြပ်ကိုင်ပြီးကေ ဗမာနေချေ့ကို မိတ်လို၊ လိုရန်လိုလို ဆက်ဆံထားရေ။ လူမျိုးရီး စိတ်ပြင်းထန်ရေ ဗမာနေချေ့ရို့ကား မွန် အမျိုးသားကို မျိုးဖြုတ်အောင် သတ်ပြီးကေ မွန်ပြေကို ဗမာပြေ လုပ်ပိုက်လိုက်တေပိုင် ရခိုင်ပြေကို လုပ်ဖို့ကြိုးစားလီရေ ဗြိတိသျှရို့ကား အေအကွက်ကို မြင်ပြီးသားဖြိုက်တေ။ ရခိုင်ပြေ မြန်မာပြေကို သူရို့သိမ်းပိုက်ဖို့ ကြိုးစားနီကတ်တေ။ ရခိုင် အင်အား ထွားထွားပျက်လို့ နလန်မထူနိုင်အောင်ထိ သူရို့ စောင့်ကြေ့နီခရေ။ ယင်းပြီးမှာရာ ရခိုင်ကို အရံအင်အား မွေးဇကပ်ပြီးကေ ဗမာပြေကို သိမ်းဖို့ အားထုတ်ထားရေ။ ယင်းပိုင် အားထုတ်ကြံစီချက်ကို အင်္ဂလိပ် မြန်မာ စိုက်ပွေး ၃ ပွေးစလုံးမှာ သက်သီအဖြိုက်တွေ့ရရေ။ ယင်းစိုက်ပွေးများ ဖြိုက်လတ်တေ။ ရခိုင်စိုက်တပ်များ **(magh corpo)** ဖွေးပြီးကေ စေးရုံး သိမ်းသွင်း ယူလားခရေ ဗြိတိသျှ အရင်းသျှင်နေချေ့ရို့၏ ပရိယေကား ဖွေးမီးနန့်လေ့တူရေ။ တဖွေ့ဖွေ့ လေ့လောင်ရေ။ ၃ပွင့်ဆိုင်ရန် သုံးဦးမှာ အားနေးဆုံးဖြိုက်တေ။ ရခိုင်ကို ရခိုင်အဖမြီပြင်မှာပင်

ဗမာနေချေ့ လက်ချက်နန့် ထွက်ထွက်ကြီအောင် မသိမသာ မဟုတ်ကေ သိသိသာသာ ကဇတ်ထားခရေ။ ယေပြီးကေ ရခိုင်ကို အရံအင်အား လုပ်ပြီးကေ ဗမာကို တိုက်ခိုက်သိမ်းယူရေ။ ရိုးဖြောင့်သူရေ ကောက်ကျိုက်တေ အကြံသမားပါးမှာ ယာယီကျရစမြေး။

AD.1813ခုသရက်ချို ခံတပ်မြို့ကဆုတ်ပြီးကေ စိုက်တကောင်း တောင်ရိုးနေကိုဝင်လားခရေ။ ဗိုလ်ချင်းပြန်ရေ မြို့ထောင် (Tripura State) ပြန်ရေ တောင်ရိုးတခွင်မှာ တပ်စခန်းအများ ဖြန့်ဆောက်ပြီးကေ ရိက္ခာလက်နက် စုဆောင်ထားလီရေ ။ ဂျူလိုင်လမှာ ဟရာဘင်းကို ဝင်စီးပြီးကေ မိမိ၏သမီးတော်ငေ ၂ ပါးကို ယူလားခရေမိခင် ဒဂါးမှာ အဖမ်းခံနီရေ။ ရခိုင်အဘောင်မ ရို့နန့် အတူတူနီထိုင်ရေ ယင်းသမီးတော် ၂ ပါးကို တော်လှန်ရီး နီမြိုကပင် မိမိနန့် အတူနီထိုင်စီရေ။ အောက်တိုဘာလမှာ ဗိုလ်ချင်းပြန်ရေ ကုမ္ပဏီ အစိုးရပါးတို့ စာရီးပြီးကေ မိမိကိုယ် မနှောင့်ယှက်ဖို့ ရခိုင်ပြေကို ရခိုင်ရအောင်ကြိုးစား အားထုတ်တေ တော်လှန်ရီး လမ်းကြောင်းကို မနှောင့်ယှက်ဖို့ အကြောင်းကြားလိုက်တေ။ ယင်းအချိန်မှာ ကုမ္ပဏီအစိုးရကို တရားသူကြီး မစ္စတာပီခေလ်က ဗမာစိုက်တပ်နန့် ပူးပေါင်းလို့ ရခိုင့်တော်လှန်ရီးကို အမြိုတ်ဖြုတ်ဖို့ ကြံစီထားရေ။ ဗမာနန့် ဆက်ဆံရီး အဆင်မပြေရေခါ ကုမ္ပဏီ စိုက်သားတချို့ကို တပ်ကထွက်ပြီးရေပိုင် လုပ်ပြီးကေ ဗိုလ်ချင်းပြန်ကို သတ်ဖို့တင်ပြလီရေ။ ယင်းတရားသူကြီးက ရခိုင်ရို့ရေ ကိုယ်ပြေ ကိုယ်ပြန်ရရီးမှာ ကောင်းကောင်း ညီညွှတ်ကတ်တေ အတွက်ကြောင်း ရခိုင်ကို လုံးဝအကူအညီမပီးဖို့ စိုက်ရီးအရ အဆက်အသွက်မလုပ်ဖို့ကို လေ့ ထပ်မံတင်ပြထားခလီရေ။

ဗိုလ်ချင်းပြန်ကား ရခိုင်ပြေကို ရခိုင်ပြန်ရအောင် အသက်ကို ပီးဆပ်ပြီးကေ အသက်ထက်ဆုံးကြိုးစားခရေ။ မယူမြိုက်ကြောင်းက တိုက်ခိုက်လို့ မအောင်မြင်နိုင်ရေခါ ကုလားတန်မြိုတ်ညာက စုန်ဆင်းပြီးကေ မြောက်ဦးမြို့တော်ကို ပြန်သိမ်းဖို့ ကြိုးစားခရေ။ နောက်ဆုံးမှာ AD.1815 ခု ဂျန်နဝါရီလ ၂၅ ရက်မှာ ဓမ္မတာ သဘောအတိုင်း ဗိုလ်ချင်းပြန် ကွေလွန်လီရေ။ ၂၈ ရက် နိမှာ အလောင်းတော်ကို ကောင်းစွာ မီးသင်ဂြိုလ်လီရေ။

ဗိုလ်ချင်းပြန် ကွေလွန်လို့ပြီးနောက် ရခိုင်လူမှုအဖွေးအစေးမှာ တစတစ အင်အားဆုတ်ယုတ်လါးခရေ။ ကျန်ရေ ခေါင်ဆောင်တိကိုလေ့ ဗြိတိသျှနေချေ့ရို့က တယောက်ချင်း ၊တယောက်ချင်း နှိမ်နင်းပိုက်လိုက်တေ။ နတ်မြိုက်က ထက်ခြမ်း အစိပ်ခံရရေ။ ရခိုင်ပြေမှာ ဗမာနေချေ့ရို့ လက်ချက်ကြောင်း ရခိုင့် အသွီးပင်လေ ထွန်းနီခရေ။ ရခိုင်အရိုး တောင်ပိုင်ပုံနီရေ။ တပြေလုံးမှာကား မီးခိုးတလူလူ၊ ခွီးတအူအူ၊ မျက်ရေ တသုတ်သုတ် ၊နှပ်ရေ တယှပ်ယှပ် ဖြိုက်နီခရရေ။ ဇာပိုင်ပင် ဗမာနေချေ့ပဒေသရိုက် လက်အောက်မှာ ၁၁၄၆က ၁၁၈၆အထိ (AD.1784-1824) နှိုက်ပေါင်း ၄၀ တိတိ ကျွန်ဘဝ၏ ဒုက္ခအပေါင်း ကို ကျွန်ဘဝ၏ အဆုံးဝန်ဒဏ်ကို ငရဲတွင်းဆုံး ကျအောင်ခံစားခကတ်ရရေ။

## (ခ) ဗြိတိသျှအရင်းသျှင်နေချေ့ကိုတော်လှန်ခြင်း
## ၁၉–ရာစုရခိုင်တော်လှန်ရီး

ရခိုင်ပြေအတွင်းမှာ ၃ ဆိုင်ရန်သူ ၃ ဦးအနက် ရခိုင်အမျိုးသား တော်လှန်ရီး အင်အားမှာ ဗိုလ်ချင်းပြန် ကွေလွန်ကတေးက တရှိန်ရှိန် ကျဆင်းလားခယာဖြိုတ်တေ။ အဂုအခါမာ ဗြိတိသျှ အရင်းသျှင် နေချေ့နန့် ဗမာပဒေသရိုက် နေချေ့ရို့ အင်းအားပြိုင်ဆိုင်မှု အစပြုလာယာဖြိုက်တေ။

ဗြိတိသျှရို့မှာ ကျဆင်းပြိုပျက်နီယာဖြိုတ်တေ ရခိုင်အမျိုးသားတော်လှန်ရီး အင်အားကို အရံအဖြိုက် သိမ်းသွင်းယူဖို့ ကြိုးစားလာရေ။ ဗြိတိသျှရို့ ပရိယေကို ဗုဒ္ဓဘာသာဝင် ရခိုင်ခေါင်ဆောင်ကြီးရို့က ဂတိစကား သိုက်စာစကားလို့ ယုံကြေ ထားကတ်တေ။ ယင်းနန့်ဇ ဗြိတိသျှရို့ ယှိုင်းကပ်လာရေအခါ ဓါးပိုင်ကြီး ကျော်ပုံသာ၊ အမ်းစား ပြေစိုးကြီး၊ ကျွန်းအုပ် ဗိုလ်အောင်ဇံရို့က အလွေတကူ သဘောတူလိုက်တေ။ အခြား အကြောင်းတချက်ကလေ့ ရခိုင်ပြေကို ဓါးမိုးအုပ်ချုပ်နီရေ ဗမာပဒေသရိုက်နေချေ့ လက်အောက်က လွှတ်လပ်ချင်ရေ ဆန္ဒပြင်းပြစွာဖြိုတ်တေ။ ဗမာနေချေ့ကို တိုက်ထုတ်ပြီးကေ ကိုယ့်ပြေကိုပြန်အုပ်ချုပ်ဖို့ လွှတ်လပ်တေ ရခိုင်ပြေ အဖြိုတ် ထူထောင်နိုင်ဖို့ အတွက် ဆန္ဒစောခစွာရာဖြိုတ်တေ။ ရခိုင်နန့် ကိုလိုနီ အစိုးရမှာ မိတ်ဖွေးပြီးကေ ဗမာနေချေ့ကို တိုက်ထုတ်နှိမ်နင်းဖို့ အတွက်ကိုရာ ပြင်ပုံပေါက်တေ။ ဗြိတိသျှနေချေ့ရို့ရေ ရခိုင်ပြေကို ဆက်လက် နေချေ့နိုင်စွာကို အဓိက ထားလို့ စိုင်းစားပုံမပေါ်ခ။ ယင်းအတွက်တာနန့် ရခိုင်အမျိုးသား တော်လှန်ရီး အင်အားစုရေ ဗိုလ်ကျော်ထွီး၊ ဗိုလ်ချင်းပြန်ရို့ ဦးဆောင်ရေ အခါကပိုင် ကိုယ်ပိုင် ပြဌာန်းခွင့် (self-ifantification) နန့် မရပ်တေနိုင်ခဘေး ဗြိတိသျှနေချေ့ရို့၏ အရံအင်အားစု အဖြိုက် ကိုရာ ရောက်မှန်းမသိ ရောက်လားခရေ။ ခုပိုင် အဖြိုက်မျိုးကို ဖဆဗလ နန့် တွေးဖက်ခကတ်တေ ရခိုင် အမျိုးသား အဖွေ့အစေးရို့ ကြုံကြိုက် ခကတ်တေ။

AD.1823မှာ စိုက်တကောင်းမြို့ဝန် ဂါတာသတ် နန့် ဓါးပိုင်ကြီး ကျော်ပုံရို့ ဗမာနေချေ့ကို ရခိုင်ပြေက တိုက်ဖို့အတွက် သဘောတူညီချက် စာချုပ်တခုကို ချုပ်ဆိုနိုင်ခရေ။ ယင်း သဘောတူညီချက်အရ

(၁) ဗမာရို့ကို ရခိုင် ပြေက တိုက်ထုတ်ရန်
(၂) လက်နက်နန့် စိုက်သားများ အကူအညီပီးရန်
(၃) စိုက်ကာလ အတွင်း စိုက်စရိတ်ကို ဗြိတိသျှ ကုမ္ပဏီအစိုးရက တာဝန်ယူရန်
(၄) ရန်သူထွက်လားပြီး ရခိုင် တပြေလုံးကို သိမ်းပိုက်ပြီးကေ ရခိုင်ပြေကို ရခိုင်မင်းသားများ လက်ကိုပြန်လီ ပီးအပ်ရန်။
(၅) ဗြိတိသျှကုမ္ပဏီ အစိုးရကိုရခိုင်ရို့က စိုက်စရိတ် ၂ ဆ တိတိပီးအပ်ရန်။
(၆) ဗြိတိသျှ ကုမ္ပဏီအစိုးရရေ ရခိုင်ပြေက လုံးဝ ဉသုန်ထွက်ခွာလားရန်။
(၇) ဗြိတိသျှ အစိုးရရေ ရခိုင်ပြေ သူများပါးမှာ ကတိ သိုက်စာတေရန် ပြေသူရို့ကို မရက်စက်မစော်ကားရန်။
(၈) စိုက်ချီ၊ စိုက်တိုက်ရာရို့မှာ ရခိုင်ရို့က ဦးဆောင်လို့လမ်းညွှန်ပြရန်။

(၉) ကုန်းတပ်၊ ရီတပ်ရို့မှာ ၂ ဦး ၂ ဘက် တာဝန်ယူပြီးကေ ညီတူ ညီမျှအားသွန် ကြိုးပန်း ရွှတ်ရွှတ်ချွန်ချွန် တိုက်ခိုက်ရန်။

(၁၀) စားနပ်ရိက္ခာကို ရခိုင်ရို့က လုံးဝဥသုန်တာဝန်ယူရန်ဆိုရေ အချက် ၁၀ ချက်ကို ၂ ဦး ၂ ဘက် သဘောတူ လက်ခံ အတေပြုကတ်တေ။

ယင်းကြောင်း အမ်းစားနန့် ပြေစိုးကြီး ၊ကျွန်းအုပ်ကြီးရို့ တာဝန်ယူပြီးကေ ရခိုင်သူရေး ၁၆၀၀၊ အန္ဒိယ သူရေး ၆၀၀ ရို့ကို စေးရုံးလီရေ၊ ရှင်မဖြူတပ်၊ လှပေါ်တပ်၊ ဂေါ်စောင်ညာတပ်ရို့ကို နတ်မြိုက်နန့် ဝါးချောင်းရို့မှာ တေဆောက်လီရေ။ **AD.1824** ခုမှာ ဗမာနေချေ့ကို ရခိုင်နန့်ဗြိတိသျှ ကုမ္ပဏီအစိုးရ ဝိုင်းတိုက်ကတ်တေ။ ယင်းနှိုက် ၁၁၈၆ခု တန်ခူးလဆန်း ၁၄ ရက်နိ သောကြာနိ၊ တဗဟိုရ်အချိန် လောက်မှာ မြောက်ဦး မြို့တော်ကို၄င်း၊ ယင်းနှိုက် ကဆုန်လဆန်း ၆ရက် သောကြာနိမှာ ရမ်းပြေ့ကို၄င်း၊ ယေပြီးကေ ယင်းနှိုက် ကဆုန်လဆုတ် ၅ ရက်က မာန်အောင်ကို၄င်း၊ ယင်းနှိုက် နံယုန်လဆန်း ၄ ရက်သောကြာနိမှာ သံတွေးမြို့ကိုပါ ပြန်လီသိမ်းယူလိုက်တေ။

**AD.1826.** ခုဖေဖေါ်ဝါရီလ ၂၄ ရက် (၁၁၈၇ ခုတပေါင်းလပြေ့နိ )မာ ဗြိတိသျှ ကုမ္ပဏီအစိုးရနန့် ဗမာနေချေ့ ပဒေသရိက် အစိုးရရို့ ရန္တပိုစာချုပ်ကို ချုပ်ဆိုလီရေ။ ယင်းစာချုပ် တတိယအချက်မှာ "နောက်တဖန် ပြေကြီး၂ ပ ါးအခြား အနားကို ငြင်းခုံရန် အကြောင်း မဟိရအောင် အင်္ဂလိပ်မင်းက တိုက်လို့ အောင်မြင်ပြီးသောအခါ ရခိုင်ပြေရမ်းပြေ့၊ မာန်အောင် ၊ သံတွေးဟူသော ရခိုင်ပြေကြီးကို အစိုင်ယူလို မြန်မာ သျှင်ဘုရင်ကအစိုးမပိုင်ရ။ ရိုးမဖိုးခေါင် တောင်တန်း၊ မော်တင်စွန်း၊ ဟိုင်းကြီးကျွန်းအထိ အပိုင်အခြားဖြိုက်စီရမေ။ နောင်အပိုင်းအခြားကို အငြင်းအခုံဟိလျှင် အင်္ဂလိပ်မင်း၊ မြန်မာမင်းခန့်ထားသော သူတို့က အထက်ပါ နေနိမိတ်အတိုင်း မှန်ကန်စွာစီရင်စေ။ ခန့်ထားသော သူတို့အားလေး အရာဟိမှူးကောင်း၊ မတ်ကောင်းဖြိုက်စီရမေ" လို့ အသျှင်စန္ဒမာလာ လင်္ကာရထေရ်၏ ရခိုင် စာစောင်တအုပ်မှာ ဖေါ်ပြထားရေ။

အေရန္တပို စာချုပ်ရေ ရခိုင်ပြေအတွက်ဆိုကေ ကျွန်လက်ပြောင်း စာချုပ်ရာဖြိုက်သိရေ ဆိုစွာကို အထက်ပါ တတိယ အချက်ကိုကြေ့ကာ သိနိုင်ရေ။ အေစာချုပ်အရ ဗြိတိသျှ အရင်းသျှင်နေချေ့၏ ကိုလိုနီကျွန် ဖြိုက်လားကြောင်း သိနိုင်ရေ။ ဗြိတိသျှရို့၏ စကားရေ တရားမဟုတ် ပရိယေယာ ဖြိုက်တေဆိုစွာကို ထင်ရှားလာရေ။ စကားကို တရား အဖြိုက်တေနိုင်ဖို့အတွက်၊ ဂတိသိုက်စာ အဖြိုက်တေနိုင်ဖို့အတွက် "အား"ရေ အဓိကဖြိုက်တေ။ ရခိုင်အတွက် အားဆိုလို့ မျိုးချိုက် စိတ်ဓါတ်အင်အားရာဟိရေ။ အဓိကဖြိုက်တေ လက်နက်အင်အားမှာ ရခိုင်နှိုက် ၁၀၀၀ ပြေ့ကပင် ကျဆင်းလာခလို့ အခုဆိုကေ အရုပ်ပင်မပေါက်နိုင်အောင် ပြိုပျက်နီခယာဖြိုက်တေ။ ရခိုင် လူမှုအဖွေးအစေးမှာ ရခိုင် ပဒေသရိက်မြိသျှင်စနှိုက် နောက်ပိုင်း ဆိုးဝါးမှုကြောင့် ၊ယေပြီးကေ ဗမာ ပဒေသရိက်နေချေ့ စနှိုက်ဆိုးကြောင့် ဖရိုဖရဲပြို ကွေးခစွာ နှိုက် ၂၀၀ နီးနီး (**AD.1638-1826** ရခိုင်နှိုက် ၁၀၀၀၊ ၁၁၈၈) ဖြိုက်လာလတ်ယာ။ ယင်းကြောင်း စီးပွားရီး၊ နိုင်ငံရီး၊ စိုက်ရီး၊ စေးရုံးရီး၊ လူမှုရီး၊ ယိုင်ကျေးမှု အားလုံးကျဆင်းနီရေ။ ယင်းနန့်ဇ ရခိုင်ရို့မှာ ဗြိတိသျှရို့ စိုးမိုးမှုကို ခေါင်ငုံ့ခံလာရပြန်ရေ။ ဗိုလ်ကျော်ထွီး၊ ဗိုလ်ချင်းပြန် စရေ ရခိုင် ခေါင်ဆောင်ကြီးရို့ နေးမျိုးစုံနန့် ကြိုးစားချက် အရပ်ရပ်၏ အကျိုး အာနိသင်တခုကား လူမျိုးရီး မုန်းတီးမှုနန့် ဓါးမိုးနီခရေ။ ဗမာ ပဒေသရိက် နေချေ့စနှိုက်ကို မောင်းထုတ် ပိုက်နှိုင်ခြင်းပင်ဖြိုက်တေ။ ယင်းပဒေသရိက် နေချေ့အစား အရင်းသျှင် နေချေ့အစားဝင်လာရေ။ ယင်းနန့်ဇ ရခိုင် တမျိုးသားလုံးနန့် ဗြိတိသျှ အရင်းသျှင် နေချေ့ရို့၏ ပတိပက္ခရေ အဓိက ပတိပက္ခ အဖြိုက်ပေါ်ထွန်းလာရေ။ အေ အဓိက ပတိပက္ခကို အမျိုးသားတော်လှန်ရီးနန့် ဆက်လက် တော်လှန်လုပ်ဆောင်ရဖို့ ပင်ဖြိုက်တေ။ အဂယောင်ပင် ကိုယ့်ပြေကို ကိုယ်ပြန်မရ သရွိကာလပတ်လုံး အမျိုးသား တော်လှန်ရီးကို ဆက်လက် လုပ်ဆောင်ရဖို့ပင်ဖြိုက်တေ။

ဗြိတိသျှ ကုမ္ပဏီအစိုးရရေ နေချေ့ရို့၏ ရက်စက်ကြမ်းကြုတ်တေ ပရိယေ အတိုင်း ရခိုင်ပြေနန့် ရခိုင် လူအဖွေ့အစေး တရပ်လုံးကို **AD-1826.**ခုကပင် ကိုလိုနီ ကျွန်ပြုထားလိုက်တေ။ လူတမျိုးကို လူတမျိုးက ကျွန်ပြုထားစွာလောက် ဒေလောကမှာ ရက်စက်ဆိုးဝါးရေ စနှိုက်မဟိ။ ညိုက်ပတ် သေးသိမ်ရေ စနှိုက်မဟိ။ စိုက်ထား အောက်ကျရေစွာမဟိ၊ ဗြိတိသျှ အရာဟိတဦးရေ နေချေ့တပ်တတပ် **(One Regiment)**နန့် အားပြ ဖိနှိုပ်အုပ်ချုပ်ဖို့ အစပြုလာရေ။ ယေအခါ ရခိုင် ခေါင်ဆောင်များဖြိုက်တေ ဓါးပိုင်းကြီး၊ အမ်းစား၊ မြေစိုးကြီး၊ ကျွန်းအုပ်ရို့နန့်တကွ ဒေးဝန်းကြီး ဗိုလ်အောင်ကျော်ရီ (ဗိုလ်ချင်းပြန်၏ယောက်ဖတော်)၊ မြို့သူကြီး အောင်ကျော်ဇံ (ဗိုလ်ချင်းပြန်၏တူ) ရို့ရေ စုစေး တိုင်ပင်လာကတ်တေ။ ယင်းနောက် ဗမာနေချေ့ ဘုရင်သိမ်းယူလားရေ ရခိုင်မင်းသား တပါးဖြိုက်တေ မင်းသားကြီး ရွှေဗန်းလေ့ ယင်းအင်အား စုမှာ ပါဝင်လာရေ။ စိုက်တွေမြို့၊ အာကျပ်တောင်ကုန်း ထိပ်တိုက်ညောင်ပင်ရင်းမှာ လျှို့ဝှက် ဆွေးနွေးပွေးအကြိမ်ကြိမ် ပြုလုပ်ပြီးကေ ရခိုင်ပြေကို ပြန်တောင်းဖို့ အစီစဉ်ဆွေးနွေးကတ်တေ။

ဓါးပိုင်းကြီးပင် ခေါင်ဆောင်ပြီးကေ အင်္ဂလိပ် အရာဟိရို့နန့် ရခိုင်ပြေကိစ္စကို ဆွေးနွေးရေ၊ ဗြိတိသျှ နေချေ့ရို့က "ရခိုင်–ဗြိတိသျှသဘောတူညီချက်" ၁၀ ချက်အရ ပြီးခရေ စိုက်ပွေးအတွက် စိုက်စရိတ်ကို တောင်းခံကတ်တေ။ ဗြိတိသျှ ကိုယ်စားလှေ့ရို့က စိုက်စရိတ်ကို တောင်းခံကတ်တေ။ ဗြိတိသျှ ကိုယ်စားလှေ့ရို့က စိုက်စရိတ် (၂၀၀၀၀ရူပီး) ကုန်ကျကြောင်း စရင်းပြကတ်တေ။ ရခိုင်ခေါင်ဆောင်ရို့က မိမိရို့ဂတိအတိုင်း စိုက်စရိတ် ကောက်ခံပြီးကေ ၂ သောင်းအစား၊ ၆ သောင်းပီးလိုက်ကတ်တေ၊ ဗြိတိသျှရို့က ငွေကိုရကေလေ့ ရခိုင်ပြေကိုမအပ်ဘေး ထပ်လို့ ၆ သောင်း တောင်းခံရေ။ ယင်းနန့်ဇ ထပ်လို့ ကောက်ခံပြီးကေ ဒုတိယအကြိမ် ထပ်ပီးလိုက်တေ။ ဗြိတိသျှရို့က လူအသီအပျောက်စရင်းကို အမျိုးမျိုးပြပြီးကေ ငွေထပ်လို့ တောင်းခံရေ။ ရခိုင်ခေါင်ဆောင်ရို့မှာကား ငွေထပ်ကောက်ပြီးကေ တတိယကြိမ် ၆ သောင်း ပီးဆပ်လိုက်ကတ်ပြန်ရေ။ ယင်းပိုင်ငွေ ၃ ကြိမ် (၁၈၀၀၀၀) ပီးကေလေ့ ဗြိတိသျှ နေချေ့ရို့မှာ စီးပွားရီး၊ စိုက်ရီး၊ နိုင်ငံရီး၊ နေချေ့များပီပီ ရခိုင်ပြေကထွက်လားဖို့စွာကို ထားလိုက်ဖိ။ လက်နက်အင်အားနန့် ရခိုင်ခေါင်ဆောင်တိကို ဖိနှိုက်လာရေ၊ မတရားအခွန် အမျိုးမျိုးကောက်ခံလာရေ။ ရခိုင်လူချမ်းသာရို့ကို ဓါးမြတိုက်လာရေ။ နောက်ဆုံး ရခိုင်တပြေလုံးကို ကျွန် ဇာတ်သွင်းလာလတ်တေ။

ယင်းအတွက်နန့် ရခိုင်ခေါင်ဆောင်ရို့ တော်လှန်ရီး တိုက်ပွေးတရပ်ကို လုပ်ဆောင်ဖို့ စီစဉ်လီကတ်တေ။ ရခိုင် မျိုးချိုက် သုံးကျိပ် နှိုက်ယောက်ကို အမာခံ ကလပ်စေး အဖြိုက်ဖွေ့လိုက်ပြီးကေ သွီးသိုက်စာရေသောက်ကတ်တေ။ ရခိုင်ပြေကို အုပ်ချုပ်နီရေ ဗြိတိသျှ အရာဟိရို့ကို မြောက်ဦးမြို့ကို ခေါ်ပြီးကေ လုပ်ကြံလိုက်ဖို့ စီစဉ်ထားကတ်တေ။ ယင်းပိုင် လုပ်ကြံပြီးကေ ရခိုင်စိုက်တပ် **(Arakanese Battalian)** အကူအညီနန့် ရခိုင်ပြေကို သိမ်းယူဖို့ကြံစီကတ်တေ။

**AD.1827** ခုမှာ ကိုယ်ပြေကို ကိုယ်ပြန်ရရီးအတွက် အဆိုပါ အမျိုးသား တော်လှန်ရီးကို စတင်လီရေ။ ယေခါ အကြံအစီပေါက်ကြားလားလို့ မင်းသားကြီး ဒေးဝန်းကြီး ၊ မြို့သူကြီးရို့ အဖမ်းခံကတ်ရရေ။ ယင်းအဆိုပါ ခေါင်ဆောင် ၃ ဦးကိုကား ဗြိတိသျှရို့ "နဂါးဝါ" သင်္ဘောနန့် ကာလတ္တားမြို့ကို ပို့လိုက်တေ။ ယင်းကတခါ စင်ကာပူ ကိုပို့ရေ။ ယင်းနောက် အိန္ဒိယ ပြေဒဂါးမြို့ "ကာလိန်ကင်း"အကျိုင်းထောင်မာ ချုပ်ထားလီရေ။

မင်းသား–ကီးရို့အမကြို လောဒ် မကန်လီ (သမိန့်ခေညွှေပေ)က ကာလကတ္တား တရားရုံးချုပ် (**Chief Court of Calcutta**) မှာ စိုက်ဆေးရေ။ ရခိုင် တော်လှန်ရီးခေါင်ဆောင်ရို့ပြင်သိုက်ပိုင် ပွန်ဒီချာရ ီ(သည်ညိခေ့မေပ) က လက်နက်၊ ခေးယမ်း၊ မီးကျောက်များကို ရခိုင်ပြေသို့ တင်သွင်းစွာကို ဗိတိသျှရို့ သိလား ခကတ်တေ။ ယင်း အတွက်တာ–ကောင်း ကိုယ်ပြေကို ကိုယ်ပြန်လိုချင်လို့ ပြန်တိုက်ယူဖို့ ကြိုးစားခရေ အှုဖိုက်နန့် မျိုးချိုက် ခေါင်ဆောင် ၃ ဦးကို ထောင်ဒဏ်ချ လိုက်ကတ်တေ။ မင်းသား–ကီးကား ကွေလွှန်လားရေ အထိ ရက်ပေါင်း ၄၁ ရက် တိုင်တိုင် အစာတော်ခံဆန္ဒပြပြီးကေ တိုက်ပွေးဝင်လားခရေ။ ဒေခေါင်ဆောင် ၃ ဦးရို့ကား ရခိုင် အမျိုး သားတော်လှန်ရီးကို မလွှတ်လပ်မရှင်း တော်လှန်လားကတ်ဖို့ ။ကေပိုဒ် ရတုနန့် မှာထားခကတ်တေ။ ဒေရတု ၃ ပုဒ်ရေ အမျိုးတော်လှန်ရီး အတွက် ဖိတ်ခေါ် ထားခစွာဖြိုက်တေ။ သူ့ကျွန်မခံဖို့ သတိပီးထားခရေ။ လမ်းကြောင်း မမှားဖို့ သတိပီးထားခရေ။ မလွှတ်မလပ်မချင်း အမျိုးသား တော်လှန်ရီး လမ်းကြောင်းမှာအပ တခြားလမ်းကြောင်းမဟိ ကြောင်းကို သတိပီးထားခရေ။ မိမိရို့အသက်ပီးလို့ လုပ်ဆောင်ခရေ အမျိုးသား တော်လှန်ရီး လမ်းကြောင်းအတိုင်း ကောင်းကောင်း လိုက်လာဖို့ကို မှာထားခရေ။ ယေကေ အေနိ ရခိုင် အမျိုးသားတရပ်လုံး ဇာလုပ်ကတ်ဖို့လေး? အေ ရတုတိကို တချက် ဖက်ကြေ့ပြီးကေ ကဗျာ၏ အားမာန်ကို ထုတ်ကြေ့ကတ်ပါ။

**"မင်းသားကြီးသီတမ်းစာ ရတု"**

(၁) မင်းသား အမှန် ငါလျှင်ကြံက၊
နိုင်ငံအတွက် ကိုယ်အသက်ကို၊
ရက်ရက်စွန့်ခွာ၊ ကုလားရွာ၌၊
ခန္ဓာရုပ်ဟောင်း၊ ဘဝပြောင်းလိမ့်၊
ဖြိုက်ကြောင်း သံသာ၊ သတ္တဝါရို့၊
မှန်စွာ သီတတ်၊ သူမသတ်လေး၊
မလွှတ်တခါ သီဖို့ရာတေး။

(၂) ကမ္ဘာတာရှေ ၊သူရို့သည် လေး၊
အတေမစိုး၊ ငါမြီတိုးလေး၊
အရိုးတခါ၊ တွန်လိမ့်ရာ၏။

(၃) နောင်လာနောက်လူ၊ ရခိုင်လူရို့
အယူမစောင်း၊ ငါ့လမ်းကြောင်းကို၊
ကောင်းကောင်းလိုက်လာ၊ တိုင်းညောာ
ကိုတခါမှချ၊ ငါရို့ရအံ့။

(၄) လုံးလရှိခံ၊ လိုလျှင်ကြံက၊
နိမ္မာန်မချွတ်၊ လက်ဝါးခတ်သည်၊
ဈွေးမှတ်အေစာ၊ သီတမ်းစာတေး။

မင်းသားကြီး၏ သီတမ်းစာရတုကား တိုတောင်းသလောက် နက်နေးလှရေ။ တိကျပြတ်သားလှရေ။ အားမာန် အပြေ့ပါရေ။ အမျိုးသား တော်လှန်ရီး လမ်းကြောင်းကို ကိုယ်အသက် ခန္ဓာကို ပီးအပ်ပြီးကေ ရေးရေး၊ ဝံ့ဝံ့ လျှောက် လားခရေ။ နောက်လာတံ့သော ရခိုင်မျိုးဆက်တိကိုလေ့ ဇွေးလုံးလနန့် တော်လှန်ကတ်ဖို့၊ အယူမတင်းစောင်းဖို့ လမ်းကြောင်းမှန်၊ တန်ဖိုးကို သတိပီးခရေ။ ကမ္ဘာသမိုင်းမှာ နေချေ့စနိုက် ဆိုစွာလေ့ အတေအမြေးချေး ဟိနိုင်ဖို့ မဟုတ်။ ငါပင် သီကေလေ့ အရိုးတခါ တွန်လိမ့်မေ။ ကိုယ်ပြေအတွက် အယူမှန်၊ လမ်းကြောင်းမှန်နန့် ကောင်းကောင်းကြိုးစားကေ ငါရို့ရခိုင်ပြေကို တနိနိ ဧကန်မချွတ် ရရဖို့လို့ မှာကြားခရေ။

ဒေးဝန်းကြီး ကလေ့ သီတမ်းစာရတု စာပုဒ်ရီးဖွဲ့ပြီးကေ နောက်သားနောင်လာ ရို့အတွက်လေ့ မှာထားခရေ။

**"ဒေဝန်ကြီး၏သီတမ်းစာရတု"**

(၁) နောက်သားနောင်လာ၊ နောက်ထပ်ပါလေး၊
ဆရာသုံးလက်၊ ရှိကတတ်၍၊
အသက်ခန္ဓာ၊ လူရို့မှာကား၊
တခါတရံ၊ အဖိုးတန်၏၊
တရံတခါ ဆိုတုံပါလေး၊
သူသာလာလျက်၊ ဖိန့်ပိစက်က၊
အသက်တိုခါ၊ ဆုံးတတ်ရ၏။

(၂)ပြေရွာတိုင်းဖွား၊ မျိုးလေးပါရို့၊
တရားလမ်းမှန်၊ လိုလျှင်ကြံက၊

အမှန်မုချ၊ သက်စွန့်ကြလော့။

(၃)ဓမ္မတာလမ်းမမှန်၊ဆိုးကြောင်းကြံလျှက်၊
တံဆိုးကိုစား၊ လိမ်လေ့ထားသော်၊
နောက်သားတဖန်၊သေးမခံနှင့်။

(၄)နိုင်ငံတကာ၊ ဟူရာရာ၌၊
ပညာနှင့်ဉာဏ်၊ သင့်စွာဖန်၍၊
တာဝန်မပျက်၊ သိုက်စာရွက်လျက်၊
အသက်ကိုလှီး၊ သွီးချောင်းစီးမှ၊
အပြီးကြံ့ခိုင်၊ နိုင်ငံတိုင်းမြို့၊
အစို့စို့နန့်၊ ကိုယ်မြို့ကိုယ်ပြေ၊
ကိုယ်ဌာနေကို၊ ရလီဖူးတ၊
အေလောကသည်။
အောက်ကျ မခံချင်သောကြောင်း။

ဒေးဝန်ကြီးက တိုင်းပြေ၏ လွတ်လပ်ရီး လမ်းကြောင်းအတွက် အသက်စွန့်ဖို့ကို မတွေဝေ ကတ်ကေ့။ နေချေ့ရှိ၏ ကောက်ကျိုက်စိုင်းလေးရေ မတရားဖိနှိပ်မှုကို တော်လှန် တိုက်ခိုက်ကတ်။ လွတ်လပ်ရီးကို သွီးနန့်ရင်းလို့ ယူကတ်။ တိုင်းပြေ တာဝန်ကိုသိကတ်။ သိုက်စာဟိကတ်လို့ မှာကြားထားခရေ။ သူ့ကျွန်မခံစိတ်ကို ရေးရေး တောက်တောက် ပြသ ဖွေ့ဆိုထားခရေ။

**"မြို့သူကြီးသီတမ်းစာရတု"**

(၁) ဥဒါန်းမကြီ ၊ ဖြိုက်ရလီခြင်း၊
တိုင်းပြေကိုကြံ၊ အောင်ကျော်ဇံမှာ၊
ကြံကမ္ဘိနှောက်၊ တကျိုပ်ခြောက်ရှို့၊
ယွင်းဖောက်သိုက်စာ၊ သူရှို့မှာကား၊
ဝမ်းစာစားခွက်၊ တထပ်တွက်ကို၊
တသက်စာထင်၊ ခွီးအမြင်ကြောင့်၊
တိုင်းခွင်သာစေ၊ ငါရှို့ပြေလေ့
သူပြေဖြိုက်ရ၊ ဝမ်းနေးစွတေး။

(၂)မိဖဆရာ၊ ပေါရဏာရှို့၊
ဝေါဟာထုံးဟောင်း၊ လူဖူးဒေါင်းကို၊
မပေါင်းဖော်ရာ၊ ဆိုတုံပါလေး၊
ယွင်းကာသတိ၊ ပေါင်းဖော်မိ၍၊
လက်ဟိဒုက္ခ၊ ငါကြုံရ၏။
ဘဝတစိုက် ၊လူပြန်ဖြိုက်က၊
အသိုက်ခုပင်၊ ကြံစီချင်သည်။
အေတွင် မမီနိုင်သောကြောင့်။

မြို့သူကြီးက အချောင်သမား သိုက်စာဖောက်ရှို့ကြောင့် သူကျွန်ဖြိုက်ရကေလေ့ ဘဝအသိုက်၊ လူပြန်ဖြိုက်ကေ၊ ဆက်လို့ အမျိုးသားအတွက် တော်လှန်ဖို့အကြောင်းကို ဖွေ့ဆို မှာကြားထားခရေ။ ယင်း တော်လှန်ရီး နောက်ပိုင်းမှာ လေးမြို့ချောင်းက ဗိုလ်ချိုက်စံ ကလေ့ လေးမြို့ချောင်း တောင်သူလယ်သမားရှို့ကို စေးရုံးပြီးကေ လူကျင့် မကျင့်ရေ နေချေ့ကို တော်လှန် မောင်းထုတ်ဖို့အတွက် တိုက်ပွေးသိုက်၊ လမ်းစိုင်သိုက် တရပ်ကို ချမှတ်လိုက်တေ။ ယင်းနေတခွင်ကို စေးရုံးပြီးကေ အခိုင်အမာ တပ်စွေးထားလီရေ။ လက်နက် အင်အားချင်း မမျှလို့ ရခိုင် မျိုးချိုက်၊ ပြေချိုက် အမြောက်အများ ကျဆုံးလားခရေ။ ဗိုလ် ချိုက်စံကလေ့ ရခိုင်ပြေက ဆုတ်ခွာပြီးကေ ဗမာပြေတို့ ခိုဝင်လီရေ။

ယင်းအခါ ဗမာဘုရင်မှာ မောင်လွှင်ဖြိုက်တေ။ ဗြိတိသျှ ကုမ္ပဏီအစိုးရက မောင်လွှင် ဘုရင်ပါးတို့ သံစာရွီးပြီးကေ ရခိုင် တော်လှန်ရီး ခေါင်ဆောင် ဗိုလ်ချိုက်စံကို တောင်းခံလီရေ။ ဘုရင် မောင်လွှင်မှာ ဗြိတိသျှကို ကြောက်ပုံရရေ။ မဟုတ်ကေ အိမ်နီးချင်း နိုင်ငံသား ချင်းချင်း အာယတ တရားကြီးမာပုံ ပေါက်တေ။ အာရှတိုက် တတိုက် လုံးကို ကျွန်ပြုလုပ်ဖို့လာရေ ဗြိတိသျှရှို့ ရန်ကြီးမားပုံကို မမြင်နိုင်ဘေး ရခိုင် တော်လှန်ရီး ခေါင်ဆောင်၏ လွတ်လပ်ရီး ကြိုးပန်းမှုကို မနာလို ဝန်တိုစိတ် ထားပုံပေါက်တေ။ ယင်းကြောင့် ရခိုင် တော်လှန်ရီး ခေါင်ဆောင် မဟာမိတ် အဖြိုက် ကြေ့ရဖို့အစား ပြောင်းပြန်ကြေ့ပြီးကေ ပေါက်ဆိန်ရှိုး လုပ်ခရေ။ ဗိုလ် ချိုက်ဇံကို ဖမ်းပြီးကေ ဗြိတိသျှ ကုမ္ပဏီ အစိုးရကို ဆက်သလိုက်တေ။ ဘုရင် မောင်လွှင်၏ အမြင်တိုမှု၊ အမြင်ကျိုင်းမှုရေ ဗမာသမိုင်းကို ပိုလို့ ညိုက်ပတ်စီရေ။

ဗိုလ် ချိုက်စံကို ဗြိတိသျှရို့က စိုက်တွေ အကျိုင်းထောင်မှာ ချုပ်ထားလိုက်တေခါ ထောင်တွင်းမှာပင် အကျိုင်းသား ရို့ကို စေးရုံးပြီးကေ ထောင်တွင်း တော်လှန်ရီး လုပ်ပြန်လီရေ။ ယင်းကြောင်း အမျိုးသား လွတ်လပ်ရီး အတွက် ကျူးကျော်သူ နေချေ့ကို မောင်းထုတ်တိုက်ထုတ်ဖို့ ကြိုးစားလို့ ဗိုလ်ချိုက်စံကို ကျူးကျော်ရေ နေချေ့ရို့က တရား စီရင်ပြန်ရေ။ ကြိုးမိန့်ချ မှတ်ကာ သတ်ဖြတ်ပြန်ရေ။

**AD.1829** ဖေဖော်ဝါရီလမှာ သံတွေးနေက အလေကျော်သူကြီး ဗိုလ် အောင်သာဦးရေ တောင်သူ လယ်သမားရို့ကို စေးရုံးပြီးကေ ရခိုင်ပြေသူရို့ကို သွီးစုတ် ချေလှေနီရေ ဗြိတိသျှနေချေ့ကို တိုက်ခိုက်တေ။ ကိုယ်တပ် အင်အားနန့် သံတွေးမြို့ကို ချီတက်တိုက်ခိုက်တေအခါ နေချေ့ အရာဟိဖြိုက်တေ ကပ္ပတိန် ဂေါ်ဒင် **(Captain Gordon)** ကျဆုံးလီရေ။ ယေကေလေ့ သံတွေးမြို့ ကိုကား မသိမ်းပိုက်နိုင်ခ။ ယေပြီး မအီ ပုလိပ်စခန်းကို ဝင်စီးပြီးကေ ပုလိပ် အားလုံးကို ကွပ်ပျက်လိုက်တေ။ ဗြိတိသျှ တပ်များက ထပ်ဆင့် ဖိတိုက်လာရေခါ အင်အားမမျှလို့ ဗမာပြေ ထေးတို့ ဆုတ်လီရရေ။ ယင်းမှာပင် ဗိုလ် အောင်သာဦး ကွေလွန်လီရေ။

**AD.1831-**မှာ ကြိမ်သလီ ဆရာတော်ရေ  ဗြိတိသျှ နေချေ့ရို့ကို မောင်းထုတ်ဖို့အတွက် အမျိုးသား တော်လှန်ရီး တရပ်ကို လုပ်ဆောင်ခရေ။ တောင်ပိုင်းနေ တခွင်မှာ ဆရာတော်၏ လုပ်ဆောင်ချက်တိရေ ကောင်းကောင်း ထိရောက်ခရေ။ နောက်ဆုံးမာ နှိမ်နင်းစွာကို ခံလိုက်ရရေ။။

**AD.1870-71**မှာ မြောက်ဦးမြို့နေက ဗိုလ် မောင်ဦးဖြူရေ ရခိုင် မင်းဆက်သိုက်တရပ်ကို ထူထောင်ဖို့လို့ တောင်သူ လယ်သမားတိကို စေးရုံးပြီးကေ အမျိုးသား တော်လှန်ရီး တရပ်ကို လုပ်ဆောင်လီရေ။ ကျူးကျော်သူ နေချေ့ရို့ကား လက်နက် အင်အားနန့် ဗိုလ် မောင်ဦးဖြူကို တိုက်ခိုက် ဖမ်းဆီးပြီးကေ သတ်ဖြတ်လိုက်တေ။

**AD.1890-**သံတွေး ကြီမသလီက ကျောက်စိမ်း ဗိုလ် ထကြွတော်လှန်ရေ။ ယင်းနှိုက်မှာပင် သံတွေး ဆရာတော် ဦးဆောင်ပြီးကေ သံဃာတော်အများက ဗုဒ္ဓသာသနာတော်ကို မိစ္ဆာ ဗြိတိသျှနေချေ့လက်အောက်က  ကေတင်ဖို့ တော်လှန်ကတ်တေ။ သံတွေးမြို့က် တရိုးက လူသူရို့ကို စေးရုံးပြီးကေ မြို့ကို ဝင်စီးရေ။  ယင်းတိုက်ပွဲမှာ ဆရာတော်နန့် တကွ ရဟန်းတော် အများကျဆုံး ပျံလွန်လားရရေ၊ ကျန်ရဟန်းတော် များမှာလေ့ အဖမ်း အချုပ်ခံ ကတ်ရရေ။

ယင်း နှိုက်မှာပင် မြောက်ဦးမြို့နေ ၊ ကျောက်တော်မြို့နေ၊ ရသေ့တောင်မြို့နေရို့မှာ တော်လှန်ထကြွမှု အများ အပြားပေါ်ပေါက်ခရေ။ ဗိုလ်ကြာထွန်း၊ ဗိုလ်ရွှေလှ၊ ဗိုလ်ဘရို့ရေ၊ ဗြိတိသျှ နေချေ့ကို တော်လှန်တိုက်ခိုက် ကတ်တေ။ သံတွေးနေက ဗိုလ်ကျော်ဝ ကလေ့ တောင်ပိုင်းကပင် မြောက်ပိုင်း အထိ ဒေါက်ချောက်တော်လှန် တိုက်ခိုက်လီရေ။  မြောက်ဦးမြို့နေ၊ ကျောက်တော်မြို့နေ ရို့မှာလေး အကြီးအကျေ တော်လှန်တိုက်ခိုက်နီရေ။ နောက်ဆုံးမှာ  ကျူးကျော်သူရို့က ဖမ်းဆီး  သတ်ဖြတ်လိုက်တေ။

**AD.1891.**ခု စက်တင်ဘာလမှာ ရသေ့တောင်မြို့နေ၊ ကူတောင်ရွာ၏ ၃ ဆက်မြောက် ကျွန်းအုပ်ဖြိုက်တေ ဗိုလ် ချင်းဖို့နန့်  သား မောင်ဖော်အောင်ရို့ရေ မယူကမ်းတခွင် တောင်သူ  လယ်သမားရို့ကို စေးရုံးပြီးကေ၊ မင်္ဂလာကြီး တောင်နန့် ဆိပ်ကြီးချိုင်မာ တပ်စခန်း ဆောက်လုပ်ထားကတ်တေ။ ဗြိတိသျှ နေချေ့ရို့ကို မောင်းထုတ်ပြီးကေ မင်းဆက်သိုက် ထူတောင်ဖို့ ကြိုးစားခကတ်တေ။ ၁၈၉၂ ခု၊ ဖေဖော်ဝါရီလမှာ သားအဖ နှစ်ယောက်စလုံးကို ဖမ်းဆီးမိလို့ စိုက်တွေ အကျိုင်းထောင်မှာ တိုက်ပိုက်ထားလိုက်သည်။  ယေအခါ အကျိုင်းသား တရာလောက် ထောင်တွင်း ထကြွတော်လှန် ပြီးကေ ဗိုလ်ချင်းဖို သားအဖကို တိုက်က လွှတ်လိုက်ကတ်တေ။ ယပြီးကေ ထောင်ကို ဖောက်ထွင်းဖို့ တိုက်ခိုက်ကတ်တေ။ နောက်ဆုံးမှာ နယ်ချဲ့တို့၏ တန်ပြန်တိုက်ခိုက်မှုကြောင့် အများကျဆုံးပြီးကေ ငြိမ်ကျလားခရေ။ ဗိုလ်ချင်းဖိုတို့ သားအဖကို နယ်ချဲ့ရို့က ကြိုးမိပီးပြီးကေ သတ်ဖြတ်လိုက်တေ။

အဂုပိုင် တော်လှန်ရီး တိုက်ခိုက် ထကြွမှုမျိုးကို ဗြိတိသျှ နယ်ချဲ့ရို့က ရခိုင်ပြေကို မတရားလိမ်လေ သိမ်းပိုက်ပြီးကေ ၁၈၂၆ ကပင်စလီစွာ ၁၉၁၆ ခုထိဖြိုက်တေ။  တစေးတရုံးတေး၊ တပြေလုံး၊ တမျိုးသားလုံး တော်လှန်ရီး မျိုး မပေါ်ပေါက်နိုင်ခကေလေ့ တပါးကျွန်စနစ်ကိုကား တခါလေးခေါင်းငုံ့မခံခကတ်။ အမျိုးသား တော်လှန်ရီး လမ်းကြောင်းကိုလေ့ တခါလေ့မလွေးခကတ်။ ကိုယ့်ပြေကို ကိုယ်ပြန်ရရီးအတွက် အမြဲတမ်း ကြိုးပမ်းခကတ်တေ။ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် **(Self Indentily)** ကို အသက်ပီးလို့ အသက်ထက်ဆုံး တိုက်လားခကတ်တေ။ ၁၉၁၆ ခုနှစ် နောက်ပိုင်းမှာကား ရခိုင် လူမှုအဖွဲ့အစေး အတွေးခေါ် အသစ်အဆန်းတိ သိမြင်လာကတ်လို့ ရခိုင် အမျိုးသား တော်လှန်ရီးရေ ကာလတခုကို ဖြတ်သန်းနီခရေ။

ဗြိတိသျှ နေချဲ့ အရင်းသျှင်တို့ကို အမျိုးသား တော်လှန်ရီးနှင့် တိုက်ခိုက် မောင်းထုတ်တေ။ ရခိုင် အမျိုးသား ခေါင်းဆောင်ကြီးရို့ရေ  ဇာကြောင့် တယုံ့းတေး ယုံ့းနီရလေး ဆိုစွာကို အေနီရာမှာ တဆိတ်ကေလောက် ဆန်းစိုက်ပြီးကေ ကောက်ချက် ထုတ်ကြည် လိုက်တေအခါမှာ အောက်ပါ အတိုင်းတွိ့ရရေ။

၁။ ယင်းအခါက ဗြိတိသျှနယ်ချဲ့တို့ ကျင့်သုံးနီရေ စနစ်မှာ အရင်းရှင် စနစ်ဖြိုက်တေ။ တော်လှန်ရီး ခေါင်းဆောင် အများ ကိုင်ဆွဲထားရေ စနစ်မာ ပဒေသရိုက် စနစ်ဖြိုက်တေ။ ယင်းကြောင့် စနစ်ချင်းအရ တော်လှန်ရီး ဘက်ကတဆင့် နိမ့်နီခရေ။

၂။ ဗြိတသျှ နေချဲ့ရို့ကိုင်စွဲထားရေစွာက ခေတ်မီလက်နက်ဖြိုက်တေ။ တော်လှန်ရီး သမားရို့ ကိုင်စွဲထားရေ စွာက သာမာန် ရှီးလက်နက်ဖြိုက်တေ။

၃။ ဗြိတိသျှနေချဲ့ရို့ စိုက်စေးကမ်း၊ စိုက်ပညာ၊ စိုက်သုံးဆီးဝါးနန့် ခိုက်မိ ဥပဒေအရ စေးရုံးထားရေ တပ်ဖွဲ့များဟိရေ။ ယင်း တပ်ဖွဲ့အားလုံးမာ လေ့ကျင့်ပြီးသားဖြိုက်တေ။ တော်လှန်ရီး သမားရို့မာ ယင်းပိုင် အင်္ဂါရပ်နန့် ပြေ့စုံရေတပ်ဖွဲ့ မဟိခ။

၄။ ယင်းအပြင် ရခိုင်အမျိုးသား တော်လှန်ရီးသမားများမှာ  စေးရုံးရီး၊ စေးကမ်းထိမ်းသိမ်းရီး၊ စရေ တော်လှန်ရီး၏ အဓိက အင်္ဂါရပ်များ ချို့တေ့နီခရရေ။ ထပ်လို့ ရခိုင့် အမျိုးသား တော်လှန်ရီး သမိုင်းကြောင်း တခုလုံး (၁၈ ရာစု တော်လှန်ရီးနန့် ၁၉ ရာစုတော် လှန်ရီး ( ၁၇၈၄–၁၉၁၆) ကို ပြန်လေသုံးသပ်ကြေ့ပါကေ

(က) ဗမာပဒေရာဇ်နေချဲ့ကို တော်လှန်ရာမာ ဖြိုက်ဖြိုက် (၁၇၈၄– ၁၈၂၄)

(ခ)  ဗြိတိသျှ အရင်းသျှင်နေချဲ့ကို တော်လှန်စွာမာ ဖြိုက်ဖြိုက် (၁၈၂၄– ၁၉၁၆) အယုံ့းပေါင်း မြောက်မားစွာကို ရင်ဆိုင်ခစွာကို တွိ့ရရေ။ ဇာကြောင့် ယင်းပိုင်ဆုံးယုံ့းစွာ ထပ်နီရရေလဲဆိုစွာကို သုတေသန လုပ်ကြေ့ရဖို့ပင် ဖြိုက်တေ။ ရသလောက် အချက်အလက်တိကို ဆန်းစိုက်ကြေ့ရဖို့ပင်ဖြိုက်တေ။

ယင်း၁၈ ရာစု၊ ၁၉ရာစု တော်လှန်ရီးမာ

၁။ တော်လှန်ရီး၏ အဓိက ဝင်ရိုးဖြိုက်တေ စေးရုံးရီး အင်အားနေးပါးခြင်း

၂။ တော်လှန်ရီး သဘောတရပ် ခိုင်ခိုင်၊ နှောင်းနှောင်း မဟိခြင်း။

၃။ ရန်သူ အခြေအနေ၊ ကိုယ် အခြေအနေ ၊ ပြေသူ အခြေနေအရပ်ရပ်ကို စိစိစပ်စပ် မဆန်းစိုက်ကေ တော်လှန်ရီး ကာလ ရင်ကျက်အောင်ထိ မစောင့်ဆိုင်းဘေး တော်လှန်တိုက်ခိုက်ခြင်း

၄။ စိုက်ရီး၊ စိုက်ရာ ၊ တိုက်နေး၊ တိုက်နာ ၊လုပ်နေး၊ လုပ်နာ နေးခြင်း။

၅။ မဟာမိတ် အင်အားစု၊ အရံအင်အားစု များကို စနစ်တကျ မကိုင်တွယ်ခြင်း

၆။ နေချဲ့ နှစ်တိုင်အကြားမှာ ရှုန်းကန်မရခြင်း။

စရေ အချက်အလက်တိကြောင့် အယုံးပေါင်းများစွာနန့် ရင်ဆိုင်ခကတ်ရရေ။ ယကေလေး ယင်းခေတ်က တော်လှန်ရီးမှာ ကောင်းမွန်ပြတ်သားရေ အချက်တိ အများကြီး ဟိစွာကိုလေး တွိ့ရရေ။

ယင်းရို့ကား––

၁။ ခံယူချက် ခိုင်ခိုင်နှောင်းနှောင်းဟိခြင်း ၊ ရခိုင်ပြေကို နိုင်ငံတနိုင်ငံလို့ အတိအကျခံယူခြင်း၊ ရခိုင့်လူ့ အဖွေ့အစေးကို တသီးတခြား လူ့အဖွေ့အစေး အဖြိုက် ခံယူခြင်း

၂။ ရန်သူကို သဘောထားပြတ်သားခြင်း၊ ရခိုင်ကို ကျွန်ပြုထားသူ နေချဲ့အားလုံးကို ခါးခါး၊ သီးသီး၊ ပြတ်ပြတ်၊ သားသားဆန့်ကျင်ခြင်း။

၃။ သူကျွန်မခံစိတ် အပြေ့အဝဟိခြင်း၊ ရခိုင်နိုင်ငံနန့် အမျိုးသား လပ်လွတ်ရီးကို အပြတ်အသားလိုလားခြင်း။

အမှန်ပင် ယင်းခေတ်က တော်လှန်ရီးမှာ နေချဲ့ဆန့်ကျင်ရီး၊ အမျိုးသား တော်လှန်ရီး ပင်ဖြိုက်တေ။ ပဒေသရာဇ်စနစ်ကို လက်ခံထားကေလေ့ နေချဲ့စနစ်ကိုကား ပြတ်ပြတ်သားသား ဆန့်ကျင်တိုက်ခိုက်ခကတ်တေ။ လပ်လွတ်ရီး တိုက်ပွေး အတွက် အသက်ကို ပီးအပ်ပြီးကေ အသက်ထက်ဆုံး တိုက်ခိုက်ခကတ်တေ။ အဖရခိုင် လပ်လွတ်ရီး အတွက် အသက်နန့် သွီးကို မြီကြီးမှာ ပန္နက်ကျောက်မြိုက်ချပြီးကေ တော်လှန် တိုက်ခိုက်လားကတ်တေ။ ယင်း တော်လှန်ရီး ကျောက်မြိုက်ကို အဆင့်ဆင့် မြင့်တင်ပြီးကေ ရခိုင် လပ်လွတ်ရီးကို တည်ဆောက်ရဖို့ ပင်ဖြိုက်တေ။ ဒေ အမျိုးသား တော်လှန်ရီး သမိုင်း အမွီဆက်ကို အဂုခေတ် ရခိုင် အမျိုးသားတရပ်လုံး ဆက်လက် ခံယူရဖို့ပင်ဖြိုက်တေ။ ဒေ သမိုင်းဆက်ရာ ငါရို့ အတွက် မှန်ကန်ရေ သမိုင်းဆက်ရာ ဖြိုက်တေ။ သဘာဝကျရေ သမိုင်းဆက်ရာ ဖြိုက်တေ။

ယကေ ငါရို့ဇာလုပ်က်ဖို့လေး ဆိုကေ ဒေ အမျိုးသား တော်လှန်ရီး သမိုင်းဆက်ကို  ဆက်လက် တာဝန်ယူရဖို့လို့ ပြောရဖို့ပင်ဖြိုက်တေ။

## (ဂ) ဗြိတိသျှ အန္ဒိယနိုင်ငံဆိုရေ စီးပွာရီးစားကျက်ကြီးကို ဖွေ့စေးခြင်း

**AD 1885** မာ ဗြိတိသျှ အရင်းရှင်နေချဲ့ရို့ ဗမာဘုရင် သီဘောမင်းကို ဖမ်းဆီးလိုက်ပြီးကေ သူ့ပိုင်နက် အားလုံးကို သိမ်းယူလိုက်တေ။ ယပြီးကေ ရခိုင် ၊သျှမ်း၊ ကချင် ၊ကရင် ၊ မွန်၊ ချင်း၊ ကယား၊ ဗမာ အားလုံးကို စုပေါင်းလိုက်ပြီးကေ “ဗြိတိသျှဗားမား” လို့ပြေနေ တစ်ခုဖွေ့လိုက်တေ။ ယင်းပြေနေကို ဗြိတိသျှ အိန္ဒိယ အထဲမှာ ပေါင်းစပ်ပြီးကေ  စီးပွားရီး စားကျက်ကြီးတခုအဖြစ် ဖွေ့စေးပိုက်လိုက်တေ။

အရင်းရှင် နေချဲ့ရို့ရေ ရောက်ရာ အရပ်မှာ သူရို့၏ စီးပွား၊ နိုင်ငံရီး၊ လူမျိုးသြဇာ ညောင်းအောင် စိုက်ရီးအရ အနိုင် တိုက်ခိုက်ပြီးကေ အကောင် အထည် ဖော်လာကတ်တေ။ ယင်းပိုင် လုပ်လာလပ်စွာမှာ နိုင်ငံယယ်တိကို သူရို့ စိတ်ကြိုက်အတိုင်း ထင်ရေပိုင် လုပ်မဆန်ဘဲ လုပ်ပိုက်ခကတ်တေ။ သက်ဆိုင်ရာနိုင်ငံ၏ ဆန္ဒ လုံးဝမပါပဲ သူရို့အတွက် (**IC.**သူရို့၏ ကိုလိုနီ နေချဲ့ အကျိုးစီးပွား သက်သက်အတွက်) အဆင်ပြေပိုင် လုပ်ပိုက်ခကတ်တေ။ ပြင်သစ်နေချဲ့ရို့ရေ ဗီယက်နာမ်၊ လာအို၊ကမ္ဘောဒီးယား ရို့ကို ပေါင်းချင်ပိုင်ပေါင်းလို့ စပ်ချင်ပိုင်စပ်ပိုက်ခကတ်တေ။ လူ့သဘော လူ့ဆန္ဒကို ဂရုစိုက်ရမှန်းကို သူရို့ဂရုစိုက်ခကတ်။ ရခိုင်၊ သျှမ်း၊ မွန်၊ကချင်၊ကရင်၊ ကယား၊ မွန်၊ ဗမာ ရို့ကိုလေ့ ဗြိတိသျှနေချဲ့ရို့က သူရို့ပေါင်းချင်ပိုင်ပေါင်း လို့စပ်ချင်ပိုင်စပ်ပိုက်ခရေ။ တခြားကမ္ဘာအရပ်ရပ်မှာလေး သူရို့ဆန္ဒအရ ပေါင်းပိုက်ခစွာ၊ စပ်ပိုက်ခစွာတိ အများကြီးပင်ဖြိုက်တေ။ သူရို့မာကား–သူရို့အတွက် ငွေရာ အဓိက ဖြိုက်တေ။ လူသီစွာ သူရို့အတွက် အဓိကမဟုတ်။ တခြားလူမျိုး လူစိုင်မမှီဖြိုက်လားစွာ သူရို့အတွက် စိုင်းစားရာမဟုတ်။ သူရို့အတွက် လူ့ကျင့်ဝတ် ၊လူ့သိက္ခာဆိုစွာ လူကိုလူချင်း ဂရုစိုက်ရရေဆို စွာကို နားမလေ။ နားလေကေလေး သူရို့အတွက် အရာခပ်သိမ်း ကားငွေရာဖြိုက်တေ။ တပြေနန့်တပြေ၊ တလူမျိုးနန့် တလူမျိုး ပေါင်းစပ်လိုက်တေ ဆိုစွာရေ သာမံကိစ္စမဟုတ်။ လူ့အဖွေ့အစေး၏ အမြင့်ဆုံးလုပ်ငန်း အထွဋ်အထိပ် အကျဆုံးလုပ်ငန်း ဖြိုက်တေ။ ဂုပိုင် လူ့ကိစ္စကြီးတခုကို လုပ်ဆောင်ဖို့အတွက် သက်ဆိုင်ရာ ပြေသူရို့၏ဆန္ဒ အပြေ့အဝပါဖို့ လိုရေ။ လူမျိုး တမျိုးနန့်တမျိုး၊ တပြေနန့် တပြေပေါင်းစေးဖို့အတွက် ဘုံရန်သူ တိုက်ပွေးမှာ အချင်းချင်း၊ စေးလုံးညီညွတ်ပြီးကေ ပေါင်းစေး လားခစွာမျိုးဟိရေ။ တခါတခါ အမျိုးသား စီးပွားရီးအရ ပေါင်းစေးစွာမာ ပြေသူဆန္ဒ အပြေ့အဝပါကေ တရားရေ၊ မှန်ကန်ရေ။ အတင်းအားဓမ္မလုပ်ကေ တိုက်ရိုက်ဖြိုက်ဖြိုက်၊ သွယ်ဝိုက်လို့ဖြိုက်ဖြိုက်၊ လိမ်လေကျလားပြီးကေ လူမျိုးတမျိုးတေးကို ဗဟိုထားလို့ ပေါင်းစေးခကေ မတရား၊ မမှန်ကန်။ ယင်းပိုင်ဆိုကေ အမျိုးသား တော်လှန်ရီးရေ မုချပေါ်ပေါက်လာရဖို့။

အဂု ဗြိတိသျှ အရင်းရှင် နေချဲ့ရို့ဖွေ့စေးလိုက်တေ ဗြိတိသျှ –ဗားမားနန့်၊  ဗြိတသျှ –အန္ဒိယရို့ကြားမာ ရခိုင်ရေ ကြားပျိုက်ပါလားခရေ။ ယင်းပိုင် စီးပွားရီး စားကျက်ဖွေ့စေးရစွာရေ သူရို့၏အုပ်ချုပ်ရီးအတွက် ငွေကုန် သက်သာရီးဖြိုက်တေ။ ကုန်ကြမ်း သိမ်းကျုံးဝယ်ယူစွာ လွယ်ကူရီးနှင့် ကုန်ချော့ဖြန့်ဖြူးစွာလေး လွယ်ကူရီးကြောင့်ဖြိုက်တေ။ ရခိုင် အကျိုးဆန္ဒ လုံးဝမပါကေ အားနန့်ဖိနှိပ် ချုပ်ချယ်လားစွာရာ ဖြိုက်တေ။ လူသား ဆန္ဒကို လုံးဝပြဌာန်းခွင့်မပြုဘဲနန့် သူရို့ချေ လှယ်ချင်ရေပိုင် ချယ်လှယ်လားခလို့ ငါ့ရို့အမျိုးသား တော်လှန်ရီး နှိမ်နင်းခံလားရရေ။ ဖရိုဖရဲဖြိုက်လားခရရေ။

## (ဃ) ၁၉၃၇ ခု ဗြိတိသျှ– ဗားမား ခွဲထုတ်ခြင်းနန့် မတ်(က်) မိုဟန် နေနမိတ်မျဉ်းကြောင်းသတ်မှတ်ခြင်း

ဗြိတိသျှဗားမားကို ဗြိတိသျှ အိန္ဒိယနန့် တပေါင်းတေး ဖွဲ့စေးထားရေအခါ ရခိုင် သမိုင်း အဆက်ဆက် သတ်မှတ်ထားခရေ။ ရခိုင်ပြေမှာ တစပ်တေး၊ တပြင်တေး ကူးလူး ဆက်ဆံနိုင်ခရေ။ ဗမာပဒေသရာဇ် နေချဲ့ ချုပ်ကိုင်ထားခရေ။ ရခိုင်ပြေ တစိပ်တဒေနန့် ဗြိတိသျှအရင်းသျှင် နေချဲ့ရို့ချုပ်ကိုင်ထားရေအစိပ်အပိုင်း ရို့မှာ ဆိုခရေ အတိုင်း တစပ်တေး ကူးလူးလားလာနိုင်ခရေ။

၁၉၃၅ ခု ဗြိတိသျှ ဗားမားကို ခွဲးထုတ်ဖို့ ဥပဒေ အတည်ဖြိုက်တေ။ ၁၉၃၄ ခုမှာ ယင်း ဥပဒေအရ ဗြိတိသျှဗားမားလို့ သီးခြားကိုလိုနီ တခုအဖြိုက် ဗြိတိသျှအင်ပါယာမှာ ရပ်တည်ခွင့် ရလာရေ။ ယင်း အတွက်နန့် သီးခြားနေနိမိတ် သတ်မှတ်လာရရေ။ “မတ်(က်) မိုဟန်” ဆိုရေ ဗြိတိသျှ လူမျိုးတစ်ဦးက အစိုးရ အမိအတိုင်း နေနိမိတ် မျဉ်းကြောင်းကို ရီးဆွဲလီရေအခါ ဗြိတိသျှဗားမား နေနမိတ်ကို အဂုလက်ဟိ နေနမိတ်အတိုင်း နတ်မြိုက် အလယ်က မျဉ်းခွဲလီရေ။ ယင်းအတွက်တာနန့် ရခိုင်ပြေမှာ ထက်ခြမ်း အစိပ်ခံလီရရေ။ ဗမာနေချဲ့ သိမ်းပိုက်ခရေ အပိုင်းကို ဗြိတိသျှဗားမားအထဲမှာ ထေ့လိုက်တေ။ တောင်ခွင်ခရိုင် ၊ သံတွေးခရိုင်၊ ကျောက်ဖြူခရိုင်၊ စိုက်တွေခရိုင် ၊ ရခိုင် တောင်ရိုးဒေသရို့မှာ ဆိုခရေ အတိုင်း ဗြိတိသျှ ဗားမားထဲမှာ ပါလားခရေ။

ဘင်္ဂါ ၁၂ မြို့၊ ဗိုလ်မင်းထောင်၊ သက်ထောင်၊ ဖလံထောင်၊ မြုံထောင် ရို့ကို ဗြိတိသျှ အိန္ဒိယမှာ ထေ့ပိုက်လိုက်တေ။ အဂုပိုင်ရခိုင်ပြေ ထက်ခြမ်း အစိပ်ခံရလိုက်တေအခါမှာ ဆရာတော် ဦးဉတ္တမထေရ်၊ တရားသူ ကြီးဦးမေအောင်၊ ဦးစိန်လှအောင်၊ ဆာရ် ပေါ်ထွန်း၊ ဆာရ် ထွန်းအောင်ကျော်၊ ဒေါက်တာ စံရွှေအောင်၊ နန့်တကွ ရခိုင် မျိုးချစ်၊ ပြေချစ်၊ ရဟန်းပုဂ္ဂိုလ်၊လူပုဂ္ဂိုလ်များ၊ ယင်းခေတ်က ထင်ရှားကျော်ကြားခရေ နိုင်ငံရီး အဖွဲ့အစေးအသီးသီးရို့ မကန့်မကွက်ဘဲ နီခစွါကား ၊ တိုက်ပွေး မဝင်ဘဲနီခစွာကား၊ ငါ့ရို့ ရခိုင်ပြေ အမျိုးသားအတွက် ကောင်းကောင်း ရှက်စရာကောင်းရေ။ ရခိုင် သမိုင်းဆက်ကို မျက်ကွယ်ပြုရာကျရေ။

ဇာပင်ဖြိုက်ဖြိုက် လူမျိုးတမျိုး၊ နိုင်ငံတနိုင်ငံ၏ သက်ဆိုင်ရေ နေနိမိတ်မျဉ်းကြောင်းရေ၊ ယင်း အမျိုးသားရို့၏ လက်ထဲမှာ ပင်ဟိနီရေ။ ယင်း အမျိုးသားရို့၏ မျိုးချစ်စိတ်၊ ပြေချစ်စိတ်၊ သတ္တိ၊ ဇွဲ၊ လုံ့လ ၊ဝိရိယအပေါ်မာ တေနီရေ။

## (င) ရခိုင်နီမြေ အခြမ်းခြမ်း ခွဲစိပ်ခံရခြင်း ၊ ဇာကြောင့်လေး?

ကောဇာသက္ကရာဇ်၊ ၁၁၄ဖ ခုနှစ်၊ တပါးကျွန် ဖြိုက်လာကတေးက ရခိုင်မြီရေ အခြမ်းခြမ်း ခွဲစိပ်ခံရစွာရေ ၂၀ ရာစု အလယ်ပိုင်း ကာလ ၊ဗမာ၊ အိန္ဒယ၊ ပါကိစ္စတန်၊ လွတ်လပ်ရီးရရေ အထိဖြိုက်တေ။ ရခိုင်ပြေ အခြမ်းခြမ်း ခွဲစိတ်ခံရခြင်း (Partition of Arakan)ရေ ပိုလန်နိုင်ငံခွဲ စိပ်ခံရစွာထက် ဆိုးသိရေ။ ယင်းပိုင် အခြမ်းခြမ်း ခွဲစိပ်ခံရလွမ်းလို့ ကျွန်ပုန်းကိုလိုနီ ဘဝကို အထိထိုးဆင်းလားခရရေ။ ဗြိတိသျှဗားမားမာပါရေ ရခိုင်ပြေဒေသကို ဗြိတိသျှအစိုးရက ၁၈၅၃မှာ ရခိုင်တိုင်း လို့သတ်မှတ်ပိုက်လိုက်တေ။

ရောဝတီ မြိုက်ဝကျွန်းပေါ်ကို ဗြိတိသျှတို့ သိမ်းပိုက်လိုက်ပြီးနောက် AD.1853 ခုမာ ကျောက်ချွန် ချောင်းကပင် မော်တင်စွန်း အထိ တောင်ခွင်ခရိုင်နန့် ဟိုင်းကြီးကျွန်းရို့ကို ပုသိမ်ခရိုင်မာ ပေါင်းတေ့လိုက်တေ။ ယင်းနန့်ဇု ယင်းဒေသမှာ ရခိုင်တိုင်းက ပေ့ထွက်လားခရရေ။

ဒုတိယ ကမ္ဘာစိုက် ကြီးပြီးဆုံးရေခါ အိန္ဒိယ၊ ပါကိစ္စတန်၊ ဗမာပြေရို့ လွတ်လပ်ရီး ရကတ်တေ။ ယေအခါ မြုံထောင်မာ အိန္ဒိယပြေထဲမှာ ပါလားခရေ။ ဗိုလ်မင်းထောင်၊ သက်ထောင်၊ ဖလံထောင်နန့် ဘင်္ဂါ ၁၂မြို့ရို့မှာ ပါကိစ္စတန် ထဲပါလားခရရေ။ “ရခိုင်တိုင်း” ဗမာပြေထဲမှာ ပါဝင်လားခရရေ။ တခါ ဗမာအစိုးရက ပလက်ဝါးခရိုင် (Northen Arakan Hill Cracts )ကို ချင်း ဝိသေသတိုင်းထဲမှာ ၁၉၅၂ မာ ပေါင်းစပ်လိုက်တေ။

၂၀ ရာစု ပထမပိုင်းခေတ် ရခိုင် အမျိုးသား တော်လှန်ရီးလမ်းကြောင်းရေ လွတ်လပ်ရီး ဆိုရေ အောင်ပွေးနန့် အဆုံး မသတ်ခဘဲနန့် လူတန်းစား တော်လှန်ရီး (ဝါ) ပြေသူဒီမိုကရေစီ တော်လှန်ရီးဆိုရေ ဒုတိယ စခန်းဆင့်သို့ ခုန်တက် လားစွာကိုတွိ့ရရေ။ ယင်းအတွက်နန့် ရခိုင်အမျိုးသား တရပ်လုံး၏ တော်လှန်ရီး ပန်းတိုင်ပြဿနာမှာ အငြင်းပွားရရေ။ ဂုပိုင် တော်လှန်ရီး လမ်းကြောင်းလွေး ချော်လားရစွာရေ ရခိုင်ပြေ၏ သမိုင်းကို မျက်ကွယ်ပြုလို့ဖြိုက်တေ။ ရခိုင်ပြေ၏ ရုပ်တရားကို မျက်ကွယ်ပြုလို့ဖြိုက်တေ။ ရခိုင်ပြေ၏ ရုပ်ဝါဒီလို့ နာမည်ခံရေလူတိ ရခိုင့်ရုပ်တရားကို မကိုင်ဆောင်ဘဲ နောက်လိုက်ဝါဒကို ကိုင်ဆွဲထားကတ်လို့ဖြိုက်တေ။ ယင်းဝါဒကြောင့် ပါတီစွဲဝါဒ၊ ဂိုဏ်းစွဲဝါဒ (Factionalism) ဝင်လာလတ်လို့ ရခိုင် အမျိုးသား လူ့အဖွဲ့အစေးမှာ ကျွန်ပုန်းကိုလိုနီ ဘဝမာ နိုက်မွန်းနီရရေ။

ရခိုင် နီမြီအခြမ်းခြမ်း ခွဲစိပ်ခံရခြင်းကြောင့် ရခိုင်အမျိုးသားလုံးမာ ကျွန်ပုန်းကိုလိုနီ ဘဝကို ရောက်လားခရရေ။ တော်လှန်ရီး လမ်းကြောင်း လွဲချော်လားခကတ်ရရေ။ တော်လှန်ရီး တစခန်း လွန်လားခရရေ။ ဂုပိုင်ဖြိုက်ရစွာ ဇာကြောင့်လဲ၊ အမျိုးသား စေးလုံးညီညွတ်ရီး ပြိုကွဲလို့ဖြိုက်တေ။

ပဒေသရာဇ် မြီသျှင်ခေတ်ကဆိုကေ အမျိုးသား စေးလုံးညီညွတ်ရီး ပြိုကွဲရခြင်း၏ အဓိက အကြောင်းတရား မှာကား ဒေသစွဲစိတ်၊ ဂိုဏ်းစွဲစိတ်၊ ကိုယ်ကျိုးဆန်စိတ်ရို့ကြောင့်ဖြိုက်ခရရေ။ ၂၀ရာစုကာလ မာကားပါတီစွဲစိတ်၊ လမ်းလွဲချော်မှု၊ စခန်းလွဲ ၊ စခန်းလွန်မှု ရို့ပိုလာရေ။ အနုတ်လက္ခဏာအတွက် အကြောင်းတရား များလာစွာပင်ဖြိုက်တေ။ ရခိုင် အမျိုးသား တော်လှန်ရီးကို အဖျက်အဆီးလုပ်လိုက် စွာပင်ဖြိုက်တေ။

## ရခိုင့် အမျိုးသား တော်လှန်ရီး လမ်းကြောင်း ရောထွီးလားခြင်း

## (က) ပထမ ၀ံသာနုခေတ် ၊ ဇာပိုင်လဲ?

ဗြိတိသျှဗားမားကို သီးခြားမဖွေ့စေးခင်ကပင် ကုမ္ပဏီအစိုးရရေ ရခိုင်ပြေကို ကိုလိုနီနိုင်ငံ တစတစ သွတ်သွင်း ယူလာရေ။ ရခိုင်ပြေ အဖွေ့အစေး၏ ပုံစံမှာ မြီသျှင်ပဒေသရာဇ် စနစ်ဖြစ်နီရေ။ အရင်းသျှင် စီးပွားရီး စားကျက် ဖွေ့စေးရေအခါမှာ လယ်ယာလုပ်ငန်းကို အခြီအမြစ်ထားလို့ ဖွေ့စေးလီရေ။ လယ်ယာလုပ်ငန်းမှာလေး လက်မှုလယ်ယာ လုပ်ငန်းဖြစ်တေ။ တံငါလုပ်ငန်းနန့် အခြား လယ်ယာလုပ်ငန်းမှာလေး စနစ်ဟောင်းက အတိုင်းရာဖြစ်တေ။

ကုမ္ပဏီ အစိုးရရေ စီးပွားရီး စားကျက်ဖြစ်တေ ရခိုင်ပြေကို အရင်းသျှင် စနစ်၏ အလုပ်အကျွေးဖြစ်လာအောင် ပုံသွင်းယူလာရေ။ လမ်းပန်းဆက်သွယ်ရီးကို မြင့်တင်ပီးလာရေ။ ပညာရီး၊ အုပ်ချုပ်ရီး၊ တရားဥပဒေ စီရင်ရီးတို့ကို ပြုပြင်ပီးရေ။ ဂုပိုင် လုပ်စွာရေ ကိုလိုနီ အုပ်ချုပ်ရီးကို အထောက်အကူ ဖြစ်လာအောင် လုပ်ပီးခြင်းရာ ဖြစ်တေ။ ရေထွက်ပစ္စည်းများကို အလွယ်တကူ သယ်စေနိုင်အောင်အတွက် ဖြစ်စီ၊ သူရို့အုပ်ချုပ်ရီး ထိရောက်သည်အတွက် ဖြစ်စီ ၊လမ်းပန်း ဆက်သွယ်ရီးမှာ သင်္ဘော၊ မော်တော်ကား၊ သံကြိုးစရေစွာတိကို အသုံးပြုလာရေ။ အုပ်ချုပ်ရီး၊ တရားစီရင်ရီးတို့မှာလေး လခအနေးနန့် တိုင်းရင်းသားများကို အသုံးချနိုင်အောင် ဘုန်းကြီးကျောင်း ပညာရီးအစား ကိုလိုနီ ပညာရီးကို လုပ်ဆောင်ပီးရေ။ စက်မှုလုပ်ငန်းဆိုလို့ ဆန်စက်မှတပါး အခြား စက်ကားရှားရှား ပါးပါးပင်ဖြစ်တေ။ ဆန်စက်ကို တေရစွာက လေ့ သူရို့စီးပွားရီး အတွက်ပင်ဖြစ်တေ။

ရခိုင် တိုင်းရင်းသားများက အရင်းသျှင်၊ ခနသျှင်ဆိုလို့ မိသားစု သုံးလေးစုလောက်ရာ ဟိရေ။ ယင်း ခနသျှင်တိရေ ရခိုင်ပြေ၏ အများဆုံး လယ်ယာတိကို ပိုင်ဆိုင်ခကတ်တေ။ ဘဏ်လုပ်ငန်းကို လုပ်ကိုင်ခကတ်တေ။ တရုတ်၊ ကုလား၊ ခနသျှင်မိသားစု သုံးလေးစု လောက်ရာဟိရေ။ ပင်လယ်ကြောင်း ကူးသန်းရောင်းဝယ်ရီးနှင့် လယ်ယာမြီ အချို့ကို သူရို့ကြိုးကိုင်ခကတ်တေ။ ဗြိတိသျှအမျိုးသားရို့က သင်္ဘောကုမ္ပဏီ၊ ရီနံကုမ္ပဏီနှင့် အခြား စက်မှုလုပ်ငန်းကို ကြိုးစား လုပ်ကိုင်ခကတ်ကေလေး သင်္ဘောကုမ္ပဏီတခုတေးရာ အောင်မြင်ခရေ။ ရခိုင်တိုင်းရင်းသား ခနသျှင်ထေးမှ ငါးလုပ်ငန်းနန့် တခြား လုပ်ငန်းတိကို လုပ်ဖို့ ကြိုးစားခကတ်ကေလေး မအောင်မြင်ခ။

အချုပ်အားဖြင့် ဆိုကေ ရခိုင် လူမှုအဖွေ့အစေးမှာဆိုကေ ဗမာနေခဲ့ မြီသျှင် ပဒေသရိုက် လက်အောက်က ဗြိတိသျှ အရင်းသျှင်၏ ကိုလိုနီ လက်အောက်ခံ၊ အဖွေ့အစေး လက်အောက်တို့ တဆက်ဆက် ကူးပြောင်းနီယာ ဖြစ်တေ။ ဗမာနေခဲ့ ပဒေသရာဇ် လက်အောက်မှာ ဆောက်တေရာမရ တရားမဲ့၊ ခါးမဲ့ ခံစစားနီခရေ ဘဝက အရင်းသျှင် နေခဲ့ရို့၏ တရားဥပဒေစိုးမိုးရီး ၊ငြိမ်ဝပ်ပိပြားရီး၊ ရပ်ရွာအီးသျှမ်းအောက်သို့ ရောက်လာခကတ်ယာ ဖြစ်တေ။ ယင်းပိုင် ကူးပြောင်း လတ်တေအခါ ဗမာနေခဲ့လက်အောက်မှာ ပဒေသရာဇ် စနစ်ဆိုးကြောင့် ပျက်စီးဆုံးရှုံးခစွာတိရေ အရင်းသျှင် ကိုလိုနီ အုပ်ချုပ်ရီး ယန္တရားအောက်မာ ကိုလိုနီပညာရီး၊ လမ်းပန်းဆက်သွယ်ရီး၊ လူမှုရီးတို့ရေ ပဒေသရာဇ် လက်အောက် မှာထက် တိုးတက်မှုဟိခရာကား ရခိုင့် လူ့အဖွေ့အစေးရေ ကာလတခုကို ဖြတ်သန်းနီခယာဖြစ်တေ။ ဗြိတိသျှ ကုမ္ပဏီအစိုးရ ရခိုင်ပြေကိုသိမ်းယူရေ ၁၈၂၆ ခုက အစပြုလို့ အရင်းသျှင် ကိုလိုနီ ယန္တယားအောက်မှာ ကာလတခုကို ဖြတ်သန်း နီခယာဖြစ်တေ။

ရခိုင်ပြေကို ယင်း ၁၈၂၆ခု နှစ်က လက်တလုံးခြား လိမ်လို့သိမ်းပြီးကေ ယင်းဒေသကို ဘင်္ဂလား အုပ်ချုပ်ရီး အောက်မှာ အိန္ဒိယ အုပ်ချုပ်ရီးပုံစံအတိုင်း အုပ်ချုပ်တေ။ ယင်းအခါက ရခိုင်ပြေမှာ ရခိုင်အမျိုးသား တသိန်းရာဟိရေ။ ဗြိတိသျှ အစိုးရရေ ရခိုင်ပြေကို အမျိုးမျိုး လိမ်လေဖိနှိမ်အုပ်ချုပ်လို့ အမျိုးသား တော်လှန်ရီး ပေါင်းအ မြောက်အများ ပေါ်ပေါက်ခရေ။

၁၈၅၂ ခုမာ အင်္ဂလိပ်၊ မြန်မာ ဆက်ဆံရီး တင်းမာလာပြီးကေ ဒုတိယအကြိမ် စိုက်ဖြစ်ကတ်တေ။ အောက်ဗမာပြေ ပဲခူး၊ မုတ္တမရို့ကို စာချုပ်ဖိအားနန့် သိမ်းယူလိုက်တေ။ ၁၈၆၂ ခုမှာ ရခိုင်ပြေ (ပလက်ဝါးခရိုင်၊ စိုက်တွေခရိုင်၊ ကျော်ဖြူခရိုင်၊ သံတွေးခရိုင်၊ တောင်ခွင်ခရိုင် ) ပဲခူး၊ မုတ္တမ၊ တနင်္သာရီတို့ပေါင်းစပ်ပြီးကေ ဗြိတိသျှဗားမား လို့ စတင်ဖွေ့စေးလိုက်တေ။ မဟာဝန်သျှင်တော်မင်းကြီး တစ်ဦးက ပဲခူးကို၊ နောက်ရန်ကုန်ကို ဗဟိုထားပြီးကေ အုပ်ချုပ်တေ။ တခါ ခရိုင်၊ မြို့နေ၊ တိုက်နေများခွဲ ပြီးကေ ခရိုင်ဝန်၊ မြို့အုပ်၊ တိုက်သူကြီးရို့က အဆင့်ဆင့် အုပ်ချုပ်တေ။ တိုက်သူကြီးလက်အောက်မှာ ရွာခေါင်းဆောင်များနန့် ကြေးထမ်းကြီးများဟိရေ။ ဂုပိုင်အုပ်ချုပ်ရီးကို ရီမြီဒေသအလိုက် ချမှတ်ခကေလေ့ စီးပွားရီး၊ အောက်ကျမှု၊ လမ်းပန်းဆက်သွယ်ရီး ညံ့ဖျင်းမှု ဘာသာစကား ခက်ခေးမှုရို့က ထိရောက်မှုမဟိခ။ အခွန်တော်များကို ဖိကောက်လို့ ပြေသူအများမှာ မွေးပြာကျရရေ။ လယ်သမား တော်လှန်မှု အများအပြား ပေါ်ပေါက်ခရရေ။ ရခိုင် မင်းဆက်သစ် ထူထောင်ဖို့ အကြိမ်ကြိမ် ကြိုးစားခကတ်တေ။

စိုက်တွေမှာ ခြီချလို့ နိုင်ငံခြား သားကုမ္ပဏီများ ၊တိုင်းရင်းသားကုမ္ပဏီများ ၊ထရီးဒိန်းများ၊ ကော်ပိုရီးရှန်းများ ချစ်တီးကုလား သူဌေးများ၊ ဆန်စပါးနန့် အခြားလုပ်ငန်းများကို လုပ်ကိုင်ခကတ်တေ။ ယင်းနိုင်ငံခြား ခနသျှင်များ၊ လက်ဝီခံ တိုင်းရင်းသား ခနသျှင်များ၊ ရခိုင်လယ်သမားရို့၏ လယ်ယာ ကိုးဆယ်ရာခိုင်နှုန်း ရောက်ဟိလားခရေ။ စိုက်တွေ မြို့မှာလေး နိုင်ငံခြားသားဦးရေ ငါးဆယ် ရာခိုင်နှုန်းလောက် ဟိလားခရေ။ ဦးရွှေသာ ကုမ္ပဏီရို့ပိုင်၊ ကုမ္ပဏီများ လုပ်အားခ အနေးနန့် လုပ်အားအများပီးနိုင်ရေ။ စပါးရိုက်သား ကုမ္ပဏီတိကို ပြေသူ အကျိုးစီးပွားတခုထေးကိုရာ ကြည့်ပြီးကေ ဖြောက်သောက်သွင်းယူခလို့ ရခိုင်ပြေည်မှာ “ရင်ကျာ” ခေါ် စပါးရိတ် သား ကုလားဦးရေ တနှစ်ထက်တနှစ် မကန်မကန်တိုးပွားခရရေ။

၁၈၈၅ ခုမှာ သီပေါမင်းကို ဖမ်းပြီးကေ အထက် ဗမာပြေကို ဗြိတိသျှ ကုမ္ပဏီအစိုးရက သိမ်းပိုက်လိုက်တေ။ ဗြိတိသျှ ဗားမားထေးမှာ အထက် ဗမာပြေကို သွင်းပိုက်လိုက်တေ။ မဟာ ဝန်သျှင်တော်မင်းကြီးက အုပ်ချုပ်တေ။ ၁၈၉၇ ခုမှာ ဘုရင်ခံ ကအုပ်ချုပ်တေ။ လက်ဟိရခိုင်ပြေကို ဗမာပြေမာ ပေါင်းတေ့ပြီးကေ ဝန်သျှင်တော်မင်းကြီးက အုပ်ချုပ်တေ။ စိုက်တွေမှာ ရုံးစိုက်တေ၊ တခါ ပလက်ဝါးခရိုင်၊ စိုက်တွေခရိုင်၊ ကျောက်ဖြူခရိုင်၊ သံတွေးခရိုင်ရို့ကို ခရိုင်ဝန်ကြီး တဦးက အုပ်ချုပ်တေ။ တောင်ခွင်ခရိုင်ကိုကား ပုသိမ်ခရိုင်နန့် ပေါင်းစပ်လိုက်ယာ ဖြစ်တေ။ ယင်း ဥပဒေအသစ်အရ ခရိုင်ဝန် အောက်မှာ နေပိုင်၊ မြို့ပိုင်၊ ရွာသူကြီးရို့က အဆင့်ဆင့်အုပ်ချုပ်ရရေ။ တခါ ခရိုင်ဝန်အောက်မာ ခရိုင်ရီးဝန်၊ သစ်တော ဝန်ထောက်၊ စိုက်ပျိုးဝန်ထောက်၊ လမ်းပန်းဝတ်ထောက်၊ ပညာဝန်ထောက်၊ ငွေတိုက်ဝန်ထောက်၊ လယ်ဝန်၊ ထောင်ပိုင်ကြီး၊ စက်သျှင် ၊တရားသူကြီး အသီးသီး ဌာနဆိုင်ရာ စီမံ အုပ်ချုပ်ကတ်ရကေလေ့ ရန်ကုန်မာ ရုံးစိုက်ကေတော့ ဘုရင်ခံလက်အောက်မှာ ဟိကတ်ရရေ။

ယင်းရို့အပြင် ရန်ကုန်ဗဟိုအုပ်ချုပ်ရီးဌာနမှာ သစ်တောမင်းကြီး ၊ဘဏ္ဍာရီးမင်းကြီး၊ အကောက်ခွန် ဌာနမင်းကြီး၊ တိရစ္ဆာန်ဆီးကုန်ဌာနည္တန်ကြားရီးဝန်ကြီး၊ကျန်းမာရီးဌာန ညွှန်ကြားရီးဝန် ယိုက်မျိုးမင်းကြီး၊ အိန်ဂျိန်နီယာချုပ်၊ ဆိပ်ကမ်းမင်းကြီးစသူရို့ပါဝင်ရေ။ ဒေဌာနအသီးသီးက သက်ဆိုင်သမျှ အမှုထမ်းရို့ရေ ရခိုင်ပြေတို့ လာရောက်စီမံအုပ်ချုပ်ကတ်တေ။

အဂုပိုင် အုပ်ချုပ်ထားလိုက်စွာလေ ၁၉၂၇ ခု တိုင်အောင်ဖြိုက်တေ။ ကိုလိုနီ အုပ်ချုပ်ရေး ယန္တရားမှာ ပါဝင်နီရေ၊ ဆိုင်ရာဆိုင်ရာ ဌာနတိမှာ ကိုလိုနီ ပညာတတ်ရခိုင် အမျိုးသား လူငယ်ရွယ်များအတွက် လျှာရေကျစရာ ဖြိုက်နီလီရေ။ ယင်းကြောင့် ရခိုင်ပညာတတ် လူငယ်များအထေးမှာ ရာထူးရူဝါဒ စွေးနီရရေ၊ အဂုထက်ထိဖြိုက်တေ။ ရာထူးလိုင်းသား ကြီးကြီးမားမား တတ်လို့ပါကေ မိမ၊ ယောခမနန့် လူပွေးစားရို့၏ လူရောင်း လူဝေ မှောင်ခိုစီးမှာ စီးကောင်းကောင်းနန့် ရနိုင်ရေ အဂုထိဖြိုက်တေ။

အလင်းရောင်းလင်းဝေးစနိုက်ရေ– အမှန်က ရခိုင်အမျိုးသားယိုင်ကျေးမှုမှာ မဟိခ။
အရင်းသျှင်စီးပွားရီး၏ ပကာသနလောကမှာ ပေါ်လာရေစနစ်ဆိုးရာဖြိုက်တေ။

ဆိုခရေ ၁၈၂၆ ကပင် ၁၉၁၆ ခုထိ ရခိုင်လူမှု အဖွေ့အစေးရေ ဗြိတိသျှအရင်းသျှင် နေချဲ့ကို နေးမျိုးစုံနန့် တော်လှန် တိုက်ခိုက်ခကတ်တေ နီရာမှာ အယုံးနန့်ချည်းပင် ရင်ဆိုင်ခကေလေ့ ကိုယ့်အချုပ်အချာ အာဏာပိုင်ဆိုင်မှု အတွက် မျိုးဆက်မပြတ် တော်လှန်တိုက်ခိုက်ခကတ်လို့ ရခိုင့်အမျိုးသား တော်လှန်ရီး လမ်းကြောင်းရေ ဆက်လျှောက် နီရတုန်းဖြိုက်တေ။ ယင်းပိုင် ကာလမျိုးမှာ ရခိုင်အမျိုးသား တော်လှန်ရီး အောင်လံကို လွှင့်ထူပြီးကေ လျှောက်နီ တုံးဖြိုက်တေ။

၁၉၀၀ ခု နောက်ပိုင်းကို ကျလတ်တေအခါ အထူးသဖြင့် ဆိုခရေ ၁၉၁၆ခု နောက်ပိုင်းကို ကျလတ်တေအခါ ရခိုင်ပြေမှာ ဗြိတိသျှ ကိုလိုနီကျွန်သက် ၁၀၀ နီးနီး ဟိလတ်ယာဖြိုက်တေ။ ယင်းအချိန်မှာ ဗြိတိသျှ အရင်းသျှင် စနစ်မှာ အရှိန်အဝါ တိုးတက်တုန်းဖြိုက်တေ။ အခြားတဘက်မှာ ဗြိတိသျှအရင်းသျှင် နေချဲ့နှင့် တကွ အရင်းသျှင် တလောတလုံးကို သိပ့်ပွဲနေးကျ ဆိုချေလစ်ဝါဒက ထိုးနှက်တိုက်ခိုက်တုန်းဖြိုက်တေ။ ဂျာမဏီ နန့် ဂျပန်တို့ကလေး တစခန်း ထလာတုန်းဖြိုက်တေ။ ဒေအချိန်ကာလမှာ ရခိုင်အမျိုးသား တရပ်လုံးရေ ခေတ်သစ်ကမ္ဘာကြီးကို တွိ့ထိလာစပြုတုန်း ပင်ဖြိုက်တေ။ အထူးသဖြင့် ရခိုင်ပညာတတ် လူတန်းစားရေ ကမ္ဘာနန့် အထိတွိ့ဆုံးဖြိုက်နီရေ။ ရခိုင် ရဟန်းပညာတတ် လူပညာတတိရို့ ရခိုင်လူမှုအဖွေ့အစေးမာ ဦးဆောင်မှုနီရာကို ယူလာတုန်းအခါ ဖြိုက်တေ။

အထက်ကတင်ပြခရေအတိုင်း ရခိုင်မြီမာ အရင်းသျှင်စနစ် ထွန်းထွန်းပေါက်ပေါက် မဟိခလို့ စက်ရုံ၊ အလုပ်ရုံကြီးများမဟိခ။ ယင်းနန့် အဂု စက်ရုံအလုပ်သမား အလုပ်ရုံ၊ အလုပ်သမားများဆိုလို့ ကောင်းကောင်းမဟိ၊ ဆန်စက်အလုပ်သမျှားရာ အနေးဟိရေ။ မင်းမှုထမ်း၊ အစိုးရလခစားများရာ ဟိရေ၊ ရှေ့နေရှေ့ရပ်လေး သက်အောင်ချေဟိရေ။

မိသားစု လေးစုလောက်ဟိရေ တိုင်းရင်းသားအရင်းသျှင်ရို့မာ ဘဏ်လုပ်ငန်းနန့် ငွေချီးစား လယ်က သီးစားခကောက်နန့် အသက်မွေးမြူ လိမ်ယူနီကတ်တေ။ နေချဲ့ လက်ဝီခံ ခနသျှင် (ကွန်ဖရာဒို) အဆင့်မာသာ ဟိနီခရေ။

ရခိုင်ပြေ၏ လူဦးရီအများမာ လယ်သမားဖြိုက်တေ။ လယ်သမားမာ ဆင်းရဲရေ လယ်သမား၊ အလယ်အလတ်လယ်သမား၊ ချမ်းသာရေလယ်သမားလို့ သုံးမျိုးသုံးစားဟိရေ၊ အားလုံးရေ လက်တဆုပ်စာ ရခိုင့်ခနသျှင် မိသားစု လက်အောက်ခံဘဝက အနေးနန့်အများမကင်းလွှတ်ကတ်။ ကုန်သွယ်လူတန်းစား တော်သင့်ရုံဟိကေလေး တရုတ်၊ ကုလားကုန်သည်တိလောက်မများ၊ သူရို့လောက်လေပတ်မှုမဟိ ။

အေပိုင် အနီအထားမှာဟိရေ ငါ့ရို့ လူမှုအဖွေ့အစေးကို နိုင်ငံရီးအရ၊ စီးပွားရီးအရ စုစေးဖို့ရေ မလွယ်ခ။ နိုင်ငံရီး အရစုစေးဖို့ဆိုကေ အမျိုးသား ခေါင်းဆောင်မှုကိုရအောင် အဖွေ့အစေးတခုခုက လှုပ်ရှားပီးရဖို့ပင်ဖြိုက်တေ။ ယင်းပိုင် လှုပ်ရှားမှုလုပ်ဖို့ဆိုကေ ကမ္ဘာသမိုင်းစဉ် အတိုင်းဆိုကေ ပညာတတ်လူတန်းစားက ခေတ်မီစနစ်လှုပ်ရှားမှု ပီးရဖို့ပင်ဖြိုက်တေ။ ယေကေ ရခိုင်ပညာတတ်များနှင့် ရခိုင်အရင်းရင်တို့ရေ ၁၉၆၀ ခု ပတ်ဝန်းကျင်လောက်မှာ အမျိုးသား တော်လှန်ရီးတာဝန်ကို ရယူဖို့ပင်ဖြိုက်တေ။ ယကေလေ့ ယင်းပိုင်မဖြိုက်ခ။

စီးပွားရီးအရ စုစေးဖို့ဆိုကေ စီးပွားရီးဗဟိုဌာန တခုခု ရခိုင်မြီမှာ ပေါ်ပေါက်ဖို့လိုရေ၊ စိုက်တွေမြို့ကို စီးပွားရီး ဗဟိုဌာနအဖြိုက် ကုမ္ပဏီအစိုးရက ပြုလုပ်ခကေလေ့ ဘင်္ဂလား စီးပွားရီးအောက်က မလွှတ်ခ။ ကုမ္ပဏီပိုင်စ ခေတ်ဦးပိုင်းမှာ ဘင်္ဂလားစီးပွားရီး လက်အောက်မှာ ဟိနီခရေ။

၁၉၃၇ ခု ဗြိတိသျှဗားမားကို သီးခြား ခွဲထုတ်လိုက်တေအခါ ရခိုင် အရှေ့ဘက်ခြမ်း (စိုက်တွေ၊ ကျောက်ဖြူ၊ သံတွေး၊ ပလက်ဝါး) ရေ ရန်ကုန်ကို မျက်နှာမူနီရရေ။ ရခိုင်အနောက်ဘက်ခြမ်း (ဘင်္ဂါ ၁၂ မြို့၊ ဗိုလ်မင်းထောင်၊ သက်ထောင်၊ ဖလံထောင်၊ မြုံထောင်) ရေ ဘင်္ဂလားကို မျက်နှာမူလာရရေ။

ဗြိတိသျှဗားမားကို သီးခြားဖွေ့စေးပြီးနောက်ရန်ကုန်ကို ပထမမြို့တော်၊ မန္တလေးကို ဒုတိယ မြို့တော်အဖြိုက် သတ်မှတ်လိုက်တေ။ ရန်ကုန်ရေ အုပ်ချုပ်ရီး၊ တရားစီရင်ရီး ၊ တရားပြုလုပ်ရီး၊ ဗဟိုရုံးစိုက်ရာ ဖြိုက်လာရေ။ စီးပွားရီး ပညာရီး၊ အချက်အချာတေရာ ဖြိုက်လာရေ။ ယင်းအခါမှာ ရခိုင်အရှေ့ဘက်ခြမ်း (ရခိုင်တိုင်း) ရေ အုပ်ချုပ်ရီး၊ တရားစီရင်ရီး၊ တရားဥပဒေပြုလုပ်ရီး၊ စီးပွားရီး ၊ ပညာရီးအရ ရန်ကုန်၏ တဆင့်ခံဖြိုက်လာရေ။ တနေး ဗမာ၏ တဆင့်ခံဖြိုက်လာခရရေ။

ယပြီးကေ အင်္ဂလိပ်စာကို ရုံးသုံး၊ ဗမာစာကို ဗြိတိသျှ ဗားမား ပြေတွင်းသုံး လို့သတ်မှတ်လိုက်တေ။ ယင်းအပြင် ဗြိတိသျှဗားမား၏ အမျိုးသား အသွင်လက္ခဏာကို ကောက်ယူရာမှာလေ့ ဗမာ အမျိုးသား အသွင်လက္ခဏာကို ကောက်ယူထားခရေ။ ယင်းကြောင့် ရခိုင်နန့်တကွ မွန်၊ကရင်၊ ကယား၊ သျှမ်း၊ ကချင်၊ချင်း၊ အမျိုးသား အသွင်လက္ခဏာတိမာ တဆက်ဆက် တိမ်ကောလားကတ်လီရရေ။

ယင်းပိုင် ရခိုင် အမျိုးသားအသွင် လက္ခဏာတိ တိမ်ကောပြီးကေ သမိုင်းကြောင်း မှုန်ဝါးလားလတ်အခါမာ ရခိုင် အမျိုးသား တော်လှန်ရီး သမိုင်းကြောင်းလေ့ မှုန်ဝါးလားခရရေ။ ဂုပိုင် အချိန်လောက်မာ အသျှင် ဥတ္တမ မထေရ်ရေ ဝံသာနု ရက္ခိတ အမျိုးသားရီး တရားကို ဗမာပြေတခွင်မှာ တွင်တွင်ကြီး ဟောကြားလာရေ။ နေချဲ့ ဆန့်ကျင်ရီး၊ အမျိုးသားညီညွတ်ရီး တရားကို ရဲရဲတောက် ဟောကြားပါရေ။ အေအသျှင်ရေ ရခိုင် အမျိုးသား ရဟန်းတော်တစ်ပါးပင် ဖြိုက်ကေလေ့ အိန္ဒိယပြေ ဗမာပြေရို့မာရာ နိုင်ငံရီးတရား အမျိုးသား နိုးကြားရီးတရားရို့ကို ရဲရဲတောက် ဟောကြားခရေ။ ယင်းပြေတိမာရာ အနိုက်စက် အမျိုးမျိုးခံလို့လှုပ်ရှားခရေ။ ရခိုင်ပြေ ဘက်သို့ အရောက် အပေါက်နေးပါးခရေ။ ယင်းဆရာတော်ကား နေချဲ့ဆန့်ကျင်ရီး၊ အာရှဝံသာနု ခေါင်းဆောင်တစ်ပါးပင်ဖြိုက်တေ။

ရခိုင် အမျိုးသား တော်လှန်ရီးလမ်းကြောင်း (ဝါ) ရခိုင် လွှတ်လပ်ရီး လမ်းကြောင်း မှုန်ဝါးလားစွာ ဆရာတော် ဘုရားက နေချဲ့ဆန့်ကျင်ရီး၊ ဝန်သာနုအမျိုးချစ်ဝါဒ ထားဟိရီးရို့ကို အိန္ဒိယ ပြေဗမာပြေ အနှံ့အပြားမာ ဟောကြားနီခရေ အချိန်တိမာ တရုတ်နှင့် အိန္ဒိယပြေတိမာ

တိုင်းရင်းမျိုးချိုက်ပြေချိုက်၊ ပညာတတ်လူတန်းစားများ၊ လှုပ်ရှားနီတုန်းဖြိုက်တေ။ တရုတ်မြီမှာ ဒေါက်တာ ဆွန်ယက်ဆင်၏ ကူမန်တံ အဖွေ့ကြီး လှုပ်ရှားနီတုန်းဖြိုက်တေ။ (**Dr-Sung Yed Sen Kuomintang**) အိန္ဒိယမြီမာ ကွန်ကရက်ပါတီကြီး လှုပ်ရှားနီတုန်း မဟတ္တမ ဂန္ဒီဂျီ လှုပ်ရှားနီတုန်း ဖြိုက်တေ။ ဗမာမြီမာ (**YNBA**)အသင်းရို့ နောက် **GCBA** အသင်း လှုပ်ရှားနီတုန်းဖြိုက်တေ။

၈၁၂၂၇၆ ရခိုင်မြီမာကား ဒေအချိန်မာ ရခိုင် နိုင်ငံရီး လမ်းကြောင်းကို ဖြိတိသျှ ဗားမားထေးမှာ ခင်းကျင်းဖို့ ကြိုးစား နီတုန်းဖြိုက်တေ။ မှုန်ဝါးလားခရေ ရခိုင် အမျိုးသားတော်လှန်ရီးလမ်းကြောင်းကို ရခိုင် မျိုးချိုက်၊ ပြေချိုက်များ ၊ ရခိုင်အကြောင်းကို စိတ်ဝင်စားရေ ရခိုင်အမျိုးသားများ ရခိုင် အကျိုးကိစ္စကို မြှင့်တင်လိုရေ ရခိုင် အရာဟိများရို့ရေ ရခိုင်အမျိုးသားရီး လှုပ်ရှားမှုကို ရန်ကုန်သို့ ဦးတေယူလားခကတ်တေ။ ဗမာမျိုးချိုက်၊ ပြေချိုက် ဝံသာနု ခေါင်ဆောင်များနန့် ယင်းခေတ်က ရခိုင် မင်းတိုင်ပင်အမတ်တိ ပူးပေါင်းဆောင်ရွက်စွာက အစ ရခိုင် အမျိုးသား တော်လှန်ရီးလမ်းကြောင်းရေ ရောထွီးလားခရရေ။ ရခိုင် အမျိုးသားများဖြိုက်တေ ဦးမေအောင်၊ ဆရာပေါ်ထွန်း ၊ ဆရာ ထွန်းအောင်ကျော် ၊ ဒေါက်တာ ရွှေစံအောင် ၊ ဦး စိန်လှအောင်၊ ဦး စိန်ထွန်းအောင် စရေ ပုဂ္ဂိုလ်ရို့ရေ ဖြိတိသျှ ဗားမားကိုလိုနီ အဖွေ့မှာ ဝင်ရောက်လှုပ်ရှားရင်း ရခိုင် အမျိုးသားတော်လှန်ရီး လမ်းကြောင်း ရောထွီးလားခရေ။

ထိုပုဂ္ဂိုလ်ရို့ရေ ရခိုင်ပြေ အခြေအနေကို ကောင်းမွန် တိုးတက်အောင် လုပ်ဆောင်ခကတ်စွာကိုတောခါ အများအသိပင်ဖြိုက်တေ။ ရခိုင် တော်လှန်ရီး လမ်းကြောင်းကို ဗမာ တော်လှန်ရီး လမ်းကြောင်းနန့် ဘောင်ကွဲပြားအောင် မလုပ်ခစွာကိုလေ့ အများအသိပင်ဖြိုက်တေ။

ယင်းအချိန်၌ မရှိမနှောင်း အချိန်လောက်က ရခိုင်ပြေမာ ရခိုင်တိုင်းအသင်း လူငယ်များ နိုးကြားရီး အသင်း၊ ရခိုင် တိုင်းလုံးဆိုင်ရာ စီးပွားရီးအဖွေ့ချုပ် ၊ တိုင်းရင်းသားအစေးအလုံးရို့ ပေါ်ပေါက်လားပြီးကေ ရခိုင် အရီးအခင်း (**Arakan Affair**) တိုးတက်လာအောင် ကြိုးစားလှုပ်ရှားခကတ်တေ။

အေဒီ ၁၉၃၇ ခု ဒီဇင်ဘာလမာ ရခိုင်တိုင်းလုံးဆိုင်ရာ စီးပွားရီးအဖွေ့ချုပ်နန့် တိုင်းရင်းသား အစေးအလုံးရို့ရေ စိုက်တွေ့ တန်းခိုး ဆရာတော်ကျောင်းမာ မျက်နှာစုံညီ ဆွေးနွေးပြီးကေ ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစေးအရုံးကို တညီတညွတ်တေး တေထောင်လိုက်တေ။ ဥက္ကဋ္ဌမှာ ဦးသာစံလှ ဒုဥက္ကဋ္ဌမှာ ဦး အောင်ထွန်း ဦးဖြိုက်တေ။ ဒေကာလမာ ရခိုင် အမျိုးသား တော်လှန်ရီးဖြတ်လားခရေ ကာလတစ်ခုပင်ဖြိုက်တေ။ အမျိုးသားဝံသာနု ကာလ လှုပ်ရှားမှုတိ လုပ်နီရေ ဝံသာနုကာလကို ဖြတ်သန်းနီခရစွာပင်ဖြိုက်တေ။ တနေး အမျိုးသား တော်လှန်ရီး၏ အကြိုကာလတခုကို (ဝါ) အမျိုးသား တော်လှန်ရီး၏ စေးရုံးရီးကာလတခုကို ဖြတ်သန်းနီခစွာပင်ဖြိုက်တေ။

ဝံသာနုကာလ (ဝါ) အမျိုးသားတော်လှန်ရီး၏ စေးရုံးရီးကာလရေ ပြေ့ဝမှု ရင့်ကျက်မှုမဟိကေ အမျိုးသားတော် လှန်ရီးရေ ယော့ကျလားတတ်တေ။ လွေးချော်လားတတ်တေ။ အောင်ပွေးမဟိပဲ ဆုံးရှုံးလားတတ်တေ။

နိုင်ငံတကာ ဝံသာနုကာလကို လေ့လာကြည့်လိုက်ကေ ယင်း ခေတ်ကာလမာ ကိုယ်ဆိုင်ရာ အမျိုးသား လက္ခဏာကို ဖော်ထုတ်ခြင်း၊ အမျိုးသားလက္ခဏာပြန်လေ ဆန်းသစ်ရီးပြုလုပ်ခြင်း၊ အမျိုးသား လက္ခဏာ ပြန်လေ ပွင့်လင်းရီးလုပ်ခြင်း၊ တို့ကိုတွိ့ရရေ။ အမျိုးသားရီးလှုပ်ရှားမှု ၊ နိုင်ငံရီးလှုပ်ရှားမှုတို့ကို မျိုးချိုက်ပြေချိုက် လူလတ်တန်းစားက ဦးဆောင်စွာကို တွိ့ရရေ။ တရုတ်ပြေ ဝံသာနုကာလမှာ ဒေါက်တာ ဆွန်ယက်ဆင်ပိုင် တရုတ်ပညာတတ်များကား ဦးဆောင်စွာကိုတွိ့ရရေ။ အိန္ဒိယပြေ ဝံသာနုကာလမှာ မဟတ္တမဂန္ဒီဂျီ ရို့ ဦးဆောင်ခရေ။ ဗမာပြေ ဝံသာနုကာလကို အသျှင် ဦး ဥတ္တမ မထေရ် ၊ သခင် ကိုယ်တော်မှိုင်း ၊ ဒေါက်တာ ဘမော်ရို့ပိုင် ပညာတတ်များ ဦးဆောင်စွာကိုတွိ့ရရေ။

အဂယင့်ပင် ဝံသာနုကာလမာ နေချဲ့ကို ဆန့်ကျင်ပြီးကေ အမျိုးသား လက္ခဏာ အရပ်ရပ်ကို ဖော်ထုတ်ရရေ။ နေချဲ့တို့၏ ဝါးမျိုဖုံးလွှမ်းဖို့ ကြိုးစားချက် အရပ်ရပ်ကို ကာကွယ်ရရေ။ ကိုယ်အမျိုးသား ယဉ်ကျေးမှုဘောင်၊ အမျိုးသား ဘောင်ရို့ကို ဖော်ထုတ်ရရေ။ မြှင့်တင်ရရေ။ ကိုယ်နိုင်ငံ၊ ကိုယ့်အမျိုးသား ယဉ်ကျေးမှု ၊ ကိုယ့်စာပီဆိုရေ ကျူးကျော်သံရို့ကို ပြောင်ပြောင် ၊မြောက်မြောက် ဖော်ထုတ်ပီးရရေ။ အမျိုးသားရီးစိတ်ဓါတ်နန့် ယဉ်ကျေးမှုအင်အား (**National Spirit and Cultural** )ရို့ကို အမျိုးသားတရပ်လုံးမှာ ပြေ့ဝရင့်ကျက်လာအောင် ၊ ခိုင်မာလာအောင်၊ လုပ်ဆောင်ပီးရရေ။ ယင်းက တဆင့် နိုင်ငံရီးအင်အား **Political Force**ကို သိပ္ပံနေးကျကျ တွန်းပီးရရေ။

**(အထူးမှတ်သားစရာရှိ)**

ဒေပိုင် အင်အားကို တွန်းပီးရေအခါ ရေးရင့်ပြတ်သားရရေ။ တခါတခါ လက်နက်ကိုင် တော်လှန်ရီးကိုထိ တောက်လျှောက် လုပ်ဆောင်လားရစွဲကို ကမ္ဘာ့သမိုင်း အရပ်ရပ်မှာ သိနိုင်ရေ။ အေအပိုင်းနန့် ပတ်သတ်လို့ မြောက်ကိုရီးယားသမိုင်းမာ ပုံစံပြစရာ နမူနာ ယူစရာကောင်းတခုပင်ဖြိုက်တေ။

## ယကေ ရခိုင်ဝံသာနုကာလက ဇာပိုင်လဲ?

စီးပွားရီး၊ နိုင်ငံရီး၊ ပထဝီအရ ရောထွီးနီယာဖြိုက်တေ။ ရခိုင်လူမှု အဖွေ့အစေးရေ ဒေအချိန်ကာလမာ အပျော့စား အချိန်ကိုရောက်နီရေ ။ အမျိုးသား တော်လှန်ရီး လမ်းကြောင်းလေ့ ရောထွီးနီယာဖြိုက်တေ။ ဒေပိုင် အခြေအနေမျိုးမာ ဝံသာနု လုပ်ရပ်ရေ စိစပ် သေချာနီဖို့လိုရေ။ ပြတ်သားဖို့လို့ရေ။ ယင်းခေတ်၊ ယင်းအခါက ရခိုင့် လှုပ်ရှားမှုကို ကြည့်လိုက်ကေ ရခိုင် ရာဇဝင်ကို ဗမာစာပီမာ ပြုလုပ်ခြင်း၊ ရခိုင် အကြောင်းကို အင်္ဂလိပ်စာပီမှာ ဖော်ထုတ်ခြင်း၊ ရခိုင်ရှိဟောင်းစာပီကို ဗမာစာပီလောကမာ ဖော်ထုတ်ခြင်း လုပ်နီခကတ်စွဲကို တွိ့ရရေ။ ရခိုင်မှုအရပ်ရပ်ကို ဖော်ထုတ်ရေအပိုင်းကို ယင်းပိုင်တွိ့ရပြီးနောက်ပိုင်းမာ မြှင့်တင်ရေအပိုင်းကိုမတွိ့ရ။ လှုပ်ရှားရေအပိုင်းကို မတွိ့ရ၊ ရခိုင်နိုင်ငံကို ကိုယ်နိုင်ငံ ၊ ရခိုင် အမျိုးသားရေ ကိုယ့် အမျိုးသား၊ ရခိုင် ယဉ်ကျေးမှုရေ ကိုယ့်ယဉ်ကျေးမှု၊ ရခိုင်စာပီရေ ကိုယ်စာပီ လို့ကြွေးကြော်ခစွာကို မတွိ့ရ။ ယင်းခေတ်က ပညာသျှင်ရို့ လုပ်ဆောင်ကြိုးပမ်းခကတ်စွာရေ အမှန်ပင်အကျိုးဟိပါရေ။ ယကေလေ့ အမျိုးသားဘောင်ကို ပြတ်ပြတ်၊ သားသား မလှုပ်ခကတ်တေ အတွက်နန့် ရခိုင်ဘောင်နန့် ဗမာဘောင် ရောထွီးလားခကတ်တေ။ ရောထွီး လားစွာမှာတောင် တန်းတူ ရွယ်တူရောထွီးလားစွာမဟုတ်ဘဲ တဆင့်ခံ လက်အောက်ခံ အနီနန့်ရာ ရောထွီး လားခကတ်စွာဖြိုက်တေ။ ဝါးမျိုခံရစွာထက်ဆိုးသိရေ။

ယင်းနန့်ဇ အဂုင့်ါရို့ခေတ်မာ ရခိုင်မာ စာဟိယင့်လား ၊ ရခိုင်မာ ဂီတ ဟိယင့်လား၊ ရခိုင်မာတေးခြင်းဟိယင့်လား၊ ရခိုင်မာအမျိုးသားဝတ်စုံဟိယင့်လား စရေ ရှက်ကောင်းထမန်း မေးခွန်းတိပေါ်လာရရေ မဟုတ်လား။ ဇာလောက်ထိလေးဆိုပါကေ "ရခိုင်ရေ လူမျိုးတမျိုးလား" "ရခိုင်ပြေလား၊ ရခိုင်တိုင်းလား" "ရခိုင်ရေ ဗမာပြေ၏ အစိပ်အပိုင်း တခုမဟုတ်လား" "ရခိုင်ပြေရေ ကိုလိုနီ တပိုင်းရာဖြိုက်တေ။ လုံးဝကိုလိုနီမဟုတ်" "ရခိုင်အမျိုးသားရီးလုပ်ကေ ကျိုင်းမြောင်းရေ၊ ရခိုင်ယဉ်ကျေးမှုကို မြှင့်တင့်ဖော်ထုတ်စွာရေ ခေတ်နောက်ပြန်ဆွဲရေ" စရေ မေးခွန်းတိ ၊ စကားတိ ပေါ်ပေါက်လာခရရေမဟုတ်လား။ ဇာလောက်ထိရှက်ဖို့ကောင်းရေလေး။

ဒေရခိုင် ဝံသာနုခေတ်မှာ ထိရောက်တေပြေ့ဝမှု ၊ရင့်ကျက်မှု ၊ ပြတ်သားမှု ရှိမဟိခလို့ ရခိုင် ဘောင်နန့် ဗမာဘောင် ရောထွီးလားခရရေ။ အမျိုးသား ယဉ်ကျေးမှု ဘောင်တောင်မက နိုင်ငံရီးဘောင်၊ တော်လှန်ရီး ဘောင်မာပါ ရောထွီးလားခရရေ။ အမျိုးသား ယှဉ်ကျေးမှုဘောင်ပြတ်သားမှ အမျိုးသား တော်လှန်ရီး ဘောင် ပြတ်သားဖို့ ယေမှ ပြတ်သားရေ အမျိုးသား အောင်ပွေးကို ရဖို့။ အမျိုးသားရီး ဘောင်ပြတ်သားမှ အမျိုးသား အောင်ပွေးကို ပြတ်သားဖို့။

အဂုပိုင် ဘောင်ရောထွီးစွာ၏ အကြောင်းတရားကို မျက်မှောက်ကလကပင် အတိတ်ကာလ အထိ ပြန်လေ သုံးသပကြေ့ကေ အောက်ပါအတိုင်းတွိ့ဟိရရေ။

၁။ ၂၀ ရာစု ပထမပိုင်း ရခိုင် နိုင်ငံရီးခေါင်းဆောင် စာပီ ယဉ်ကျေးမှု ခေါင်းဆောင်ရို့ ရခိုင် အမျိုးသား တော်လှန်ရီး လမ်းကြောင်း ကို ဂရုမစိုက်ခြင်း။

၂။ ၁၉ ရာစုကာလက ဗြိတိသျှအရင်းသျှင် နေချဲ့ရို့ ရခိုင်စီးပွားရီး၊ နိုင်ငံရီး၊ ယဉ်ကျေးမှု၊ လူမှုရီး၊ တို့ကို ရာထွီးပိုက်ခြင်း၊ ရခိုင်ပြေကို ခွဲစိပ်ချင်ပိုင် ခွဲစိပ်လို့ ပေါင်းစပ်ချင်ပိုင်ပေါင်းစပ်ပိုက်ခြင်း။

၃။ ၁၈ ရာစုကာလက ဗမာ ပဒေသရာဇ်နေချဲ့ရို့ ရခိုင် အမျိုးသား လက္ခဏာအရပ်ရပ်ကို ဖျက်ဆီးပိုက်ခြင်း၊ တပြေလုံးကို ဆောက်တေရာမရအောင် နှိပ်စက်သတ်ဖြတ်ခြင်း။

၄။ ၁၇ ရာစု ရခိုင် အမျိုးသားအချင်းချင်း ဒေသစွဲအရ၊ ဂိုဏ်းစွဲအရ ခွဲခြားခတတ်ခြင်း၊ အမျိုးသား စေးရုံးရီး ပြိုကွဲ ပျက်စီးခြင်းရို့ ဖြိုက်တေ။

ဂုပိုင် ပျက်ဆီးနီစွာ၏ သရုပ်ကို နေချဲ့အဆက်ဆက် ကိုင်တွယ်ဖျက်ဆီးခကေလေ့ ရခိုင့် ခေါင်းဆောင် အဆက်ဆက် မကိုင်တွယ် မပြုပြင်ခကတ်လို့ မတော်လှန်ခကတ်လို့ ငါရို့အဂုပိုင် အဖြိုက်ဆိုး၊ အနီဆိုး၊ တိကို ရင်ဆိုင်လာကတ်ရစွာ ဖြိုက်တေ။ အဂုထိ ဗမာနေချဲ့ရို့ရေ ရခိုင့် အမျိုးသား အထေးကို ဂိုဏ်းဂနစွဲစိတ်၊ ဒေသစွဲစိတ်ရို့ကို ရခိုင် သစ္စာဖောက်တိ ကတဆင့် ဖြိုက်ဖြိုက် ၊တိုက်ရိုက်ဖြိုက်ဖြိုက် သတ်သွင်း နီတုန်းဖြိုက်တေ။ ယင်းနန့် အဂု ငါရို့အတွက် ကြပ်ကြပ် သတိထားစရာ သခ်ိန်းစာယူစရာ လေးဖြိုက်တေ။

### (ခ) ၂၀ ရာစု ပထမပိုင်း ရခိုင် တော်လှန်ရီးများ ဇာပိုင်လေး?

၁၉ ရာစုအကုန် ၂၀ ရာစုအစပိုင်းမာ ဗြိတိသျှ နေချဲ့ရို့ရေ အထက်က တင်ပြခရေအတိုင်း ဗြိတိသျှ အိန္ဒိယကို ဖွေ့စေးပြီးကေ ကိုလိုနီ အဖြိုက်ကို တဆတ်ဆတ် သွတ်သွင်းနီတုန်းဖြိုက်တေ။ ကိုလိုနီ အုပ်ချုပ်ရီး ယန္တရားထိ ရောက်အောင် ဖြိုက်ဖို့အတွက် ကိုလိုနီပညာရီးကို ပျိုးထောင် အောင်မြင်နီတုန်းဖြိုက်တေ။ လွတ်လွတ်လပ်လပ် ကူးသန်းရောင်းဝေရီးဆိုရေ ကိုလိုနီ စီးပွားရီး ကျောက်ဖြိုက်ကို တဆတ်ဆတ်ချလာရေ။ ညီတူညီမျှ တရား စီရင်ရီးဆိုကေ ကိုလိုနီ တရားဥပဒေ စီရင်တုန်းကို ပျိုးထောင်ပီးလာရေ ။ ယင်းနန့် အဂု ရခိုင်မျိုးဆက် တဆက်ပြီးတဆက် ကိုလိုနီ အရိပ်အာဝါသကို ခိုလှုံလာကတ်ရရေ။ ဗမာနေချဲ့ ပဒေသရာဇ်ကြီးတိ ရက်စက်ယုက်မာမှု မျိုးစုံကို ရင်ဆိုင်ခရရေ။ ရခိုင် လူမှု အဖွေ့အစေးအတွက် ဗြိတိသျှ အရင်းစနစ်ရေ အပန်းဖြေစခန်း ဖြိုက်ခစွာကို ဆန်းရေလို့ဆိုဖို့မဟုတ်။

ယင်းကာလမာ ရခိုင်ပြေမာ စီးပွားရီး ဗဟိုပြုရာ သီးခြားမြို့တော်မဟိခြင်း။ လမ်းပန်း ဆက်သွယ်ရီး ညံ့ဖျင်းခြင်း၊ ဂုဏ်းစိတ်၊ ဒေသစွဲစိတ်လွှမ်းမိုးနီခြင်း၊ ဗမာနေချဲ့ရို့၏ ဒါဏ်ကြောင်း နလံမထူ နိုင်သိခြင်း၊ ဗြိတိသျှရို့ ခွဲခြားရီးစနစ် နှောင့်ယှက်ခြင်းရို့ကြောင့် အရင်းသျှင် ကိုလိုနီဘဝမာ ရခိုင်အမျိုးသား တရပ်လုံး ကောင်းကောင်း ကြီးကြာအောင် အိပ်မော ကျနီခရရေ။

ယင်းအချိန်မျိုးမှာ အိန္ဒိယမာ အမျိုးသားစေးရုံးရီးလုပ်ငန်း (ဝါ) ဝံသာနုလုပ်ငန်း အဟိန်ကောင်းနီတုန်းဖြိုက်တေ။ ယင်းအချိန်လောက်မာ ဗမာပညာတတ်လောကကို အိန္ဒိယ လှုပ်ရှားရီး ဂယက်ရိုက်လာရေ ။ ဥရောပ တိုက်သား ဗုဒ္ဓဘာသာဝင် ၊ အသောကဘိက္ခုတ် အသောကအသင်းတို့ အကြောင်းပြုလို့ ၁၉၀၆ ခုမာ **YMBA** ကို ရန်ကုန်မာ ဖွေ့စေးလို့နီရေ။ ယင်းအဖွေ့အစေးမာ ရန်ကုန်ရောက် ရခိုင်ပညာတတ်များပါဝင်ပြီးကေ ခေါင်းဆောင်လာကတ်တေ။ ဦးဖေအောင်၊ ဒေါက်တာ စံရွှေအောင် ၊ ဆာရ် ပေါ်ထွန်း ၊ ဦးစိန်လှအောင်ရို့ ပါဝင်ခကတ်တေ။ ၁၉၁၉ ခုလောက်မာ အသျှင်ဥတ္တမ ထေရ် ရေ ကမ္ဘာအရပ်ရပ်ကို လှည့်လေပြီးကေ ရန်ကုန်ကို ရောက်လာရေ။ အမျိုးသားရီး တရားရို့ကို ရေးရေးတောက်ဟောကြားလာရေ။ အမျိုးသားသာသနာဆိုရေ အချက်ကြီး သုံးချက်ကို ကြွေးကြော်လာကတ်တေ။ ဒေကာလမာ ဆရာတော်နန့် အဆိုပါ ရခိုင့် အမျိုးသားကြီးရေ ရခိုင်လူမှုအဖွေ့အစေးကြီးကို သာမညအဆင့်မှာ ထားပြီးကေ အလုပ်လုပ်ဆောင်ခ ကတ်တေ။ ရခိုင်အမျိုးသားတော်လှန်ရီးလမ်းကြောင်းကို ဥပေက္ခာပြုကတ်တေ။ ဗမာပြေလွတ်လပ်ရီးကို အဓိကထားလို့ လုပ်ဆောင်ခကတ်တေ။

၁၉၂၀ ခုမာ **YNBA** ကို **GCBA** မြန်မာ့ အသင်းချုပ်ကြီး အဖြိုက်ပြောင်းလဲ ထူထောင်လိုက်ကတ်တေ။ ဒေအခါမာလေ့ ရခိုင် အမျိုးသားပညာတတ် အများအပြား ပါဝင်ဦးဆောင်ခကတ်တေ။ ၁၉၂၀ ခု ရန်ကုန် ကောလိပ် သပိတ် တိုက်ပွေးမာ ဖြိုက်ဖြိုက် ၊ အမျိုးသား ကျောင်းလုပ်ငန်း၊ အမျိုးသား ကောလိပ်လုပ် ငန်းရို့မာ ဖြိုက်ဖြိုက် ယင်းပညာတတ် ပုဂ္ဂိုလ်ကြီးများမာ ရခိုင့် ပြဿနာကို လက်အောက်ခံ ပြဿနာ အဖြိုက်ထားခကတ်တေ။ ရခိုင့် အမျိုးသား တော်လှန်ရီး လမ်းကြောင်းကို ဥပေက္ခာပြုခ ကတ်တေ။

ရခိုင်ပြေဘက်မာကား ရခိုင် ပညာတတ်များက လူမှုရီး ပညာရီးများမာ သင့်အောင်ချေ လှုပ်ရှားခကတ်တေ။ အစိုးရ၏ မျူနီစပါယ် လုပ်ငန်းမာ ဝင်ရောက်အရွှီးခံခကတ်တေ။ အမျိုးသားကျောင်းလုပ်ငန်းကို ရန်ကုန်က ဂယက်ရိုက်ခတ်တေအတိုင်း လုပ်ဆောင်ခကတ်တေ။ ယင်းအပြင် ဖော်ပြရေ အတိုင်း ရခိုင်တိုင်းအသင်း လူငယ်များ နိုးကြားရီးအသင်း၊ ရခိုင်တိုင်းဆိုင်ရာ ကြီးပွားရီးအဖွေ့ချုပ် တိုင်းရင်းသားအစေးအရုံးရို့ပေါ်ပေါက်လာ ပြီးကေ

လှုပ်ရှားလာကတ်တေ။ အသင်းအဖွေ့ရို့၊ မဟာဗျူဟာကိုယင်းအသင်းအဖွေ့ရို့၊ နာမည်ကို ကြည့်လို့သိနိုင်ရေ။ အသင်းအဖွေ့တခု၏နာမည်ရေ ယင်းအသင်း၏ မဟာဗျူဟာကို ဖော်ညွှန်းပြရေ။ ရခိုင်ပြေအစား ရခိုင်တိုင်းလို့ သုံးထားစွာကို ကြည့်ကတေးကပင် ရခိုင်ပြေကို ဗမာပြေ၏ အစိပ်အပိုင်းအဖြစ်ခံယူလားခဃာဖြစ်တေဆိုစွဲကိုသိနိုင်ရေ။ ယင်းအသင်းအဖွေ့ရို့၏ စိတ်မာ ဇာဟိခရေဆိုစွာထက် ယင်းရို့ဇာပြောခရေဆိုစွာထက် ၊ဇာလုပ်ခလေးဆိုစွာက ပိုလို့အရီးကြီးရေ။ ယင်းအသင်းအဖွေ့ရို့၏ ရခိုင်ပြေအပေါ်မာ ခံယူချက်ကိုကြည့်လိုက်ကေ ယင်းရို့၏ မဟာဗျူဟာ ၊နေးဗျူဟာရို့ရေ ရောထွီးနီယာဆိုစွာကို သိနိုင်ရေ။ ယကေလေ့ ယင်းပုဂ္ဂိုလ်ရို့ရေ ရခိုင် မျိုးချစ်၊ ပြေချစ်စိတ်ကို မွေးမြူခကတ်တေ။ ရခိုင် ကိုမြှင့်တင့်ဖို့ ကြိုးစားခကတ်တေ ဆိုစွာကို မှတ်တမ်း ရွီးထိုး ထားရဖို့ပင်ဖြစ်တေ။ ယင်းပုဂ္ဂိုလ်ရို့ကြောင့်လေ့ အဂုအခြေအနေထိ အဆင့်ဆင့် တိုးတက် ပြောင်းလဲလာစွာဖြစ်တေ။

၁၉၂၃ ခုဇွန်နဝါရီလမာ အိန္ဒိယ အစိုးရ ဂေဇတ်အမိန့် အမှတ် ၁၁၉၂ အရ ဗမာပြေကို ဘုရင်ခံ ငေ အုပ်ချုပ်တေ ပြေနေ အဖြစ်က ဘုရင်ခံ အုပ်ချုပ်တေပြေနေအဖြစ် တေထောင် လိုက်ကြောင်း ကြော်ငြာလိုက်တေ။ ယင်းပြီးကေ ဒိုင်အာခီ (The Dyarchy System) ကို ပီးအပ်လိုက်တေ။ ယင်းစနစ်ကြောင်း ဗမာပြေမာ ပါတီနိုင်ငံရီး ပေါ်ပေါက်လာရေ GCBA အခြမ်းခြမ်း ပြိုကွဲလားခရေ။ ၁။ ဦးသျှစ်လှိုင် GCBA နန့် ၂။ ဦးစိုးသိန်း GCBA ၃။ ဦးစု GCBA ၄။ ၂၁ ဦးပါတီ ၅။ဟုမ္မရူပါတီ၊ ၆။ ပြေသူ့ပါတီ၊ ၇။ သရစပါတီ အများပေါ်ထွက်လာရေ။ ယင်းပိုင် ဗမာ့နိုင်ငံရီး လောကမာ ဆရာပေါ်ထွန်း ၊ ဆရာ ထွန်းအောင်ကျော်၊ ရမ်းဗြဲ ဦးမောင်မောင် စရေ ရခိုင့် ပညာတတ်များ နိုင်ငံရီးသံသရာ ဝေ့လဲ့နီခကတ်တေ။ ရခိုင်ရို့ ဒိုင်အာခီ အုပ်ချုပ်ရီးအဖွေ့မာ အာဏာရဖို့ ကြိုးစားနီတုန်း ရခိုင့်အမျိုးသားရီးလမ်း ကြောင်းပျောက်ကွယ်စွာထက် ပျောက်လားခဃာဖြစ်တေ။ စိုက်တွေက တချို့ ဘင်္ဂလားပြန်၊ ဘိလပ်ပြန်ရို့မာကား အမျိုးသားရီးကို ဓည၀တီကလပ်၊ ဆင်ဒေးကလပ်၊ မြို့မကလပ် ရို့လောက်ပင် စိတ်မဝင်စားခကတ် ။ ဗမာပြေက အမိန့်ချပြီးကေ ပွေးတခြိမ့်ခြိမ့်စဲနီကတ်တုန်းဖြစ်တေ။

၁၉၁၇ ခု မွန်တဂု (Sir E.S.Montagu) ၏ အစီရင်အရ ဖြိုက်ဖြိုက် ၁၉၂၇ခု ဆိုင်မွန် (Sir Johnsimon) ၏ အစီအရင်ခံစာ အရဖြိုက်ဖြိုက် ၊ ဗမာပြေကို အိန္ဒိယက ခွဲထုတ်ဖို့ကို လန်ဒန်အစိုးရက သဘော ပေါက်ပြီး ဖြိုက်တေ။ ယကေ့လေ့ ဗမာပြေမာ ခွဲရီး၊ တွေးရေး ပြဿနာ ပေါ်ပေါက်ခရေ။ လှိုင်၊ မြတ်၊ ပေါ် အဖွေ့ (ဦး၊ ချိုက် လှိုင်၊ ဦး မြတ်သာဒွန်း၊ ဆရာ ပေါ်ထွန်း) ၊ မော်၊ မြင့်၊ ပြေ့ အဖွေ့ (ဒေါက်တာ ဘမော်၊ ကျော်မြင့်၊ ရမ်းဗြဲဦး မောင်မောင်)၊ ပြေ့သူပါတီ၊ ရွှေတောင်ကြားပါတီ ဆိုပြီးကေ ခွဲဖို့ တွေးဖို့စကားများ အပြိုင်အဆိုင် ဟောနီခကတ်တေ။ ဆရာတော် ဦး ဥတ္တမထေရ် မာ ဒေခွဲရီး၊ တွေးရီးပြဿနာကြောင့် အမျိုးမျိုး ဒုက္ခရောက်တော်မူခရေ။ ဒေ ပြဿနာမှာလေ့ ရခိုင် ရဟန်း တော်များ ရခိုင် ပညာတတ်များ ကောင်းကောင်း တက်တက်ကြွကြွပါဝင်ခကတ်တေ။ ရခိုင်ပြေကို ဇာနန့် ခွဲစိတ်ထားလေး ဆိုစွာကို ဂရုပြုခကတ်ပုံမပေါက်။ ရခိုင် ပြဿနာကို သာမာန် လက်အောက်ခံ ပြဿနာအဖြိုက် ထားခကတ်တေ။ ယင်း ပြဿနာကြောင့် ဗမာပြေ အတွက် စားပွေးဝိုင်းဆွေးနွေးပွေး ( Round Cable Conferance) ကို ၁၉၃၁ နိုဝင်ဘာလ ၂၅ ရက်နိမှာ လန်ဒန်မြို့အထက် လွှတ်တော် မှာကျင်းပလီရေ။ ယင်းဆွေးနွေးပွေးမာ ဗမာ ခေါင်းဆောင်များနန့် တကွ ဦး ထွန်းအောင်ကျော်၊ ဒေါ်မြစိန် စရေ ရခိုင် အမျိုးသား၊ အမျိုးသမီးရို့တက်ရောက်ခရေ။

၁၉၃၅ ခု ဗမာပြေ အုပ်ချုပ်ရီး အက်ဥပဒေအရ ၁၉၃၇ ခုမာ ဗမာပြေရေ အိန္ဒိယ အုပ်ချုပ်ရီး စနစ်မှ ခွဲထွက်ပြီးကေ သီးခြား အဖြိုက် ဗြိတိသျှ အင်ဘာအတွင်းမာ ပေါ်ပေါက်လာရေ။

ရခိုင် ပြေမာကား အထက်က တင်ပြခရေအတိုင်းပင် အစိပ်စိပ် ကွဲလို့ပင် ဟိနီတုန်းဖြိုက်တေ။ ဗမာပြေမာ ထင်ရှားနီကတ်တေ ဇာကောင်းဆောင်ကလေ့ အကွဲက၊ အပြားပြား ရောက်နီကတ်ရရေ ။ အမျိုးသား တိကို စုစေးဖို့ အခြမ်းခြမ်းကွဲနီရေ ရခိုင်ဒေသကိုပြန်လေစုစေးဖို့ မကြိုးစားခကတ်။ ကိုယ်ပြေ ပြဿနာကို လက်အောက်ခံ သာမည ချည်းထားခကတ်တေ။ မဟုတ်မေ၊ ဂိုဏ်းဆွေး၊ ပါတီဆွေး၊ ဒေသဆွေးကို အဓိကထားကတ်တေ။ မဟုတ်ကေ ကိုယ်ကြိုက်စွာကို လှုပ်ရှားနီခကတ်တေ။ ယင်းကြောင့် ငါ့ရို့ခေတ်မှာ အမျိုးသား ဇာတ်နိမ့် လျော့လားရေးခင်း (Degeneration ) ဖြိုက်နီရရေ။ ပြောင်းရွှိနီရေ အမျိုးသား (ဝါ) ရွှင့်ကျာ လူမျိုး (Migrating Nation )ဖြိုက်နီရရေ။

ခွဲးရီး၊ တွေးရီး ပြဿနာ ဂယက် ထနီတုန်းကာလ ၁၉၃၃ ခု လောက်မာ “ဗမာပြေသည် ဒို့ပြေ၊ ဗမာစကားသည် ဒို့စကား၊ ဗမာစာသည် ဒို့စာ၊ ဒို့ပြေကို ချိုက်ပါ၊ ဒို့စာကို ချီးမြှင့်ပါ၊ ဒို့စကားကို လေးစားပါ။” ဆိုရေ ကြွေးကြော်သံနန့် အတူ ဗမာ့ မျိုးချိုက် ပြေချိုက် လူငယ်များ၏ “ဗမာ့အစေးအရုံး” ရေ ရေးရေး၊ တောက်တောက်၊ ထွန်းထွန်း၊ ပြောင်ပြောင်၊ ပေါ်ထွက်လာရေ။ အေအဖွေ့ဝင် လူငေရို့ရေ “သခင်” ဆိုရေဘွဲ့ကို နာမည်ရှိမာ တတ်လာကတ်တေ။

ဒို့ဗမာအစေးအရုံးရေ ၊ တိုးတက်တေ၊ လှုပ်ရှာရေ၊ နိုင်ငံနန့် အမျိုးသားအတွက် ဘဝကို အပ်လို့ ကြိုးပမ်းခကတ်တေ။ ဒေအဖွေ့ဝင် သမိုင်းလူငေရို့ကား ပညာတတ် လူငေများပင် ဖြိုက်ကတ်တေ။ ဒေအဖွေ့အစေး၏ ဩဇာရေ ရခိုင် လူငေ ပညာတတ်များအပေါ်မာ အထူးညောင်းခရေ။ ဘိလပ်ပြန် ရခိုင်၊ ဘင်္ဂလားပြန် ရခိုင်ရို့ရေ အင်္ဂလိပ် ဆန်ကတ်ရေပိုင် ဒေခေတ် ရန်ကုန်ပြန်ရခိုင်ရို့လေ့ ဗမာဆန်ကတ်တေ။ ယေတောင်မက အချို့ ရန်ကုန် ကျောင်းသား ရခိုင် လူငေများမာ ဒို့ဗမာ အစေးအရုံးဝင် သခင် တိဖြိုက်လာကတ်တေ။ ဒေကာလထိ ရခိုင် လူ့အဖွေ့အစေးမှာ နောက်လိုက်ဝါဒရေ တိုက်ရိုက်ဖြိုက်ဖြိုက် ၊ သွယ်ဝိုက်လို့ဖြိုက်ဖြိုက် ဆွေးမြေးနီယာဖြိုက်တေ။

၁၉၃၆ ခု ဒုတိယ တက္ကသိုလ် ကျောင်းသား သပိတ်မှောက်တေအခါ ဗမာ ကျောင်းသားများ အထေးက အကိုညိုထွန်း၊ အကိုကျော်ရင်၊ အကိုဘစံ၊ ရို့ရေထင်ရှားလာရေ။ “ကျွန်ပညာအလိုမဟိ” လို့ကြွေးကြော်လာကတ်တေ။ ဒေရခိုင် ကျောင်းသားရို့ကား ရခိုင်ပြေတို့ ပြန်လာကတ်တေအခါမှာ ရခိုင်ပြေမှာ လှုပ်ရှားမှု အချို့ကို လုပ်ဆောင် ခကတ်တေ။

ယင်း ကာလမာ “ ၉၁ ဌာနအုပ်ချုပ်ရီး” စနစ်သစ် အုပ်ချုပ်ရီး ပေါ်ပေါက်လာရေ။ ယင်းအုပ်ချုပ်ရီး နိဒါန်းအစမာ ရွေးကောက်ပွေး ကျင်းပရေအခါမှာ ဗမာ နိုင်ငံရီးပါတီများ မဲဖြိုက်ကတ်ရရေ။ ယင်းအခါ “ငါးပွင့်ဆိုင်ပါတီ” အတွက် ဆရာတော် အသျှင် ဥတ္တမထေရ် ပါဝင်ကူညီခကတ်လို့ အကြီးအကျယ် ပုတ်ခတ် ခံရတော်မူရေ။ ရွေးကောက်ပွေး အပြီးမာ ဒေါက်တာ ဘမော်၏ ညွန့်ပေါင်း အစိုးရဖွေ့ရေ ယင်း အစိုးအဖွေ့မာ ဆရာ ပေါ်ထွန်း၊ ဆရာ ထွန်းအောင်ကျော်ရို့ ပါဝင်ခကတ်တေ။

ဂုပိုင် ဗမာနိုင်ငံရီး ဗြိတိသျှ အရင်းသျှင်းရို့၏ လှည့်ကွက်အတိုင်း ရီဝဲထိုးနီခရရေ။ ဗမာ ခေါင်းဆောင် အ များစုမာ ဗမာပြေ၊ ဗမာအမျိုးသား အတွက်မေမေရရ၊ ထိထိရောက်ရောက် မစွမ်းဆောင်နိုင်ဘဲ နိုင်ငံရီး အပီးအယူလုပ်ရင်း အချိန်ဖြုန်း နီခကတ်ရရေ။ ယင်းပိုင် မွိ့နီစွာမာ ရခိုင်

ခေါင်းဆောင်အများပြားလေ့ ဝင်မွှ့ နီခကတ်တေ။ ယင်းပိုင် ရီစုံမျှောစွာမာ ရခိုင် ခေါင်းဆောင် အများပြားလေ့ ဝင်မွှီ့နီခကတ်တေ။  ဗမာ ခေါင်ဆောင်ရို့ကား ဗမာ့လွတ်လပ်ရီး  လမ်းကြောင်းကို မျိုးဆက် တဆက်ပြီးတဆက် အတွိ့၊ အကြုံ၊ အတွေး၊ အခေါ်တိကို သုံးသပ်ပြီးကေ ရှာဖွေနီကတ်စွာဖြိုက်တေ။ ရခိုင် ခေါင်ဆောင်တိကား ဘဇောင်ပါလဲ။

ထို ရခိုင် ခေါင်းဆောင်တို့၏ လှုပ်ရှားခရေ သမိုင်းကြောင်းကို ဆန်းစိုကကြေ့ကေ ရခိုင်လွတ်လပ်ရီး လမ်းကြောင်းကို ရှာနီခကတ်တေလို့ ပြောဖို့ မလွယ်စွာကိုတွိ့ရရေ။ ရခိုင်ပြဿနာကို လက်အောက်ခံ ထားခြင်းကို ပါတီဂိုဏ်းဂန အာဏာရရီးကိုရာ ဦးစားပီးခကတ်စွာကိုရာ တွိ့ရရေ။ ပါတီနိုင်ငံရီးများ ယင်းခေတ်က  ရီစုံမျှောခရရေ အကြောင်းကို ဒေါက်တာ ဘမော်ကိုတိုင် သူ၏ (Burma at the beginning of the Second World War) အတန်းမာ ဝန်ခံထားစွာကို ဖတ်ရှုနိုင်ရေ။

၁၉၃၈–၃၉ လောက်မာ  ဒို့ဗမာ အစေးအရုံးဝင် သခင် မျိုးချိုက်ဗမာ လူငေ့မျှားရို့ရေ ဗမာ လွတ်လပ်ရီး အတွက် အထူး ကြိုးပမ်းလာကတ်တေ။ အခက်အခဲ့မျိုးစုံကို ရင်ဆိုင်လာကတ်တေ။ တက္ကသိုလ် ကျောင်းသား ဗမာမျိုးချိုက် အငတ်တတ်၊ အပြတ်ပြတ်ခံနီရဗျာယ်။ နိုင်ငံရီးကို ကြိုးစားလာကတ်တေ။ ဘုံစနစ်ကို တေဆောက်ဖို့ အတွက် နိုင်ငံ လွပ်လပ်ရီးကို ပထမ ကြိုးစားရဖို့စွာကို မြင်လာကတ်တေ။ ဗမာ့ အမျိုးသား တော်လှန်ရီး သမိုင်းကြောင်းကို ရေးရေးရင့်ရင့်၊ တောက်တောက်၊ ထွန်းထွန်း ဖော်ဆောင် နိုင်အောင် သက်စွန်း၊ ကြိုးပန်းလာကတ်တေ။ နိုင်ငံခြား စိုက်ကူရှာဖွေလာကတ်တေ။ ယိုးဒယား၊ တရုတ်၊ ဂျပန်ကိုဖြိုက်စီ၊ အိန္ဒိယကို ဖြိုက်စီ ထွက်လာပြီးကေ စွန့်စွန့်စားစား အကူအညီရှာလာကတ်တေ။

ယင်း အချိန်လောက်မာ ဘစိန်၊ ထွန်းအုပ်    ဒို့ဗမာ အစေးအရုံးနန့် သခင်ကိုယ်တော်မှိုင်း၏ ဒို့ဗမာ အစေး အရုံးလို့ နှစ်ခြမ်းကွဲနီရေ။ ဂုပိုင် ကွဲနီရေအခါမှာလေ့ ရခိုင် လူငေ့မျှား ဂိုဏ်းဖက် လိုက်လို့ ပါဝင် ခကတ်တေ။

၁၉၃၉ ခုမာ အမျိုးသား တပ်ပေါင်းစု သဘောဝင်လာရေ။ “ဗမာထွက်ရပ်ဂိုဏ်း” ကို ဒေါက်တာ ဘမော်နှင့် သခင် အောင်ဆန်းရို့ ဦးစီးပြီးကေ ထူထောင်ခကတ်တေ။ ယင်းနောက် ပိုင်းမာ ဒို့ဗမာအစေးအရုံး နှစ်ခြမ်းကွဲကာ သခင် လူငေ့မျှားရို့ရေ ကိုယ်နေး ကိုယ့်ဟန်နှင့် အဆက်ရှာယင်း ဂျပန်တို့ ရောက်လားခကတ်တေ။ နှစ်ခြမ်းလုံးက ဗမာလူငေ သုံးကျိပ်ရေ ဟိုင်နန်  ကျွန်းမာ ဆုံးစေးလီကတ်တေ။ ရေးဘော်သုံးကျိပ်လို့ နောင်တွင်လီရေ။

၁၉၃၉ က ၁၉၄၅ ခု အတွင်း ဒုတိယကမ္ဘာ့စိုက်ကြီး ဖြိုက်ပွားနီရေ။ နာဇီ၊ ဂျာမဏီ၊ ဖက်ဆစ်၊ အီတလီ၊ ဖက်ဆစ်၊ ဂျပန် ရို့ပါဝင်ရေ။ ကွန်မြူနစ် ဆန့်ကျင်ရီး မဟာမိတ်အဖွေ့နန့် ဗြိတိသျှ ၊ အမေရိကန် ၊ပြင်သစ်၊ ဆိုဗီယက် ပါဝင်ရေ။ မဟာမိတ်အဖွေ့ရို့ တိုက်ပွေးပေါင်း မြောက်မားစွာကို တိုက်ခိုက်လို့ ဟိကတ်တေ။ “ကမ္ဘာလုံး၏ ပြေသူ့စိုက် မဟာ ဗျူဟာရေ ဖက်ဆစ် နိုင်ငံမျှားကို တိုက်ခိုက်ရဖို့ဖြိုက်တေ။” လို့ ဆိုဗီယက် ရုရှားက ကြေငြာလိုက်တေ။ ယင်းကြောင့် ကမ္ဘာ့ လက်ဝဲအင်အားစုအားလုံးလေ့ ဖက်ဆစ်စနစ်ကို ပြင်းပြင်းထန်ထန် ဆန့်ကျင်တိုက်ခိုက်လို့ ဟိနီလီရေ။ ဇက်ဆိတ် ဂျပန်ရေ ၁၉၄၁ ခု ဒီဇင်ဘာလ ၂၆ ရက်မာ ရေးဘော်သုံးကျိပ်ရို့ရေ ယိုးဒယားမာ သွီးသိုက်စာရေ သောက်ကတ်ပြီးကေ ဗိုလ်ဘွဲ့ခံလို့ “ဗမာပြေ လွတ်လပ်ရီးတပ်မတော်” (Burma Indenpendance Army) BIA ကို ဖွေ့စေး လိုက်ကတ် တေ။ ကောင်းမကြာခင် ဗမာပြေတို့ ဝင်ရောက် လာကတ်တေ။ ယင်းစပ်ကြားကာလ အစပိုင်းမာ ဗမာပြေကို အိန္ဒိယ စိုက် သေနာပတိက ထိန်းသိမ်းထားရရေ။  နောက်ပိုင်း အခြေအနေ ဆိုးလတ်တေအခါမှာ ဘုရင်ခံ ဆာရ် ဒေါ်မန်စမိသ် (Smith Sir Reginald Dorman)   နန်းရင်းဝန် ဆာရ် ပေါ်ထွန်းနန့် အစိုးရတဖွေ့လုံး အိန္ဒိယနိုင်ငံ ဆိမ်မလာ (Simlar ) မြို့တို့ပြောင်းရွှေလားခကတ်တေ။

ဂျပန်နံပါတ် ၁၅ တပ်မတော် ($15^{th}$ Army) က ဗမာပြေ တိုက်ပွေးကို တာဝန်ယူရရေ။ ယင်းတပ်ကို ဆိုင်ဂုံး (Saigon) မြို့ဟိ ဂျပန် စိုက်ဌာနချုပ်က တာဝန်ယူ ကွက်ကဲရရေ။ ယင်းတပ်မှာ အမှတ် ၃၃ တပ်မနန့် အမှတ် ၅၅ တပ်မ ($33^{rd}$ Division of $55^{th}$ Division )ရို့ပါဝင်ရေ ယင်းတပ်က ရန်ကုန်မာ အခြေစိုက်ပြီးကေ ၁၉၄၂ ခု မတ်လ ၁၅ ရက်မာ ဂျပန် စိုက်အုပ်ချုပ်ရီးကို စတင်ရေ  BIA မာ ၁၅ နံပါတ် လက်အောက်တို့ ရောက်လားခရေ။

အေနီရာမှာ ရေးဘော် သုံးကျိပ်ရို့ အဖြိုက်နန့် ဓါးပိုင်ကြီး ကျော်ပုံ၊ ဒေးဝန်မင်း ကြီးအောင်ကျော်ရွှီ၊  မြို့သူကြီး အောင်ကျော်ဇံ အဖြိုက်ရေ ခပ်ဆင်ဆင်တူနီရေ။ ၂၀ ရာစုမာ ဖက်ဆိတ် ဂျပန် နေချဲ့ရို့၏ လှည့်ကွက်မာ ရေးဘော် သုံးကျိပ်ခံရရေပိုင်  ၁၉ ရာစုက ဗြိတိသျှ အရင်းသျှင်ရို့၏ လှည့်ကွက်မာ ဓါးပိုင်ကြီးရို့ ခံကတ်ရရေ။ အနိုင်နိုင်ငံ သမိုင်းမာလေ့ ဂုပိုင် အကွက်မျိုးကို တွိ့ရရေ။  နေချဲ့ဆိုသမျှ ၊ လူမျိုးကြီးဝါဒ သမားဆိုသမျှကား တပါးလူကို ကျွန်ပြုဖို့ ကြိုးစားမြဲဖြိုက်စွာကို ကြပ်ကြပ်၊ သတိထားရဖို့စွာပင်ဖြိုက်တေ။ BIA ကိုလေ့ ဂျပန် ကေရာဇ် အမိန့်အရ  ဂျပန်စိုက်ဗိုလ် အီးဒါး (General Shajiro Sida ) က “ဗမာ့ ကာကွယ်ရီး တပ်မတော် “Burma Defence Army BDA) အဖြိုက် ပြောင်းလဲ ဖွေ့စေးလိုက်တေ။ BIA ကိုမဖျက်ခင် BIA တပ် တတပ်ကို ဗိုလ် ရန်အောင် ဦးစီးပြီးကေ ဂျပန်တပ်နန့် အတူ  ရခိုင် ပြေတို့ ဝင်လာလတ်တေ။ ဗာမာ၊ ဂျပန်ရို့နန့် ရခိုင် တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစေးအရုံးနန့် ဆက်သွယ်မိကတ်တေ။ ရခိုင် ခေါင်ဆောင်မျှားဖြိုက်ကတ်တေ ဆရာတော် အသျှင် စိန္တာထေရ် ၊ အသျှင် သီဟထေရ် ၊ အသျှင် ကေသရာ မိပတိထေရ် ၊ ဦးသာစံလှ ၊ဦး အောင်ထွန်းဦး၊ ဦး အောင်ထွန်းမြ၊ ဦး အောင်သာဦး ၊ အကို ဘစံ ၊ အကို ကျော်မြ၊ အကို ညိုထွန်း၊ အကို မောင်ထွန်းဝင်း၊ အကို မောင်နီ၊ အကို ဖုံပေါက်သာကျော်၊ ရို့နန့် ဆက်သွယ်မိကတ်တေ။ အဆိုပါ ပုဂ္ဂိုလ်ရို့ အနက် အင်္ဂလိပ် အမှုထမ်းအချို့ရို့ ဂျပန်ပီးရေ အစိုးရ အမှုထမ်း အရာဟိအဖြိုက် လုပ်ဆောင် ကတ်တေ။ ငြိမ်ဝပ်ပိပြားရီးကို ဆောင်ရွက်ကတ်တေ။  ခရိုင်ဝန်၊ နေပိုင်၊ မြို့ပိုင် ၊တရားသူကြီး ၊အသီးသီးဖြိုက်လာ ကတ်တေ။ ၁၉၄၂ ခု ဂျူလိုင်လ လောက်မာ ဗိုလ် ရန်အောင် တပ်ရင်း ရန်ကုန်တို့ပြန်လီရေ ။ ၁၉၄၂ ခုမာ ဘူးသီးတောင်၊ မောင်တော ဒေသမာ  ရခိုင်၊ ကုလားအဓိကရုန်းကို ဗိုလ် ရန်အောင်ဖန်တီးခရေ။ ရခိုင် ဒုက္ခသည် ၁၇၆၀ ကို တင်ထားရေ သင်္ဘောရေ ဘူးသီးတောင် ဆိပ်ကမ်းက ဂိုက် ၅၀အကွာမာ မြုပ်လို့ လူသုံးရာ ကျော်သီခရရေ ။ ကုလား ရန်ကို ကြောက်လို့ပြီးရာမာ အောက်သား စိုက်ဗိုလ် လက်ချက်နန့် သီးဆုံးခရရေ။ အေ လူမျိုးရီး အဓိကရုန်းမာ ကုလား၊ ရခိုင် စုစုပေါင်း ၇၅၀၀ ကျော်သီဆုံးခရရေ။

## ၁၁၊ ၁၂၊ ၇၆ ဂျပန်တော်လှန်ရေးခရီး

ယင်း အချိန်လောက်မှာ ဂျပန်ဖက်ဆက် နေရွဲ့ကို တော်လှန်ဖို့ ကွန်မြူနစ်ပါတီ (ဗမာပြေ) ဝင် သခင်စိုး ၊ သခင် သိန်းဖေမြင့်၊ သခင် တင်မြ၊ သခင် တင်ရွှေ၊ အိန္ဒိယဟိ ရခိုင် ခေါင်းဆောင်ရှိနန့် လျှို့ဝှက် ဆွေးနွေးပြီးကေ သခင် သိန်းဖေမြင့် ၊သခင် တင်ရွှေရို့ ရခိုင် ခေါင်ဆောင်ရို့၏ အကူအညီကို ယူပြီးကေ အိန္ဒိယပြေသို့ ဆက်လက် ခရီးနှင် လခကတ်တေ။ ယင်းမှာ မဟာမိတ်ရို့၏ အာရှစိုက်မျက်နှာများမှာ ပျောက်ကျားစိုက်ဆင်ရေ ၁၃၆–တပ်ဖွေ့နန့် ဆက်သွယ်မိရေ။ အိန္ဒိယ ကွန်မြူနစ်ပါတီနန့်လေ့ ဆက်သွယ်မိကတ်တေ။ အိန္ဒိယရောက်အခြားရေးဘော်များနန့်လေ့ အဆက်အသွယ်လုပ်တေ။

သခင်စိုး၊ သခင်မြရို့ကား မင်းပြားက သံတွေးအထိ ဆက်လျှောက်ပြီးကေ ဗမာပြေကို ပြန်လာခကတ်တေ။ လမ်းမှာသူရို့ စေးရုံးရီးကို ချမှတ်လားခကတ်တေ။ သံတွေးမှာ အကို ကျော်ရင် ရို့နန့် ဆက်သွယ်မိကတ်တေ။ ၁၉၄၇ မှာ ဂျပန်က ဗမာပြေကို လွတ်လပ်ရီး ပီးဖို့ဆိုလို့ ဒေါက်တာ ဘမော်ဦးစီးပြီးကေ "ဆင်းရေးသားပါတီ" ကို ဖွေ့စေးလီရေ။ ရခိုင် တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစေးအလုံး၏ ဥက္ကဌကြီး ဦးသာဇံလှမှာ အဖွေ့ဝင် တစ်ဦးဖြိုက်တေ။ ယင်းအဖွေ့၏ အစေး အဝေးကို တက်ရောက်ဖို့လာလတ်တေအခါမှာ ယင်းနှစ်မှာ ရန်ကုန် ဆေးရုံကြီးမှာ ဥက္ကဌကြီး ကွယ်လွန်လီရေ။

## မှတ်ချက်

<u>ဂျပန် ကိုတော်လှန်ဖို့၊ အင်္ဂလိပ်ကိုဆက်သွယ်ဖို့၊ ပူးပေါင်းဆောင်ရွက်ဖို့ အတွက် ရခိုင်ပြေက တော်လှန်ရီး ခေါင်းဆောင်တိနန့် လာရောက်တွိဆုံ ဆွေးနွေးရေအခါ ရခိုင် ခေါင်းဆောင်ရို့က " ဗြိတိသျှ ဗားမား လွတ်လပ်ကေ ရခိုင် ပြေကို သီးခြား လွတ်လပ်ရီး ပီးရဖို့လို့ တောင်းဆိုရေ အခါ ဗမာ ကိုယ့်စားလှယ်ရို့က အလွယ်တကူ သဘောတူကတ်တေ ။ ယင်းလောက်နန့် မလုံလောက်သိလို့ ဖုံပေါက် သာကျော် ကိုယ်တိုင် ရန်ကုန် ဖဆပလ ဌာနချုပ်မှာ ဆွေးနွေးခါလေ့ ယင်း အတိုင်း သဘောတူချက်ရခရေ။ ယင်းနန့်ဇ ဘုံရန်သူ ဖက်ဆိတ် ဂျပန်ကို တော်လှန်ရီး အတွက် ရခိုင် ခေါင်းဆောင်ရို့ ဗမာ ခေါင်းဆောင်တိနန့် ပူးပေါင်းခကတ်တေ။ (ဖုံပေါက် သာကျော် တော်လှန်ရီး ခရီး ဝေ အတွေး ၁၁ )</u>

၁၉၄၃ ခု ဩဂုတ် လ ၁ရက်နိမှာ ဂျပန် စိုက်ဗိုလ်ကြီး အီးဒါးက ဂျပန် ဧကရာဇ်အမိန့်နန့် စိုက်အုပ်ချုပ်ရီးကို သိမ်းပြီးကေ ဗမာပြေကို လွတ်လပ်ရီး ပီးကြောင်းကြေငြာရေ။ ဒေါက်တာ ဘမော်၏ ဆင်းရေးသားပါတီ နန့် ဒို့ဗမာ အစေးအရုံးရို့ရေ ပူးပေါင်းပြီးကေ " ဒို့ဗမာ ဆင်းရေးသား အစေးအရုံး" ကို ထူထောင်လိုက်ကတ်တေ။

မကြာခင်ပင် ရခိုင် တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစေးအရုံးရေ ဒို့ဗမာ ဆင်းရေးသား အစေးအရုံး လောက်မှာ လျှိုးဝင်လားခရေ။ ယင်းနောက်ပိုင်းမှာ ဗမာ နိုင်ငံရေ ဂျပန်နန့် စိုက်မဟာ ဖွေ့ပြီးကေ ဗြိတိသျှ မဟာမိတ်အဖွေ့ကို စိုက်ကြေငြာရေ။ ၁၉၄၄ နောက်တနှစ် ဩဂုတ်လ ပထမ အပတ်မှာ ဗိုလ်ချုပ် အောင်ဆန်း ဦးဆောင် ပြီးကေ ဂျပန်ကို တော်လှန်ဖို့ အစီအစဉ် လုပ်ထားရေ။ ဗမာ တပ်မတော် ကွန်မြူနစ်ပါတီ ပြေသူ အရီးတော်ပုံ ပါတီရို့ ပူးပေါင်းပြီးကေ ဖက်ဆက် တိုက်ဖျက်ရီး ပြေသူ့ လွတ်လပ်ရီးအဖွေ့ (ဖတပလ) ကို တော်လှန်ရီး တပ်ဦးအဖြိုက် ဖွေ့စေးလိုက်တေ။ ယေအခါ ရခိုင် တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစေးအရုံးမှာ ရန်ကုန်က ညွှန်ကြားချက် အတိုင်း ဖတပလ ဖြိုက်လာရေ။ နောက် ရခိုင်တိုင်း ဖဆပလ ဖြိုက်လားခရေ။ ဇာကြောင့်လေ့ ဆိုကေ ဒို့ဗမာ ဆင်းရေးသား အများစုပင် ဖတပလ ကို ဖွေ့စေးလိုက်လို့ဖြိုက်တေ။

ဒို့ဗမာ ဆင်းရေးသား အစေးအရုံး (ရခိုင်တိုင်း) ခေါင်းဆောင်များ ဖြိုက်ကတ်တေ အကို ဘစံ၊ အကို စံတင်၊ အကို ကျော်နု ၊ အကို မောင်နီ၊ အကို အောင်ထွန်းဝင်း ရို့ရေ ဖဆပလ မှာ ပါဝင်ဦးဆောင်ခကတ်တေ။ ယင်းအပြင် ကွန်မြူနစ်ပါတီ (ဗမာပြေ) နန့်လေ့ ဆက်သွယ်မိကတ်တေ။ အကို ဖုံပေါက်သာကျော်၊ အကို လှကျော်စရေ ရခိုင် လူငေစုလေ့ ကို ကျော်ငြိမ်း၊ ကို ဘဆွေရို့၏ ပြေသူ့အရီးတော်ပုံပါတီ နန့် ဆက်သွယ်မိကတ်တေ။

ယင်းနောက် အကို ဘစံ၊ အကို ကျော်မြ၊ အကို မောင်စောဦး၊ (ဗိုလ်အောင်ကျော်) ရို့ ခေါင်းဆောင်ပြီးကေ မြောက်ဦးမြို့မှာ တပ်ဖွေ့ တဖွေ့ဖွေ့ကတ်တေ။ ခရိုင်ဝန်ဦး အောင်ထွန်းဦး အကူအညီကို ယူပြီးကေ ဂျပန် ဗိုလ် ကာနလ် မီယာဝါကီကို အင်္ဂလိပ်ကို တိုက်ခိုက်ဖို့လို့ အစီအစဉ်ကို လိမ်လေ တင်ပြလိုက်ကတ်တေ။ ယင်း အတွက်နန့် ဂျပန်ပါးက လက်နက် အချို့ရရေ။ ဗိုလ်တာနာကာ က ပြောက်ကျားစိုက်ပညာ ကို ယင်းတပ်ဖွေ့ကို သင်ပြရေ။

အသျှင် ပညာသီဟ ၊ ဗိုလ် ကြာလှအောင် ဦးဆောင် ဖွေ့စေးရေ တပ်ဖွေ့ရေ ပလက်ဝ နေကို သိမ်းပိုက် လိုက်တေ။ ယင်းတပ်ဖွေ့မှာ ဗိုလ်ကြာလှအောင်၊ ဗိုလ် မောင်စောဦး၊ အကို ဦးကျော်၊ အကို မောင်နီရို့ ဦးစီးခရေ။ ယင်းနေကို သိမ်းရရေစော်က ဂျပန် ကို တော်လှန်ဖို့အတွက် အဟာမိတ်ရို့နန့် အဆက်အသွယ် လုပ်ဖို့ဖြိုက်တေ။ ယင်းပြီးနောက် အသျှင် စိန္တာထေရ် ၊အသျှင် ပညာသီဟထေရ်၊ ဦးအောင်သာဦး၊ အကို ဘစံ ၊အကို ကျော်မြ၊ ရို့ ဗမာပြေတို့ လားပြီးကေ ဖတပလ နန့် ဂျပန် တော်လှန်ရီးနန့် ဆွေးနွေးကတ်တေ။

၁၉၄၄ ခု ဂျုန်လမှာ အိန္ဒိယ မှာ မဟာမိတ်ရို့နန့် ဆက်သွယ်ဖို့ ကိစ္စကို ကြိုးစားလို့ဟိနီရေ။ ဤကို ညိုထွန်းရေ ရခိုင်ပြေတို့ ပြန်ရောက်လာပြီးကေ ဂျပန် တော်လှန်ရီးအတွက် ဖတပလ (ရခိုင်တိုင်း) နန့် လာရောက် ဆွေးနွေးရေ။ ယင်းနောက် အကို ညိုထွန်းရေ အကို စံသာကျော်၊ အကို စံအောင်ရို့ကို ခေါ်ပြီးကေ အိန္ဒိယသို့ပြန်လားခရေ။

ယင်းနောက် ပလက်ဝ နေ ကာကွယ်ရီး တပ်ဖွေ့ကို ဗိုလ် ကြာလှအောင်၊ ဗိုလ် မောင်စောဦး ရို့ဦးစီးရရေ အကို ကျော်မြ၊ အကို မောင်နီ၊ အကို မောင်ထွန်းဝင်း တို့က အုပ်ချုပ်ရီး ကို တာဝန်ယူရပြီးကေ နေစပ်က တဆင့် လူငေရို့ကို အိန္ဒိယ မှာ စိုက်သင်တန်းတက်ဖို့ ပို့ပီးရရေ။ ၁၉၄၄ ဩဂုတ်လ မှာ ယင်း စိုက်သင်တန်း အတွက် စေလွှတ်လိုက်တေ ပထမ အဖွေ့အစေးမှာ ပါဝင်ကတ်တေ လူငေ အများနန့် အချို့မှာ အကို စံအောင်ရို့ဖြိုက်တေ။ အကို ဖုံပေါက်သာကျော် ရို့ ကလေ့ အကို ထွန်းအောင်ကျော်၊ အကို အောင်လှကျော် ရို့ကို ယင်းမာတို့ ပင်လွှတ်လိုက်ကတ်တေ။

နောက် တသုတ် ယင်းတို့ လားကတ်တေ လူများမှာ အသျှင် ပညာသီဟထေရ်၊ ဗိုလ် သာထွန်းအောင်၊ အကို ဦးကျော်၊ အကို အောင်ပန်း၊ အကို မြအောင်၊ အကို ထွန်းလှ ၊အကို မောင်စောဖြူ ၊ အကို စိန်ထွန်း၊ အကို ချိုက်လှဖြူ၊ အကို စောထွန်း၊ အကို ဝေလာ၊ အကို စံထွန်း၊ အကို သာကျော်၊ အကို မိုးသာ၊ အကို ဘသိန်း၊ အကို စိန်မောင် ရို့ဖြိုက်ကတ်တေ။

ယင်းနိုက် မြောက်ဦးမြို့နေ ၊ပျားတေး ကို အသျှင် ပညာသီဟက တာဝန်ယူရရေ။ အကို ဘစံက မြောက်ဦး မြို့၊ မောင်းဆွေး၊ ပေါက်တော၊ စက်သားရွာ ၊ မင်းပြား၊ စိုက်တွေ တခွင်မှာ စေးရုံးလှုပ်ရှားရရေ။

အသျှင်စိန္ဒထေရ်၊ ဖုံပေါက် သာကျော်ရို့က မြေပုံ၊ ပေါက်တော တခွင်မှာ စေးရုံးရီး လှုပ်ရှားရရေ။ ၁၉၄၄ ခု ဒီဇင်ဘာ လဆန်း လောက်မာ အကို ချီးတိုးကို ရန်ကုန် ဖတပလ ဌာနချုပ်ကို လွှတ်ပြီးကေ ရခိုင်ပြေ အခြေအနေနန့် ဖက်ဆက် ဂျပန်ကို တော်လှန်ရဖို့ အကြောင်းကို အစီရင်ခံရရေ။

၁၉၄၄ ခု ဒီဇင်ဘာလ အလယ်လောက်မာ ဖက်ဆိတ်ဂျပန်ကို တော်လှန်ဖို့ အတွက် ဖြိတ်သျှ ၁၃၆ တပ်ဖွဲ့ အိန္ဒိယမာ စိုက်သင်တန်း တက်ပြီးရေ ရခိုင် လူငေရို့ကို လီထီးနန့် တစုပြီးတစ်စုချပီးရေ။

ကျောက်တော်မြို့နေ ငါးယောက်ကိုင်း ရွာ အနီးမှာ မေဂျာတရူး၊ အကိုညိုထွန်း၊ အကို မောင်စောဖြူ၊ အကို သာထွန်းအောင် ရို့ကိုဒင်း ၊နီယှေ့ရွာ အနီးမာ ဗိုလ်မောင်ကလေး၊ အကို သာကျော် မစ္စတာ ဂိုန်း ရို့ကိုဒင်း၊ ယင်းရွာ အနီးမှာပင် “ခြသေ့်” နာမည်ခံ တရုပ်မေဂျာတစ်ဦး ၊အကို ချိုက်လှဖြူ ၊ အကို စံထွန်း၊ အကို စိန်ထွန်းဖြူ၊ ဗိုလ် ဝေလာရို့ကို လေ့ကောင်း၊ ပန်းဖေး ချောင်း ဒေသမှာ မြောက်ဦးမြို့နေ ၊ စက်သားရွာအနားမှာ လူနန့် လက်နက် အသီးသီးချပီးရေ။ ဖြန်းဂင်း၊ ကာဘိုင်၊ စတန်းဂင်း၊ ခြောက်လုံးဖြူးစရေ လက်နက်မျိုးစုံ ၅၀၀ ကျော်ချပီးရေ။

၁၉၄၄ ခု ဒီဇင်ဘာလ အကုန်လောက်မာ လီထီး တပ်ဖွဲ့တိ စုံလင်ရေအခါ ဗိုလ် ကြာလှအောင်နန့် ဗိုလ် မောင်စောဦးရို့ တပ်ဖျောက်ပြီးကေ ကျောက်တော် တို့ဆင်းလာကတ်တေ။ ကျော်တော်မြို့နေ၊ ဇင်းခါချေ ကျေးရွာမှာ ဗိုလ် မောင်စောဦး တပ်ဖွဲ့ရေ ဂျပန် ဖက်ဆိတ်တပ်ဖွဲ့ကို စတင် တော်လှန်တိုက်ခိုက်တေ။ ယင်း တိုက်ပွဲမှာ ဂျပန် သုံးဦးကျဆုံးရေ။ ယင်းကတခါ ယိုးချောင်းတို့ ချီတက်တေ။

၁၉၄၅ ခု ဂျန္နဝါရီ ၁ရက် နိမာ အသျှင် ပညာသီဟနန့် အကို ဖုံပေါက်သာကျော်ရို့ တပ်က ပျားတေး တိုက်ပွဲမှာ ဂျပန်ကို တိုက်ခိုက် သုတ်သင်လိုက်တေ။ လက်ခုပ်ပင်ရင်း ကတဆင့် ဗိုလ်ကြာလှအောင်၊ အကို မောင်နီ ၊ အကို ကျော်မြတို့က တပ်နန့်အတူ ယိုးချောင်းတို့ ချီတက်ကတ်တေ။ ယိုးချောင်းမှာ အကို ညိုထွန်းရို့ တပ်ဖွဲ့နန့် ပေါင်းပြီးကေ နာရီကန်ရွာတခွင်မာ လှုပ်ရှားစေးရုံးကတ်တေ။ ဗိုလ် စံလှတပ်က ယိုးချောင်းတပ်ဖွဲ့မာ ဂျပန် လောင်းငါးစင်းကို နိုက်မြုပ်လိုက်တေ။ နောက်တရက်မာ ပုဏ္ဏားကျွန်းမြို့နေ ဘဲခိုးရွာမှာ ဂျပန် ငါးယောက်ကို သုတ်သင်လိုက်တေ။

နာရီကန်က တပ်ဖွဲ့အားလုံးရေ စက်သားရွာ တို့ချီတက်လာပြီးကေ အကို ဘစံတို့ရို့ တပ်ဖွဲ့နန့် ပူးပေါင်းရေ။ လီယာဉ်ပျံက ချပီးလိုက်တေ လက်နက်တိကို စုပြီးကေ ယင်းရွာမှာပင် “မျိုးချိုက် ဗမာ့တပ်မတော်” ရခိုင်တိုင်း (Patriot Burmese force ( PBF), Arakan Division) ကိုဖွဲ့စေးရေ။ ဗိုလ် ကြာလှအောင်ကို ဗိုလ်ကြီး အဖြိုက် တင်မြောက်တေ။ တပ်ဖွဲ့ ဗိုလ်များမှာ

၁။ ဗိုလ် မောင်စောဦး၊

၂။ ဗိုလ် ကြာနီအောင်၊

၃။ ဗိုလ် စံလှ ၊

၄။ ဗိုလ် စောထွန်းအောင်၊

၅။ ဗိုလ် မောင်စောဦး ရို့ဖြိုက်ကတ်တေ။ တပ်ခွေး တခုမှာ လူ ၁၅၀ ပါရေ။ စိုက်တပ်ပိုင် စနစ်တကျ ဖွဲ့စေးရေ ။ “မျိုးချိုက်ဗမာ တပ်မတော် ”တံဆိပ်တိ ထုတ်ပီးရေ။ နိုင်ငံရီး အရ တပ်နန့် အတူလှုပ်ရှားပီးရေ ခေါင်းဆောင်များမာ

၁။ ဆရာတော်အသျှင် စိန္ဒာထေရ် ၊

၂။ ဆရာတော်အသျှင် ပညာသီဟထေရ်၊

၃။ အကိုမောင်လှကျော်

၄။ အကိုမောင်နီ

၅။ အကို မောင်ထွန်းဝင်း

၆။ အကိုဘစံ

၇။အကိုစံသာကျော်

၈။ အကိုသာထွန်းအောင်

၉။ အကိုရွှေသာ ရို့ဖြိုက်ကတ်တေ။ အကို ဖုံပေါက် သာကျော်ရို့ကလေ့ တပ်ဖွဲ့စေးရေ ဆိုခရေ “ခြသေ့်” နာမေခံ တရုပ်မေဂျာ တစ်ဦး၏ နာမေကိုယူပြီးကေ “ခြသေ့” ပါတီလို့ထူထောင်ရေ။ ပေါက်တော၊ မင်းပြား၊ မြေပုံ တခွင်မာ တော်လှန်လှုပ်ရှားရေ။ ခြသေ့် ပါတီဝင်လူငေများမှာ အကို ဖုံပေါက်သာကျော် ၊ အကို သာကျော်၊ အကို ထွန်းလှိုင်၊ ဗိုလ် မောင်ကလေး၊ ဗိုလ်သာကျော်၊ ဗိုလ်ဝေလာ၊ အကို ဘထွန်း ရို့ဖြိုက်ကတ်တေ။

မြောက်ဦးမြို့နေ၊ ပုဏ္ဏားကျွန်းမြို့နေ၊ ပေါက်တောမြို့နေများမှာ လှုပ်ရှားကတ်တေ။ ၁၉၄၅ ဂျန်နဝါရီလ ၁ရက် နိမာ ပျားတေး တိုက်ပွဲက စတင် အောင်ပွဲခံပြီးကေ စင်းပြွန်းပင်ရင်း တိုက်ပွဲမာ ဂျပန် နှစ်ယောက်ကို ဖမ်းရရေ။

စက်သားရွာ တိုက်ပွဲမှာ ဂျပန် တစ်ယောက်ကျရေ။ ယင်းက သဲသရာ၊ ဆူးရိုက်ချောင်း၊ တို့ချီတက်တေ။ ဆူးရိုက်ချောင်း ညှေ့တိုက်ပွဲမှာ ဂျပန် အများအပြားကျရေ။ နတ်ချောင်း တိုက်ပွဲမှာ ဂျပန် နှစ်ဆယ်လောက် ကျရေ။ လက်နက် ခေးယမ်း၊ မီးကျောက်များ သိမ်းပိုက်ရဟိရေ။ “ဆင်ခြိတိုက်ပွဲ” မှာ ဂျပန်တစ်ယောက်ကျဆုံးရေ။ ဂျပန် အများထွက်ပြီး လွတ်မြောက်လားရေ။ ဆူးရိုက်ချောင်း၊ မြောင်းဖြာ၊ ညောင်ပင်လယ်၊ တခွင်မှာ ပြောက်ကျား စိုက်ဆင်ရီး အတိုင်းပင် တိုက်ခိုက် သျှင်းလင်းရေ။ သူငေတော်တိုက်ပွဲမှာ ရန်သူ အချို့ကျဆုံးရေ။ ကိုယ်လူ တစ်ဦးကျဆုံးရေ။ ယင်းရွာမာ ရန်သူ အင်အားကောင်းနီလို့ မဟာမိတ် လီတပ်ကို သတင်းပီးလိုက်တေအခါ လီတပ်က လာရောက် တိုက်ခိုက်လို့ ရန်သူ အများကျရင်း ဆုတ်ပြီးလားခရေ။

မင်းပြား မြို့နေ၊ မြေပုံမြို့နေတခွင်မာ ၁၉၄၅ ခုဖေဖော်ဝါရီလ ၁၄ရက်မာ ဗိုလ်စံလှ တပ်ခွဲက ဗိုလ် သာကျော် ဦးစီးရေ တပ်စုတစု တိုက်ခိုက်လှုပ်ရှားရေ။ ခြိတ်တောင်ရွာက မြေပုံမြို့နေတို့ ချီတက်ရာ လမ်းကြောင်း တလျောက် တွေ့သမျှ ရန်သူတိကို ပြောက်ကျား စိုက်နေးနန့် တိုက်ခိုက်သုတ်သင် လားခရေ။

၁၅၊ ၂၊ ၄၅ မာ ခြရေပြင်ရွာ တိုက်ပွေးမာ ရန်သူများရှုံးနိမ့်လို့ ထွက်ပြီး လားခကတ်တေ။ ၁၇၊ ၂၊ ၄၅ မာ ခြရေပြင်၊ မလိပေါက်၊ သတ်ပုန်း၊ ချောင်းနွေ၊ ကေသလာမ ဖလောင်းပြ ရှိ့ကိုဖြတ်လျှောက် ချီတက်တေ။ ၁၈၊ ၂၊ ၄၅ မာ ဆက်လက်ပြီးကေ ဇီးပင်ကြီး၊ အောက်ဖားပြို့ရွာ ကိုဖြတ်ချောက်ချီတက်ရာ တောင်ခြီနားမှာ ဂျပန် ငါးယောက်နန့် တိုက်ပွေးဖြိုက်တေ။ တစ်ယောက်ကျလို့ ဆုတ်ပြီးလားခကတ်တေ။

၂၁၊ ၂၊ ၄၅ မာ မေလွန်းရွာ တိုက်ပွေးမာ ဂျပန် သုံး ယောက်ကျ ၊ ၂ ယောက်ဖမ်းရ၊ လက်နက်များ သိမ်းမိရေ။ စိုက်တွေ ခရိုင်မာ မျိုးချိုက်ဗမာ တပ်မတော် (ရခိုင်တိုင်း) ၏ ရခိုင် ပြောက်ကျား ရေးဘော်များ၏ လှုပ်ရှား တိုက်ခိုက်မှုကြောင့် မဟာမိတ်တပ်များ ၂နှိုက် တိုင်တိုင် (၁၉၄၃–၄၄) တိုက်ခိုက် မရရေ ဂျပန်တပ်ကို ၂ လလောက်မာပင် မဟာမိတ် တပ်ရှိ့က သိမ်းပိုက်နိုင်ခရေ။ ပြောက်ကျား တပ်သား ၃၀၀၀ ပါဝင် လှုပ်ရှားခကတ်တေ။

ယင်းနောက် ကျောက်ဖြူ ခရိုင်၊ မြေပုံမြို့နေ မြိုက်နား၊ ချောင်းနား၊ တောတောင် ထူထပ်ရာမာ ဂျပန် တပ်မဟာ ၂ ခုက ခံတပ်အခိုင်အမာ တေဆောက်ပြီးကေ ခုခံတိုက်ခိုက်နီရေ။ "ကံ့ကော်ဝ" တိုက်ပွေးလို့ တွင်လီရေ ။ ဖေဖော်ဝါရီ လ ၂၅ ရက်ကပင် မတ်လ ၂ ရက်နိထိ ငါးရက်တိုင်တိုင် ရီတပိုင်း ၊ကုန်းတပိုင်း စိုက်ဆင် တိုက်ခိုက်ရရေ။ မဟာမိတ် လီတပ် ကလေ့ ထိုးနှက် တိုက်ခိုက်တေ။ ပျောက်ကျားတပ်၊ မဟာမိတ်တပ်၊ ပူးပေါင်းတိုက်ခိုက်ကတ်တေ။ ဂျပန် တပ်သားနှစ်ထောင် ၊ မဟာမိတ်တပ်သား ခြောက်ရာကျော် ကျဆုံးရေ။ ကျောက်ဖြူခရိုင်၊ အမ်းမြို့နေ၊ မေလက်မောင်းရွာ ရထိုးကြီး တောင်မာ အကိုဘစော ၊ ဗိုလ်ရေးအောင်၊ ဗိုလ်မောင်စောဖြူ ဗိုလ်အောင်စော၊ မေဂျာကမ်းလဲလ်နန့် အခြား ဗိုလ် တစ်ယောက် ခြောက်ယောက် လီထီးနန့်ဆင်းကတ်တေ။

ဗိုလ် ရွှေမင်းဦးစီးရေ ပြောက်ကျားတပ်ဖွဲ့မှာ ချင်း အမျိုးသား ၇၃ ဦးပါရေ။ တိုက်ယင်း ခိုက်ယင်း တပ်သား ၁၃၀ထိ တိုးလာရေ၊ ယင်းတပ်ဖွဲ့ရေ ဒလက်နေမှာ တပ်တွေးနီရေ။ ဂျပန် ၆၀၀၀ တပ်ကို ထိုးဖောက် တိုက်ခိုက်တေ။ ဂျပန် တပ်အဆုတ်မာ ဇင်းပြွန်စခန်း၊ ကြက်ရေ စခန်း၊ ကုန်းကြီး စခန်း အထိ ပြောက်ကျား တိုက်နေးနန့် တိုက်ခိုက်တေ။ နောက် စိုက်ကြောင်းတခုမာ လမ်းနီ၊ အမ်း၊ ရထိုးတောင်၊ မဲတောင်ခြီရင်း ၊ နီကာတောင်၊ ဒလက်နေ ကွန်းဝ၊ ဝါးတောင်ကျေးရွာ ၊ ကိုးလံ၊ သင်ပုန်းတောဝ အထိ ဂျပန်များကို လိုက်လံတိုက်ခိုက်တေ။

သံတွေး ခရိုင်မာ  အသျှင် ကေသရာဓိပတိထေရ်၊ ဦးရန်ကြီးအောင်၊ ဦးရွှေကြိုင်၊ ဦးသန်းမောင်၊ ဦး သာထွန်းအောင်၊ အကို ကျော်ရင်၊ ရှိ့ဖက်ဆိတ်ဂျပန် တော်လှန် တိုက်ခိုင်ရီးကို လှုပ်ရှားစေးရုံးကတ်တေ။ အကို ကျော်ရင်မာ ၁၉၄၅ ခု ဒီဇင်ဘာ လလောက်မာ  ဖတပလ ဌာနချုပ်တို့ လားရောက်တာဝန်ယူနီရလို့  ကျန်ခေါင်းဆောင်များက တာဝန်ယူကတ်တေ။ ဖတပလ ညွှန်ကြားချက် အတိုင်း လုပ်ဆောင် ခကတ်တေ။ လက်နက်များစုပြီးကေ ပြောက်ကျားတပ်ဖွဲ့ကတ်တေ။ ရိုးတောင်မာ တေဆောက်ထားရေ ဂျပန် လက်နက်တိုက်ကို ဖောက်ထွင်း ကတ်တေ။ ကိုင်းခုံရွာ တိုက်ပွေးမာ ဂျပန်ရှိ့ကို ရာလိုက် ဝင်စီး တိုက်ခိုက်လိုက်တေ။

စိုက်ကြီး အတွင်းက ဂျပန်ကို တော်လှန် တိုက်ခိုက်ဖို့ ဖွဲ့စေးခရေ မျိုးချိုက် ဗမာ့တပ်မတော် (ရခိုင်တိုင်း)  တပ်ဖွဲ့ ခေါင်းဆောင်များမာ ၁။ အကိုညိုထွန်း ၂။ ဗိုလ်ကြီး ကြာလှအောင်၊ ၃။ ဗိုလ် စောထွန်းအောင် ၄။ ဗိုလ် စောသာအောင် ၅။ ဗိုလ် ကြာနီအောင် ၆။ ဗိုလ် စံလှ ၇။ ဗိုလ် အောင်ကျော်ခေါ် ဗိုလ် မောင်စောရီး ၈။ ဗိုလ် ဦးကျော် ၉။ ဗုံပေါက် သာကျော် ၁၀။ ဗိုလ် မောင်ကလေး ၁၁။ဗိုလ် သာထွန်းအောင် ၁၂။ ဗိုလ် သာကျော် (ဆံခြူ) ၁၃။ ဗိုလ် သာကျော် (ကန်းသင်း) ၁၄။ ဗိုလ် စံသာကျော် ရှိ့ဖြိုက်ကတ်တေ။

စက်သားရွာမှာ ဖွဲ့ပြီးနောက် နောက်ထပ် အစုံအလင် ဖွဲ့စေး လိုက်စွာဖြိုက်တေ။ အထက်က ဆိုခရေ မြောက်ဦး မြို့နေ သူငေ တော်တိုက်ပွေး ပြီးနောက် မျိုးချိုက် ဗမာ့ တပ်မတော် (ရခိုင်တိုင်း) ကို ပျားတေး စခန်းသို့ ဆုတ်ခွာဖို့ ဗြိတိသျှ မဟာမိတ်များက အမိန့်ထုတ်လာရေ။ ဗြိတိသျှ ၁၃၆ တပ်ဖွဲ့က လက်နက် အပ်ဖို့အမိန့်ချလာရေ။ လက်နက် အပ်မအပ် ကိစ္စအတွက် ကောင်းကောင်း ဆွေးနွေးယူရရေ။ ယင်းအချိန်မာ ဗမာပြေမာ ဖက်ဆက် တော်လှန်ရီး မစသိလို့ အခြေအနေ အရပ်ရပ်ကြောင့် ဆန်ဖြိုက်လားဖို့စွာကို စိုးရိမ်လို (ဖ တ ပ လ )ဝင် ရခိုင် ခေါင်ဆောင်များ လက်နက် အပ်ဖို့ သဘောတူလိုက်ရရေ။ ၁၉၄၅ ခု ဖေဖော်ဝါရီ လ နောက်ဆုံးအပတ်မာ ယင်းကစ္စကို အပြီး ဆောင်ရွက်လိုက်ရရေ။

ကျောက်ဖြူ ခရိုင်က ပြောက်ကျား တပ်ဖွဲ့မာ ၁၉၄၅ ခု ဂျွန်လ ကုန်လောက်မာ မြေပုံမြို့နေ ကမ်းထောင်းကြီး ရွာမာ တပ်ဖျက်သိမ်းပြီးကေ လက်နက်အပ်ရရေ ။ ရခိုင် ခေါင်ဆောင်ရှိ့၏ မဟာမိတ် ဗမာခေါင်ဆောင်တိ အပေါ်မာ မဟာမိတ် ပီသတ်ခကတ်တေ။ တော်လှန်ရီးကို အမြင်ကျေကျေနန့် ကြည့်ရေလို့ ဆိုရဖို့လား မပြောတတ်။ ရခိုင်ပြေမာ စိုက်ဦး ကျိုးပြီးကေ ဆုတ်ပြီးလားခရေ။ ဂျပန် တပ်အသီးသီးရေ ဗမာပြေမာလေ့ တော်လှန် တိုက်ခိုက်ခြင်းကို ခံခရေ။ ၁၉၄၅ ခု မတ်လ ၂၇ ရက်မာ ဗိုလ်ချုပ် အောင်ဆန်း ဦး ဆောင်ရေ မျိုးချိုက် ဗမာတပ်မတော် စတင် တော်လှန်တိုက်ခိုက်ရေ။ လေးလလောက်ရှေ ကြာရေ ။ ယင်းနောက် မဟာ မိတ်တပ်ဝင်လာရေ ရခိုင်ပြေ မာပိုင် ပြောက်ကျားတပ်ဖွဲ့ အားလုံးက လက်နက်အပ်ရရေ ။

## ကေ့စ်–ဘီ လက်အောက် ရခိုင်ပြေ
## (C.A.S. (B) Regims)

၁၉၄၅ ခု ဩဂုတ်လ ၁၉ ရက်မာ ဖ တ ပ လ က နေသူရိမ်ပွေးရုံမာ လူထု အစေးအဝေးကြီး ကျင်းပရေ ဖတ်ဆိတ် တိုက်ဖျက်ရီး၊ ဗမာလွတ်လပ်ရီး၊ ဗမာထူတောင်ရီး ၊ဗမာညီညွတ်ရီး ရေရွှေချက် ၄ ချက် ချမှတ်ထားတေ။ ဖ တ ပ လ ၏ ဗဟို ဦးစီးအဖွဲ့ကို ဗိုလ် ချုပ်အောင်ဆန်း ဦးစီးလို့ ဖွဲ့ရေ အားလုံး ၂၁ ဦး ပါဝင်ရေ။ ရခိုင် အမျိုးသား ဦး အောင်ဇံဝေ ဦး ဖိုးမြ (က သ က) ဦး ကျော်ရင် ရှိ့လေ ပါဝင်ကတ်တေ ။ စက်တင်ဘာလ ၄ ရက် မာ အရှိတောင် အာသျှာ စိုက်သေနာပတိ လောဒ် မောင်ဘက္တန်၏ ဖိတ်ခေါ်ချက်အရ သီဟိုဠ်ကျွန်းကန္ဒီမြို့တို့ ဗိုလ်ချုပ် အောင်ဆန်း အပါအဝင် ၁၁ ဦး ခရီးထွက်ကတ်တေ။ ရခိုင် အမျိုးသား ဦး ညိုထွန်း တယောက်လေ့ပါဝင်ရေ။ ဗြိတိသျှရှိ့၏ ဗမာပြေမာ ဗမာတပ်မတော် ဖွဲ့စေးရီးကို ဆွေးနွေးကတ်တေ။ တပ်သား ၅၀၀၀ အရံ တပ်သား ၃၀၀ အရာဟိ ၂၀၀ ရှိ့ကို ဗမာ မျိုးချိုက် တပ်မတော်ကို ဖျက်သိမ်းပြီးကေ ယင်းက ရွှီးချေခန့်အပ်ဖို့ကို သဘောတူကတ်တေ။ ဆီးဝါး ကုသရီးကအစ တပ်မတော် သားရှိ့၏ အခွင့်လစာစရေ ရသင့်ရထိုက်တေ အခွင့်အရီး ကိစ္စများပါဝင်ရေ။

ယေကေလေ့ ကန္ဒီစာချုပ်အရ ရခိုင် တပ်သားများအတွက် မထူးခြား၁။ အဂု အချိန်ထိ ရခိုင်ပြေ ဗမာပြေ အားလုံးကို "ကေ့စ်ဘီ"(CAS-B, Civil Affair Staff Burma) စိုက်အုပ်ချုပ်ရီး အဖွဲ့က အုပ်ချုပ် နီတုန်းဖြိုက်တေ။ ၁၉၄၅ ခု အောက်တိုဘာလ ၁၅ရက် မာရာ စိုက်အုပ်ချုပ်ရီးကို ရုပ်သိမ်းလို့

အယင်ဘုရင်ခံ “ဆာရ်ဒေါ်မန်စမိသ်” ရောက်လာရေ သူ့မာ “ဆမ္ဗလာစီမံကိန်း” (စက္ကူဖြူစီမံကိန်း) ပါလာရေ။ ယင်းစာတမ်း စီမံကိန်းအရ ဗမာပြေ ရခိုင်ပြေရို့ကို ပြန်လေထူတောင်ဖို့ ကြိုးစားခကေလေ့ အရာမရောက်ခ။

ယင်းပိုင် အချိန်အတိုးအတွင်းမာ ရခိုင်ပြေကား ဖွေးပုံ ၊ မြူပုံဖြိုက်နီယာ ၊ ငရေးပုံ ဖြိုက်နီယာ။ ကေ့ဘီ လက်အောက် တပြေလုံး ဒုက္ခမျိုးစုံကို ခံစားနီကတ်ယာ။ ၁၉၄၅ အစ ပိုင်းလောက်မာ ဖော်ပြခရေ အတိုင်း ဂျပန် နေချဲ့ကို ရခိုင်ပြေက မောင်းနှင် ထုတ်ပြီးကေ မဟာမိတ်တပ်များ ဝင်လာနိုင်ကတ်တေ။ မဟာတပ်တပ်တိကို ဗြိတိသျှက ဦးစီးပါလာရေ။ ရခိုင်ပြေကို စိုက်အုပ်ရီးနန့် အုပ်ချုပ်တေ။ ရခိုင်ပြေက ဖတပလ အဖွဲ့ဝင်များ၊ ပြောက်ကျား ရေးဘော်ဟောင်း များနန့် တမျိုးသားလုံးကို လူမဆန်၊ သူမဆန် ဖိနှိပ်ချုပ်ချယ်ရေ၊ အထူးသဖြင့် အသျှင် စိန္တာကို ဗြိတိသျှ ရို့ မျက်မုန်း အကျိုးဆုံးဖြိုက်တေ။ စိုက် အတွင်းဆရာတော် လက်အောက် တပ်သားများက ကပ္ပတိန်မတ်(စ်)တတ် ခေါင်းဆောင်ရေ။ အို အတ်(စ်) အတ်(စ်)(**OSS**) အဖွဲ့ကတဆင့် အမေရိကန်နန့် စိုက်တပ်နန့် ဆက်သွယ်ခလို့ ဆရာတော် ကို ရန်ငြိုးဖွဲ့ပြီးကေ ဖမ်းဆီးဖို့ စေးဝိုင်းလာရေ။ ဆရာတော် တိမ်းရှောင်လားရေအခါ တွိရာမာ ပစ်သတ်ဖို့ အမိန့်ထုတ်ဆင့် လိုက်တေ။

ယေပြီးကေ ရသေ့တောင်မြို့နေ ပြိုင်းတောင် ရွာသား အကို ထွန်းစိန်၊ အကို မောင်လုံးဖြူ အသျှင် နရဒ ထေရ် (ပေါက်တော) စရေ ရခိုင် မျိုးချိုက်၊ ပြေချိုက် ရဟန်းတော်များကို အကြောင်းမဲ့ ဖမ်းဆီးပြီးကေ မြေပုံမာ ၁၇ ရက် ချုပ်ထားရေ။ ထမင်းတထပ်ရာ ကျွေးထားရေ။ ဗိုလ်ကြီး ကြာလှအောင်ညီ ဗိုလ် ကြာနီအောင် ကိုလေ့ အမျိုးမျိုး အပြစ်ရှာပြီးကေ ဝါရမ်း ထုတ်လိုက်တေ။ ယင်းအခါ ဗိုလ် ကြာနီအောင်က အသျှင် စိန္တာထေရ် နန့် တွိဆုံပြီးကေ အကြံဉာဏ် တောင်းခံရေ ။ ဆရာတော်က ဇာပိုင် အချိန်မျိုးမာ နေချဲ့ရို့က ဆူပူ ထကြွအောင် ဘဇောင်ပင်လုပ်လုပ် တော်လှန် တိုက်ခိုက်ဖို့ မဖြိုက်နိုင်ကြောင်း အထူးသဖြင့် ဂျပန်လုံးဝ မကင်းစင်ခင် မတော်လှန် နိုင်ကြောင်း တော်လှန်ကေ စိုက်မရောက်ခင် မျှားကုန်ဖြိုက် လားနိုင်ကြောင်း၊ မဟုတ်မမှန် သတင်းမျိုးစုံ ထွက်လာကေလေ့ ဆင်ခြင်သင့်ကြောင့် သျှင်း လင်းပြလိုက်တေ။

ယင်းနောက် ဗိုလ် ကြာနီအောင် က “ဝါရမ်းပြီးသမဂ္ဂ” ကို တေထောင်ပြီးကေ ရရာ လက်နက်များကို စုဆောင်းရေ။ ကိုယ့်ကိုကိုယ်ကကွယ်ရီး (**Self-Sefence**)အတွက် အားပြင်ဆင်ထားရေ။ တောင်မော်ရွာ အနီးမာ စိုက်သား ၇၀၀ ပါဝင်ရေ ဗြိတိသျှ တပ်တတပ်က လာရောက် ဝိုင်းဝန်းထားခရေအခါမာ ဝါရမ်းပြီးသမဂ္ဂ တပ်သားများက ပြောက်ကျား တပ်နေးနန့် ခုခံကာကွယ်တပ်ခိုက်လိုက်လို့ အကျအဆုံးမဟိ လွတ်မြောက်ခရေ။ တိုက်ပွဲးမှာ သုံးနာ ရီကြာရေ။ ရန်သူဘက်က သုံးယောက် ကျရေ။ ဆယ်ယောက်ဒါဏ်ရာ ရလားခရေ။ လီတပ် အကူညီယူပြီးကေ ဝါရမ်းပြီး တပ်သား များကို တိုက်ခိုက်လာကတ်တေ။ ယင်းအခါ ဝါရမ်းပြီး တပ်သား မဟိယာဖြိုက်တေ။

ယင်းပိုင် အခါမျိုးမာ ဖတပလ ရခိုင် ခေါင်းဆောင်များ ဝင်ရောက်ပြန်ပြီလို့ တဆိတ်ကေ အပီးအယူရခရေ။ နောက် ဝါရမ်းပြီးများ လက်နက်ချ အပ်လိုက်တေ။ ၁၉၄၆ ခု ဖေဖော်ဝါရီလ ၁၄ ရက်နိကပင် စိုက် လီယာဉ်နန့် အသျှင် ပညာသီဟထေရ် (ရခိုင်တိုင်း ၊ဖတပလ ၏ဩဝါဒစရိယ) ဗိုလ်ကြီး ကြာလှအောင် ၊ အကို ကျော်မြ (အတွင်းရီးမှူး) ၊ အကိုဦးစော ၊ သူရို့ကို ကာလကတ္တားတို့ ခေါ်ယူပြီးကေ အကျယ်ချုပ်ထားရေ။ အစခါ ( **C.A.S (B),M.A(Civil Affair Staff-Burma Military Administration)** ခေါ် စိုက်အုပ်ရီး အဖွဲ့ဝင်များက ဆွေးနွေးဖို့ လို့ခေါ်ပြီးကေ ဂုပိုင် ပျင်ထားခရေ။ ၂ လခွဲလောက် ထားရေ။ နောက် ဆရာတော်က ပြောင် ကြေငြာချက် ထုတ်ဖို့ မိန့်ကြားပြီးမှရာ ပြန်ပို့လိုက်တေ။ ဆရာတော် ရို့ကာလမာ ရခိုင်ပြေ အခြေအနေရေ ကောင်းကောင်း ဆိုးဝါးနီရေ။ ဆရာတော် ပြန်ရောက်တေ နောက်ပိုင်းမာ ငြိမ်းချမ်း သာယာရီး အတွက် စိုက်အစိုးရနန့်လက်တွေးလုပ်ဆောင်ကတ်တေ။ ယင်း အတွင်းကပင် နေချဲ့ရို့ ဘက်က ဖောက်ဖျက် လာကတ်တေ။ ဝါရမ်းပြီးများကို ငြိမ်းငြိမ်း၊ ချမ်းချမ်းကျအောင် ဆရာတော်ရို့က စီစဉ်ပီးရေ။

နေချဲ့ရို့ကား ဝါးရမ်းပြီးများကို မတရား အမိန့်ထုတ်ဆင့်ပြီးကေ ဖမ်းဆီးဖို့လုပ်လိုက်လို့ ဇာပိုင် ဖြိုက်ခရေ ဝါရမ်းပြီးများ လက်နက်ချ အပ်လိုက်ပြန်ကေလေ့ ထပ်မံ ဖမ်းဆီးနှိပ်စက်ပြန်ရေ ။ ဆရာတော် ပညာ သီဟမာ စိုက်အစိုးရနန့် ဝါရမ်းပြီးကြားမာ အားကြိုး၊ မာန်တက် စိစပ်ရီး လုပ်နီခရေ။ စိုက်အစိုးရဘားက ကတိ အမျိုးမျိုးတောင်းခံပြီးကေ စက္ကူဖြူကတိ အရလေ့ကောင်း၊ လီထေးမှာ ပျောက်ကွယ်ရေ စကားအရဖြိုက်စီ၊ ဝါရမ်းပြီးနီကတ်တေ ရခိုင် အမျိုးသား မျိုးချိုက် ၊ ဗမာ တပ်မတော်သားများကို လားခေါ်ရေ။ ချော့မော့ ဖောင်းဖျရေ။ အမျိုးမျိုး အာမခံလို့ခေါ်ရေ။ လူငေများကလေ့ ခေါင်းဆောင်များကို အားကိုးပြီးကေ လက်နက်ချ အပ်လိုက်ကတ်တေ။ ပလိပ်ဂါတ်သို့ ရောက်ကေ လူငေများမာ နေးမျိုးစုံနန့် ဖိနှိပ်၊ နှိုက်စက်ခံရရေ။ လူစံမမီအောင် အနှိပ်စက်ခံရရေ။ ဆရာတော်မာ တခုလေ့မတတ်နိုင်၊ မေတ္တာ၊ ဂရုဏာပွားခြင်း ၊ ဒေါသ၊ မာန်ထေးခင်းမှတပါး၊ တခုချေလေ့ မတတ်နိုင်ခ ယေခါ ရခိုင် ခေါင်းဆောင်များ အချင်းချင်း ဆွေးနွေးကတ်ပြန်ရေ။ အဖြေကောင်းကိုမရ။ ရခိုင် လူငေရို့မာ ကိုယ် ဇာကိုလိုချင်ရေလို့ မပြောတတ်ယာ၊ ဇာကြောင့်ကိုယ် ရို့ ဇာပိုင်ဖြိုက်ရရေလေ့လို့ မမြင်ကတ်ယာ။ ပြေသူလေ့ မွဲလားခယာ ၊ ခေါင်းဆောင်တိကား ဇာပိုင်လဲ

**“ ရခိုင် သမိုင်းကြောင်းကို မျက်ကွယ်မပြုဆိုစွာကို သတိရပုံမပေါ်ပါ။ ရခိုင် အမျိုးသား တော်လှန်ရီး သမိုင်းကို သတိရပုံမပေါ်ပါ”**

ဗြိတိသျှဗားမားမာ **YMBA** ခေတ် **GCBA** ခေတ်မာ ဗမာ အရင်းသျှင် ပေါက်စ ပညာတတ် လူတန်းစားရို့ အမျိုးသားရီး နိုးကြားစ ဝံသာနုလုပ်ငန်းကို လုပ်ဆောင်ရေအခါမာ ရခိုင် ပညာတတ်ရို့ကလေ့ ရောဝင်လုပ်ကတ်တေ။ ဗမာ ပညာတတ်ရို့မာ ဗမာ အမျိုးသား လွှပ်လပ်ရီးပန်းတိုင်ကို ပစ်မှတ်ထားလို့ ကြိုးစားရေအခါ ရခိုင် ပညာတတ်ရို့က ပစ်မှတ် အမှန်ကို ရွီးချယ်ခပုံမပေါက် ။ နိုင်ငံရီး တာဝန်ကို ရာထူးထင်လို့ ငန်းငန်းတက် လိုက်နီခကတ်တေ။ ယင်းနန့်ဇ ရခိုင် လူကြီးအချို့ ဗမာနိုင်ငံရီး သမားကြားမာ ဂျော်ကာ ဖြိုက်နီခရေ။ အနစ်နာခံလုပ်တေ။ ခေါင်းဆောင် တဆိတ်ကေ ဟိခကေလေ့ ရခိုင်ပြေသူကို ကိုယ်စားမပြုခကတ်။ ရခိုင် လူမှုအဖွဲ့အစေးထေးမှာ မလှုပ်ရှားခကတ်။ ယင်းနန့်ဇ ရခိုင် နိုင်ငံရီး လမ်းကြောင်း ပျောက်ကွယ် လားခကတ်ရရေ။ ရခိုင် ပညာတတ်များ ရာထူးမက်မောနီခကတ်လို့ ၊ လမ်းလျှော် ပစ်ခကတ်လို့ ဇာပိုင် အကျိုးဆက်တိ တတန်းကြီး ဖြိုက်လားခရရေ။

ယင်း ပညာတတ်တိ အိုလာကေ ဒုတိယ ကမ္ဘာ့စိုက် ခရီးအတွင်းမာ ရခိုင် ပညာတတ် လူငေတိ အချို့ ရခိုင် နိုင်ငံရီးကို လုပ်ဆောင်လာကတ်တေ။ ယင်း လူငေရို့လေ့ ဗမာ နိုင်ငံရီး လောကမာ နိုးကြား လာကတ်တေ။ လူငေတိများရေ ယင်း လူငေများနန့် ဗမာပြေက ပညာတတ် လူတန်းစား နိုင်ငံရီး သမားများနန့်

လက်တွေး လားခကတ်စွာကို စိုက်ကြီး အကြိုကာလမာ တွို့ရရေ။ စိုက် အတွင်းမာ ဗြိတိသျှကို ဆန့်ကျင်ကတ်တေ ။ ကုလား၊ ရခိုင် အဓိကရုန်းမာ ပိုမဆိုးအောင် လုပ်ခကတ်တေ။ ရပ်ရွာ ငြိမ်ဝပ် ပိပြားရီးအတွက် ကြိုမ်းပမ်းခကတ်တေ။ ယေကေလေ့ နောက်ပိုင်း ကာလမာ ဂျပန် တော်လှန်ရီး လုပ်တေအခါ ရန်ကုန်သို့ လားဆက်ကတ်တေ။ ဖတပလ အဖွဲ့နန့် လားဆက်ကတ်တေ။ ရခိုင် တိုင်းဆိုင်ရာ တိုင်းရင်းသား အစေးအရုံးရေ ဖတပလ နာမည်သစ်နန့် ဗမာ ဂုဏ်ဆောင် ထွန်းပြောင်အောင် ကြိုးစားလာကတ်တေ။ ရခိုင် မျိုးချိုက်၊ ပြေချိုက် လူငေမျာ့းကို ခေါင်းဆောင်တိက မျိုးချိုက် ဗမာတပ်မတော်မာ သွင်းပြီးကေ ဗမာ လွတ်လပ်ရီး အတွက် အသက်ကို စတေးပြီးကေ တိုက်ခိုင်ခကတ်တေ။

စိုက် အတွင်းမာ ဂျပန်နန့် ပေါင်းလို့ ရာထူးယူသူယူ ၊ ဗြိတိသျှ ဆန့်ကျင်ရီး စိုက်ပြီး ချိန်လောက်မာ ဂျပန်ကို ဆန့်ကျင် ၊ ဗြိတသျှ နန့် မိတ်ဖွဲ့လို့ ရာထူယူလူယူ ၊ ဗြိတသျှ စိုက်အုပ်ချုပ်ရီး ၊ရခိုင် ပြေတို့ ရောက်ရေအခါ ရခိုင် ခေါင်းဆောင် တိကို စိုက်အုပ်ရီးက ဖိနှိပ်လာရေ။ ပြေသူ တရပ်လုံး ရေးဘော်အများအပြား၊ စိုက်အုပ်ချုပ်ရီး အောက်မာ လူမဆန်၊ သူမဆန် နှိက်စက်ခံခရရေ။

ဂျပန် တော်လှန်ရီးနန့် **Cas-B** လက်အောက် ကာလရှိမာ ရခိုင် မျိုးချိုက်၊ လူငေမျာ့း ဗမာပြေသို့ လားလို့လား ၊ အိန္ဒိယသို့ လားလို့လား၊ သီဟိုသို့ လားလို့လား။ ယင်းပိုင် လားသမျှကား စေးမေ့၊ ကမ်းမေ့မဟုတ်၊ ဖတပလ ဌာနချုပ်က ဖိတ်လို့လားစွာ။ ဖတပလ ဦးစီးအဖွဲ့မာ ပါဝင်လို့ ဗမာလွတ်လပ်ရီး ရခါနီးယာ။ သူ့ညီ ဦးညိုထွန်းက ကန္တီမြို့သို့ ဗိုလ်ချုပ် အောင်ဆန်းနန့် အတူပါလားခပြန်ရေ။ ရခိုင်သား တိအတွက် ဂုဏ်ယူစရာ မဟုတ်လား။ ဗမာ တပ်မတော်ကိစ္စကို ဆွေးနွေးခကတ်တေ။

ယင်းပိုင် အချိန်အချိန်မာ ဗြိတိသျှ စိုက် အုပ်ချုပ်ရီးက ရခိုင်ပြေကို ဖိနှိပ်လို့ ကောင်းတုန်း ၊ အယင်က ရခိုင် အရာဟိ ဟောင်းတိကို အသုံးချလို့ ကောင်းတုန်း ရခိုင် အရာဟိဟောင်းတိလေ့ သုံးနှစ်သုံးမိုးအာ ဏာမပြခရစွာ၊ ပါဝါမပြခရစွာကို စောင့်နီရလို့ ကျေးဇူးသျှင် ပြေသူရှိ့ကို အာဏာပြလာကတ်တေ။ အထူးသဖြင့် သုံးနှစ်သုံးမိုး သူရှိ့ ခိုအောင်နီခကတ်တေ ကျွန်းရွာ လယ်သမားတိကို ရက်ရက် စက်စက် လုပ်ခကတ်တေ။ ကောင်းကောင်း ရင်နာဖို့ကောင်းရေ။

ဒုတိယ ကမ္ဘာစိုက်ကြီးကြောင့် ရခိုင် တပြေလုံး စီးပွားရီး၊ လူမှုရီး၊ ပညာရီး၊ မာအကြီး အကျယ် ကျဆုံးလားခရေ။ ကျောင်းမဟိ ကန်မဟိနန့် လူငေတိ လေလွင့်ကုန်ရေ ။ စာရိတ္တ ပျက်ကုန်ရေ။ လူမှုရီးမာ ရှက်ကောင်း ထမန်း ရိုင်းစိုင်းလာရေ။ ရှတ်တရက် ငွီစက္ကူတိကို ဗြိတိသျှရှိ့က ရှတ်သိမ်း ပိုက်လိုက်လို့လေ လယ်သမားတို့မာ လက်နက်ဖဝါးရာ ကျန်လိုက်တေယာ ။ အဝတ်အထည်၊ အစားအစာ ၊ ဆီးဝါးမဟိလို့ သီကြီကတ်စွာလေ့ ဒုနန့်တေး။

မယူကမ်း ဒေသက လူတိကို ဆိုကေ ကိုယ်ဒေသသို့ မပြန်နိုင်ယာ ကုလား ရခိုင် အဓိကရုန်းခါက ပြီးလတ်ခကတ်တေ ရခိုင် အမျိုးသားရှိ့ ကိုယ်ဒေသတို့ မပြန်ကတ်ဘေး ကုလားတန် တရိုးမာ လေးမြို့မြိုက် တရိုးမာ အခြေစိုက် လာကတ်တေ။ ရပ်ရွာ ငြိမ်ဝပ်ရီးလေ့ အပျက်ပျက်၊ အယွင်းယွင်း ဖြိုက်လာခရရေ။ ရွာတိုင်း၊ ရွာတိုင်းမာ ဓမြရန်ကြောင့် မတေ့ငြိမ်လို့ မြို့သို့ပြောင်းလားရရေ။ ယင်းနန့်ဇ ကျေးရွာ လယ်ယာ လုပ်ငန်း ပျက်စီး ဆုတ်ယုတ် လားခရရေ။

မြို့ရှိ့မာလေ့ မငြိမ်မသက် နိတိုင်း အထိပ်တလန့်နန့် မြို့နေကလူများ ခရိုင် မြို့များသို့ ရောက်လာ ကတ်တေ။ ခရိုင်မြို့ ကြီးများမာကလေး အယင်ကပိုင် စီးပွားမချောင် ကုန်လုပ်ငန်း ၊ ဘဏ်လုပ်ငန်းကလေ့ မစားသာ။ လယ်ယာ အကောက်ခွန် ကလေ့မရ ယင်းနန့်ဇ မြို့က လူလတ်တန်းစား ပညာတတ်များ သူကြွေ၊ သူဌေးများ ရခိုင်ပြေမာ နီလို့ မဖြိုက်ယာ ။ ရန်ကုန်သို့ ပြောင်းရွှီလား ခရေးပန်ရေ။

ဗြိတိသျှ စိုက် အုပ်ချုပ်ရီးအောက် ရခိုင်ပြေမာ ငရေးဘုံ ပိုင်ချောင်ယာ ရခိုင် လူ့အဖွဲ့အစေး အဖို့ ခေတ်ဆိုး တခေတ်ကို ရင်ဆိုင်လာခ ပြန်ယာဖြိုက်တေ။ ၁၈ ရာစု၊ ၁၉ ရာစု က အယင်အယင်က ရခိုင် အကျိုးဆက်တိရေ သမိုင်း တလျောက်မာ ခေတ်ဆိုးတိကို ဖြတ်လျောက် ခရကေလေ့ ကိုယ့် သမိုင်းကြောင်း အမှန် ပစ်မှတ် အမှန်ကို မမိမ ပျောက်ခကတ်။ ကိုယ်ပစ်မှတ်ကို ကိုယ်ကြိုးစားလို့ ခေတ်အဆိုးကို ရင်ဆိုင်ခကတ်တေ။ ကိုယ် အမျိုးသား၏ ပစ်မှတ်ကို (ဝါ) ကိုယ့် တမျိုးသားလုံး၏ ရေရှွေချက် ပန်းတိုင်ကို၊ ဘဝကို စွန့်လို့လုပ်ဆောင်ခကတ်တေ။ ရေရှွေချက် အတွက် ဘဝကို အနစ်နာ ခံခကတ်တေ။ ခေတ်မှီစွာ မမိစွာကိုမပြောလို့ တာဝန်ကျေစွာကို ပြောလိုရေ။ ရေရှွေချက် အမှန်အတွက် ဘဝကို အနစ်နာ ခံခကတ်စွာကို မော်ကွန်းထိုးလိုရေ။

ဒေခေတ် ၂၀ ရာစုအစပိုင်း မျိုးဆက်နှစ်ဆက် (**Two Generations**) မှာကား ရခိုင် အမျိုးသား သမိုင်း ကြောင်းကိုလေ့ မထီမေ့မြင် ပြခကတ်တေ။ အမျိုးသား တော်လှန်ရီး လမ်းကြောင်းကိုလေ့ သစ္စာဖောက်ကတ်တေ။ အမျိုးသား ရေရှွေချက် အမှန်ကိုလေ့ ဂရုမစိုက်ကတ်။ သူများ ရွှေရေချက်မာ အရောရော၊ အယောင်ယောင် နောက်က လိုက်ခကတ်တေ။ ဒေမျိုးဆက် နှစ်ဆက် လုပ်ပိုက်ခစွာမာ ငါရှိ့ အမျိုးသား တော်လှန်ရီး လမ်းကြောင်း ပျောက်ဆုံးခရရေ။ အသက်သျှင် နီရက်သားနန့် သီနီရရေ။ ရခိုင်ရေ ဗမာဖြိုက်နီခရရေ။ ယင်း မျိုးဆက်နှစ်ဆက်က ရခိုင်ပြေသူ တရပ်လုံးကို ဗမာ လူ့အဖွဲ့အစေးမာ သွင်းလိုသွင်း ရခိုင် နိုင်ငံရီး တော်လှန်ရီးကို ဖတပလ မာ သွင်းလိုသွင်း မျိုးချိုက် ဗမာ တပ်မတော်မ သွင်းလိုသွင်းနန့် လုပ်ရပ်မမှန်ကန် ရေရှွေချက် မမှန်ကန် လုပ်ပစ်ခကတ်လို့ အဂုပိုင် ဖြိုက်နီရရေ။ ရခိုင်ရေ ဗမာ ဖြိုက်နီရရေ။ ဗမာ လက်အောက်မာ ကျွန်ပုန်း ကိုလိုနီဘဝ ဖြိုက်နီရရေ။ ယင်း မျိုးဆက်နှစ်ဆက်ကား ဝိုင် ၊အာမ်၊ ဘီ၊ အေ နန့် ဂျီစီဘီအေ ခေတ် ရခိုင် မျိုးဆက်နန့် ဖတပလ နန့် ဖဆပလ ခေတ် ရခိုင် မျိုးဆက်ရှိ့ ဖြိုက်ကတ်တေ။

ဂုပိုင် ရွှီးလို့ ဒေမျိုးဆက်တိကို စော်ကားစော်မဟုတ်၊ အနာဂတ် သမိုင်းမာ ဂုပိုင် အမှားမျိုး မထပ်အောင် အကျိုးပြု ဝေဖန်ခြင်းရာဖြိုက်တေ၊ ကိုယ့်အမြင်အတိုင်း ပွင့်ပွင့်၊ လင်းလင်း အပြုသဘောဝေ ဖန်ခြင်းရာဖြိုက်တေ။ ဗြိတိသျှ စိုက်အစိုးရ လက်အောက် ၁၉၄၆ ခု ဧပြီလ ပထမ အပတ်မာ ပထမ အကြိမ်မြောက် ရခိုင် ပြေလုံးဆိုင် ဖတပလ ညီလာခံ သဘင်ကြီးကို မြောက်ဦးမြို့နေ ပျားတေးရွာ မာ ကျင်းပလိုက်တေ။ ဆရာတော် အသျှင် စိန္တာထေရ်နန့် တခြား နိုင်ငံရီး ခေါင်းဆောင်များမာ ဝါရမ်းထုတ် ဆင့်ခြင်းခံနီရကတ်လို့ ညီလာခံ သဘင်ကြီးသို့ ပွင့်ပွင့် လင်းလင်း မတက်ရောက်နိုင်ခကတ်။ ဆရာတော် အသျှင် သီဟထေရ်နန့်တကွ ကျန်ရေ နိုင်ငံရီး ခေါင်းဆောင်များအား စုံစုံ၊ လင်လင် တက်ရောက်နိုင်ကတ်တေ။ စိုက်ကြီးအတွင်း အိန္ဒိယပြေ အကျိုင်းထောင်မာ အဖမ်းခံလီ ကတ်ရရေ။ အကို စောထွန်းအောင် ၊ အကို ကျော်ဦး၊ စသူရှိ့လေ့ လွတ်လာကတ်လို့ တက်ရောက်ကတ်တေ။ စိုက်တွေ ၊ ကျောက်ဖြူ၊ သံတွေး၊ သုံးခရိုင် ကိုယ်စားလှယ်ပေါင်း သုံးရာ ငါးဆယ့်နန့် တခြား ပုဂ္ဂိုလ်များလေ့ တက်ရောက်ကတ်တေ။ ကျေးရွာပေါင်း နှစ်ထောင်ကျော်က လူပေါင်း နှစ်သိန်းခွဲ တက်ရောက်တေလို့ မှတ်တမ်းများမာ တွို့ရရေ။ အလားအလာ ခက်ခေးရီးကြားက ဂုပိုင်တက်ရောက်ကတ်တေ ပရိတ်သတ်များ အထူး တက်တက်၊ ကြွကြွ ဟိနီကတ်တေ။ ကိုယ်ရှိ့ ခေါင်းဆောင် တိကို အထူး အားကိုးနီကတ်တေ။ ကိုယ့်ရှိ့ ခေါင်းဆောင်တိရေ ကိုယ့်ရှိ့ ဒုက္ခအပေါင်းတိကို ပယ်ဖျက်နိုင်လိမ့်မယ်လို့ အထူး အားပါနီကတ်တေ။ စခန်းမှန်၊ လမ်းမှန်တို့ အကယောင်ပင် ပို့ပီးနိုင်လိမ့်မည်လို့ အားတက်နီကတ်တေ။ ခေါင်းဆောင်ရှိ့၏ မျက်နှာကို ဖူးမျှော်ချင်ကတ်တေ၊

အသံကို ကြားချင်ကတ်တေ။ သြဝါဒကို ခံယူ ချင်ကတ်တေ၊ လမ်းညွှန်ရာကို လိုက်နာချင်ကတ်၏။ အယင်ခါက ခေါင်းဆောင်နန့် ပြေသူမာ ကခေါင်းစေးရုံးလို့ဟိလီရေ။ ခေါင်းဆောင်တိ စေးရုံးမှု တက်ထွန်း နီယာဖြိုက်တေ။ ဂုပိုင်စွာမာ လမ်းမှန်ကေ ၊ ပန်းတိုင်မှန်ကို ရောက်နိုင်ရေ မဟုတ်လား။

ညီလာခံခေါ်ယူရရေ အကြောင်းရင်းကား စိုက် အတွင်း အဖြိုက်အပျက်နန့် ဗြိတိသျှ စိုက် အုပ်ချုပ်ရီးအောက် အခြေအနေရို့ကို သျှင်းလင်းတင်ပြဖို့ ဖတပလ၏ ဆောင်ရွက်ချက် များကိုတင်ပြဖို့ ရခိုင်လူထုကြီးနန့် နိုင်ငံရီး သမားများကို သေသေ၊ ချာချာ လမ်းညွှန်ပြဖို့ဖြိုက်တေ။

ပလိပ် အရာဟိများ စိုက်သားများရို့လေ့ လက်နက် မျိုးစုံနန့် အစေးအဝေးမှတ်တမ်းများ ကူးယူဖို့ ရောက်နီရေ။ ပထမ နိမာ ရခိုင်ပြေ ပြောက်ကျားတပ်သားရို့၏ နှုက်နာချက်များ ၊ ရခိုင်ပြေ အရပ်ရပ်က ပြဿနာများကို ပွင့်ပွင့်၊ လင်းလင်း တင်ပြကတ်တေ။

သြဝါဒစရိယ ဆရာတော် အသျှင် ပညာသီဟ၊ ဗြိတသျှ စိုက်အုပ်ချုပ်ရီးကို ပြင်းပြင်း၊ ထန်ထန် ဝေဖန်ချုပ်ချလိုက်တေ။ ဗြိတိသျှ အစိုးရရေ ရခိုင်ပြေကို မဟာမိတ် အနီနန့် မပြုမူခဘေး ။ စိုက်ရှုံး တိုင်းပြေ တစ်ပြေပိုင် ပြုမူ ဆက်ဆံနီကြောင်း ရခိုင်ပြေ သူလူထုကို အဂုပိုင် ဖိနှိပ်နီစွာရေ ရခိုင်တိုင်း ဖဆပလ ကို ဖျက်ဆီးဖို့လိုကြောင်း ဗြိတိသျှ အစိုးရ၏ အုပ်ချုပ်ရီးကို ခိုင်မြေးစီချင်လို့ ဂုပိုင် လုပ်နီစွာဖြိုက်ကြောင်း၊ ယကေလေ့ ရခိုင်ပြေ သူလူထုမာ ဗြိတိသျှကိုတခါ ၊ ဂျပန် ကိုတခါ ၂ ဆူတိုင်တိုင် တော်လှန် တိုက်ခိုက်ခလို့ သံမဏိပိုင် ခိုင်မာ နီယာဖြိုက်ကြောင်း၊ အခါအခွင့်ရကေ တပြိုင်နက် တော်လှန် ထကြွကတ်ဖို့ ဖြိုက်ကြောင်းရို့ကို တင်ပြလားခရေ။

ဗြိတိသျှ ဗားမား၏ တပ်မတော်တို့ စိုက်သား သွင်းရီး ပြဿနာကို အကျယ်တဝင့် ဆွေးနွေးကတ်တေ။ ၁၉၄၅ ခု စက်တင်ဘာလ ကပြုလုပ်တေ ဂန္ဒီဆုံး အစေးအဝေး ဆုံးဖြတ်ချက်များကို ဗြိတိသျှ အစိုးရက လိုက်နာလိုရေ ဆန္ဒမရှိလို့ ယုံမှားသံသယ ဖြိုက်နီကတ်ရရေ။ ယင်းပိုင် ဖြိုက်ရစွာမာလေ့ ကန္ဒီသဘော တူညီချက်များအတိုင်း ပြောက်ကျား တပ်သားရို့ကို လခထုတ်မပီးဘေး အဂုထိ ဆိုင်းထားစွာကြောင့် ဖြိုက်တေ။ တပ်မတော် အတွက် ရခိုင် စိုက်ဗိုလ် ဆယ်ယောက်လောက် ယူဖို့ဆိုပြီးကေ တစ်ယောက်တေးရာ ရွေးချယ်ထားရေ။ ရခိုင် သားငါးရာကို လက်ခံဖို့ ဆိုကေလေ့ လက်မခံသိ။ ရခိုင် တပ်သား ဟောင်း အများအပြား ပုလိပ်ရို့က နေးမျိုးစုံနန့် နှိပ်စက်နီကတ်တေ။ အေပိုင်ပင် ကန္ဒီ သဘောတူညီချက်ကို ဗြိတိသျှရို့က ဖောက်ဖျက် ကြိုးစားနီကတ်တေ။

ယင်းနန့်ဇု ပြောက်ကျား တပ်သားရို့ကို လစာ ချက်ချင်းထုတ်ပီးဖို့ မတရား သက်သက်အချုပ်ခံနီရရေ ပျောက်ကျားများကို ချွင်းချက်မဟိ ချက်ချင်းလွှတ်ပီးဖို့ ၊ ပြောက်ကျား တပ်သားရို့ကို ခွေးခြားကန့်သတ်ခြင်းမဟိဘဲ စိုက်တပ်တို့သွင်းဖို့ ။ မဝင်လိုရေလူတိကို “ပြေသူရေးဘော်” တပ်ဖွဲ့ကို ဝင်ပြီးကေ လူထု အကျိုးဆောင်ခွင့် ပီးဖို့ခရေ အဆိုကို ဆုံးဖြတ်ပြီးကေ တောင်းဆိုကတ်တေ။ ယင်းနောက် ညီလာခံကြီးက

၁။ နိုင်ငံရီး အကျိုင်းသမားတိကို ချွင်းချက်မဲ့လွှတ်ပီးဖို့။

၂။ နိုင်ငံရီး ခေါင်းဆောင်ရို့ကို ထုတ်ထာရေ ဝါရမ်းများနန့် အကျယ်ချုပ် အမိန်ရို့ကို ရုပ်သိမ်းဖို့၊

၃။ပြေသူ့ လွတ်လပ်ခွင့်ရဖို့

၄။ စိုက်ကြောင့် ယိုယွင်းပျက်စီးနီရေ ပြေသူ ပြေသားများကို သက်သာ၊ ချောင်ချိစီပြီးကေ

၅။ ယာယီ အစိုးရအဖွဲ့ကို ဖတပလ အဖွဲ့ချုပ် (ရန်ကုန်) ပြန်လီပျိုးထောင်ဖို့နန့် ချက်ချင်းဆွေးနွေးဖို့

၆။ ဖိနှိပ်မှုများရို့နန့်လပ်စားမှု များရို့ကို တိုက်ခိုက်ဖို့။

၇။ ဖလအတွင်း ပြေသူ လွတ်တော် ခေါ်နိုင်အောင်ပြင်ဆင်ဖို့ စရေ ဆုံးဖြတ်ချက်များကို ချမှတ်ကတ်တေ။

ကိုယ့်ကိုကိုယ် ပိုင်ဆောင်ရွက်ရီး လုပ်ငန်းကြီးအတွက် စေးရုံးကတ်ဖို့ကိုလေ့ ဆုံးဖြတ်ကတ်တေ။

ဂုပိုင် ကျယ်ပြန့် ညီလာခံသဘင်ကြီးကို ကျင်းပပြီးကေ အလုပ်အမှုဆောင် ရွီးကောက်ကတ်တေ။ ဆုံးဖြတ်ချက်များကို အကောင်အထည် ဖော်နိုင်အောင် အမျိုးမျိုး ကြိုးစားအားထုတ်ကတ်တေ။ အေကာလမာ ဖတပလ ရေ ရခိုင်ပြေ ပြဿနာကို ဦးဆောင် ဖြေသျှင်းလို့ဟိနီခရေ။ စိုက်အစိုးရကို အောင်တိုဘာလ ၁၅ ရက် မာ ရုပ်သိမ်းပြီးကေ ဆာရ် ဒေါ်မန်စမိသ် အစိုးရေးပန်ရောက်လာလတ်တေအခါမာ ရခိုင်ပြေမာ ဗြိတိသျှ ဗျူရိုကရတ် အရာဟိဆိုးများ၊ ရခိုင် အရာဟိဆိုးများ၊ ရခိုင် စီးပွားရေသမားများ၊ ဗြိတိသျှ စီးပွားရီးသမားများ တစခန်းလာကတ်တေ။

ရခိုင် တပြေလုံးမာကား စိုက်ဒါဏ်ကြောင့် အဝတ်အထည် ရှားပါးလို့ ရွာပြင်မာ နီထိုင်ရရေ။ မိသားစုတိ ရွာတိုင်းမာလိုလို ဟိလာကတ်တေ။ အိမ်တွင်းပုန်းနီရရေ မိသားစုများ၊ ထမိန်ရင်လျားနီရရေ အမျိုးသမီးများ ဟိလာရေ။ အထူးသဖြင့် ခမီ အမျိုးသမီးများရို့ အတွက် ခြေခင် ရှားပါးမှုကြောင့် ရွာပြင်မာ နီကတ်ရစွာက အများအပြား။

အစာအဟာရ ချို့တေ့မှုကြောင့် ရောဂါထူပြားလာရေ။ ဆီ၊ ဆား၊ ငရုတ်၊ ကြွက်သွန် ၊ မစားရလို့ ယားနာ ၊ ဝဲနာ ပေါများလာရေ။ ဝမ်းရောဂါ ၊ ကျောက်ရောဂါ၊ မျက်စိရောဂါ ပွားများလာရေ၊ ငှက်ဖျားရောဂါ ထူပြားလာရေ။ ဆီးပီးခန့် မလုံမလောက် ၊ ဆရာဝန်၊ ဆီးစပ်သူ၊ သူနာပြုမလုံမလောက်လို့ လူအသီအပျောက် ထူပြားလာရေ။ ပုံစံ မြောက်ဦးမြို့နေ ၊ အရက်သေမရွာ တရွာတေးမာ ဂျန္နဝါရီ လအတွင်း လူ ၄၅ ယောက် သီဆုံးခရရေ။

ဂျပန်ခေတ် လူငေများ စာရိတ္တ ပျက်လာရေ အားလပ်ချိန်များ ၊ အပန်းဖြေစခန်းကမဟိ၊ လူငေများ အရက်သောက်၊ လောင်းကစပ်၊ အပျော်လိုက်အချိန် ဖြုန်းနီကတ်တေ။ ယင်းကြောင့် လူငေများ ပညာရီးမာလေ့ ဇောက်ထိုးကျဆင်းလာရေ။ ကျောင်းမလုံမလောက် ၊ ဆရာမလုံမလောက်၊ ပရိပေါကမပြေမစုံ၊ အစိုးရက တခုလေ့ပြန်မဖြေ။ အေဂုပိုင် ကျွန်းနီပြေသူလူထုမာရော ၊ မြို့နီလူထုမာပါ ဖော်ပြပါကပ်ဆိုးကြီးတိနန့် ပြန်လေရင်ဆိုင်နီကတ်ရယာ။ ယင်းအခါ စိုက်ကြောင့် ဆိုးကျိုး ခံစားလာရကေလေ့ ဂုတော့ခါ စီမံကိန်းနန့် စနစ်တကျ ပံစံဖော်ထားရေ နေချဲ့ ယန္တားကြောင့် ရခိုင်ပြေမာ အထွေထွေ ကပ်ဆိုးကြီးတိ ရင်ဆိုင်နီကတ်ရရေ။ ယင်းအချိန်မာ ကုန်စျီးနှုန်းက တက်လာရေ။

–

ငပိ ၁သိုက်၊ ၁ိ၊ စပါး၁၀တောင်းနန့်ဖရေ။

ဆား ၁သိုက် ၊ ၁ိ စပါးဆယ်တောင်းနန့်ဖရေ၊

ငရုပ် ၁သိုက် ၄၊ စပါးနန့်မဖ

ဆီ ၁ပိဿာ ၁၂၊ စပါး ၂၅ တောင်းနန့်ဖရေ

ထေလျှားတထေ ၈၊ စပါး ၂၅ တောင်းနန့်ဖရေ။

အေအထက်ပါ ပစ္စေးရို့ရေ လယ်သမားရို့အတွက် မသုံးမဖြိုက်တေ ပစ္စေးတိဖြိုက်တေ။

ရိနံ့ဆီတပုလင်း  တစ်ကျပ်ပြားရှစ်ဆယ် စပါးနန့်မဖ။
နှမ်းဆီ ၁ပုလင်း  တစ်ကျပ်ပြားရှစ်ဆယ် စပါးနန့်မဖ
သကြားတစ်ပိဿာ ရှစ်ကျပ် ----။ ---
စီကလိပ် ၁ဘူး ၁၂ပြား ။
လဖက်ရေ ၁ခွက် ၄ပြား ။
အိပ်ဆောက်လုပ်ဖို့ကုန်ပစ္စေးများ၏ စျိုးနှုန်းကို ကြည့်ပြန်ကေ
ဝါးတရာကို ၄ဝိ က ၆ဝိ ထိ စပါးနန့်မဖ
အုန်း တရာကို ၈ဝိ ။
ကြိမ်တရာ ၁၅ိ ။

ယင်းအခါက ကုန်စျိုးနှုန်းတက်သလောက် ပြေသူဝင်ငွေ မတိုးမြှင့်၊ စပါးစျိုးမတက်၊ စပါးစျိုးမတောင် ၁၀၀ ကို ၃ဝ နှုန်းစျိုးရာဟိရေ။
ကူလီတစ်ယောက်တနိဝင်ငွေ ၁၂ပြား အောက်တန်းစာရီးတဦး တလဝင်ငွေ ၅ဝိ၊
ရှာကျောင်းဆရာ တလဝင်ငွေ ၂၅ိ၊ လက်ထောက် စာရီးတဦး ၈ဝိ
ပုလိပ်အမှုထမ်း တလဝင်ငွေ ၂ဝိ အထက်တန်း ၉ဝိ

| ခရိုင် | ကာလ | လူဦးရေ | ထွက်စပါး | လိုစပါး | ရောင်းစပါး | လျော့စပါး |
|---|---|---|---|---|---|---|
| စိုက်တွေ | စိုက်မဖြစ်မီ | ၇၈၀,၇၀၅ | ၄၆၇,၀၀၀ | ၁၉၅,၀၀၀ | ၂၇၆,၀၀၀ | မဟိ |
| | စိုက်ဖြစ်ပြီး | ၆၈၄,၆၃၅ | ၁၈၆,၀၀၀ | ၁၇၁,၉၀၀ | ၁၄,၉၁၀ | မဟိ |
| ကျော်ဖြူ | စိုက်မဖြစ်မီ | ၂၅၂,၂၈၅ | ၈၉,၀၀၀ | ၆၃,၀၀၀ | ၂၆,၀၀၀ | မဟိ |
| | စိုက်ဖြစ်ပြီး | ၂၂၇,၀၅၃ | ၃၅,၆၀၀ | ၅၆,၇၀၀ | မဟိ | ၂၁,၁၀၀ |
| သံတွဲ | စိုက်မဖြစ်မီ | ၁၃၉,၇၄၇ | ၆၂,၀၀ | ၃၅,၀၀ | ၂၇,၀၀၀ | မဟိ |
| | စိုက်ဖြစ်ပြီး | ၁၂၅,၇၇၃ | ၂၄,၈၀၀ | ၃၁,၅၀၀ | မဟိ | ၆,၇၀၀ |
| ပလက်ဝါး | စိုက်မဖြစ်မီ | ၃၄,၀၀၅ | ၆,၀၀၀ | ၉,၀၀၀ | မဟိ | ၃၀၀ |
| | စိုက်ဖြစ်ပြီး | ၃၀,၆၀၅ | ၂,၄၀၀ | ၈,၁၀၀ | မဟိ | ၂,၇၀၀ |
| အဂုနှစ် စုစုပေါင်း | | ၁,၀၆၈,၀၆၆ | ၂၄၉,၆၀၀ | ၂၆၈,၂၀၀ | ၁၄,၉၀၀ | ၃၃,၇၀၀ |

ဂုပိုင် စီးပွားရီး အကြပ်ရိုက် နီစိုင်အစိုးရက ဝဲလ်ဖဲယာ သက်သာချောင်ချိရီး (**Welfare**) ကုန်စိုင်ရီး ဌာန များကို ဖွင့်လိုက်ပီးကေလေး လက်တို့စနိတ် မှောင်ခို လုပ်ငန်းကိုရာ အာပီးရာ ရောက်လားခရေ။ ဖဆပလ ကသမဝါယမ ဖွဲ့စည်းပြီးကေ အတတ်နိုင်ဆုံး ဖြေရှင်းနိုင်အောင် ကြိုးစားခကတ်တေ။ အနာဂတ်ကို ပိုင်ဆိုင်ရေ လူငယ်များ၏ ပညာရီး အတွက် ကိုလေး ဖဆပလပင် ဦးစီးကြိုးကိုင်ခရေ။ ပုံစံ စိုက်တွေ အထက်တန်းကျောင်းကြီးကို ပြန်လီပြုပြင်ပီးခရေ။ အခြား ဒေသရို့မာလေ့ ယင်းပိုင် လုပ်ပီးခရေ။

အကို သာကျော်ကလေ့ "လူငယ်များ အစည်းအရုံး" ကို ထူထောင်ပြီးကေ ဖဆပလနန့် ဆက်သွေထားရေ။ လူငယ်များ၏ ပညာရီး၊ ကျန်းမာရီး၊ ဆက်ဆံရီးတို့ ကောင်းမွန် တိုးတက်လာအောင် ကြိုးစားလုပ်ဆောင်ပီးခရေ။

အေ အခြီအနီမာ စီးပွာရီးကတ်ဆိုးက ဝင်ရောက် နှောက်ယှက်လာပြန်ရေ။ အရာဟိများကလေး မှောင့်လာရေ။ ဖြိတိသျှ အရင်းသျှင်နန့် ကွန်ပရာဒို နေချေ့လက်ဝီခံရို့ ကောင်းကြမ်းလာရေ။ ရခိုင်ပြေမာ လူဦးရေအရ ဖြိုက်စီ၊ စပါးထွက်နှုန်း အရဖြိုက်စီ၊ စပါးစိုက် လေကေ အရပင်ဖြိုက်စီ၊ စိုက်ကြီးပြီးနောက် အခြီအနီမာ ဆုတ်ယုတ်လာကတ်တေ။ ယင်းအပြင် လူထုကလေး ခိုက်မမှီ၊ တိုင်းပြေကလေး မငြိမ်မသက်လို့ လေလုပ်ငန်းမာ ကျဆင်းလို့ ဟိနီရေ။ အခုထိပင်ဖြိုက်တေ။

စိုက်မဖြစ်ခင် စရင်းမာ ၁၉၄၃ခု ဆိပ်မလာမြို့က ထုတ်ဝီရေ " ဗမာပြေအစိုးရလမ်းညွှန်" စာအုပ်က ကူးယူစွာဖြိုက်တေ။ အဂု စိုက်ပြီးနောက် ခန့်မှန်းခြီမာ စိုက်အတွင်း အသီအဆုံးကြောင့် လူဦးရေ တစ်ဆယ်ရာခိုင်နှုန်း ကျလျော့လားခရေ။ စပါး ငါးပုံသုံးပုံ လျော့လားရေလို့ ယူဆပြီး ခန့်မှန်းတွက်ထားရေ စာရင်းများဖြိုက်တေ။ စပါးချိန်မာ တန်ချိန်ဖြိုက်တေ။

အထက်ပါ စရင်းစယား အရဆိုကေ ရခိုင်ပြေခရိုင် လေးခရိုင်အနက် စိုက်တွေခရိုင် တခုတည်းကရာ စပါးတန်ချိန်ပေါင်း ၁၄၉၀၀ ပိုနီရေ။ တခြား သုံးခရိုင်က လျော့နီရေ စပါးကို ပေါင်းလိုက်ကေ ၃၃,၅၀၀ တန်ဖြိုက်တေ။ ယကေ ရခိုင် တပြေနေလုံး အတွက် ယခုနှစ် ၁၉၄၆ ခုမာ စပါးတန်ပေါင်း ၁၈,၆၀၀လျော့နီစွာကို တွိ့ရရေ။

## အဂုပိုင် စပါးအထွက်နှုန်း လျော့နီစွာ ဇာကြောင့်လဲ။?

တဖက်မာ လေယာ လုပ်ငန်း ခိုက်မမှီလို့ စပါးအထွက်လျော့နီစွာပိုင် တခြားတဘက်မှာ စပါးစိုက်ကေ ပြုန်းလားစွာကြောင့် ကျွဲ၊ နွား များဆုံးယှုံးမှုကြောင့် စပါး အထွက်လျော့လားရရေ။ ၁၉၄၁ ခုစရင်းအရ စပါး စိုက်ကေ ၉၃၁,၀၀၀ ဟိစွာ စိုက်အတွင်း ငါးပုံသုံးပုံလောက် ပြုန်းလားခရေ။ ကျွဲ၊ နွားကောင်ရီ ၂၃၇,၆၀၀ ဟိစွာ ၁၉၄၀ ခု လေထွန်ချိန်မာ ငါးပုံနှစ်ပုံရာ အသုံးချနိုင်ရေ။ လူဦးရေ လျော့နေးလားလို့ လေလုပ်ငန်း အားနေးလားရရေ။ လေကရိယာများ စုံစုံ၊ လင်လင် မဟိလို့လေး ကျဆင်းလားရရေ။ ယင်း အတွက်တာကြောင့် ယင်းနိုက်က ရှစ်ဆယ့်ရာနှုန်း လေသမားရို့များမာ ဝမ်းစာမလုံ ဖြိုက်နီရရေ။

ယင်းနှစ် တလင်း သိမ်းချိန်လောက်မာ ရခိုင်ပြေ၏ လေယာ အားလုံး ကိုးဆယ်ရာခိုင်နှုန်းကို ပိုင်ဆိုင်ကတ်တေ ဦးရေးကျော်သူ ကုမ္ပဏီ၊ သန္တာဖြူ ကုမ္ပဏီ၊ ဦးရွှေသာ ကုမ္ပဏီ၊ ဦး ပေါ်ထွန်းအောင် ကုမ္ပဏီရို့ ပေါ်ပေါက်လာကတ်တေ။ အစိုးနှင့် လေသမား တို့ကိုလေး သင့်အောင်ချေ စေ့စပ်ယူကတ်လို့ တမိန့်လုပ်သင့်လိုက်တေ။

ယင်းကြောင့် ဖဆပလနန့် တောင်သူ လေသမားသမဂ္ဂက အစိုးရနန့် လေပိုင်ရှင်များရို့ကို ယင်းနိုက်မာ အခွန်မကောက်ဖို့ ၊လေခမကောက်ဖို့ကို တောင်းပန်လိုက်ရရေ။ အောင်မြင်စွာ သင့်ရုံလောက်ဟိခရေ။ ယင်းအခါ ဖဆပလ နန့် တောင်သူ လေသမားသမဂ္ဂရို့၏ ခန့်မှန်းခြေအရ ရခိုင်ပြေ လူဦးရီ နန့် စပါးအထွက်မာ ချိန်မကိုက်ဖြိုက်နီခရေ၊ စပါးပိုနီရေ စိုက်တွေ့ခရိုင်မာ ယင်းနိုက်က ဝမ်းစာ မလုံဖြိုက်နီရရေ။ စပါးနေးပါးရေ။ ကျောက်ဖြူခရိုင်၊ သံတွေ၊ ပလက်ဝ ခရိုင်ရို့မာ ဆိုကေကား ပိုမို ဆိုးဝါးလာဖို့စွာ ပင်ဖြိုက်တေ။ တပြေလုံး အတိုင်းအတာအရ ရှစ်ဆယ် ရာခိုင်နှုန်း လေသမားများမှာ ဝမ်းစာ မလုံလောက်ဖြိုက် နီရရေ။

ယင်းအချိန်မာ ဖြိုတိသျှနေ့ချဲ့ အစိုးရနန့် အပေါင်းအပါ စီးပွားရီး သောင်းကျန်းရေ ကုမ္ပဏီများ ၊လူထုပုဂ္ဂိုလ်များ လပ်စား အရာဟိများက တောင်သူ လေသမားများကို ပိုလို့ ဆိုးဝါးစီရေ။

၁၉၄၅ ခုဒီဇင်ဘာလမာ အစိုးရက စပါးစျိုး တောင်းတရာကို ၈၅ ကျပ် နှုန်း သက်မှတ်လိုက်ပြီး ရခိုင် တပြေလုံးအတွက် စပါးအဝယ် ဌာနတခုတည်းကို စိုက်တွေ့မာ ဖွင့်လိုက်ထားရေ။ အမှန်မာအစိုးရ စပါးအဝယ်ဌာနရေ စတီး ဘုရားသား ကုမ္ပဏီ၊ ဘုံဘေ ဘားမားကုမ္ပဏီ၊ ထရီးဒိန်း ကုမ္ပဏီများ၊ ကော်ပိုရီးရှန်းများ စုပေါင်းထားရေဌာန တခုဖြိုက်တေ။ ငွေကိုလေ့ ယင်း ကုမ္ပဏီတိဘားက ရာထုတ်ပီးထားရေ။ ယင်းအဝယ်ဌာန၏ အရာဟိ တိများမှာလေး ထိုကုမ္ပဏီ ဟောင်းများ၏ လုပ်သား ဟောင်းများပင်ဖြိုက်တေ။ ပုံစံတခု ပြရဖို့ဆိုကေ ယင်းအခါက အစိုးရ အရာဟိ ကြီးတစ်ဖြိုက်တေ “မေဂျာမာယာ” မာ ယင်းကုမ္ပဏီ၏ လုပ်သားဟောင်း ကြီးတစ်ယောက်ပင်ဖြိုက်တေ။ ယင်းကြောင့် ယင်းကုမ္ပဏီရေ ကိုယ်ရို့၏ လုပ်သားဟောင်းကြီးတိ ပါးကတဆင့် အစိုးရကို ချေလှယ်နိုင်ရေ။

အစိုးရမာ စပါးစျိုးနှုန်းကို သတ်မှတ်ရာမာ စနိတ်မကျ အနေးဆုံးစျိုးနှုန်းကိုလေးသတ်မှတ်မပီး ၊ယင်းဇုနန့် အမျိုးမျိုးကရိုက်ကထိုက်ဖြိုက်ရရေ။ လေသမားရဟိရေ စပါးစျိုးမှ သတ်မှတ်ထားရေစျိုးနှုန်းအတိုင်းမဟုတ် တဝက်ကျော်မက နေးနီရေ။ စပါးတရာကို ၂၅ မှ ၄၅ မာရဟိကတ်တေ။

အစိုးရအဖွဲ့ကို၌မာ အမျိုးမျိုးလုပ်နီကတ်တေ။ ကိုယ်ရို့လက်ဝီခံ မြွေပွေးလက်ပါးစီတို့ကို လက်သတ်ပြီးကေ စျိုးအမျိုးမျိုးနန့် စပါးဝယ်နီရေ။ ပုံစံပြရဖို့ဆိုကေ စိုက်တွေ့သားဇာတိ (ယင်းအခါက မြောက်ဦးမာ နီရေ) ပွေးစားဦးမောင်လုံးဖြူဆိုသူကို အစိုးရ ဌာနက ငွေထုတ်ပီးရေ ကျောက်တော်နေ၊ မြောက်ဦးနေတို့တွင် စပါးတရာကို ၂၅ ကျပ် ၃ဝ စျိုးနှုန်းနန့်ရာ ဝယ်ရေ။ ငွေအကြပ်ရိုက်နီရေ လေသမားတိဘားက စပါးကို ပင်ထောင်ဝယ်စွာကိုလေးလုပ်စီရေ။ ယင်းအခါက ရလာရေ စပါးတိကို ဦးမောင်လုံးဖြူက စပါးအဝယ်ဌာနမှာသွင်းရေ။ အဝယ်ဌာနက အင်္ဂလိပ်မျက်နှာဖြူ အရာဟိရို့ရေ (ကုမ္ပဏီလူဟောင်းများ) အယင်က စပါးတိကို အဝယ်ဌာနမာ စပါးတရာကို ၈၅စျိုးနှုန်းနန့်အသွင်းပြလိုက်ပြန်ရေ။ ဦးမောင်လုံးဖြူကို ပွေးစားခပီးလိုက်တေ။ ဂုပိုင်ဖြိုက်နီရေ နိုင်ငံခြား ကုမ္ပဏီကြီးရို့က အစိုးရကို ကြိုးဆွဲပြီးကေ ပေါက်ဆိန်ရိုး ရခိုင်ပွေးစားကုန်သည်များကို ခါးပိုက်ဆောင်ထားခရေ။ ယေပြီးကေ လေသမားရို့၏ ချွေးနွေးစာလုပ်အားခကို အမြတ်ကြီးစားခေါင်းပုံဖြတ်လိုက်တေ၊

### အရာလေ့တမျိုးဟိပြန်သိရွေ

ယင်းအခါက ရခိုင်ပြေမာ သေယူပို့ဆောင်ရီးက မကောင်း စိုက်မဖြိုကဘေးက သင်္ဘောမောင်းများကိုသုံးပြီးကေ ပြေတွင်းမာ လားလာနီရရေ သင်္ဘောခရီးစိုင်ကလေ့ မမှန်၊ လေသမားစပါးတိကိုလေ့မတင်၊ ယင့်အဖြိုက် ဂျပန်ခိုက်တခိုက်လုံးက လေသမားရို့မာ ဟိသလောက်လောင်းဂျီတိကလေ့ ပျက်ဆီးဆုံးရှုံး ၊ ကုန်းလမ်းကလေ့မပေါက် ၊ ခါးမြါသူခိုး၊ လူဆိုးကလေ့သောင်းကြမ်း၊ ဂုပိုင်စွာမာ လေသမား ဆင်းရေးသားရို့မာ စိုက်တွေ့သို့ ပစောင်ရောက်ဖူး ကတ်ဖို့လေး။ တေးဖို့၊ ခိုဖို့၊ နီရာဝါ ကိုယ်ရို့က ဂျပန်တခိုက်လုံးမာ ကူညီလိုက်တေ မြို့က အရာဟိ အရာခံတိကိုလေ့ ယုံစွာမဟုတ်။ ကြောက်လို့ပင်နီရသိရေ။

ယင်းပိုင်အခြေအနေဆိုးကို ချက်ကောင်းချက်နီစွာက ခိုက်ပျက်သူဌေးများ၊ ကုလားတရုတ်သူဌေးများ၊ ကွန်ပရာဒို လက်ဝီခံပွေးစားကုန်သေများ၊ သူရို့သူရို့ရေ လောင်းကြီး၊ စပ်ကြီး၊ သမ္ဗာကြီးတိနန့်ကျွန်ကမ်းအနှံ့လှေ့ပြီးကေ စပါးတိကိုလိုက်ဝေရေ အနေးဆုံးစျေးနန့် လိုက်ဝေရေ ။ လေသမားရို့မာ ဝတ်ဖို့၊ စားဖို့က အပူတပြင်းလိုလာရရေ ပင်ထောင်ရောင်းသူကရောင်း ၊ဝမ်းစာရောင်းသူကရောင်း၊ မဟိကဟိက ခြိုက်ဖျာလ်ယာဖျာလ်ရောင်းချလိုက်တေ ။

သူရို့သူရို့ရလာရေစပါးတိကို အစိုးရပါးမာ ၈၅ စျေးနန့် သွင်းပြီးကေ ၁ပြန်၂ပြန်မြတ်တေ၊ ဘူးသီးတောင် မောင်းတော ကို၁ဝဝ စျေးနန့် လားရောင်းကေ သုံးလေးပြန် မြတ်တေ။ စိုက်တကောင်းသို့လားပြီးကေ ၁၂၅စျိုးနန့်ရောင်းကေလေး ၄ ၅ ပြန်မြတ်တေ။ တချို့က စပါးကိုလောင်ထားရေ ပြေတွင်းမာ စပါးသျှားနေအခါ အမြတ်ကြီးစားနန့်ရောင်းဖို့လောင်ထားကတ်တေ။။

ဂုပိုင်အငတ်ဖီးနန့်ရင်ဆိုင်လို့ လာရေအခါ စီးပွားသမားရို့ကား လုပ်စားကောင်းတုန်း လေသမားရို့မာကား ကိုယ့်လုပ်စွာကို ကိုယ့်မစားရ အမြတ်ရဖို့စွာကိုထား ငတ်ပြန်သိမ်းရေ အခါ နောက်နှစ်စပါးအတွက် ဒါတောင်ချပြီးကေ စပါးလောင်ထားရေလူတိပါးက စပါးပြန်ပြီးကေ ဝေရေးပန်သိရေ။ ရခိုင်တပြေလုံး၏ စိုက်ဖီးဒါဏ်အားလုံးကို ကုန်းပြာအောင်ခံစားနီကတ်ရရေ။ လေသမားလုပ်စာကို ဖြိုတိသျှ ၊ တရုတ်၊ ကုလားကလေး သုံးနှစ်သုံးမိုးအတွက် အငြိုးနှင့်အ မြတ်ယူရေ ။ ရခိုင် စီးပွားရီးသမား ကိုယ်ချင်းမညှာ အမြတ်ယူရေ။ သူ့ရို့သူ့ရို့မာ ပျက်လခသမျှ စီးပွားရီးကို အဖတ်ဆယ်နိုင်အောင် ခေါင်းပုံဖြတ်နီကတ်တေ။ သူ့ရို့ သူရို့ အဖတ်ဆေလားစွာက လေသမား၏ လုပ်အားကိုး။

အဂုပိုင် ရခိုင် အမျိုးသားတရပ်လုံးကို လူစံမမှီအောင် ဖြိုတိသျှ အရင်းသျှင် နေ့ချဲ့ အစိုးရရေ စီးပွားရီးအရလေးကောင်း၊ လူမှုရီးအရလေးကောင်း၊ နိုင်ငံရီးအရလေးကောင်း ဖိနှိုက် ချုပ်ချေရေအတွက်ကြောင့် ရခိုင်ပြေမာ အောက်ကျ၊ နောက်ကျ ပြေတပြေ အဖြိုက်သို့ ဇောက်ထိုး ကျဆင်းရေးပန်ရေ။ ပြန်လီ ထူထောင်ရီး လုပ်ငန်းကိုလေး တစေ့ကေ့လေ့ မလုပ်ပီး။

ဖြိုတိသျှ အရင်သျှင်နေ့ချဲ့ကား ရခိုင်ပြေကို နှစ်ခါလိမ်လို့ နှစ်ခါ အုပ်ချုပ်လီယာ။ ၁၉ ရာစု အစပိုင်းက တခါ ရခိုင် အားကို အရံအား အဖြိုက်သုံးပြီးကေ ရတနာပို စာချုပ်အရ ရခိုင်ပြေကို သိမ်းပိုက်ခရေ။ ရခိုင်ရို့ထင်စွာက “ ဖြိုတိသျှရေ ကယ်တင်ရှင် မဟာမိတ်လို့” ဖြိုက်တေ။ ၂ဝရာစုမာ တခါ ရခိုင်အားကို အရံအားသုံးပြီးကေ ဖက်ဆစ် ဂျပန်ကို တိုက်ထုတ်ခရေ။ ရခိုင်ပြေကို ဒုတိယ အကြိမ်လာ အုပ်ချုပ်ပြန်ရေ။ ဒေတခေါက်မာ ရခိုင်ရေ အရံအား အဖြိုက်အသုံးခံရ စော်မာတောင် ရခိုင် အဖြိုက်နန့် အသုံးခံ စွာမဟုတ် ရခိုင် ခေါင်းဆောင်တိ ဖောက်ပြန်ခလို့ ဗမာ အဖြိုက်နန့် အသုံးချခံရစွာဖြိုက်တေ။ ယင်းနန့်ဇု စိုက်ဒါဏ်ကိုလေ့ခံ၊ စိုက်ပြီးပြန်ကေ မဟာမိတ်ရို့၏ အနှိုက်အစက်ကိုလေ့ခံ၊ ယင်းနန့်ဇု ရခိုင် ပြေသူရို့က ဖြိုတိသျှကို ထပ်မံ တော်လှန်ချင်ကတ်တေ။ ခေါင်းဆောင်တိမာ နေချေ့ကို တော်လှန်ဖို့ တောင်းဆိုနီကတ်တေ။ ပြေသူရို့ကား ခေါင်းဆောင်တိ လောက် အမြင်မကျေ၊ ခေါင်းဆောင်တိမြင်ရေပိုင် မမြင် ၊ ခေါင်းဆောင်တိမြင် နီစွာကို ပြေသူတိနားမလေ ခေါင်းဆောင် တိမြင်နီစွာက ဗမာပြေက ဖဆပလအဖွေ့ချုပ်ကို ဆွေးနွေးချုပ်ဆို ကြိုးပမ်းကြွေလာရဖို့။ ဗမာ လွတ်လပ်ရီးကို ရခိုင်ပြေသူတိ မီးပိုင် ပူနီရရေ ဘဝကို ကယ်နိုင်ဖို့

တိုက်ပွေးဝင်ရဖို့၊ လမ်းညွှန် ပီးဖို့ တာဝန်ကား ဖဆပလ (ရခိုင်တိုင်း) မှာ တာဝန်ဟိလီရေ။ ယင်းကြောင့် အဂုနိုက် အစည်းအဝေး တောကန် ညီလာခံရေ နာမည်ကြီးရေ။ တောကန် ညီလာခံက ၅၊ ၄၊ ၄၆ မှ ၉၊၄၊ ၄၆ ဆုံးဖြတ်ချက်များ

၁။ အသျှင်စိန္ဒာကို ဘေးမဲ့ကြေငြာပီးရန်၊

၂။ ဖိနှိပ် ချုပ်ချယ်မှုကို ရပ်စေရန်၊

၃။ အဂု နှစ်မာ လေခွန်နန့် မြီခွန် မကောက်ခံရန်၊

၄။ ဗမာပြေကို လုံးဝ လွတ်လပ်ရီး ပီးရန်၊

၅။ ရပ်ရွာ ကာကွေရီးအ ဖွေ့နန့် ပြေသူရေးဘော်အဖွေ့များကို လက်နက်ထုတ်ပီးရန်၊

၆။ ရခိုင်ပြေမာ လမ်းပန်း ဖောက်သွေရီးနန့် အလားအလာ လုံခြုံရီး အတွက် ဆောင်ရွက်ပီးရန်၊

၇။ ဝတ်မွတ် ခေါင်းပါးရီးကို ကာကွေရန်၊

၈။ နိုင်ငံခြားနန့် ဆက်သွေရန်၊

၉။ ပညာရီး ၊

၁၀၊ နိုင်ငံရီး အကျဉ်းသမားတိကို လွတ်ရန်နန့် အချုပ်ချေကို ဖယ်ဖျက်ရန်၊

၁၁။ တောင်သူလေသမား သက်သာရှောင်ချိစီရန်၊

၁၂ ။ ရခိုင် ဗုဒ္ဓဘာသာနန့် ရခိုင် မူဆလင် များတို့ ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံ ချိုက်ကြွေစွာ နီထိုင်ကြရန်၊

၁၃။ တိုင်းပြေ ပြန်လေထူထောင်ရီး စီမံရန်

၁၄။ ကွေလွန်သူ နိုင်ငံရီး သမားခေါင်းဆောင်ကြီးများကို သတိရနီအောင် ကျောက်ရုပ်တေရန်။

၁၅။ တိုင်းပြေ အတွက်အသက်စွန့်ခရေ သူရေးကောင်း ပြောက်ကျားများကိစ္စရို့ ပင်ဖြိုက်တေ။ (ရခိုင်ပြေနန့် ပြောက်ကျားရို့ နိုက်နာချက်မှာ ၉၉၊ ၁၀၀)

၁၉၀၆ ခု ဝိုင်အမဘေးီအေ အဖွေ့ အစေးအဝေး ၊ စိုက်တွေ ကျေးလက်ဒေရွာမာ ဖဆပလ ညီလာခံကြီးကျင်းပရေ။ ၁၉၄၆ခုထိ ရခိုင် နိုင်ငံရီးရေ နောက်လိုက်ဝါဒ ဖြိုက်စွာကို ယင်းအတိုးအတွင်း လှုပ်ယှားခကတ်တေ။ ပုဂ္ဂိုလ် တစ်ယောက်ချင်း လုပ်ဆောင်ချက်၊ နိုင်ငံရီး အဖွေ့အစေး အသီးသီးရို့ လုပ်ဆောင်ချက်များကို ကြွေကေ ထင်ထင်ရှင်းရှားတွိ့ဟိနိုင်ရေ။ ဗြိတိသျှကို အားကိုးလို့ ဗြိတိသျှ ကျွန်နှစ်ခါဖြိုက်ခရရေပိုင် ဗမာကိုယုံမှားလို့ ဗမာကျွန်နှစ်ခါ ဖြိုက်နီယာဖြိုက်တေ။ နောက်လိုက်ဝါဒ နန့် နောက်လိုက်ဝါဒီရို့ ငါရို့ လူအဖွေ့အစေးမှာ ဆိတ်သုဉ်းလားအောင် တိုက်ဖျက်မှရာ လမ်းမှန်စခန်းမှန်နန့် ပိုက်မှတ်အမှန်ကို ရခိုင်ကတ်ဖို့ဖြိုက်တေ။

၁၉၄၅ ၊ ၄၆ ခုမှာ ဗမာနိုင်ငံရီး ဂိုဏ်းဂဏကိစ္စ၊ ပုဂ္ဂိုလကိစ္စရို့က တဆက်ဆက် ပြင်းထန်လာရေ။ ယကေလေ့ ဗမာ အမျိုးသားရို့၏ ပိုက်မှတ်ကားမပျောက်၊ ရေရှေချက်ကားမပျောက်၊ ကိုယ်ယုံကြွေချက်၊ ရေရှေချက်ကို ဘဝကိုအနိုက်နာခံလို့ ဆောင်ရွက်နီ ကတ်တုန်းပင်ဖြိုက်တေ။ ၁၉၄၅ ခုလောက်မာ သခင်စိုး ၊သခင် သန်းထွန်းရို့ရေ ကွန်မြူနိုက် ပါတီကို ဗားတရာမာ ဆိုင်းဘုတ်တင်ထားကတ်တေ။ ကိုကျော်ငြိမ်း၊ ကိုဘဆွေရို့ကလေ့ ပြေသူ လွတ်လပ်ရီး၊ ဆိုရှေလစ်ပါတီ ယခင်ပြေသူအရီးတော်ပုံ ပါတီကို ဆိုင်းဘုတ်လာကတ်တေ။ ဗိုလ်ချုပ် အောင်ဆန်းကလေ့ တော်လှန်ရီး ရေးဘော်ဟောင်းတိကို စုပြီးကေ ပြေသူရေးဘော် အဖွေ့ကို ဆိုင်းဘုတ်တင်လိုက်တေ။

၁၉၄၆ ခု ဇွန်နဝါရီလမာ ဖဆပလ ပြေလုံးကျွတ်ညီလာခံကြီးကို ရွှေတိဂုံဘုရား အနောကဘေးက်ကုန်းမာ ကျင်းပလိုက်တေ။ လွတ်လပ်ရီးအတွက် တောင်းဆိုချက်များကို ချမှတ်ကတ်တေ။ ယင်းနောက် ဥက္ကဋ္ဌအဖြိုက် ဗိုလ်ချုပ် အောင်ဆန်းကိုလေ့ကောင်း ၊ အတွင်းရီးမှူးအဖြိုက် ဦးကျော်ငြိမ်းကိုလေ့ကောင်း၊ တွေးဘက် အတွင်းရီးအဖြိုက် သခင်သိန်းဖေမြင့် (ကွန်မြူနိုက်ပါတီ) ကိုလေ့ကောင်း အသီးသီး တင်မြောက်လိုက်ကတ်တေ။

၁၉၄၆ ခု ဖေဖော်ဝါရီ လမာ ကွန်မြူနိုက်ပါတီ ကွဲအက်ပြန်ရေ။ သခင်စိုး၊ သခင်မြ ၊ ဒေါ်စောမြ စရေ ရေးနီ ခုနှစ်ဦး ခွဲထွက်ပြီးကေ ကွန်မြူနိုက်ပါတီ (ဗမာပြေ) အလံနီပါတီကို ထူထောင်လိုက်ကတ်တေ။ သခင် သန်းထွန်းကလေ့ ကျန်ရေပါတီနန့် ဗမာပြေ ကွန်မြူနိုက်ပါတီ (ဝါ) အလံဖြူပါတီကို ထူထောင်လိုက်တေ။

အဂုပိုင် ဗမာနိုင်ငံရီး ပါတီတိ ကွဲအက်ပါလတ်တေအခါ ရခိုင် ခေါင်းဆောင်ရို့လေ့ လိုက်လို့ ကွဲပြားကတ်တေ။ ခေါင်းဆောင်ကွဲပြန်ကေ နောက်လိုက်တိလေ့ ကွဲပြားကတ်တေ။ ခေါင်းဆောင်တိ တိုက်ကတ်ကေ နောက်လိုက် ရေးဘော်တိ သီကြွိ ကျိုးပဲ့ကတ်ရရေ။

၁။ဦး ညိုထွန်း၊ ဗိုလ် ကြီးကြာလှအောင်၊ ဗိုလ် စံသာကျော်၊ ဦး သာထွန်း၊ ဗိုလ် မောင်ကလေး၊ ဗိုလ် အောင်ကျော်ရို့ ပြေသူ့ ရေးဘော်အဖွေ့သို့ ပါလားခကတ်တေ။

၂။ အသျှင် ပညာသီဟရို့မာ ဖဆပလ ဦးကျော်ငြိမ်း၊ ဦး ဘဆွေရို့နန့် တဘက်တေး ဦး ဘစံရို့လေ့ ပြေသူ လွတ်လပ်ရီး ဆိုရှေပါတီကို စိုက်တွေ ရှုပရွာမှာ လိုက်လို့ ထူထောင်လိုက်ပြန်ရေ။

၃။ ဗုံပေါက် သာကျော်ရို့က အလံနီ ကွန်မြူနိုက်ပါတီဘက်သို့ ပါလားခရေ။

၄။ ဦး ကျော်မြရို့က အလံဖြူ ကွန်မြူနိုက် ပါတီဘက်သို့ ပါလားခရေ။

ဆရာတော် အသျှင် စိန္ဒာကားဝါရမ်းပြီးနီယင်းပင် ဆိုရှေလစ်ပါတီဝင် သခင်မြ၊ ဦးဘဆွေ၊ ဦးကျော်ငြိမ်းရို့နန့် တွိ့ဆုံဆွေးနွေးပြီးကေ နောက်ပိုင်း ဗဟိုသြဝါဒ အာစရိယ အဖွေ့ချုပ်ကို ထူထောင်လိုက်တေ။

ယင်းနှစ်မှာပင် ဆရာတော်က ရခိုင်ပြေ လက်ဝဲညီညွတ်ရီး ကိုခေါ်ဆိုလိုက်တေ။ ကပိုင်ချောင်း ရွာ တောစခန်းတနီရာမှာ ချို့ဝှက် ကျင်းပရေ။ ဦးညိုထွန်း၊ ဦးသာထွန်းတို့ ပြေသူ့ ရေးဘော်အဖွေ့ ကိုယ်စားလှယ်အဖြိုက်လေ့ကောင်း ၊ ဦးဘစောက ကွန်မြူနိုက်ပါတီ ကိုယ်စားလှယ် အဖြိုက်လေ့ကောင်း၊ ဖဆပလ ကိုယ်စားလှယ်အဖြိုက် မျိုးချိုက်ကျော်ဦးက ပြေသူလွတ်လပ်ရီး ဆိုရှေလစ်ပါတီကိုယ်စားလှယ်အဖြိုက် ဦးသာကျော်ကလေ့ကောင်း အသီးသီးတက်ရောက်လာကတ်တေ။ အစစအရာရာကို ဆွေးနွေး ညှိနှိုင်းကတ်တေ။ လက်ဝဲ ညီညွတ်ရီး တပ်ပေါင်းစုဖြိုက်နိုင်အောင် အစီအစဉ် ချမှတ်ခကတ်တေ။

နောက်ပိုင်းမာ ရခိုင်ပြေမာ ဖဆပလ ကွန်မြူနိုက်ပါတီ ပြေသူရေးဘော်အဖွေ့ ၊ ပြေသူလွတ်လပ်ရီး ၊ဆိုရှေလစ်ပါတီ၊ ဗဟို သြဝါဒ အာစရိယ အဖွေ့ချုပ်ရို့အပါအဝင် မြေပုံ၊ ပေါက်တော ညီညွတ်ရီး တပ်ပေါင်းစု ညီလာခံ ကို အောင်အောင်၊ မြင်မြင် လုပ်ဆောင်လိုက်ကတ်တေ။ ယင်းညီလာခံကို ဗိုလ်ချုပ် အောင်ဆန်းနန့် ဦးဘဆွေရို့ တက်ရောက်လာကတ်တေ။ ယင်းအချိန်မာ ဗိုလ်ချုပ် အောင်ဆန်း ဘုရင်ခံသိုက် အစိုးရ အဖွေ့ခေါင်းဆောင်ဖြိုက်နီယာ။ ဖဆပလ အစိုးရ

အာဏာရနီယာ။ ဗိုလ်ချုပ် ဖဆပလ အစိုးရဖွဲ့ပြီးစက ဗမာ့ လွတ်လပ်ရီးမရကေ တိုက်ယူဖို့ စီစဉ်ထားကေလေ့ ဘိလပ်တို့လားလို့ အောင်ဆန်းအတ္တလီ စာချုပ်ကို ချုပ်ဆိုပြီး နောက်ပိုင်းမာ တော်လှန်ရီးအစား ပြောင်းလဲမှုများကို လုပ်ဆောင်လာရေဗျာယ်။ ဦးအောင်ဇံဝေ တစ်ယောက်ကား ဖဆပလအဖွဲ့မာ ပါဝင်နီရရေ။

မြေပုံ ညီလာခံမာ ရခိုင် ခေါင်းဆောင်တိနန့် ဗိုလ်ချုပ်တို့ အဆင်မပြေခ။ ဖြိတိသျှ လက်အောက် ရခိုင်ပြေရေ ဖဆပလ လက်အောက် ရခိုင်ပြေတို့တို့ ကူးပြောင်းစပြုလာယာဖြိုက်တေ။

ယင်း ညီလာခံအပြီး ရမ်းဗြဲကျွန်းက ရေးဘော် ဘဟန်နန့် ရေးဘော်ဦးနွေရို့ အဖမ်းခံရရေ။ ဆရာတော် အရှင် ဆန္ဒာက ယင်း ကိစ္စအတွက် လူထုတိုက်ပွဲးဝင်ဖို့ ကြွလာတော်မူရေအခါ ဖဆပလ အစိုးရက သဘော်ာထက်မာပင် ဆရာတော်ကို ဖမ်းဆီးလိုက်တေ။ သာယဝတီထောင်မာ ချုပ်နှောင်ထားလိုက်တေ။

ဆရာတော် ထောင်ထေးမှာ သီတင်းသုံးနီစိုင် ရခိုင်ပြေ လက်ဝဲညီညွတ်ရီးကား ယော့ရီးရီး ဖြိုက်လာရေ။ တမျိုးသား လုံးကို ခေါင်းဆောင် နိုင်စွမ်းဟိရေ ဆရာတော်မဟိရေအခါ စေးလုံးမှုလေ့ ကျဆင်းလာရေ။ ယင်းပိုင်စွာမှာ အဆိုးဆုံးကား ဗမာ့ နိုင်ငံရီးသမားများ ဂိုဏ်းခွဲစွာကို ခံနီကတ်တေ။ ရခိုင် လက်ဝဲခေါင်းဆောင်ရို့ရေ ဗမာ လက်ဝဲဌာနချုပ် အသီးသီးမာ တကွဲတပြား ပါဝင်နီကတ်စွာရေ ယင်းအခါကပင် အဂုထိဖြိုက်တေ။ အစိုင်အလာတခုပင် ဖြိုက်နီရေ။ သူရို့အတွက် ဆိုကေ ကိုယ်ပိုင် ပြဌာန်းခွင့် **(Self Indetity)** ရေ လုံးဝ ဆိတ်သုန်းနီယာ ဖြိုက်တ။ ကျိုင်းမြောင်း၊ မှောင်မိုက်လှရေ နောက်လိုက်ဝါဒ တိုက်ခန်းကျိုင်းမှာ အပိုက် ခံနီရကတ်တေ။ ယင်း ပုဂ္ဂိုလ်ကြီးငေရို့ကို ငါ့ရို့ ရခိုင် အဖွဲ့အစေးက ကြပ်ကြပ် သုတေသန လုပ်ရဖို့ပင် သူရို့အမှားကို တော်လှန်ရီး သခ်န်းစာအဖြိုက် မှတ်သားထားရဖို့ပင်ဖြိုက်တေ။

ဗိုလ်ချုပ် အောင်ဆန်းရေ ဖဆပလ အစိုးရကို ဖွဲ့စေးပြီးနောက် ဝန်ကြီးချုပ် အတ္တလီ၏ ဖိတ်ကြားချက်အရ လန်ဒင်တို့ လိုက်လီရရေ။ ယင်းမာ ၁၉၄၇ ဇန္နဝါရီ ၁၂ ရက် နိမာ ဗမာ့ လွတ်လပ်ရီး အာရုံဦး ရောင်ခြည်နန့် တူရေ အောင်ဆန်းအတ္တလီ စာချုပ်ကို ချုပ်ဆိုနိုင်ခရေ။ ယင်းက ပြန်လာပြီးကေ ရှမ်းပြေပင်လုံမြို့တွင် ရှမ်း၊ ကချင် ကိုယ်စားလှယ်များနန့် အတူ "ပင်လုံစာချုပ်" ကို ၁၂၊ ၂၊ ၄၇ ခုမာ ချုပ်ဆိုနိုင်ခရေ။

၁၉၊ ၇၊ ၄၇ ခုမာ ဗိုလ်ချုပ် အလုပ်ကြံခံရရေ။ သူကွေလွန်ပြီးနောက် ဗမာ့နိုင်ငံရီး အခြေအနေ ကကောင်း ဆိုးဝါးလာလတ်တေ။ ဗမာ ပြေမာကွဲလို့ ရခိုင် ပြေမာလေ့ ကွဲလာကတ်တေ။ ယင်းက ဌာနချုပ်က ညွှန်ကြားတိုင်း ဒေက ဌာနချုပ်က လိုက်နာရေ။ ယင်းပိုင်ကာလမာ ဆရာတော်၏ ပြဿနာ ရခိုင်ပြေ၏ ပြဿနာ အရပ်ရပ်မာ မှုန်ဝါးလားခရေ။ တိမ်ကောလားခရေ။ လက်အောက်ခံ သာမည ဖြိုက်လားခရေ။

ဗမာပြေကွန်မြူနိုက်ပါတီဌာနချုပ်က ရေးဘော်ကျော်မြရို့ဦးစီးထားရေ ဖဆပလ (ရခိုင်တိုင်း) ကို ကိုယ့် အင်အားစုအဖြိုက် သတ်မှတ်ထားရေ။ ဆရာတော် အသျှင်စိန္တာ၏ ပြေသူလွတ်မြောက်ရီးပါတီ **(People's liberation Party)** (ဗဟိုသြဝါဒ အဖွဲ့ကို ပြန်လို့ အသိုက်တစ်ဖန် ဖွဲ့စေးလိုက်တေပါတီ )ကို ဆိုရှေလစ်ပါတီ (ဦးကျော်ငြိမ်း၊ ဦးဘဆွေ တို့ခေါင်းဆောင်) က သူ့အင်အားစု အဖြိုက်သတ်မှတ်လိုက်တေ၊ ယင်းကြောင့် ဗမာပြေ ကွန်မြူနိုက်ပါတီကို ဖဆပလ အဖွဲ့ချုပ်က ဗိုလ်ချုပ် အောင်ဆန်းက ထုတ်ပိုက်လိုက်တေအခါ ရခိုင်တိုင်း ဖဆပလ ကွန်မြူနိုက် ပါတီကို မထုတ်နိုင်ဖြိုက်နီရရေ။ ၁၉၄၇ ခု ရသေ့တောင် ညီလာခံမာ ကွန်မြူနိုက်ပါတီက သူ့အလိုတူထွက်လားစွာရာ ။ ဖဆပလမာ ဆိုရှေလစ်အင်အားစု ပြိုင်ဘေးက်မဟိဘဲ တိုးတက်လာလတ်တေ။ ယင်းပြင် ဆိုရှေလစ်ပါတီရေ ဦးညိုထွန်းခေါင်းဆောင်ရေ "ပြေသူ့ရေးဘော်ပါတီ" ကိုလေ့ ရခိုင်ပြေဆိုင်ရာ ဆိုရှေလစ် အင်အားစု အဖြိုက်သတ်မှတ် ပြုလုပ်လိုသိရေ။ အစင့်ယင့်ပင် ရခိုင့်တော်လှန်ရီးသမား ၊နိုင်ငံရီး သမားများကို ဗမာ့နိုင်ငံရီး ပါတီအသီးသီးက ခါးပိုက်ဆောင် အမြောင်လုပ် ထားလာကတ်တေ။ လက်အောက်ခံ တပည့်လုပ်ထားကတ်တေ။ ယေဘုယျအားဖြင့် ရခိုင်နိုင်ငံရီး သမားများရို့၏ နောက်လိုက်ဝါဒနန့် ဗမာနိုင်ငံရီးသမားရို့၏ လူမျိုးကြီးဝါဒမာ ကောင်းကောင်း အဆင်ပြေနီခရေ။ ယင်းနန့် မယားပိုင် ရှိလား၊ နောက်လိုက်ညီနီခရေ။ သခင်နန့်ကျွန်ပိုင် အထက်၊ အောက်ညီညွတ်ခရေ။

အခြားတဘက်မာ စိုက်မှန်ရေ ခေါင်းဆောင် (ကကောင်း၊ ယှားယှား၊ ပါးပါး) အချို့ကား တော်လှန်ရီး သမားအချင်းချင်း ရခိုင်၊ ဗမာ မခွဲခြားဘဲ သိုက်စာ ထားခကတ်တေ။ ရေးဘော် ၊ ရေးဘက်သိုက်စာကို ဇာသူဖျက်ဖျက် သူ့ရို့မပျက်ဘေး ခိုင်မာနီခကတ်တေ။ တော်လှန်ရီး၏ အဓိက ရန်သူဖြိုက်တေ ဖြိတသျှ အရင်းသျှင်နေချဲ့ဘားတို့ရာ မဟာဇျူဟာများဦး တေထားခကတ်တေ။

ယင်းအချိန်မာ နုအတ္တလီစာချုပ် (၁၇၊ ၁၀၊ ၄၇ ) ချုပ်လို့ အောင်မြင်လားခယာ ဖြိုက်တေ။ ယင်းနောက် ၄၊ ၁၊ ၄၈ မာ ဗမာ့လွတ်လပ်ရီး ပန်းတိုင်ကို ဗမာ့လူ့အဖွဲ့အစေးရေ အခက်အခဲ ပေါင်းထောင်သောင်းကို ကျော်ဖြတ်လို့ အောင်အောင်၊ မြင်မြင် ရောက်လားခကတ်တေ။ ဖြိတိသျှဖားမားကို "ပြေထောင်စု သမ္မတ မြန်မာနိုင်ငံ" အဖြိုက် ကြေငြာလိုက်တေ။ အောင်ပွေး သဘင်ကျင်းပကတ်တေ။ ကဗျာဖွဲ့ကတ်တေ။ ယင်းကာလမာ ဗမာ့လွတ်လပ်ရီး မော်ကွန်းဝင် ရခိုင်ခေါင်းဆောင်ကြီးငေရို့မာကား အချို့အာဏာရ ဖဆပလ ပါတီနောက်လိုက်လားခလို့ လွတ်လပ်ရီး အရသာကို စားလို့သော်လို့၊ တချို့ကားတောခိုလို့ ၊ တချို့ကား ကြားထိုင်လို့။

ဗမာ့ အမျိုးသား တော်လှန်ရီးကား ဗမာ့လွတ်လပ်ရီးနန့် တစခန်းသတ်လားခယာ။ သီပေါမင်း အဖမ်းခံရရေ ၁၈၈၅ ခုက ၁၉၄၈ခု အထိ နှိုက်ပေါင်း ၆၂ နှိုက်အကြားမာ ကိုလိုနီကျွနဘေးဝက လွတ်မြောက်လားခရေ။

ရခိုင်အမျိုးသား တော်လှန်ရီးကား ဘဇောင်လေး။ ရခိုင်သမ္မတရာဇာ အဖမ်းခံရရေ ၁၇၈၀ စပြီးကေ ကျွန် ဖြိုက်လာလတ်စွာ အဂုထက်တိုင် မလွတ်သိ။ ရခိုင်အမျိုးသား တော်လှန်ရီး လမ်းကြောင်းမာ ရခိုင်လွတ်လပ်ရီး အောင်ပွေးပန်းတိုင် မရောက်သိ။ ဗမာ လွတ်လပ်ရီး အောင်ပွေးကို ရခိုင်လွတ်လပ်ရီး အောင်ပွေးလို့ပြောလို့မရ။ တိုင်းပြေ လက်ဟိရုပ်တရားက ဇာကို အဖြေပီးနီရေလဲ။ ရခိုင်အလုပ်သမားထု၊ လေသမားထု၊ မညာတတ် ခနသျှင် ပေါက်စထု၊ တိုင်းရင်းသား ခနသျှင်ထု ဇာပိုင် ခံစားနီရစွာလေး။ ပြတ်ပြတ်ပြောရဖို့ဆိုကေ ရခိုင် အမျိုးသားတော်လှန်ရီး လမ်းကြောင်းနန့် ဗမာအမျိုးသား တော်လှန်ရီး လမ်းကြောင်းတို့ ရောထွီးလားခလို့ အောင်ပွေးမခံနိုင်သိ။ ရောထွီးစွာမာတခါ တန်းတူရေတူရောထွီးစွာမဟုတဘေး တဆင့်ခံ လက်အောက်ခံအဖြိုက်နန့် ရောထွီးလားရစွာဖြိုက်လို့ ရခိုင်အမျိုးသား တော်လှန်ရီးလမ်းကြောင်း အဖျောက်ခံလားခရရေ။ လွှမ်းမိုးခံလားခရရေ။ ဖုံးကွေခံလားခရရေ။ ယင်းနန့်ဇု မသွေမီ မတိမ်းစောင်းကတ်ကေ့။ မလွေးမချော်ကတ်ကေ့ ၊ အမျိုးသား တော်လှန်ရီးကို သိုက်စာမဖောက်ကတ်ကေ့ ။ ကိုယ်ပိုင်ပြဌာန်းခွင့်ကို ဦးထိပ်ထားကတ်ရဖို့။

ဗမာလွတ်လပ်ရီး ရပြီးနောက်ပိုင်းမာ ဗမာလူမှုအဖွဲ့အစေးရေ ပြေသူ့ဒီမိုကရေစီ စခန်းဆင့် (ဝါ) တော်လှန်ရီး ၏ ဒုတိယ စခန်းဆင့် တိုးတက်လားခရေ။ ရခိုင်လူမှုအဖွဲ့အစေးကား အမျိုးသားတော်လှန်ရီး စခန်းဆင့်မာ ကာလတခုကို ဖြတ်သန်း နီရတုန်းဖြိုက်တေ။ ယင်းအချိန်လောက်မာ ဂျပန်ခိုက်က စုစေးညီညွတ်ရီး ရခိုင့်ခေါင်းဆောင်ရို့ရေ တကွဲတပြားစီနန့် ဒုတိယ စခန်းဆင့်ကို ဆင်နွှေးဖို့ လက်နက်ကိုင်တောခိုပြီးကေ ဗမာပါတီအသီးသီးအပါအဝင် တော်လှန်လားခကတ်တေ။ တချို့လေ့ ဖဆပလနန့် တွေးနီလိုက်တေ။ ကြားထိုင်လားခကတ်တေ။

ဗမာ့လွတ်လပ်ရီး ရလုလုကာလမာ သခင်စိုးခေါင်းဆောင်ရေ ကွန်မြူနိုက်ပါတီ (ဗမာပြေ)ဝါ အလံနီပါတီ တောခိုပြီးကေ ရခိုင်ပြေ ရီးနီဗုံပေါက်သာကျော် ရို့လေ့တောခိုရေ။ အလံနီပါတီ ညွန်ကြားချက်အတိုင်း ကွန်မြူနိုက်ပါတီ (ရခိုင်ပြေ) ထူထောင်လိုက်တေ။ အလံနီပါတီလို့ တွင်လီရေ။

ဗမာ့လွတ်လပ်ရီးရပြီး ယင်းနိုက်မတ်လ ၂၈ ရက်နိမှာ သခင်သန်းထွန်းခေါင်းဆောင်ရေ ဗမာပြေ ကွန်မြူနိတ်ပါတီ တောခိုရေ။ ရခိုင်ပြေက ရေးဘော်ကျော်မြလေ့ ယင်းပါတီဝင်အနေနန့် တောခိုရေ။ ဗကပ ရခိုင်တိုင်းကို ဖွဲ့စေးလိုက်တေ။ ရတည ပြေနေ တောင်းပြီးနောက် ရေးဘော်ကျော်မြအဆင့်မာ ပြေနေတာဝန်ခံ အဆင့်ထိတိုးလာရေ။ ဗကပ (ရခိုင်ပြေနေ) လို့လေ့ ပြောင်းလဲလိုက်တေ။

၁၉၄၈၊ မေ ၅ ရက်နိမာ ဗမာပြေ ဝန်ကြီးဦးနုက လက်ဝဲညီညွတ်ရီးမူ ၁၄ ချက်ကို ကြေငြာရေ။ နောက် ၁၄ ချက် ဖြိုက်လားခရရေ။ ဆရာတော် အသျှင်သီဟခေါင်းဆောင်ရေ ရခိုင်တိုင်း ဖဆပလကလေ့ ယင်းမူအတိုင်း လိုက်နာဟောကြားရေ။ ၁၉၄၈ ခု ဂျူန်လ ၂၆ ရက်နိမာ ပြေသူ့ ရေးဘော် နှစ်ခြမ်းကွဲရေ။ ဗိုလ်ဖိုးကွန်း ခေါင်းဆောင်ရေ အခြမ်းက ရေးဘော်ဖြူလို့နာမည်ခံရေ ။ ဗိုလ်မှူး အောင်ကျော် ခေါင်းဆောင်ရေအခြမ်းက ရေးဘော်ဝါ လို့နာမည်ခံရေ။ ရေးဘော်ဖြူရို့ တောခိုရေ။ ရေးဘော်ဝါက ဖဆပလနန့် ကျန်လိုက်တေ။ ရေးဘော်ဖြူ တောခိုရေအခါ ရခိုင်ပြေက ရေးဘော် တဖွဲ့လုံးတောခိုရေ။ ဗိုလ်ကြီး ကြာလှအောင်၊ ဗိုလ် စံသာကျော်၊ ဗိုလ် အောင်ကျော်၊ ဗိုလ် မောင်ကလေး တို့ပါဝင်ရေ။ ဆရာတော် အသျှင်စိန္တာ လွတ်လာပြီးကေ ပြေသူ့ လွတ်မြောက်ရီး ပါတီလေ့ တောခိုရေ။

ရခိုင်ပြေ လက်နက်ကိုင် တော်လှန်ရီး လောကမာ ၁၉၄၈ ခုနောက်ပိုင်း၊

၁။ အသျှင် စိန္တာခေါင်းဆောင်ရေ ပြေ့သူ လွတ်မြောက်ရီးပါတီ၊

၂။ ရေးဘော် ကျော်မြခေါင်းဆောင်ရေ “ဗမာပြေ ကွန်မြူနိုက်ပါတီ” ရခိုင်တိုင်း၊

၃။ ရေးနီ ဘုံပေါက်သာကျော် ခေါင်းဆောင်ရေ “ကွန်မြူနိုက်ပါတီ” ရခိုင်ပြေ ၊

၄။ ဗိုလ်ကြီး ကြာလှအောင် ဦးခေါင်ရေ “ပြေသူရေးဘော်ပါတီ” လို့ ပါတီ လေးပါတီ ပေါ်ပေါက်နီရေ ။ လေးပါတီ စလုံး၏ မဟာဗျူဟာမာ ပြေသူ့ဒီမိုကရေစီ တော်လှန်ရီး၊ (ဝါ) လူတန်းစားတော်လှန်ရီးပင်ဖြစ်တေ။ ရခိုင်ပြေကို ဗမာပြေ၏ ကိုလိုနီ တပိုင်းလို့ ခံယူထားကတ်တေ။ စင်စိုက်ရေ ဒေမဟာဗျူဟာမာ ဗမာခေါင်းဆောင်ရို့က ဗမာပြေ၏ ရုပ်တရားအရ သူရို့ခံယူချက်အရ ခင်းကျင်းထားရေ မဟာဗျူဟာပင်ဖြိုက်တေ။ ရခိုင်ပြေ၏လက်ဟိ ရုပ်တရားနန့်ကားလုံးဝ မဟပ်စပ်သိရေ မဟာဗျူဟာပင် ဖြိုက်တေ။

အေကိစ္စမှာ ရခိုင်ခေါင်းဆောင်တိနန့် ဗမာခေါင်းဆောင်တိကို နှိုင်းယှိုင် ကြေ့ဖို့လိုလိမ့်ယ်။ ဗမာ ခေါင်းဆောင် ရို့ရေ မျိုးဆက် အဆက်ဆက်မှာ ကိုလိုနီ ကျွနဘေးဝကို အလိုမဟိကတ်။ ဤဆက်ဆက် နေချဲ့ဆန့်ကျင်ရီး စိုက်ကို ဆင်နွှဲ့ခကတ်တေ။ အမျိုးသား တော်လှန်ရီး လမ်းကြောင်းကို မိမိရရ ဆုပ်ကိုင်ထားကတ်တေ။ ဗိုလ်မင်းရောင် တော်လှန်ရီး၊ ဆရာစံတော်လှန်ရီးရို့ကို သမိုင်းမှတ်တိုင်အဖြိုက် ကိုင်ဆောင်ထားကတ်တေ။ ဒုတိယတော်လှန်ရီး အတွင်းမာလေ့ ဂျပန်နေချဲ့ကို ဖြိုက်ဖြိုက်၊ ဗြိတိသျှ နေချဲ့ကို ဖြိုက်ဖြိုက် ခံယူချက်၊ ရပ်တေချက်၊ ဦးတေချက်၊ မှန်မှန်ကန်ကန်နန့် တော်လှန်တိုက်ခိုက်ကတ်တေ။ နောက်ဆုံး အမျိုးသား တော်လှန်ရီး၏ ပိုက်မှတ် အရောက်ချီတက်လာကတ်တေ။ လွတ်လပ်ရီး အောင်ပွဲးကိုဆင်နွှဲနိုင်ကတ်တေ။

ငါရို့ ရခိုင်ခေါင်းဆောင်ရို့မာကား အမျိုးသား တော်လှန်ရီး သမိုင်းကြောင်းကို ဂရုမစိုက် ၊ အဓိက မထား၊ ခံယူချက်၊ ရပ်တေချက် ၊ ဦးတေချက်၊ မပြတ်သား ၊တွေဝေယိမ်းယိုင်လာကတ်တေ။ တောင်မင်းကြီး၊ ဗိုလ်ချင်းပြန်၊ ဒါးပိုင်ကြီးမင်းသားကြီး ရို့ တော်လှန်ရီးကို သမိုင်းမှတ်တိုင်အဖြိုက် မကိုင်ဆောင်ခဘေး နောက်ဆုံးမာ အမျိုးသား တော်လှန်ရီး ပိုက်မှတ် ပျောက်လားခကတ်တေ။ ဗမာ့ လွတ်လပ်ရီးနောက်မာ ကိုယ့်အမျိုးသား တော်လှန်ရီး မအောင်မြင်ဘေးနန့် ဒုတိယ စခန်းဆင့် ပြေသူ ဒီမိုကရေစီ တော်လှန်ရီးကို ခုန်ကျော်တက်လားကတ်တေ။ ဗမာပြေသူ ဒီမိုကရေစီ တော်လှန်ရီးဘောင်မာ ရောပါလားခကတ်တေ။ ဗမာ့ အမျိုးသား တော်လှန်ရီးခါကလေ့ ယင်းဗမာ ဘောင်မာ ရောပါလားခစွာရေ အယင်ကလေ့ရော အစုလေ့ရော၊ ရောပါဖန်များကေ ကိုယ်ဘောင်ကို မမြင်နိုင်ကတ်ယာ။ ဗမာ၊ ချင်း၊ ကချင်၊ သျှမ်း ခေါင်းဆောင်ရို့ရေ ပင်လုံစာချုပ်မချုပ်ဆိုမီ မိမိတို့ပြေနန့် အမျိုးသားရို့အတွက် အာမခံချက်ကိုရဟိအောင် ကြိုးစားခကတ်တေ။ ၁၉၄၇ ခု ၊ ဖေဖော်ဝါရီ ၆ ရက် ၊ မွန်းလွဲ ၂ နာရီ ခွဲအချိန်မာ ပင်လုံ မြို့မာကျင်းပရေ သျှမ်းနန့် ကချင်ကော်မတီ အစေးအဝေး၏ ဆုံးဖြတ်ချက် ငါးချက် အခိုင်အမာ ချမှတ်ထားခ ကတ်တေ။

ပထမ တစ်ချက်မာ မြန်မာရို့နန့် အဆင့်အတန်း အခွင့်အရီး၊ တန်းတူရပိုင်ခွင့် ဟိရီး၊ တန်းတူ ဒီမိုကရေစီ ကျကျ ခံစားခွင့် ဟိရီး၊ ပဥ္စမ တချက်မာ လွတ်လပ်ရီး ရဟိပြီးသည်နောက် မြန်မာ ပြေထောင်စုမှ ကျွန်ုပ်တို့ အချိန်မရွေးခွဲထွက်ခွင့်ဟိမေ ဆိုရေ အချက်တိကို အာမခံချက်ရအောင် ကြိုးပမ်းကတ်တေ။ ဖေဖော်ဝါရီလ ၇ ရက်နိ မိုးထောက် ၉ နာရီ အချိန်မာ ပင်လုံမြို့မာ ကျင်းပရေ ချင်း၊ ကချင်၊ သျှမ်း ပူးတွေး ကော်မတီ၏ ဆုံးဖြတ်ချက်ကိုကြေ့ ၁။ (က) သျှမ်း၊ ကချင်၊ ချင်း၊ ကိုယ်စားလှယ် များပါဝင်ရေ တောင်တန်းသားများ စေးလုံးညီညွတ်ရီး အမှုဆောင် ကော်မတီတရပ်ကို ဖွဲ့စေး၊ တေထောင်ရမေ၊ ၄င်းအမှုဆောင် ကော်မတီမာ တောင်တန်းသားများ ရို့နန့် မြန်မာပြေ အစိုးရရို့ အကြားမာ ပေါ်ပေါက်သမျှသော ပေါ်လစီ ဆိုင်ရာကိစ္စ အားလုံးနန့် စပ်ချက်လို့ အဆုံးအဖြတ်ပီးနိုင်ရေ အာဏာအပြေ့အစုံဟိရမယ်။ (ကူး၊ ဘော်၊ လှ၊ မျိုး၊ ပြေထောင်စု မြန်မာနိုင်ငံဝင် စာချုပ် စာတမ်းများ ၁၉၆၈ ခု နှာ ၂၄၇၊ ၂၄၈၊ ၂၄၉ )။ ယင်းနောက် ဗမာကိုယ်စားလှယ်ရို့နန့် “တောင်တန်းသားများ စေးလုံး၊ ညီညွတ်ရီးအဖွဲ့” (တစညဖ) နန့် ဖေဖော်ဝါရီ ၁၂ ရက်နိမာ ပင်လုံစာချုပ်ကို ချုပ်ဆိုကတ်တေ။ ယင်းစာချုပ် ချုပ်ဆိုပြီးမှရာ ချင်း၊ ကချင်၊ သျှမ်းရို့က ဗမာ့ လွတ်လပ်ရီး တောင်းဆိုချက်ကို ထောက်ခံကတ်တေ။ ယကေလေ့ အထက်ဖော်ပြပါ ဆုံးဖြတ်ချက်ရို့က ကိုယ်ပိုင်ပြဌာန်းခွင့် ( Self-identity)ပြတ်ပြတ်၊ သားသား ဖော်ထုတ်ပြသထားရေ။ ၂၀ ရာစု ပထမပိုင်း ရခိုင်ခေါင်းဆောင်ရို့မာ ကိုယ်ပိုင် ပြဌာန်းခွင့်ကို တခါချေလေ့ တရားဝင်ပြော ဆိုစွာကို မတွေ့ခရ။

နောက် ကယားပြေကလေ့ သူရို့ ကိုယ်ပိုင် ပြဌာန်းခွင့်ကို ပြေထောင်စု မြန်မာ နိုင်ငံတော် ဖွဲ့စေးအုပ်ချုပ်ပုံ အခြေခံ ဥပဒေမာ အတိအကျ ဖေါ်ထုတ်ထားရေ။ ကရင် အမျိုးသားရို့ဆိုကေ ၁၉၄၈ ခု ဖေဖေါ်ရီလ ၅၊ ၆၊ ၇ ရက်မာ ညီလာခံသဘင်ကြီး ကျင်းပပြီးကေ ကရင် ကိုယ်ပိုင် ပြဌာန်းခွင့်ကို ရဟိလို့။

ရခိုင် ပြေကား ကိုယ်ပိုင် ပြဌာန်းခွင့်နန့် အချုပ်အချာ အာဏာပိုင်ဆိုင်မှု ဆုံးနီစွာရေ နှစ်ပေါင်း ၂၀၀ ဟိဖို့ရာ။ ၁၈ ရာစု ကိုလိုနီ ကျွနဘေးဝသို့ အမျိုးသား စေးလုံးညီညွတ်မှု ပြိုကွဲခလို့ ကျဆင်းခရေ အခါကပင်၊ အမျိုးသား တော်လှန်ရီးလုပ်လာစွာ ၁၉ ရာစု တလျောက်လုံးဖြိုက်တေ။ ၂၀ ရာစု အစပိုင်းတို့ရောက်တေအခါမှရာ လမ်းကြောင်းရောထွီးလာခရရေ။ ကိုယ်ပိုင် ပြဌာန်းခွင့် ကိုလေ့သတိမရ ။ အဂု နုအတ္တလီ စာချုပ်အရ ဗမာလွတ်လပ်ရီးရရေအခါ ဗြိတိသျှ လက်အောက်ခံ ရခိုင်ပြေရေ ဗမာလက်အောက်ခံ ရခိုင်ပြေ ဖြိုက်လာရေ ။ ကျွန်ပုန်းကိုလိုနီ နိုင်ငံဖြိုက်လာရရေ။ ယင်းကြောင့် ချင်း၊ ကချင် ၊ သျှမ်း၊ ကယား၊ ကရင်၊ ဗမာရို့၏ အမျိုးသားလှုပ်ရှားမှုများ၊ အမျိုးသား တော်လှန်ရီးများရို့ကို၄င်း၊ သရုပ်ခွေးလီလားဖို့ကောင်းယာ။ ကိုယ်နိုင်ငံကို အမျိုးသားဂုဏ်ကို ဆောင်ပြီးကေ ကိုယ့်လူမှုအဖွဲ့အစေးအထေးမာ ကိုယ့်အချုပ်အချာအာဏာကို အောင်မြင်စွာ ချမှတ်ထားရရေဆိုစွာကို လေ့လာဖို့ကောင်းယာ။ အချုပ်အချာအာဏာမေ့ရေ လူအဖွဲ့အစေးတရပ်မာ ကိုယ့်ပိုင်

ပြဌာန်းခွင့်လေ့မဟိ အမျိုးသား အမွီအနှစ်တရပ်မှာ အချုပ်အချာမဟိကေ လွတ်လပ်မှုလေး ဆုံးယှုံးရရေ။ ယင်းပိုင် အမျိုးသားမှာ အနာဂတ်မဟိနိုင်။ ဒေနီ ရခိုင်အမျိုးသားမှာ အချုပ်အချာ အာဏာမဟိ၊ ကိုယ်ပိုင် ပြဌာန်းခွင့်မဟိ၊ လွတ်လပ်မှုမဟိ ၊ အနာဂါတ် မဟိဖြို့က်နီရရေ။ အနာဂါတ် မဟိကေ ရခိုင် ဆိတ်သုဉ်းရဖို့ ။

ရခိုင် လူ့အဖွဲ့အစေးရေ တေနီတေခါမာလေး လက်နန့်ဖဝါးရာ ဟိရေ။ နိုင်ငံတနိုင်ငံမှာ နိုင်ငံရီးအတွက်မှားကေ ထိုနိုင်ငံ၏ အမျိုးသားရီး တရပ်လုံးအတွက် အသက်အသွီး၊ အရိုးကိုပီးဆက်လို့ မကုန်လောက်အောင် ဖြို့က်လာရရေ။ ခေါင်ဆောင်တကွက်မှားကေ ၊ နောက်လိုက်၏ အသက်ပေါင်းများစွာ အိုးအိမ်ပေါင်းများစွာ ပျက်စီးလားရရေ။ နောင်လာ နောက်သားများ ကမ်းလားရရေ။ တိုင်းပြေ၏ ရုပ်သမိုင်းကို ဂဂုမစိုက်ကေ တော်လှန်ရီး တရပ်လုံးမှာလေ့ အလွေအသွေ ပျက်စီးကျရရေ။ တော်လှန်ရီး တရပ်ပျက်စီးလားကေ တိုင်းပြေမှာ သူပုန်၊ သူကန် ဝါဒဝင်လာရေ ရခိုင်ပြေမှာ ယင်းပိုင် ဖြို့က်ရရေ။ အဂုအခါမာဆိုကေ ရခိုင် တော်လှန်ရီးပါတီများမှာ စိုက်ရီးသီနေရေ။ နိုင်ငံရီးပြိုနီရေ။ စီးပွားရီး၊ ခြစားနီရေ ၊လူမှုရီး၊ ယိုင်ကျေးမှု ဆိတ်သုန်းနီရေ ၊ တရက်ထက်တရက် လုံးပါးပါးလာရေ ။

အမျိုးသား တော်လှန်ရီးအတွက် စေးရုံးရီး လုပ်ရဖို့ကာလမှာ (၈) ဝံသာနု လုပ်ငန်းတိ လုပ်ဆောင်ရဖို့ အချိန်ကာလမှာ တော်လှန်ရီး မရင်ကျက်ဘေးနန့် ပြေသူဒီမိုကရေစီ တော်လှန်ရီးကို ယင်း၂၀ ရာစု ပထမပိုင်း ရခိုင် တော်လှန်ရီးတိ လုပ်ပိုက်ခလို့ တော်လှန်ရီး သားချောလားရရေ။

၁၉၄၉ ခု နှစ်လောက်မှာ ဗမာပြေ ကျန်နှစ်ပါတီက ဦးဆောင်ပြီးကေ ပြေသူ ဒီမိုကရေစီ ညီညွတ်ရီး တပ်ပေါင်းစု ဗဟို စေးရုံးရီးကော်မတီ ဖွဲ့စေးလိုက်တေ။ ယင်းစေးရုံးရီးအောက်မှာ ရခိုင် တော်လှန်ရီးပါတီ ပါဝင်လခပြန်ရေ။ ရခိုင်ပြေ အတောအတွင်းမာလေ့ ပြေသူ ဒီမိုကရေစီတပ်ပေါင်းစု ပေါ်ပေါက်လာရေ။ ပလက်ဝ၊ ကျောက်ဖြူ၊ သံတွေး ခရိုင်ရို့မှာ ရခိုင် တော်လှန်ရီး တပ်ပေါင်းစုက သိမ်းလိုက်ပြန်ရေ။ စိုက်တွေမြို့ကိုပေလို့ စိုက်တွေ တခုလုံးကိုလေ့ သိမ်းလိုက်ပြန်ရေ။ ၁၉၅၀ ခုမှာ ဆိုကေ စိုက်တွေမြို့မှအပ တပြေလုံးကို ရခိုင် တော်လှန်ရီးပါတီများ သိမ်းပိုက်လိုက်တေ။ ရခိုင် အမျိုးသား တော်လှန်ရီးဖြို့က်တေ ကိုယ်ပိုင် ပြဌာန်းခွင့်မှုအတွက် အချုပ်အချာအာဏာအတွက် ရေးရေး၊ တောက်တောက် တိုက်ပွေးဝင်နီတုန်းဖြို့က်တေ။ ကရင်ပြေ ကရင် အမျိုးသားအတွက် အခွင့်အရီးတို့ မှန်မှန်၊ ကန်ကန် တောင်းဆိုတိုက်ပွေးဝင်နီတုန်း ဖြို့က်တေ။

ယင်းပိုင် အချိန်မှာ ရခိုင်ပြေမှာ ရခိုင်ခေါင်ဆောင်ရို့က ပါတီ ၃–၄ ခုနန့် ပြေသူ့ ဒီမိုကရေ စီတော်လှန်ရီးကို ဗမာ ဌာနချုပ် အသီးသီးတို့၏ ညွှန်ကြားချက်အတိုင်း ရေးရေးတောက်တောက် တိုက်ပွေးဝင်နေတုန်းဖြို့က်တေ။ နောက်တခုက ပါကိစ္စတန်က ရခိုင်ပြေတို့ ဝင်လာရေ။ ပါကိစ္စတန် ကုလားများက အစ္စလန် ဘာသာရီးကို အခြေခံပြီးကေ ရခိုင် မယူကမ်းခြေမှာ ကျိူင်းမြောင်ရေ ပဒေသရိုက်လူမျိုးရီး၊ တော်လှန်ရီးကိုလာလုပ်တေ။ ရခိုင် ဗုဒ္ဓဘာသာရဟန်းများ၊ ရခိုင်အမျိုးသား၊ သမီးများကို ဖမ်းဆီးပြီး ချုပ်နှောင်ထားပြီးကေ အမျိုးမျိုးစော်ကားရေ။ ယင်းတော်လှန်ရီး ပါတီမှာ “မူဂျာဟဒ်” ပါတီ လို့နာမေခံရေ။ ရခိုင်ကို ရောကုလားကိုပါနှိပ်စက် စော်ကားရေ။ မူဂျာဟိဒ်ခေါင်ဆောင် ကာဆိမ်းမာဆိုကေ မယူကမ်း၊ မင်္ဂလာကြီးတောင်မှာ ခံတပ်ကြီးဆောက်လို့ ရွှေသဖူဆောင်ပြီးကေ ရာဂျာ ဘွဲ့ကိုခံရေ နောက်မူဂျာဟိဒ် ပဒေသရိုက် တော်လှန်ရီး ပျက်စီးလားခရေ ကာဆိမ်းလေး ပါကိစတန် အထေးသို့ ထွက်ပြီးလားခရေ။ နောက်ပိုင်းမှာ လုပ်ကြံ၊ သတ်ဖြတ်ခြင်းကိုခံလိရရေ။

ရခိုင်ပြေ တပ်ပေါင်းစုလေး ဗမာပြေက တပ်ပေါင်းစုပြိုကွဲရေခါ ပြိုကွဲပြန်ရေ။ ဒီမိုကရေစီ ထားခသမျှ နေမြေတိကို လက်လွှတ်ခရရေ။ နောက်ဆုံးမှာ ခေါင်ဆောင် အချင်းချင်းမကိုက်လို့ ဗမာ ရေးဘော်အများအပြား သီဆုံးခရရေ ။ကျိုးကန်း၊ ပျက်စီးကတ်လိရေ။ လူမှုရီး၊ စီးပွားရီး ကျဆင်းလာခရေ ။ယင်းနန့် ၁၉၈၅ ခုမှာ ဆရာတော်ကျန်လိုက်ကတ်တေ။။ မူဂျာဟိဒ် အကြွင်းအကျန်တိကလေး လက်နက်ချလိုက်ကတ်တေ။ ၁၉၅၈ ခု မာဆရာတော် စိန္တာ၏ ပြေသူ့ လွတ်မြောက်ရီးပါတီ၊ ဗိုလ်ကြီးကြာလှအောင်ရို့ ဦးဆောင်ရေ “ပြေသူ့ရေးဘော်ပါတီ” ရေးနီ ပုံပေါက် သာကျော် ရို့ခေါင်ဆောင်ရေ အလံနီပါတီ အများစု၊ ဗမာပြေ ကွန်မြူနိုက် ပါတီဝင်အများစုရို့ ဖဆပလ အစိုးရပါးမှာ အလင်းဝင်လိုက်ကတ်တေ။

တောတွင်းမာဆိုကေ ဗမာပြေ ကွန်မြူနိုက်ပါတီ (ရခိုင်တိုင်း) နန့် အလံနီပါတီ အချို့ရို့ရာ ကျန်လိုက်ကတ်ကေ ။ မူရျာဟိုက် အကြွင်းအကျန် တိကလေ့ လက်နက်ချလိုက်ကတ်တေ။

## ကျွန်းပုန်းခိုက်

## (က) ဒုတိယ ရခိုင်ဝံသာနုခိုက် (အမျိုးသားတော်လှန်ရီး၏ စေးရုံးရီးကာလ)

၂၀ ရာစု ဒုတိယပိုင်းသို့ရောက်တေအခါ ရခိုင်လူ့မှုအဖွဲ့အစေးရေ ကိုယ်ပိုင်ပြဌာန်းခွင့်နန့် အချုပ်အချာ အာဏာပိုင်ဆိုင်ရီးကို ဂရုပြုလာကတ်တေ။ အနက်အနဲ့ထားလာကတ်တေ။ ရခိုင့်လူ့မှုအဖွဲ့အစေး၏ ရုပ်လက္ခဏာကို အပြိန်းသုံးသပ်ကြေကေ ကိုလိုနီကျွန်လက္ခဏာ၊ လေသမားလက္ခဏာ၊ ဗျူရိုကရေစီ၊ မင်းမဲ့ ဂိုဏ်းစွဲ၊ ဒေသစွဲ ၊ဘာသာခွေး၊ လူမျိုးစွဲ တော်လှန်ရီးစခန်းလွှန်မှု၊ ရာထူးမက်မောမှုဆိုရေ လက္ခဏာဆိုးပေါင်းများစွာကို တွိ့ရရေ။

ရခိုင်လူမှုအဖွဲ့အစေးမှာ ကိုလိုနီကျွန်လက္ခဏာဖြို့က်တေ။ ခိုက်မမှီခြင်း၊ စီးပွားရီး၊ ယိုင်ကျေးမှု၊ ပညာရီးရို့မှာ အောက်ကျနောက်ကျ ဖြို့က်နီရခြင်းဆိုရေ ကောင်းမှုတိနန့်ပြေ့နီရေ။ လေသမားလက္ခဏာဖြို့က်တေ၊ စေးကမ်းမဲ့ခြင်း ၊ စုပေါင်းလုပ်ကိုင်မှုနေးပါးခြင်း ၊တသီးပုဂ္ဂိုလ ဆန်ခြင်း ၊ခိုက်မမီခြင်းဆိုရေ မကောင်းမှုတိပြေ့နီရေ။ အထက်က အောက်ကို အနိုင်ခံခြင်း ၊ပြေ့စွာကိုဂရုမစိုက်ခြင်း ၊အများဆန္ဒကိုဂရုမစိုခြင်းဆိုရေ ဗျူရိုကရေစီဆိုးများပြေ့နီရေ။ စေးကမ်းလုပ်ကိုင်ခြင်း အမိန့်အာဏာကို ဂရုမစိုက်ခြင်းဆိုရေ မင်းမဲ့ဝါဒ၏ လက္ခဏာဆိုးတိပြေ့နီရေ။ ခံယူချက်၊ ရပ်တေချက်၊ ဦးတေချက်နန့် ကိုယ်ရုပ်နန့် ကိုယ်ညီရေ သဘောတရားကို မကိုင်စွဲဘဲ၊ အများအကျိုးကိုမလိုက်ဘေး ကိုယ်အစွဲ ၊ကိုယ်ဂိုဏ်ဖွေး လန်းနီရေ လက္ခဏာဆိုးတိဟိနီရေ။ ကိုယ်ခရိုင်၊ ကိုယ့်ဒေသကိုရာ ထန်ထန်ရီးပြီးကေ အမျိုးသားစေးလုံးညီညွှတ်ရီးကို တိုက်ရိုက်ဖြို့က်ဖြို့က် ၊သွေဝိုက်လို့ဖြို့က်ဖြို့က် မလုပ်ခကတ်။

ရခိုင်ပြေတို့ ဝင်ရောက်နီ ထိုင်ကတ်တေ နိုင်ငံခြားသားများမှာ ရခိုင်တိုင်းရင်းသား အဖြို့က်စုရုံးပြီး ရခိုင်ပြေနိုင်ငံကို သီးခြားပြေနေအဖြို့က် ထူထောင်ချင်ကတ်သိရေ။ ဘာသာရီးအရ ခွဲခြားချင်ကတ်သိရေ။ ယင်းပိုင် လုပ်နီကတ်စွာကို စခန်း လွှန်ပါတီက မှောက်မှောက်၊ ယှားယှား အားပီး ထောက်ခံနီကတ်သိရေ။ ယင်းပိုင် အနိဌာရုံတိပြေ့နီရေ။ နိုင်ငံခြားသား တဦးက တိုင်းရင်းသား အဖြို့က်ခံယူပြီးနောက် ကိုယ်ခံယူရာတိုင်းပြေကို သိုက်စာစောင့်ရရေ။ ယင်းနိုင်ငံသားများနန့် ဆိုးအတူ ကောင်ဖက်ခံရရေ။ အယင်က ကိုယ်မိခင်နိုင်ငံအတွက် အကျိုးပြုပြီးကေ ဂုကိုယ်နီရေ နိုင်ငံအကျိုးယုတ်စီဖို့ အလုပ်လုပ်ကေ ယင်းနိုင်ငံကို သိုက်စာ ဖောက်မှုဖြို့က်တေ။ ယင်းပိုင် လုပ်ငန်းဆိုးတလေ့ပြေ့နီရေ။

ရခိုင် လူမှုအဖွဲ့အစေးမှာလေ့ အမျိုးသားရီးကို ကိုင်စွဲရဖို့အစား လူမျိုးရီးကို ကိုင်စွဲထားကတ်သိရေ။ အချို့ သူကြွေ၊ သူဌေးရို့ဆိုကေ မျိုးနွယ်စု ဆန်နီကတ်သိရေ။

တော်လှန်ရီး စခန်းလွှန်မှုရေ အဆိုးဆုံးဖြိုက်တေ။ ရခိုင် အမျိုးသားကို ရခိုင်ပြေမာ ဆုတ်သုန်းစီရေ။ ၎င်းရို့ တမျိုးသားလုံးကို ဓားနန့် ပိုင်းသတ်တေ တရားဆိုးပင်ဖြိုက်တေ။ အမျိုးသား တော်လှန်ရီးမာဆိုကေ နေချဲ့ရေ လူမျိုးစုနန့် ကျွန်ပြုခံရရေ။ လူမျိုး၏ ပတိပက္ခရေ အဓိက ပတိပက္ခဖြိုက်တေ။ အေပတိပက္ခကို အမျိုးသားစေးရုံးညီညွတ်ရီးနန့် မောင်းနှင့် ထုတ်ရရေ။ ဂုပိုင်စွာမာ စခန်းလွှန် တော်လှန်ရီး ပါတီတိက လူတန်းစား ပတိပက္ခတိကို ထိုးတင်လာရေအခါ ရခိုင်ပြေမာ ပတိပက္ခ နှစ်ခုဖြိုက်လာရရေ။ ယင်းနန့်ဇ အဓိက ရန်သူပျောက်လားခရရေ ။ ပိုက်မှတ် ပျောက်လားခရရေ။ အမျိုးသား စေးလုံးညီညွတ်ရီး ပျောက်လားခရရေ။ ယင်းကြောင့် စခန်းလွှန် တော်လှန်ရီးပါတီ ရို့ရေ ရခိုင်ပြေကို အဆုံးသတ်နီရရေလို့ မှတ်ချက်ချရဖို့ဖြိုက်တေ။ ဂုပိုင် အဖြိုက်အပျက်ဆိုးတိ ပြေနီရေ ပိုင် အချိန်အခါမဟုတ် ပေါ်ပေါက်နီရေ လူတန်းစား ပတိပက္ခရေ ဗမာနေချဲ့ရို့ အတွက် အပေါက်တခု ဖြိုက်နီရေ။

ယင်းအပြင် တော်လှန်ရီး စခန်းလွှန်မှုကြောင့် မိတ်ဖက် ပတိပက္ခနန့် ရန်ဘက် ပတိပက္ခ မကွဲပြားဖြိုက်လားခရရေ။ အမျိုးသား စေးရုံးရီးလုပ်မရ ဖြိုက်နီရရေ။ အမျိုးသား တော်လှန်ရီးက ရခိုင်မြီသျှင် ပဒေသရိုက်ကို မိတ်ဘက်ပတိပက္ခ၊ နေချဲ့ ယှိုင်ကျေးမှုကို ရန်ဘက်ပတိပက္ခလို့ ချလာရေအခါ လူတန်းစား တော်လှန်ရီးက ဒုတိယ စခန်းဆင့် လုပ်နေးအတိုင်း ရခိုင် ပဒေသရိုက် ယှိုင်ကျေးမှုကို ရန်ဘက်ပတိပက္ခ လိုမြင်လာရေ။ ချုတ်ချဖက်ဆီးလာရေ။ အမျိုးသား တော်လှန်ရီးက ဝါဒမတူကေလေ့ နေချဲ့ဆန့်ကျင်ရီးအတွက် ရခိုင် အချင်းချင်း ညီညွတ်ရီးအတွက်ယှိုင်ပြိုင်စေးလုံးလာရေအခါ လူတန်းစား တော်လှန်ရီးက ဝါဒမတူလူကို ဒုတိယ စခန်းဆင့် အတိုင်း တိုက်ခိုက်ခြီမှုန်းရီးကို ချမှတ်လာရေ။ ယင်းအခါ လူတန်းစား တော်လှန်ရီးလို့ ပြောရေ လူတိ ဂိုဏ်းဂဏ ဝါဒီအဖြိုက် ပြောင်းလဲလားခရေ။ အမျိုးသား ရီးသမားက မတိုက်ဘေး မတူကေ ပြိုင်ဆိုင်ရေ အတွက်တာကြောင့် အပျော့စား လိုလိုဖြိုက်လာရရေ။ လူတန်းစားသမား အခေါ်ခံ လူတိက မတူကေ အကန်းကန်း၊ အယမ်းယမ်း၊ တိုက်ခိုက်ခြီမှုန်းလို့ အပြင်းစားလို့ ဖြိုက်လာရရေ။ အမှန်ကား အမျိုးသား တော်လှန်ရီး လမ်းကြောင်းမာ ရှင်းရဖို့ပင် ဖြိုက်တေ။ နောက် အမျိုးသား တော်လှန်ရီးက လူတန်းစား လေးရပ်ကို စေးလုံးယူရေ အခါ လူတန်းစား တော်လှန်ရီးက လူတန်းစား နှစ်တန်းစားကို စေးလုံးလို့ ကျန် နှစ်တန်းစားကို တိုက်ခိုက် လိုက်တေအခါ ရခိုင် အမျိုးသား တော်လှန်ရီးအတွက် စေးလုံး ညီညွတ်ရီး မရနိုင်ချေး ဖြိုက်နီရေ။

နောက် စခန်းလွှန် သမားရို့၏ စာအုပ်ကြီး ဆန်မှုရို့ကြောင့် ရခိုင်သမိုင်း၊ ရခိုင် ယှိုင်ကျေးမှု၊ ရခိုင် လက္ခဏာရို့ကို ဖော်ထုတ်နီရာမာ ဖြိုက်ဖြိုက် ၊ မြင့်တင်နီရာမာ ဖြိုက်ဖြိုက်၊ တိုက်ပွေးဝင်နီကတ်ရရေ ။ ဗမာနေချဲ့ရို့နန့် မတိုက်ဘေး သူရို့နန့်ဘေး ရင်ဆိုင်နီကတ်ရရေ။ နေချဲ့ပါးသို့ အမျိုးသားရီးမြားကို ပိုက်လိုက်တိုင်း သူရို့ကချေး ကြားက ခုခံစွာကို တွို့ဟိရရေ။

ဂုပိုင် အနိဌာရုံ ပေါင်းစုံနန့် ပြေစုံနီရေ ရခိုင်ပြေရေ ၁၉၄၇ခုမာ နအတ္တလီ စာချုပ်အရ ဗမာကျွန်ပုန်း ကိုလိုနီ နိုင်ငံတခု ဖြိုက်လားခရေ။ ကျွန်းပုန်းခိုက်ရေ ၂၀ ရာစု အလေလောက်မာ အစပြုလာရေ၊ ဒေကာလမာ **YMBA** ခိုက် ရခိုင် ခေါင်းဆောင်များ၊ ရခိုင် တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစေးအလုံး ခေါင်းဆောင်များ (ဝါ) ဖဆပလ ရခိုင်တိုင်း ခေါင်းဆောင်များ အထေးက အများစုရို့မာ ပြေသူနန့် ကင်းလွှတ်စွာကို တွို့ရရေ။ ယင်းခေါင်းဆောင် အချို့မာ ရခိုင်ပြေကို စွန့်ပိုက်ထားခယာ ဖြိုက်တေ။ တချို့မာ လူထုဆန့်ကျင်မှုကို အမြဲခံစားလားခရရေ။ ပြေသူ သိုက်စာဖောက်စရင်းဝင် တိလို့တောင် သံချပ်ထိုး ခံလာကတ်ရစွာကို တွို့ရရေ။

တောတွင်း ခေါင်းဆောင်ရို့မာကား၊ ပါတီတွင်းတိုက်ပွေး ၊ တပ်ပေါင်းစုတွင်း တိုက်ပွေး၊ မြို့သိမ်းတိုက်ပွေးကို ဆင်နွှေးကတ်ပြီးကေ လက်နက်ချ အလင်းဝင်ကတ်တေ အခါမာ ပြေသူနန့်ကင်းကွာ လားစွာကို တွို့ရရေ။ အထူးသဖြင့် ယင်းခေါင်းဆောင်အချို့ရို့ ပါလီမန်ရွေးကောက်ပွေး၊ မြူနီစပါယ် ရွေးကောက်ပွေးရို့မာ အပြတ်အသတ်ရှုံးနိမ့်စွာကို ကြွေကေ သိနိုင်ရေ။ နောက်တချက်ကလေ့ ယင်းခေါင်းဆောင်တိမာ ပြေနေကြွေးကြော်သံနဲ့ ရွေးကောက်ပွေးနိုင်နီရေ ။ ရတည အဖွေ့နန့် ထိပ်တိုက်လာတွိလို့ မစားသာယာ ဖြိုက်လားခရေ။

ရတညကား ရခိုင် ပါတီမန်အမတ်များ ထူထောင်လိုက်တေ အဖွေ့ဖြိုက်တေ။ ၁၉၅၁ မာ ပြေထောင်စု သမတ မြန်မာ နိုင်ငံတော်မာ ဒုတိယ အကြိမ်မြောက် ပါလီမန်ရွေးကောက်ပွေးကို ကျင်းပရေ။ ယင်းအခါက ၁၉၄၇ ခု ပထမ အကြိမ်မြောက် ရွေးကောက်ပွေးတုန်းက ပြိုင်ဘေးက်မဟိ အနိုင်ရလားခရေ။ ဖဆပလ အမတ်ဟောင်းများရေ အပြတ်အသတ်ရှုံးနိမ့် လားခရေ။ ရခိုင် ပြေအတွက် ပြေသူလွှတ်တော်အမတ် ၁၈ နေရာ ၊ လူမျိုးရီး လွှတ်တော်အမတ် ၅နီရာ အနက် တသီးပုဂ္ဂိလ ရခိုင် အမတ်များ အရွှီးခံရရေ။ ယင်းအမတ်များက “ ရခိုင်ပြေ ပါလီမန်အမတ်များအဖွေ့ ’’ကို ဖွေ့ကတ်တေ။ ယင်းကတဆင့် ၁၉၅၂ ခု စိုက်တွေ သဘော်ကျင်းမာ ယင်းအမတ်များဦးဆောင်ပြီးကေ “ရခိုင် ပြေလုံးဆိုင်ရာ တိုင်းရင်းသား ညီညွတ်ရီး အဖွေ့ချုပ် (ရတည)” ကို ဝတီလေး ရပ်လုံးဆိုင်ရာ ညီလာခံကြီးက ဖွေ့စေးလိုက်တေ။ ရတည ၏ မဟာဗျူဟာမာ ဒေသအလိုက် ကိုယ်ပိုင် အုပ်ချုပ်ရီး (**Regional Autonomal**) ဖြိုက်တေ။ နေးဗျူဟာမာ ပါလီမန်တွင်း တိုက်ပွေး ဝင်ဖို့ပင်ဖြိုက်တေ။ ရတည ကို ဦးကျော်မင်း ၊ ဦးဘမြိုင်၊ ဦးမောင်ကျော်ဇံ စရေ တိုင်းရင်းသား မျိုးချိုက်၊ ပြေချိုက် ခေသျှင်၊ ပညာတတ် သျှောင်ပေါက်စရို့က ဦးဆောင်ခကေလေ့ အမျိုးသား တရပ်လုံးကို နိုင်ငံရီး သဘောတရား တရပ်ကို ချမှတ်ပြီးကေ ပိုင်ပိုင်နိုင်နိုင် မစုစေးနိုင်ခ။ ရခိုင် ရုပ်ဘဝနန့် ကိုက်ညီရေ အမျိုးသား ရီးကို ကြွေးကြော်ခလို့ လူထုထောက်ခံမှုကို လှိုက်လှိုက်၊ လှဲလှဲ ရဟိနိုင်ခစွာ ရာဖြိုက်တေ။

ရတည ပေါ်ပေါက်လာပြီးကေ ရခိုင်ပြေမာ ပြေနေလှုပ်ရှားရီး ၊ အမျိုးသား ရီးလှုပ်ရှားရီး၊ ယှိုင်ကျေးမှု လှုပ်ရှားရီး၊ အစပျိုးလာရေ။ အမျိုးသားရီး လှုပ်ရှားမှု အရပ်ရပ်မာ ဗမာနေချဲ့ရို့နဲ့ အမျိုးသားရီးဘောင် ခွဲလာကတ်တေ။ ရခိုင့် အနုပညာ ငါးရ ပ်ဖြိုက်တေ။

၁။ ကိုးကွေမှုဆိုင်ရာ ယှိုင်ကျေးမှု၊

၂။ ဘာသာ စာပီဆိုင်ရာ ယှိုင်ကျေးမှု၊

၃။ သုခုမ အနုပညာ ဆိုင်ရာ ယှိုင်ကျေးမှု၊

၄။ ဆင်ယင်၊ ထုံးဖွေ့မှုဆိုင်ရာ ယှိုင်ကျေးမှု၊

၅။ ပိသုကာဆိုင်ရာ ယှိုင်ကျေးမှုစရေ ရခိုင့် အမျိုးသားလက္ခဏာ အရပ်ရပ်တို့ကိုလေ့ တဆက်ဆက်ပေါ်ထွက်လာ ကတ်တေ။ ရခိုင် ရီနေဆန့်၊ ရခိုင် အတ်ဖလော်ရီဆန့် (**Arakan renaissance and Rakhine afflorercance** ) လုပ်လာကတ်တေ။ အေဒီ ၁၇၈၈ ခုမာ ရခိုင့် လက္ခဏာအရပ်ရပ်ကို ဗမာ ဘုရင်မောင်ဝိုင်းက အစအဆုံး ဖျက်ပိုက်ခကတေးက တိမ်ကော ဆိတ်သုန်းလားခရစွာ အဂုအခါမာ တဆိတ်ကေလောက် အညွန့်တက်ခွင့်ရလာရေ။ ပြေသူတရပ်လုံးကလေ့ အားတတ်သရော ပါဝင်လှုပ်ရှားလာကတ်တေ။ ရခိုင် အမျိုးသားရီးကို ဂရုမစိုက်ကတ်ဘေး စခန်းလွှန် (**Nibiliats**) အပ အားလုံး ရခိုင် အမျိုးသား တိုးတိုးတက်တက် လက်ခံလာကတ်တေ။ ပြေနေလှုပ်ရှားရီးကို ရတည ပါလီမန်တွင် တိုက်ပွေးနန့် တိုက်ပွေးဝင်ရေ။ ဗမာ သံဃာ့သမဂ္ဂ သောတုဂန် အဖွေ့ချုပ် ရခိုင်ပြေ အမျိုးသားတပ်ပေါင်းစု (ရမညတ) ရို့ကလေ့ ဉပဒေတွင်း တိုက်ပွေးမျိုးစုံနန့် တိုက်ပွေးဝင်ကတ်တေ။ ရမညတရေ ၁၉၅၈ ခု ပြေသူလွှတ်မြောက်ရီးပါတီ၊ အလံနီ

ကွန်မြူနိုက်ပါတီဝင်အများစု၊ ဗမာပြေ ကွန်မြူနိုက် ပါတီဝင်အများစုရို့ အလင်းဝင်ပြီးနောက် ဥပဒေတွင်းမာ ဖွေ့စေးလာရရေ အဖွေ့ဖြိုက်တေ။ လူတန်းစား အသိဟိရေ တိုးတက်တေ အဖွေ့တခုဖြိုက်တေ။ တော်လှန်ရီး စခန်းဆင့်တဆင့် ဆုတ်လာရေ။ ပုဂ္ဂိုလ်များ ထူထောင်လိုက်တေ အဖွေ့အစေး တခုလေ့ ဖြိုက်တေ။

ရတညနန့် လက်တွဲ့ တိုက်ပွေးဝင်လို့ "တိုင်ရင်းလူငေအေဖွေ့" ဟိရေ။ ရမညတနန့် လက်တွဲ့ တိုက်ပွေးဝင်လို့ "တိုးတက်လူငေအေဖွေ့" ဟိရေ ။ ရမညတ ခေါင်းဆောင်စုနန့် ရတည ခေါင်းဆောင်ရို့မာ ခံယူချက် ၊ ရပ်တေချက်၊ ယုံကြွေချက်။ ဦးတေချက်၊ ရေရွှေချက်ရို့အရ ကွဲပြားမှုဟိရေ။ လက်ဝဲ၊ လက်ယာ အသွင်ကိုအသီးသီး ဆောင်နီကတ်တေ။ ယင်းပိုင်ကွာခြားမှု ဟိကေလေ့ ဒေတခါမာကား ငါ့ရို့ခေါင်းဆောင်များရို့ရေ လက်ဝဲ၊ လက်ယာ အဓိက မတင်ထားကတ်ဘေး "ပြေနေရယူရီး" ကို အဓိက တင်ထားကတ်ပြီးကေ အတူတကွပူးပေါင်း ကော်မတီဖွေ့လို့ အလုပ်လုပ်ဆောင်ကတ်တေ။ မဟာ သံဃာ့ သမဂ္ဂီကား နာယက အဖွေ့အနီနန့် အစစအရာရာမာ ကြီးမှူးပီးခရေ။ ယင်းနန့်ဇု ပါလီမန်တွင်း ပြင်တိုက်ပွေးများမာ ထွန်းပြောင်ခရေ။

ယင်းပိုင် လှုပ်ရှားမှုများ အဖက်ဖက်က တိုးတက်လာရေအတွက် ဒေခိုက်ကို ရခိုင် ဝံသာနုခိုက် (ဝါ) ရခိုင် အမျိုးသား စေးရုံးရီးခိုက်လို့ သတ်မှတ်နိုင်ရေ။ ဒုတိယ ကမ္ဘာစိုက် မဖြိုက်ခင်က ရခိုင် တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစေးအလုံး ခေတမာလေ့ ဝံသာနုခိုက် တခိုက် ဖြိုက်ပေါ်နီခရေ အတွက်တာကြောင့် ရခိုင်ပြေမာ ထူးထူးခြားခြား ရခိုင် ဝံသာနုခိုက် နှစ်ခိုက် ဖြိုက်ပေါ်နီခရေ။ ယင်းနန့်ဇု ပထမ ဝံသာနုခိုက်၊ ဒုတိယ ဝံသာနု ခိုက်လို့ သတ်မှတ်ရဖို့ပင်ဖြိုက်တေ။ ဒုတိယ ကမ္ဘာစိုက်ကြီး ဂျပန် တော်လှန်ရီး၊ ဗြိတိသျှ တော်လှန်ရီးရို့ကို အလေးထားပြီးကေ တဖက်တချက်မာ ဂျပန် ဝံသာနုခိုက် ဟောင်းနန့် ခိုက်သစ်လို့ပေါ်ထွန်းကတ်စွာ ရခိုင့် သမိုင်းမာထူးခြားချက်ပင် ဖြိုက်တေ။

ပထမ ရခိုင်ဝံသာနုခိုက်ရေ ဗမာဝံသာနုခိုက်၏ သြဇာမကင်းစွာကို ယင်းခိုက်က စာအုပ်စာတမ်းတိ၊ မှတ်စုတိ၊ ဟောပြောချက်တိ၊ လှုပ်ရှားမှုတိကို လေ့လာသုတေသနပြုပြီးကေကောင်းကောင်း သိသာနိုင်ရေ။ ပြတ်ပြတ်ဝေဖန်ရဖို့ဆိုကေ ယင်း ဝံသာနုခိုက်ဟောင်းရေ ရခိုင်မူ ၊ ရခိုင်ဟန်ကို သာမန်အဖြိုက် လျှုစ်လျူပြုခစွာကိုတွိ့ရရေ။ အထူးသဖြင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို အဓိက မထားဘဲ လုပ်ဆောင်ခကတ်စွာကို တွိ့ရရေ။

ဒုတိယ ဝန်သာနုခိုက်မာ အထက်ကတင်ပြခရေအတိုင်း အရေအတွက်က အရေအချင်းတို့ တဆက်ဆက်၊ တက်လှမ်းလာကတ်စွာကို တွိ့ရရေ။ ရဟန်း၊ သံဃာ ၊ ကျောင်းသား၊ လူကြီး၊ လူငေ၊ အမျိုးသား၊ အမျိုးသမီး၊ လက်ဝဲ၊ လက်ယာ၊ ခမီး၊ သက်၊ မြို၊ ချင်း၊ မရာမာကြီး၊ ဒိုင်းနက်၊ မခွဲခြားဘေး အားလုံး စေးစေးလုံးလုံး လှုပ်ရှားလာစွာကို တွိ့ရရေ။ အထူးသဖြင့် ရခိုင် အမျိုးသား တော်လှန်ရီးကို ဦးတေလှုပ်ရှားနီရေအတွင်း ကိုယ်ပိုင်ပြဌာန်းခွင့်နန့် အချုပ်အချာအာဏာ အတွက် လှုပ်ရှားလာမှုကြောင့် ဖြိုက်ရေ။ ထူးခြားရေ ခိုက်သစ်ဖြိုက်တေ။

နိုင်ငံတနိုင်ငံ၏ ဝံသာနုခိုက်ရေ အမျိုးသား တော်လှန်ရီး၏ ပတိသန္ဓေ တေနီရေ အချိန်မာဖြိုက်တေ။ တော်လှန်ခံရဖို့ နေချဲ့ဝမ်းတွင်းထေးမှာ အမျိုးသား တော်လှန်ရီး ပတိသန္ဓေ ဆွဲယူခြင်းဖြိုက်တေ။ ဒေဝံသာနုခိုက် ပတိသန္ဓေကာလ ကိုယ်မှု၊ ကိုယ့်ဟန် ဖြိုက်ဖို့အရီးကြီးရေ။ အမျိုးသားစိတ်၊ နိုင်ငံရီးစိတ် နိုးကြားလာဖို့အရီးကြီးရေ။ ယင်းပိုင် မဖြိုက်နိုင်ခကေ ယင်းပိုင် မနိုးကြားနိုင်ခကေ တော်လှန်ရီး သားလျှောလားတတ်တေ။ တော်လှန်ရီး တပိုင်း သူပုန်ထေးခင်း တပိုင်း(ဝါ) ဘုံမဟုတ် ပတ်မဟုတ် တော်လှန်ရီးမျိုး ဖြိုက်လားတတ်တေ။ ကိုယ်ရုပ်တရားကို မကိုင်စွဲဘဲ တပါးနောက်လိုက် တော်လှန်ရီးလုပ်ကေ ယင်း တော်လှန်ရီး တပ်မာ ခါးပိုက်ဆောင် အမျှောင်တပ် ဖြိုက်လားရရေ။ ငါ့ရို့၏ ပထမ ဝံသာနုခိုက်မာ အရေ အပြေ့ဝ မရင့်ကျက်ဘေးနန့် ဒုတိယ ကမ္ဘာ့စိုက်ကြီးကို ရင်ဆိုင်လိုက်ရရေ။ ဖက်ဆိတ် ဂျပန်နေချဲ့ကို တော်လှန်လိုက်ရရေ။ ဗြိတိသျှနေချွေ့ကို တော်လှန်လိုက်ရရေ။ ယင်းနောက် ဗြိတိသျှ ကိုလိုနီ ဘဝက ဗမာ့ ကိုလိုနီကျွန်ပုန်း ဖြိုက်လားရရေ။

ယင်းကြောင့် ဗမာနေချဲ့ကို တခါ ဆန့်ကျင်လာရရေ။ ဒေကာလမာဆိုကေ ဝံသာနုခိုက်သိုက် ထွန်းကားလာရေ။ ယင်းကတခါ အမျိုးသား တော်လှန်ရီးကို ဦးတေလာရရေ။ အမျိုးသား တော်လှန်ရီးပြီးမှရာ လူတန်းစား တော်လှန်ရီး တက်လှမ်းရဖို့ပင်ဖြိုက်တေ။ ကမ္ဘာ့ပစ္စွေးမေ့ ခေါင်းဆောင်ကြီးရို့ကလေ့ အမျိုးသား တော်လှန်ရီးမဟိကေ ဆိုချေလစ် တော်လှန်ရီး မဖြိုက်နိုင်လို့ အတိအကျဆိုထားရေ။

ရခိုင့် ဝန်သာနုခိုက်မာ နောက်ထူးခြားချက်တချက် ဟိသိရေ၊ ယင်းအချက်ကား မြို့ထက် ဥပဒေတွင်းမာ ပြေနေ လှုပ်ရှားရီး ဖြိုက်ပေါ်နီရရေအခါ တောတွင်းမာ လူတန်းစား လှုပ်ရှားရီး ဖြိုက်နီသိရေ။ အေလှုပ်ရှားမှု နှစ်ခုရေ ထိပ်တိုက် ပြိုင်ဆိုင်လာရရေ။ တဘက်မာ ဖဆပလ အယောင်သမားတိက "ဗမာပြေထောင်စု" စိတ်ဓါတ်နန့် မှိုင်းချလာကတ်တေ။ နေချဲ့နန့် ကျွန်ပုန်းကိုလိုနီ ရခိုင် ပြေသူရို့အကြားဟိ အမျိုးသား ပတိပက္ခကို ဖုံးကွေဖို့ ကြိုးစားကတ်တေ။ တောတွင်းပါတီ ရို့ကလေ့ ဒေသစွေးစိတ်၊ ပါတီစွေးစိတ်ကို ရက်ရက်၊ စက်စက် ကိုင်ထားပြီးကေ အမျိုးသား ပတိပက္ခကို မှုန်ဝါးစီခရေ။ နေချဲ့ရို့က တခါ ကုလား ဗမာ အဓိကရုန်းကို ဖန်တီးပြီးကေ ရခိုင်ပြေသူ ညီညွတ်ရီးကို ဖြိုခွဲပိုက်ဖို့ ကြိုးစားလာသိရေ။ ယင်း ပြဿနာရေ ရခိုင့် လူမှု အဖွေ့အစေးမှာ ကောင်းကောင်းကြီး အယောက်ပီးခရေ။

ဂုပိုင် အချိန်မျိုးမာ ၁၉၅၈ ခု ဗမာ အစိုးရ အာဏာရ ဖဆပလ အဖွေ့ချုပ် ပြိုကွဲလာရေ။ နု ၊ တင်၊ သန့်၊ လှိုင် ဖဆပလ နန့် ဆွေ၊ ငြိမ်း (ဖဆပလ) လို့ နှစ်ခြမ်းကွဲလားရေ။ ရခိုင် ဖဆပလ ကလေ့ လိုက်လို့ကွဲရေ။ "နုတင်က ပြေထောင်စုပါတီ" (ပထစ) လို့ဖွေ့လိုက်တေ။ ရခိုင် ကလေ့ ပထစ လို့ပေါ်လာပြန်ရေ။ ဆိုင်းဘုတ် အနီအဝါ ၊ထမိန် အနီအဝါ၊ အမျိုးမျိုး ပြောင်းကတ်တေ။ ပါလီမန် တွင်းမာ ဦးဘဆွေက ဦးနု အစိုးရကို အယုံအကြေမဟိ အဆိုသွင်းရေအခါ ဆွေငြိမ်းအမတ်မဲ ၁၀၀ ရနီရေ။ ဦးနု၏ နု ၊ တင် (ဖဆပလ) မဲ ၅၀ ရာရရေ။ ပမညတ မဲ ၄၅ မဲ့နန့် တသီးပုဂ္ဂလမဲ ၂၆ မဲ၊ (ရတည) မဲ၆ မဲပေါင်း ၇၇ မဲက ဝင်ကူလိုက်လို့ ဦးနု ဆက်လက် အာဏာမြဲလားရေ။ ယင်းအခါ ပြေနေရ ယူရီး အတွက် သျှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊ အမတ်ရို့ မျက်မှောက်မာ ရခိုင်ပြေနေ သဘောတူညီချက်ကို ဦးနုနန့် ရတည အမတ်ရို့ လက်မှတ်ထိုးထားကတ်တေ။ သံတွေး၊ ကျောက်ဖြူ၊ စိုက်တွေ၊ သုံး ခရိုင်လုံးမာ ပြေနေ ဆန္ဒပြပွဲများ အုံ့အုံ့၊ ကျက်ကျက်ဖြိုက်လာရေ။

၁၉၆၀ ခု မာ (ပထစ) မဲ အပြတ်နိုင်လို့ ဦးနုအစိုးရ ထပ်မံတက်လာရေ။ ရခိုင် ပြေမာလေး ရတည အဖွေ့အစေး အပြတ်အသတ်နိုင်လို့ ပြေနေလှုပ်ရှားရီးမာ တိုးတက်တင့်တင်းလာရေ။

ဧပြီလ ၅ရက်မာ ဝန်ကြီးချုပ် ဦးနုက အစိုးရ မူဝါဒကိုတင်ပြရေ အခါမာ "သက်ဆိုင်ရာ တိုင်းရင်းသား တွေရဲ့ စိတ်မာ ပြေနေ လိုချင်တဲ့စိတ်တကယ့်နိုက်နိုက်၊ ခါခါရှိကြတယ်ဆိုရင် ရခိုင်ပြယ်နေနှင့် မွန်ပြေနေကို စီစဉ်ပေးပါ့မယ်။ ကျွန်တော်တို့ ကတိ ပေးဖူးပါတယ်။ ဒီမိုကရေစီနေးနှင့်အညီလေးကောင်း၊ ဒေသအတွင်းနေထိုင်ကြတဲ့ ပြေသူလူထုအတွက် အေးအေးချမ်းချမ်း ၊ ချစ်ချစ်ခင်ခင်၊ ပျော်ပျော်ရွှင်ရွှင်၊ အကျိုးရှိရှိ ဖြိုက်စေမည့်နည်းနှင့် အညီလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းရင်းသား ပြေသူလူထုရဲ့ တကယ့် ဆန္ဒကို သိရအောင် ပြုပြီးတဲ့နောက် သိရတဲ့အချက်ကို မူတည်ပြီး ကတိအတိုင်း အစောဆုံးစီမံ ဆောင်ရွက်ပေးပါမယ်။ သက်ဆိုင်ရာ ပြည်သူလူထုရဲ့ ဆန္ဒကို သိအောင် ပြုမူတဲ့ကိစ္စမာ ပြုပုံပြုနည်းကို သတ်မှတ်ပြီး ကျွန်တော်တို့မာ သက်ဆိုင်ရာ ခေါင်းဆောင်များနှင့် တိုင်ပင်ပါမယ်" ပြေနေသစ်များ ထူထောင်ပြီး၊ ပြေနေ သစ်များ ထူထောင်ပီးရီး ကိစ္စကို တင်ပြလားခရေ။

ရခိုင်ပြေနေ၊ မွန်ပြေနေ ထူထောင်ရီးအတွက် ဝန်ကြီးချုပ်၏ ပြေနေ ထူထောင်ရီး ကော်မယှန်းကို ဖွဲ့စေးပြီးကေ အခြေအနေ အရပ်ရပ်ကို စုံစမ်းရေ၊ ဗမာနိုင်ငံ အခြေခံ ဥပဒေကို ပြင်ဆင်ဖို့ ရခိုင်အမတ်များ ကြိုးစားကတ်တေ။ ယင်းပိုင် အခါမာ ဝန်ကြီးရာထူးကိစ္စကြောင့် ရတာညနန့် အဖွဲ့ကွဲရရေ။ ဦးဘကြိုင်အုပ်စု၊ ဦးကျော်ငြိမ်းအုပ်စုလို့ ပေါ်ပေါက်လာရေ။

၁၉၆၂ ခုဖေဖော်ဝါရီလ ၂၅ ရက်နိမာ သျှမ်းပြေ တောင်ကြီးမြို့မာ ပြေလုံးကျွတ်ညီလာခံက အတေပြုချက်အရ သျှမ်းပြေက တင်သွင်းရေ ပြေထောင်စု မြန်မာနိုင်ငံ ဖွဲ့စေးအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြင်ဆင်ရီး စာတမ်းထွက်ပေါ်လာရေ။ “ဖဒရယ်လ်မူ” လို့အများခေါ်တွင်ရေ။ လက်ဟိ ပြေထောင်စု၏ ဖွဲ့စေးအုပ်ချုပ်ပုံ အခြေခံဥပဒေမာ ပြေနေနန့်လူမျိုးစုအတွက် တန်းတူ ညီမျှရီးအတွက် လုံလောက်စွာ ပြဌာန်းထားခြင်းမဟိရေ အတွက်ကြောင့် ပြေနေနန့်လူမျိုးစုတန်းတူ ညီမျှစီရန်အတွက် အခြေခံ ဥပဒေကို “ပြေထောင်စု စိုက်စိုက်မူ” နန့် ပြန်လီပြုပြင်ရီးဆွဲဖို့ အေဖဒရယ်လ်မူကို တင်ပြလာရရေ။ ယင်းမူမာ

၁။ ဗမာ ပြေနေ ဖွဲ့စေးရီး၊

၂။ ပြေထောင်စု ပါလီမန် လွှတ်တော် ၂ခုကို အာဏာတူ ပီးရီး၊

၃။ လူမျိုးစု လွှတ်တော်တို့ ပြေနေတိုင်းက ညီမျှရေ ကိုယ်စားလှယ် လွှတ်ရီး၊

၄။ ဗဟို ပြေထောင်စုအား အောက်ပါဌာနကို လွှဲအပ်ပြီး ကျန်ဟိရေ၊ အာဏာများနန့် အခွင့်အရီးများကို ပြေနေများတို့ လွှဲအပ်ရန်၊

(က) နိုင်ငံခြား ဆက်ဆံရီး၊

(ခ) ပြေထောင်စု ကာကွေရီး၊

(ဂ) ပြေထောင်စု ဘဏ္ဍာရီး၊

(ဃ)ငွေ ဒင်္ဂါးနန့် ငွေစက္ကူ ထုတ်လုပ်ရီး၊

(င) စာတိုက်နန့် ကြေးနန်းဆက်သွေရီး

(စ) မီးရထားလမ်း၊ ရီလမ်းကြောင်း ဆက်သွေနိုင်ရီး၊

(ဆ) ပြေထောင်စု တရားစီရင်ရီး၊

(ဇ) ပင်လေ ဆိပ်ကမ်း အခွန်ကောက်ရီး၊

(ဈ) ပြေထောင်စု ဘဏ္ဍာတော်ကို မျှတစွာ ခွဲဝေရီးတို့ဖြိုက်တေ။ ဒေ တောင်ကြီးညီလာခံတို့ ဦး မောင်ဦးကျော်၊ ဦး သာထွန်းဦး၊ ကို သာကျော် (ဖုံပေါက်) စသူရို့ တက်ခီကတ်တေ။

ယင်းသျှမ်းမူ (ဝါ) ပြေထောင်စု စိုက်စိုက်မူကို တင်ပြလိုက်တေအခါ ဗမာနေချဲ့ရို့ ဖိဖိတုန်လှုပ်လားခကတ်တေ။ လူမျိုးကြီး ဝါဒဟိရေ ဗမာတိုင်း၊ ဗမာပြေနေ စဖို့စွာကို မကြိုက်ကတ်။ ပြေထောင်စု စိတ်ဓါတ်ကို ထွင်ထွင်ကြီး ဟိုက်အော်နီရေ ။ ဗမာနေချဲ့ရို့က ပြေထောင်စု စိုက်စိုက်မူကိုလုံးဝ မထောက်ခံနိုင်ကတ်။ လူမျိုးကြီး ချောင်ပန်ဝါဒကို ကိုင်စွဲထားရေ။ ဗမာ့ တပ်မတော်ဆိုကေ လုံးဝမခံနိုင်။ ယင်းကြောင့် သျှမ်းမူကို အကြောင်းပြပြီးကေ ၁၉၆၂ ခုမတ်လ ၂၃ ရက်နိခါ ဗိုလ်ချုပ် နေဝင်းခေါင်းဆောင်ရေ ဗမာ့တပ်မတော်က အာဏာ သိမ်းပိုက်လိုက်တေ။ သျှမ်းခေါင်းဆောင် အားလုံးကိုလေ့ ဖမ်းချုပ်လိုက်တေ။ ရခိုင်ဝန်ကြီး ဦးဘကြိုင်ကိုလေ့ ဖမ်းချုပ်လိုက်တေ။

၁၉၆၂ ခုမတ်လ ၂ ရက်နိမာ ရခိုင်ပြေရေ ဗမာ ဖက်ဆိတ်နေချဲ့၏ ကျွန်းပုန်းကိုလိုနီ ဘဝတို့ ရောက်လာရ ပြန်ရေ။ ရခိုင်ပြေကား လုံးဝကိုလိုနီဖြိုက်လို့ ရခိုင်အမျိုးသား တော်လှန်ရီးနန့် ရခိုင်လွတ်လပ်ရီးကို အရယူဖို့ပင် ဖြိုက်တေ။ လွတ်လပ်ရီးဆိုစွာရေ လူတန်းစားတိုက်ပွဲကလေ့ကောင်း မပေါ်ထွက်နိုင်၊ အမျိုးသား တော်လှန်ရီး၏ အောင်ပွဲရာ လွတ်လပ်ရီး ဖြိုက်တေ။

စိုက်အာဏာရှင် ဗိုလ်ချုပ်နေဝင်းက တော်လှန်ရီးကောင်စီကို ဖွဲ့စေးလိုက်တေ။ မြန်မာ ဆိုရှယ်လစ် လမ်းစဉ်ပါတီ (မဆလ)ကို ထူထောင်လိုက်တေ၊ ရခိုင်ပြေကို တိုင်းခွဲ ၁၃ လို့သတ်မှတ်လိုက်တေ။ ရန်ကုန်တိုင်း လုံခြုံရီးနန့် အုပ်ချုပ်မှု ကော်မတီ (တလက)ယင်းနောက် နလက၊ မလက၊ ရလက အဆင့်ဆင့်ဖွဲ့ပြီးကေ အုပ်ချုပ်တေ။ မြန်မာနေး ၊မြန်မာဟန်နန့် ဆိုရှယ်လစ်စနှိုက်တို့ ချီတက်ကတ်တေ။ တတိယတော်လှန်ရီး စခန်းဆင့်တို့ ချီတက်နီကတ်စွာပင် ဖြိုက်တေ။ ရခိုင်ကိုယ်ပိုင် ပြဌာန်းခွင့်ကို ဂရုမစိုက်ကတ်ဘေး ရခိုင်အများ မဆလ ပါတီကို ဝင်လားကတ်ပြန်ရေ။ ကျွန်ပုန်းကိုလိုနီဘဝမာ တေဟိနီရေ ရခိုင်ပြေ အာဏာကို စိုက်အာဏာနန့် ဆိုရှယ်လစ်စခန်းတို့ရောက်အောင် ဗမာနောက်က ချိပ်ပြီးကေ မောင်းနှင်ကတ်ပြန်ရေ။ ဖက်ဆိတ်ဝါဒီရို့ ရေ ရခိုင်အမျိုးသား လှုပ်ရှားရီးကို ပိုက်စိပ်တိုက်လိုက်လို့ နှိမ်နှင်းနီရေ။ ၁၉၆၇ခု ဩဂုတ်လ ၁၃ ရက်နိမာ စိုက်တွေ ဆန္ဒပြပွဲးကြီးကို စိုက်လက်နက်နန့် ပြေသူ့အငတ်ထုကို ပိုက်ခတ်လို့ အတုံးအရုံး သီဆုံးရရေ။ အမှန်ပြောရဖို့ဆိုကေ ဒေကာလမာ ရခိုင် အမျိုးသား စေးရုံးရီး ပိုမို ရင့်ကျက်လာရေ။ ဖိနှိမ်စွာ ပြင်းထန်သလောက် တွန်းကန်စွာလေ့ ပြင်းထန်လာရေ။ ယင်းပိုင် တိုက်ပွဲးတွင်းမာရာလေး ၊ယင်းပိုင် တိုက်ပွဲးတွင်းမာရာလေ့ အမျိုးသားတရပ် ရင့်ကျက်လာဖို့ဖြိုက်တေ။

## (ခ) ရခိုင် အမျိုးသား တော်လှန်ရီးပါတီ အဖွဲ့အစေးများ ပေါ်ပေါက်လာခြင်း

၂၀ ရာစု ဒုတိယပိုင်းတို့ ရောက်လတ်တေအခါ ရခိုင်နိုင်ငံရီးလောကမာ အရေအချင်းပြောင်းလဲရီး တရပ်ဖြိုက်ပေါ် လာရေ။ အမျိုးသားရီးလှုပ်ရှားမှု အရပ်ရပ်ကြောင့် အမျိုးသားရီးစိတ်ဓါတ်၊ တော်လှန်ရီးစိတ်ဓါတ်၊ ရင့်သန်လာရေ။ ဗမာနေချဲ့ လက်ဝီခံ ခနသျှင် ပါလီမန်အစိုးရများ (ဖဆပလ အစိုးရ၊ ပထစ အစိုးရ) ၏ ဝမ်းဗိုက်ထေးမာ ရခိုင်ဝံသာနုခိုက် ပတိသန္ဓေ တဆက်ဆက် ရင့်မာလာရေ။ တဆင့်ဆင့်ပြောင်းလဲ တိုးတက်လာလတ်တေ။ အမျိုးသား တော်လှန်ရီး၏ စေးရုံးရီးကာလ ရင်းကျက် လာစွာဖြိုက်တေ။

၁၉၅၂ ခုက ၁၉၆၂ ခု အတိုးအတွင်းမာ (ဝါ) ရတာည အဖွဲ့စေးကိုဖွဲ့လို့ ပြေနေလှုပ်ရှားရီးကိုစရေ ၁၉၅၂ ခု ဗမာ ဖက်ဆိတ်နေချဲ့ နေဝင်းအစိုးရ အာဏာသိမ်းရေ။ ၁၉၆၂ ခု အတိုးအတွင်း ရခိုင်တပြေလုံး လှုပ်ရှားရီးမာ ပါဝင်ခကတ်တေ။ အမှန်မာ အမျိုးသားစေးရုံး ၊ညီညွတ်ရီးအတွက် ကြိုးပမ်းခကတ်စွာပင်ဖြိုက်တေ။

ယင်းကာလမာ ပါလီမန်တွင်းတိုက်ပွဲရေ အသုံးအဖြတ်အပြတ်ဆုံးမာဟိရေ။ တခြားလှုပ်ရှားမှုတိကား အခြေအနေပီး အပိုင်းမာ ဟိနီရေလို့ အများယူဆကတ်တေ။

၁၉၅၈ခုမာ ရခိုင်ပြေတွင်းပါတီများ အလင်းဝင်ကတ်ပြီးကေ ထက် ၊လေ၊ အောက်ရေးဘော်များ အသီးသီးရို့ ဥပဒေတွင်း လှုပ်ရှားရီးများမာ ပါဝင်ဆောင်ရွက်လာကတ်တေ။ အားလုံးပင် ရခိုင်အမျိုးသားရီးကို ဂရုထားပြီးကေ ဆောင်ရွက်လာကတ်တေ။

ဒေကာလမာ ရခိုင်ပြေ တောတွင်းအခြေအနေ ပြောင်းလဲလာလတ်တေ။ ၁၉၆၀ခု ဂျုန်လ ၁၀ ရက်နိမာ ရသေ့တောင်မြို့နေမာ ပြေသူ့မျိုးချစ်အဖွဲ့ ပေါ်လာရေ။ ၁၉၆၂ ခုမာပေါက်တောမြို့နေမာ “ ရခိုင်ပြေ ကွန်မြူနစ်ပါတီ” “ရကပ ပေါ်ပေါက်လာရေ။ ဒေနှစ်ဖွဲ့စလုံး အလံနီကွန်မြူနစ်ပါတီ (ဗမာပြေ) ပါးက ခွဲထွက်လာကတ်စွာပင် ဖြိုက်တေ။ ဒေအဖွဲ့နှစ်ဖွဲ့ရေ ရခိုင်အမျိုးသားဘောင်မာ ရပ်တေလာကတ်စွာလေ ကောင်းကောင်းမွန်မြတ်တေ။

ယင်းနှစ် မတ်လ ၂ ရက်နိမာ နေဝင်းအစိုးရ တက်လာရေ။ ယင်းအစိုးရေ ပြေသူ့ဆန္ဒအရ တင်မြှောက်ထားရေ အစိုးရ အဖွဲ့နန့် ပါလီမန်ကိုဖျက်သိမ်းပိုက်လိုက်တေ။ ပြောင်လူသတ်လာရေ။ အာဏာနန့် ဖိနှိပ်ချုပ်ချယ်မှုများ လုပ်လာရေ။ ယင်း အတွက်နန့် ဒေအစိုးရရေ ဖက်ဆိတ်အစိုးရ ဖြိုက်တေ။ ပါလီမန်တွင်းပြင် လှုပ်ရှားမှုဆိုကေ လုံးဝမဟိလိုက်ယာဖြိုက်တေ။ ဆိတ်သုန်း လားခယာဖြိုက်တေ။

ယေအခါ ရခိုင်မျိုးချစ်၊ ပြေချိုက် လူငယ်များအစု ကလပ်ဖွဲ့စေးပြီးကေ အမျိုးသားလှုပ်ရှားရီးအတွက် နေးမျိုးစုံနန့် ကြိုးစား လာကတ်တေ။ အယင် တော်လှန်ရီး ရေးဘော်ဟောင်းများ တက်လူငေ၊ များအပါအဝင် အားလုံးချို့ဝှက် ကလာပ်စေးများ ဖွဲ့စေးပြီးကေ လက်နက်ကိုင် တော်လှန်ရီးအတွက် လှုပ်ရှားလာကတ်တေ။ ယင်းပိုင် အချိန်မိုးမာ အမျိုးသား စိတ်ပြင်းထန်လာရေ လူငေတေချို့က လက်ပံပြားအချိန်တို တော်လှန်ရီးတရပ်ကို ပြုလုပ်လိုက်ကတ်တေ။ စိတ်ဆန္ဒစောမှုကြောင့် ဖြိုက်ပေါ်လာရေ ယင်းတော်လှန်ရီးက တမျိုးသားလုံးကို ကျေကျေပြန့်ပြန့် စေးရုံးလှုပ်ရှားဖို့ မရလိုက်ဘေး ရန်သူ၏ လက်ဦးမှုကိုရာ ခံရလားကတ်ရရေ။ လျို့ဝှက်ရေးဘော်အများစုမာ မသင်္ကာမှုကြောင့် သံသယနန့်နီလာကတ်ရရေ။ အဓိက အစီအစိုင်များ နှောင့်နှေးရပ်ဆိုင်းလားခရရေ။ ဂုပိုင် ပေါက်ကွဲလားရစွာရေ တော်လှန်ရီး သဘောအရပ်ရပ်ကို မကိုင်စွဲလို့ သင်္ခန်းစာ ယူရဖို့ပင်ဖြိုက်တေ၊

ယေကေလေ့ မြို့တွင်းကလပ်စေးများ လှုပ်ရှားမှုကား အဟိန်မလျော့ တနေးမဟုတ်၊ တနေး ကြိုးစားကတ်တေ။ တောတွင်း လက်နက်ကိုင် အင်အားစုများနန့် ဆွေးနွေးကတ်ခြင်း၊ ကရင်၊ မွန်၊ သျှမ်း၊ တော်လှန်ရီး အင်အားစုများနန့် ဆက်သွေခြင်း ရို့ကို စွန့်စား လုပ်ဆောင်ခကတ်တေ။ အစိုးရကင်းဂတ်များ၊ ငွေတိုက်များ ၊ဝါယာလက် ရုံးများကိုဝင်စီးဖို့ အစီအစဉ်များကို တာဝန်အလိုက် ချမှတ်ထားကတ်တေ။

ယင်းပိုင်စွာမာ အပေါက်ဝ ကင်းတပ်နန့် ကျောက်တော်မြို့ကို ဝင်စီးဖို့ အစီအစဉ်များရေ၊ တာဝန်ကျရေ အရောင်သမား တစ်ဦး နှစ်ဦးကြောင့် သတင်းပေါက်ကြားလားရရေ။ ဂိုဏ်းဂဏဆန်ရေ လက်ဝဲကျွန်၊ စွန့်စားရီးဝါဒီ လူငေတေစုကြောင့်လေ့ မလိုလားချက်များ ပေါ်ပေါက်လားရရေ။ ကရင်မွန်၊ သျှမ်းရို့ နန့် ဆက်သွေရီးမာလေး အရောင်သမား လက်ယာဝါဒီ တချို့ကြောင့် ကမောက်ကမ ဖြိုက်လားရရေ။ ဒေပိုင် အချက်အလက်တိကြောင့် ရခိုင်အမျိုးသား တော်လှန်ရီး ရေးဘော်အများအပြား အဖမ်းအဆီး ခံလားကတ်ရရေ။

ယင်းပိုင် အဖြိုက်ဆိုး ကြုံကြိုက်ရရေအခါမာ အချို့ရေးဘော်များ လွတ်မြောက်လားခကတ်တေ။ ဥက္ကဋ္ဌ အဖြိုက် ဗိုလ်ကြီး ကြာလှအောင်၊ အတွင်းရီးမှူးအဖြိုက် ရေးဘော် ထွန်းရွှေဝါရို့က တာဝန်ယူဆောင်ရွက်ကတ်တေ။ အိန္ဒိယက မီဇို တော်လှန်ရီး၊ နာဂ တော်လှန်ရီးနန့် ဆက်သွေကတ်တေ။

မြို့တွင်းက လွတ်မြောက်လားရေ နောက်အင်အားစုတစုက “ရခိုင် အမျိုးသား လွတ်မြောက်ရီး တပ်ဦး” (ရလတ) နာမေနန့် ရသေ့တောင်နေတို့ တောခိုလားပြီးကေ “ပြေသူ့ မျိုးချစ် အဖွဲ့နန့် ပူးပေါင်းလိုက်တေ။ ၁၉၆၂ ခု စက်တင်ဘာလ ၉ ရက်နိမာ အေနှစ်ဖွဲ့ပေါင်းကာ “ရခိုင်ပြေ အမျိုးသားလွတ်မြောက်ရီး အဖွဲ့ချုပ်” ရမလဖ ကို ထူထောင်လိုက်ကတ်တေ။ ဒေပိုင် ရခိုင်အမျိုးသား တော်လှန်ရီး နှစ်ဖွဲ့ပေါင်းနိုင်ကတ်စွာရေ ကောင်းမြတ်တေ အလုပ် တခုပင်ဖြိုက်တေ။

ရမလ အဖွဲ့ချုပ်၏ ခံယူချက်မာ

၁။ ရခိုင်ပြေရေ သီးခြား နိုင်ငံတနိုင်ငံ ရခိုင် လူမှုအဖွဲ့အစေးရေ သီးခြား အမျိုးသားတရပ်

၂။ ရခိုင် ပြေလုံးကို ကိုလိုနီနန့် ပဒေသရိုက် တပိုင်းနိုင်ငံ။

၃။ ဗမာရေ နေ့ချေ့လို့ပင်ဖြိုက်တေ။ မဟာဗျူဟာမာ အမျိုးသား လွတ်မြောက်ရီး၊ နေးဗျူဟာမှာ လူတန်းစား လေးရပ်(အလုပ်သမား၊ လယ်သမား၊ ခနသျှင်ပေါက်စ၊ မျိုးချစ်၊ ပြေချိုက်ခနသျှင် )ပါဝင်ရေ။ တပ်ပေါင်းစု ဖွဲ့စေးရီး ကိုင်ဆောင် ထားရေ သဘောတရားလက်နက်မာ မာက်စ်ဝါဒ၏ ကွန်မြူနိုက်ဝါဒ ပင်ဖြိုက်တေ။

ရခိုင်ပြေ ကွန်မြူနိုက်ပါတီ၏ ခံယူချက်မာ

၁။ ရခိုင်ပြေရေ သီးခြားနိုင်ငံတနိုင်ငံ၊ ရခိုင် လူမှုအဖွဲ့အစေးရေ သီးခြားအမျိုးသားတရပ်

၂။ ရခိုင်ပြေရေ လုံးဝကိုလိုနီ နိုင်ငံနန့် ပဒေသရိုက်တပိုင်း နိုင်ငံ

၃။ ဗမာရေ လုံးဝလူမျိုးကြီးဝါဒကို ကျင့်သုံးရေ။ မဟာဗမာလို့ပင် ဖြိုက်တေ။ (ဗမာကို မဟာဗမာလို့ သတ်မှတ်လိုက်တေ။ ရခိုင်ရေ လူမျိုးငေ **(Minority)** ဖြိုက်လားရရေ။ ရခိုင်ရေလူမျိုးငေ ၊ ဗမာရေပင်မ လူမျိုးကြီးလို့ ဆိုရာရောက်တေ။ ရခိုင် လူမှုအဖွဲ့အစေးရေ ဗမာ့လူမှုအဖွဲ့အစေး၏ အစိပ်အပိုင်းလို့ ခံယူရာရောက်တေ။ ယင်းပိုင်ဆိုရေ ရခိုင် လူမှု အဖွဲ့အစေးရေ သီးခြားအသွင်ကို မဆောင်နိုင်ယာ။ ရခိုင်နိုင်ငံလေ့ သီးခြားနိုင်ငံ တစ်နိုင်ငံအသွင်ကို မဆောင်နိုင်ယာ။ ယင်းနန့်ဇ ဒေအချက်မာ ခံယူချက် အမြီးအမြောက်မတေ့ ဖြိုက်နီရရေ။ ရှိနောက် မညီ၊ မညွတ်ဖြိုက်နီရရေ။ မဟာဗျူဟာမာ ပြေသူ ဒီမိုကရေစီ တော်လှန်ရီး (ဝါ) လူတန်းစား တော်လှန်ရီး (ဒုတိယ စခန်းဆင့်) ဖြိုက်တေ။ နေးဗျူဟာမာ ရခိုင်ပြေသူ့သမ္မတနိုင်ငံ ထူထောင်ရီး ပင်ဖြိုက်တေ။ ( မဟာဗျူဟာနန့် နေးဗျူဟာမာလေ့ မပြတ်သား ၊ ရှိနောက် မညီမညွတ် ဖြိုက်နီရရေ။) နောက် ခံယူချက် မပြတ်သားမှု တချက်ဟိနီရေ။ ရခိုင်ပြေရေ လုံးဝကိုလိုနီလို့ သတ်မှတ်ထားကေ နေချဲ့ကို အတိအကျဖော်ရလိမ့်မယ်။ အဂု နေချဲ့ ပျောက်နီရေပိုင် ဖြိုက်နီရေ။ နောက် လုံးဝ ကိုလိုနီဆိုကေ အမျိုးသားတော်လှန်ရီးကိုတဆင့် ဆင်နွှဲရလိမ့်မယ်။ ဂု လူတန်းစား တော်လှန်ရီးကိုရာ မဟာဗျူဟာခင်းထားရေ။

ယင်းအပြင် ဗိုလ်ကြီး ကြာလှအောင် ဦးဆောင်ရေ “ရခိုင်ပြေ အမျိုးသား ညီညွတ်ရီး အဖွဲ့’ ရမညဖ ၊ ကရင် တော်လှန်ရီးနန့် ဆက်သွေပြီးကေ အင်အားစုစေးလို့ ထူထောင်လိုက်တေ။ “ ရခိုင်ပြေ လွတ်လပ်ရီး တပ်ဦး’’ ရလတ ရို့လေ့ အမျိုးသား တော်လှန်ရီး ဘောင်မာ ပေါ်ပေါက်လာကတ်တေ။

ရမလဖ မာ ပြေသူ့ဒီမိုကရေစီ တော်လှန်ရီးကတစခန်းဆုတ်လာရေ အဖွေ့ဖြိုက်တေ။ အလံနီ ကွန်မြူနိုက် ပါတီ (ဗမာပြေ) ကထွက်လာရေ အဖွေ့ တဖွေ့ဖြိုက်တေ ရမညဖနန့် ရလတ ရို့မာ ဝံသာနုကာလ တလှမ်းတိုးပြီးကေ အမျိုးသား တော်လှန်ရီးကို ရောက်လာကတ်တေ အဖွေ့ ၂ ဖွေ့ဖြိုက်တေ။ သုံးဖွေ့စလုံးမာရင်းနီး၊ ကျွမ်းဝင်ကတ်တေ။ မိတ်ဆွေ အဖွေ့များ ဖြိုက်ကတ်တေ။

ရမလဖ၊ ရမညဖ၊ ရလတ ဆိုရေ သုံးပါတီမာ နိုင်ငံရီးအရ နီးစပ်ကတ်တေ အဖွေ့များ ဖြိုက်ကတ်တေ အတိုင်း ၈၊ ၁၂၊ ၆၇ မာ "ဗမာနေခဲ့ ဆန့်ကျင်ရီး၊ ရခိုင်ပြေ အမျိုးသား လွတ်မြောက်ရီး တပ်ပေါင်းစု" ဖွေ့စေး၊ ထူထောင်လိုက်ကတ်တေ။ ယင်းနောက် တပ်ပေါင်းစု၏ ခံယူချက်များမှာကား

၁။ ရခိုင်ပြေရေ နိုင်ငံ တနိုင်ငံ၏ အင်္ဂါ ရပ်နန့်ပြေ့စုံရေ တိုင်းပြေတပြေဖြိုက်တေ။

၂။ ရခိုင်ပြေ လူ့အဖွေ့အစေး လက္ခဏာရေ လုံးဝကိုလိုနီနန့် ပဒေသရိုက်တပိုင်း လူ့အဖွေ့၊ အစေးဖြိုက်တေ။

၃။ ရခိုင်ပြေ၏ လူ့အဖွေ့အစေး လက္ခဏာရေ လုံးဝ ကိုလိုနီနန့် ပဒေသရိုက်တပိုင်းလူ့ အဖွေ့အစေးဖြိုက်ကြောင်း ရခိုင်ပြေ သူလူထု၏ အဓိက တောင်းဆိုချက်မာ အမျိုးသားလွတ်မြောက်ရီးပင် ဖြိုက်တေလို့ တညီ၊ တညွတ်တေး ခံယူကတ်တေ။

၄။ ယင်းကြောင့် ရခိုင်ပြေ၏ တော်လှန်ရီးလက္ခဏာရေ အမျိုးသား တော်လှန်ရီး (တော်လှန်ရီး၏ ပထမ စခန်းဆင့် လက္ခဏာ ဖြိုက်တေ။

၅။ ရခိုင်ပြေ၏ အဓိက ရန်သူမာ လက်ဟိကာလမာ ဗမာနေခဲ့ဖက်ဆိတ် နေဝင်းအစိုးရဖြိုက်တေလို့ တညီ၊ တညွတ်တေး ခံယူကတ်တေ။

၆။တိုက်ပွဲးလမ်းစိုင်နန့် ပတ်သတ်လို့ ဥပဒေတွင်း တိုက်ပွဲးရေ အခြေအနေကိုရာပီးပြီးကေ လက်နက်ကိုင် တော်လှန်ရီး တိုက်ပွဲးမာကားအဆုံးအဖြတ်ကို ပီးရေလို့ တညီ၊ တညွတ်တေး ခံယူကတ်တေ။

၇။ ဒေနေခဲ့ပဒေသရိုက် ဆန့်ကျင်ရီး စိုက်ကို "ပြေသူ့စိုက်" တူညီစွာ ခံယူကတ်တေပင် ဖြိုက်တေ။

တပ်ပေါင်းစုရေ အခြေအနေနန့် အလားအလာကောင်းတိကို ဖန်တီးနိုင်ခကေလေ့ တပ်ပေါင်းစုတေဆောက်ရာမာ အစမကောင်းလို့ အနှောင်းမသေချာခ။ ပုံစံပြရဖို့ဆိုကေ ရလတ ဥက္ကဌဟောင်း ရေးဘော် ကိုသာနိုးနန့် ဥက္ကဌသိုက် ကို အောင်ကျော်သာရို့မာ ရမလဖ ၏ အဖွေ့ဝင်များ ဖြိုက်ပါလျှက်နန့် ရလတ ကို သီးခြားထူထောင်ခြင်း။ ရလတမာ သံတွေးခရိုင် ကပင် ပေါက်ကွဲလာစွာကို ဖိဖုံးထားပြီးကေ ဒေမာတပ်ပေါင်းစုလာဖွေ့ခင်း ၊ ရမညဖ မာဆိုကေ ရကပ ၏ တပ်ပေါင်းစုဝင်ဖြိုက်နီပြီးမှ ဒေမာလာလို့ တပ်ပေါင်းစုအသိုက်မာ ပါဝင်ဖွေ့စေးခြင်း၊ ရမလဖ မာလေ့ နှစ်ခြမ်းကွဲနီခြင်းရို့ကြောင့် ဒေတပ်ပေါင်းစုမာ သုံးလသားလောက်ရာ ခံခရေ။ ၁၉၆၈ ခု ဇန္နဝါရီလလောက်မာ တပ်ပေါင်းစုက ရမညဖ နုတ်ထွက်ခရေ။ အကြောင်း ပြစွာကတော့ခါ တပ်ပေါင်းစု နှစ်ဖွေ့ဝင် ဖြိုက်နီရေအတွက်တာကြောင့်လို့ဆိုရေ။ ဖေဖော်ဝါရီလ နောက်ပိုင်းမာ ရမလဖ နန့် ရလတ ရို့ရေ တပ်ပေါင်းစုကို ဖြိုက်မြောက်ရီး အဆင့်တို့ ချထားလိုက်ကတ်တေ။

၁၉၆၈ ဧပြီလ ၁၅ ရက်နိမာ ရမလဖနန့် ရလတ တို့ပူးပေါင်းလိုက်ပြီးကေ " ရခိုင်ပြေ အမျိုးသား ညီညွတ်ရီးတပ်ဦး" (ရမညတ)ကို ဖွေ့စေးထူထောင်လိုက်တေ။

ရခိုင်ပြေ ကွန်မြူနိုက်ပါတီကလေ့ "ဖက်ဆိတ် တိုက်ဖျက်ရီး၊ အမျိုးသား ညီညွတ်ရီး တပ်ပေါင်းစု (ရခိုင်ပြေ)" ကို ဦးဆောင်ပြီးကေ ထူထောင်ထားရေ။ ယင်းတပ်ပေါင်းစု နှစ်တပ်နန့် ရမညဖရို့ ပူးတွေးစေးရုံးရီး ကော်မတီတရပ်ကို ဖွေ့စေး လိုက်ကတ်တေ။ ရမညဖ က "ဖက်ဆိတ် တိုက်ဖျက်ရီး တပ်ပေါင်းစု" နန့် "ဗမာပြေ နေခဲ့ ဆန့်ကျင်ရီး တပ်ပေါင်းစု" နှစ်ခုစလုံးမာ ပါဝင်ထားလို့ နှစ်ခုစလုံးက နုတ်ထွက်ပြီးကေ "ဖက်ဆိတ် နေခဲ့ဆန့်ကျင်ရီး တပ်ပေါင်းစု" မာ ဝင်ဖို့လို့သိရရေ။ လက်တွိ့မာကား ဗမာ နေခဲ့ဆန့်ကျင်ရီး တပ်ပေါင်းစုက ထွက်လားရေ ထိုတပ်ပေါင်းစုကား အဂုထိမထွက်သိ။

ယင်းပြီးကေ ဖက်ဆိတ် တိုက်ဖျက်ရီးတပ်ပေါင်းစုမာ မင်းပြားမြို့နေမာ ရကပ နန့် "ရခိုင်ပြေ ချင်းအမျိုးသား လွတ်မြောက်ရီး အဖွေ့" ပူးပေါင်းစေးလုံးရီး ကော်မတီတရပ်ကို ဖွေ့စေးလိုက်ကတ်တေ။ ရသေ့တောင်မြို့နေမာလေ့ ရကပ နန့် " ရခိုင်ပြေ တိုင်းရင်းသား ရိုဟိန်ဂျာ မူဆလင်အမျိုးသား လွတ်မြောက်ရီးအဖွေ့" ပူးတွေး စေးရုံးရီး၊ ကော်မတီ တရပ်ကို ဖွေ့စေး လိုက်ကတ်တေ။

ဗမာပြေ ကွန်မြူနိုက်ပါတီ ဗကပ က " အမျိုးသား၊ ဒီမိုကရေစီ ညီညွတ်ရီး၊ တပ်ပေါင်းစု" (မဒညတ) ကို ဗမာပြေမာ ထူထောင်လိုက်တေ။ (ဗကပ) ရခိုင်ပြေနေကလေ့ ရခိုင်ပြေမာ "လူမျိုးစု အဖွေ့" (လမစ) နန့် လက်တွေးပြီးကေ မဒညတ ဘောင်မာ အတူတူရပ်ကတ်တေ။

ယင်းနန့်ဇ ၂၀ ရာစု ဒုတိယ ပိုင်းတို့ ဝင်ရောက်လာရေအခါ ရခိုင်အမျိုးသား တော်လှန်ရီးရေ နိုင်ငံကို ဂရုစိုက်လာစွာကိုတွိ့ရရေ။ ယင်းနိုင်ငံ၏ ရုပ်သမိုင်းကို ဂရုစိုက်ရစွာကိုတွိ့ရရေ။ အေခိုက်မာ အမျိုးသားတော်လှန်ရီးကို မဟာဗျူ ဟာခင်းပြီးကေ ပေါ်ပေါက်လာရေ အဖွေ့အစေးနန့် ရခိုင်ပြေသူ့ သမ္မတနိုင်ငံထူထောင်ဖို့ နေးဗျူဟာခင်းကျင်းထားပြီး ပေါ်ပေါက်လာရေ အဖွေ့အစေးရို့ကား

၁။ ရခိုင်ပြေ လွတ်မြောက်ရီး အဖွေ့ချုပ် (ရမလဖ) ၁၉၆၀၊

၂။ရခိုင်ပြေ ကွန်မြူနိုက်ပါတီ (ရကပ ) ၁၉၆၂၊

၃။ ရခိုင်ပြေ လွတ်မြောက်ရီးတပ်ဦး (ရလတ) ၁၉၆၂၊

၄။ ရခိုင်ပြေ အမျိုးသား ညီညွတ်ရီးအဖွေ့ (ရမညဖ) ၁၉၆၄ ရို့ပင်ဖြိုက်တေ။

ယင်းရို့အပြင် ရခိုင်အမျိုးသား တော်လှန်ရီးအောက်မာ တိုင်းရင်းသား (အမှန်က နိုင်ငံသား) အဖွေ့၊ အစေးနန့် သူ့လူမျိုးစု အဖွေ့အစေး

၁။ ရခိုင်ပြေ ချင်းအမျိုးသား လွတ်မြောက်ရီး အဖွေ့ (ခွေးနီအောင် ခေါင်းဆောင်ရေ)

၂။ လူမျိုးစု အဖွေ့ (ရေးဘော် မောင်စိန်ဖြူခေါင်းဆောင်ရေ)

၃။ ရခိုင်ပြေ တိုင်းရင်းသား ရိုဟိန်ဂျာ မူဆလင်အမျိုးသား လွတ်မြောက်ရီးအဖွေ့၊

(ရခိုင်ပြေမာ ပြေသူဒီမိုကရေစီ တော်လှန်ရီးကို မဟာဗျူဟာမာ ခင်းကျင်းထားရေ ပါတီတွင်းမာကား)

၁။ ကွန်မြူနိုက်ပါတီ (ရခိုင်ပြေ ကော်မယုန်၊ အလံနီပါတီ) အေပါတီရေ မျက်မှောက် ကာလမာ ရခိုင်ပြေမာ မဟိယာ၊

၂။ ဗမာပြေ ကွန်မြူနိုက်ပါတီ (ရခိုင် ပြေနေ)

၃။ ရခိုင်ပြေ ကွန်မြူနိုက်ပါတီ ရို့ပင် ဖြိုက်တေ။

ယင်းပြီးကေ ရခိုင်အမျိုးသား တော်လှန်ရီးကို ဦးတေလို့ မျိုးချိုက်၊ ပြေချိုက် အဖွေ့အစေးများ၊ အင်အားစုများ၊ တသီးပုဂ္ဂလများ ၊ များပြားစွာ ပေါ်ပေါက်လို့ ဟိရေ။ ယင်းအတွက်နန့် ဒေကာလကို အမျိုးသား တော်လှန်ရီး၏ စေးရုံးရီးကာလလို့ သတ်မှတ်ထားကတ်စွာပင်ဖြိုက်တေ။ စေးရုံးရီးကာလမာ အမျိုးသားပါတီများ၊ အမျိုးသား အဖွေ့အစေးများ၊ မျိုးချိုက်၊ ပြေချိုက်အင်အားစု တသီးပုဂ္ဂအများအပြား ၊ တကွဲတပြား ပေါ်ပေါက်ကတ်စွာရေ တော်လှန်ရီး၏ ဖြိုက်ရိုး၊

ဖြိုက်စိုင် သဘောတခုပင်ဖြိုက်တေ။ စိုက်ပျက်အားငေနီစရာမဟုတ်။ ယင်းအကွေးအပြားဖြိုက်နီရေ သဘာဝတရားကို ညီညွတ်ရီး ဘောင်တို့ ရောက်လာအောင် စေးရုံးသိမ်းသွင်းပြီးကေ တပ်ပေါင်းစုတရပ်ကို တေဆောက် ရဖို့ပင်ဖြိုက်တေ။ ယင်းတပ်ပေါင်းစု အင်အားနန့်ရာ ဗမာနေချဲ့ကို ရခိုင်နိုင်ငံက မောင်းထုတ်နိုင်ဖို့ဖြိုက်တေ။

ကိုလိုနီ နိုင်ငံမာ ကိုလိုနီ ပြေသူနန့် နေချဲ့ရို့၏ ပတိက္ခ တရားမာ အဓိက ပတိပက္ခတရားပင်ဖြိုက်တေ။ ယင်းအဓိက ပတိပက္ခ တရားကို အမျိုးသားညီညွတ်ရီး တပ်ပေါင်းစုအင်အားနန့်ရာ တော်လှန်တိုက်ခိုက် မောင်းထုတ်ရဖို့ဖြိုက်တေ။

## (၆) အမျိုးသား တော်လှန်ရီး နန့် တော်လှန်ရမေ

**မဟာဗျူဟာ၊ နေးဗျူဟာနန့် ခံယူချက်များ**

အေမဟာဗျူဟာ နေးဗျူဟာနန့် ခံယူချက်ရို့ရေ ၁၉၆၈ခု ဇူလိုင်လမာ တက္ကသိုလ်များမာ အကျွန်ရို့ စတင်ဖွေ့စေးခရေ။ "ရခိုင်ပြေ တော်လှန်ရီးအင်အားစု" Arakan Revolutionary Force –ARF ကို ၁၉၆၉ ခု အောင်တိုဘာမာ တိုးချေ့ ဖွေ့စေးလိုက်ပြီးနောက် ချမှတ်ခရေ ARF ၏ မဟာဗျူဟာ၊ နေးဗျူဟာနန့် ခံယူချက်များဖြိုက်ပါရေ။ အေ ARF ကို ၁၉၇၀ ခု မေလမာ ရခိုင်ပြေ လွတ်လပ်ရီးအဖွေ့ ( Arakan Independence Organization AIO) အဖြိုက် ပြောင်းဖွေ့စေး တိုးချေ့ခပါရေ။ AIO ၏ မူလမ်းစဉ်ရေ အနေးအကျဉ်း တိုးချဲ့ပြောင်းလဲမှုဟိကေလေ့ အခြေခံမှုမာ ARF ၏ မူအတိုင်းဖြိုက်ပါရေ။ ဂုတင်ပြလိုက်တေ မဟာဗျူဟာ၊ နေးဗျူဟာနန့် ခံယူချက်ရို့ရေ ARF ၏ အခြေခံမူလမ်းစိုင်ဖြိုက်ပါရေ။

**ချိုက်တေရေးဘော်အပေါင်းရို့**
**အေနိ ဇာတော်လှန်ရီးကို လုပ်ရဖို့လေး ၊အဖြေကား ရှင်းနီပါယာ၊**
**၁။ အမျိုးသား တော်လှန်ရီးသမိုင်းဆက်ကို ဦးထိပ်ထားလို့ဆက်ခံရဖို့၊**

၁၈ ရာစု ၁၉ ရာစု ခိုက်က ရခိုင်မျိုးချိုက်၊ ပြေချိုက် အာဇာနည် သူရေးကောင်းများ၏ အမျိုးသား တော်လှန်ရီးရေ တရားရေ ၊မှန်ကန်ရေ၊ ယင်းခေါင်းဆောင်ကြီးရို့ရေ ရခိုင်ပြေနန့် ရခိုင်အမျိုးသားလုံး လွတ်လပ်ရီးအတွက် တော်လှန် တိုက်ခိုက်ခကတ်တေ။ ဒေတော်ရီး တာဝန်ရို့ကို ဦးထိပ်ထားပြီးကေ ငါ့ရို့ဆက်လက် တာဝန်ထမ်းဆောင် ကတ်ရဖို့ဖြိုက်တေ။

၁။ **ရခိုင် အမျိုးသား တော်လှန်ရီးအတွက် အမျိုးသား တော်လှန်ရီး ကိုရာ လုပ်ဆောင်ရဖို့**

၁၈ရာစု ၁၉ ရာစု ရခိုင်အမျိုးသား တော်လှန်ရီးပြီးကေ ရခိုင်လူမှုအဖွေ့အစေးမာ ၂၀ရာစု ပထမပိုင်းမာ ပထမ ရခိုင် ဝံသာနုခိုက်နန့် ရခိုင်ပြေ ဂျပန် တော်လှန်ရီးရို့ ဖြိုက်ပေါ်ခရေ။ ဗမာလွတ်လပ်ရီးအတွက် ဗမာမျိုးချိုက်၊ ပြေချိုက်ရို့ ဗမာ အမျိုးသား လုပ်ဆောင်ခကတ်တေ လှုပ်ရှားမှုရို့မာ ဒေပထမ ဝံသာနု ခိုက်နန့် ရခိုင်ပြေ ဂျပန်တော်လှန်ရီးရို့ ရောပါလားခရေ။ ယင်းနန့်ဇ ရခိုင် ဘောင်နန့် ဗမာဘောင် ရောထွီးလားခရရေ။ ယှုပ်ထွီးလားခရရေ။

နောက်တပါးကား တော်လှန်ရီး သဘောတရားတရပ်ဖြိုက်တေ သဘောတရားကို သဘောတရားအတိုင်း အတုံးလိုက် အတိုက်လိုက် ကိုင်စွေးထားဖို့မဟုတ် သဘောတရား လိမ္မာမှုနန့် ပါတီတရပ်ကို ခါးပိုက် ဆောင်ထားဖို့မဟုတ်။ မိတ်ဆွေ အသိုင်းအဝိုင်း တရပ်ကို ခါးပိုက်ဆောင်တပေ့ အဖြိုက်မွေးမြူထားဖို့စွာ မဟုတ်။ သဘောတရားတရပ်ကို တရားသီ ကိုင်စွေးထားဖို့မဟုတ်၊ ကြေ့ညိုပူဇော်ထားဖို့မဟုတ်၊ ပညာဟိခံဖို့လို့ သဘောတရားကို ဆေးပူးရဖို့မဟုတ် ၊ သဘောတရားဆိုစွာရေ လူလောကကို အကျိုးဆောင်ဖို့အတွက် အလုပ်လမ်းညွှန့်ရာဖြိုက်တေ။ ကိုယ်က သဘောတရားကို အလုပ်လမ်းညွှန့်အဖြိုက် ကိုင်စွေးပြီးကေ လောကအကျိုး၊ လူသားအကျိုးကို ဆောင်ရွက်ဖို့ဖြိုက်တေ။ လောက လူ့အဖွေ့အစေးတရပ်၏ အစိတ်အပိုင်း တရပ်ဖြိုက်တေ ကိုယ်အမျိုးသား အဖွေ့အစေးကို အကျိုးဆောင်ဖို့အတွက် သဘောတရားရေ လမ်းညွှန်ရာဖြိုက်တေ။

သဘောတရားတရပ်ကို လိ့လာရေအခါ ယင်း၏ ရုပ်အနှစ်သာရကို ဖောက်မြင်ဖို့လို့ရေ။ သဘောတရားနန့် ယင်း၏ ရုပ်ပတ်ဝန်းကျင် ယင်းရုပ်ပတ်ဝန်းကျင်၏ လှုပ်ယှားမှုကို အစိုင်အဆက် ဆက်စပ်နိုင်ဖို့လိုရေ။ ပုံစံ လီနင်၏ ရီသောက်မြစ်သုံးသွယ်ကို လိ့လာကေ မက်စ်၏ အတွေးအခေါ်ကို ဖြိုက်စီရေ။ ရုပ်တရားသုံးပါးကို မြင်ဖို့လိုရေ။ ယင်းရုပ်တရား သုံးပါး၏ လှုပ်ယှားနီမှု ၊ယင်းလှုပ်ယှားမှု၏ သမိုင်းစိုင်ကို လူ့သဘာဝကျကျ မြင်တတ်ဖို့လိုရေ။ နောက်ပုံစံတခု ဗုဒ္ဓ၏ နိမိတ်ကြီး လေးပါးကိုလေး ဗုဒ္ဓ၏ အတွေးအခေါ် ဉာဏ်တော်ဖြိုက်ပေါ်စီရာ ရုပ်အကြောင်း တရားလေးပါးလို့မြင်ရဖို့ ။ ယင်းအကြောင်းတရား လေးပါးကြောင့် သစ္စာ တရားလေးပါးကို ရတော်မူရေလို့

လူ့သဘာဝကျကျ မြင်တတ်ရဖို့။ ယင်းနန့်ဇ သဘောတရားတိုင်းကို လိ့လာကေ တရားသီ မလိ့လာသင့် တဘက်စွန်း မငြိတွယ်သင့်၊ စိတ်ကူးမယိုင်သင့် ၊လူဉာဏ်က လူပတ်ဝန်းကျင်အရ ၊ လူ့သဘောတရားကို တေဆောက်လိုက်စွာကို သတိပြုထားရဖို့ ပင်ဖြိုက်တေ။

တော်လှန်ရီး လုပ်တေအခါ တော်လှန်ရီး သဘောတရားကို ကိုင်စွေးရဖို့ဖြိုက်တေ။ ဘာသာရီး အစွေးအလမ်း ဝါဒရီး အစွေးအလမ်း၊ လူမျိုးရီး အစွေးအလမ်း၊ ဒေသစွေး အစွေးအလမ်းတိကို မိမိကိုယ်တွင်းက တိုက်ချွတ် ပိုက်ရဖို့ဖြိုက်တေ။ ပြေ့ဝစုံလင်ရေ သဘောတရား တခုအတွက် တော်လှန်ရီးသမိုင်းကို လေးကောင်း တော်လှန်ရီးနန့် သက်ဆိုင်ရာ ဝတ္တုမှတ်စု ၊ မှတ်တမ်း၊ ဟောပြောချက် စရေစော်တိကိုလေးကောင်း တော်လှန်ရီး ခေါင်းဆောင်ရို့၏ လှုပ်ယှားပုံကိုလေးကောင်း တော်လှန်ရီး အတွေးခေါ်တိကို လေးကောင်း တော်လှန်ရီး သဘောတရား တရပ်ကိုလေးကောင်း စနိတ်တကျ လိ့လာဖတ်ရှုရဖို့ ဆေးပူးမှတ်သားရဖို့လို့ရေ။ တပ်နိုင်ကေ သင်တန်းတက်ပီးရမယ်။ တော်လှန်ရီး သဘောတရားဆိုစွာမာ တော်လှန်မှန်ကန်ရေ သဘောတရားကိုဆိုလိုရေ။

တော်လှန်ရီး သဘောတရားတရပ်ကို ဆေးပူးမှတ်သားရေအခါ လွှန်ကျွန်မှုတိ မကြာမကြာ ဖြိုက်ပေါ်တတ်တေ။ တခါတခါ အယမ်းဖြိုက်လားရေ၊ အခါတခါ အမြဲဖြိုက်လားရေ။ တော်လှန်ရီး ခရီးတလျှောက်အယမ်းတိ၊ အမြဲတိရာမက အလွှန်အကျွံတိ အလွဲအချော်တိ အကန်းအသီတိ အများအပြား ပေါ်ပေါက်လာသိရေ။ နိုင်ငံတကာ တော်လှန်ရီးတိမာ ပေါ်ပေါက်ခစွာကို တွိနိုင်ရေ။ ယင်းပိုင် ဖြိုက်စွာရေ တော်လှန်ရီး သဘောပင်ဖြိုက်တေ။ လွဲချော်လို့ ရစော်မဟုတ်။ ယင်းကြောင့် ယင်းပြဿနာကို ရင်ဆိုင် ချီတက်ရစွာဖြိုက်တေ။ ယင်းအကြားမာပင် ရင်ကျက်မှု၊ ပြေ့ဝမှု၊ စုံလင်မှုဆိုစွာဖြိုက်လာရေ။ သဘောတရားနန့် လက်တွိကို ပေါင်းစပ်ရာက ရလာရေ တော်လှန်ရီး မှန်ကန်ရေ သဘောတရားပင် ဖြိုက်တေ။ ဒေတော်လှန်ရီး မှန်ကန်ရေ သဘောတရားရို့ကို ကိုယ်မာ တပ်ဆင်ရဖို့ဖြိုက်တေ။ ရခိုင် အမျိုးသားတော်လှန်ရီးမာ တပ်ဆင်ရဖို့ဖြိုက်တေ ဒေသဘောတရားကို တပ်ဆင်စွာမာ နိချင်းရက်ချင်း၊ အလောတကြီး၊ သရုန်းဘရုန်း တပ်ဆင်လို့မရ။ အခန်းကျိုင်းမာ တပ်ဆင်လို့မရ။ စာအုပ်ထေးမာ တပ်ဆင်လို့မရ။ လှုပ်ယှားမှုအပြင်မာ တပ်ဆင်လို့မရ ၊ လက်တွိနန့် သဘောတရားကို ပေါင်းစပ်တေ ဆိုစွာလေး လုပ်ယင်းသင် ၊သင်ယင်းလုပ်ရစော်ဖြိုက်တေ။ ယင်းအထေးကရာ အစိပ်အမှန်ထွက်ပေါ်လာရေ။ ယင်းအထေးမာရာ မိမိကိုယ်ကို သဘောတရား လက်နက် တပ်ဆင်လို့ ပြေ့ဝစုံလင်နိုင်ရေ။

သဘောတရား လက်နက်ကို တော်လှန်ရီး လုပ်ငန်းထေးမာ ရုန်းကန်လှုပ်ယှားယင်းသင် ၊ သင်ယင်းလုပ်ပြီးကေ တပ်ဆင်ထားရရေ။ ယင်းပိုင်ပင် အနိုင်နိုင်ငံ အမျိုးသား တော်လှန်ရီးထက် လေအောက် ရဲဘော်ရို့အကျိုးဆောင် လှုပ်ယှားလားစွာကို တွိ့ရရေ။ နောက်လက်နက် တပါးရေ စိုက်လက်နက်ဖြိုက်တေ။ စိုက်လက်နက် ဆိုစွာမာ စိုက်၏တရားနန့် လက်နက်ကိရိယာရို့ပါဝင်ရေ။

လူတိုင်း သိကတ်တေအတိုင်း စိုက်၏တရားရေ အရာခပ်းသိမ်း အတိုင်းပင် တိုးတက်နီရေ ဂနိလူသားရို့ရေ စိုက်ကို မလိုလားကေလေး စိုက်တိုက်နီကတ်ရရေ စိုက်ကိုစိုက်နန့် ရင်ဆင်နီကတ်ရရေ။ စိုက်ကိုစိုက်နန့် အဆုံးသတ်ဖို့ ကြိုးစားနီကတ်ရေရေ ။ ဂနိလောက တခုလုံးမာ စိုက်နန့်မကင်း မတရားရေစိုက်တိ၊ နီရာအနှံ့အပြားဖြိုက်ပေါ်နီရေ။ ကျူးကျော်သူတိုင်း ၊ဖိနှိပ်သူတိုင်း ၊မတရားရေ "စိုက်အလံနက်" ကို ကိုင်ဆောင်ပြီးကေ စိုက်တိုက်နီကတ်တေ။ ယင်းကို တော်လှန်သူရို့က တရားရေ "စိုက်အလံနီ" ကို ကိုင်ဆောင်ပြီးကေ ခုခံတိုက်ခိုက်နီကတ်တေ။ ယင်းကြောင့် စိုက်ပြဿနာတိ စိုက်တရားတိကို သိဟိထားရဖို့ဖြိုက်တေ။

ဂနိရခိုင်ပြေကို ဗမာနီချေ့ရေ ကျူးကျော်နီရေ ရခိုင်သားရို့ကို ဖိနှိပ်နီရေ ဒေကျူးကျော်ရီးစိုက်ကို ကျူးလွှန်နီရေ။ အလံနက် ကိုကိုင်ဆောင်ထားရေ ။ ဗမာနီချဲ့ကို ရခိုင်အမျိုးသား တော်လှန်ရီးက အလံနီကို ကိုင်ဆောင်ပြီးကေ တော်လှန် တိုက်ခိုက်ရဖို့ဖြိုက်တေ။ ရခိုင် သမိုင်းအဆက်ဆက်က ရဲရင့်ခြင်း၊ သတ္တိအတွက် အနီရောင်ကို ပြဌာန်းထားခရေ။ အတိတ်က ရခိုင် တော်လှန်ရီးကလေး တော်လှန်ခြင်းအတွက် အနီရောင်ကို ပြဌာန်းထားခရေအတိုင်း အလံနီကို ရေးရေးရင့်ရင့်ကိုင်ဆောင်ပြီးကေ အလံနက်ကို ကိုင်ဆောင်ထားရေ ဗမာနီချေ့ကို မောင်းထုတ်ပိုက်ရဖို့ဖြိုက်တေ။

စိုက်သဘောတရားအရ အမျိုးသား တော်လှန်ရီးဖြိုက်ဖြိုက်၊ လူတန်းစား တောလှန်ရီးဖြိုက်ဖြိုက်၊ စိုက်၏ လက္ခဏာနန့် စိုက်၏ အခြီအနီ၊ ကိုယ်ရို့၏ ထူးခြားရေ အခြီအနီနန့် ထူးခြားရေ လက္ခဏာကို စိစိစပ်စပ် နားလေးမှရာ စိုက်ကို အနိုင်တိုက်နိုင်ဖို့ဖြိုက်တေ။ ယင်းနန့်ဇ စိုက်ပညာကို တရားသီမမှတ်ရ စိုက်၏ ပရိယာယ်ကို တရားသီမှတ်လို့မရ။ စိုက်၏ ဥပဒေကို တရားသီ မှတ်လို့မရ။ ယင်းရို့ရေ စိုက်သမိုင်း အဆက်ဆက်က သွီးနန့်ရင်းလို့ ယူရစွာဖြိုက်ကေလို့ ငါ့ရို့ခိုက် စိုက်အခြီအနီ၊ စိုက်လက္ခဏာ၊ ကိုယ့်ရို့ဒေသ၏ အခြီအနီထူးရို့နန့် ပေါင်းစပ်ဖို့လိုသိရေ။

တတ်နိုင်ကေ စိုက်အခြီအနီတရပ်လုံးနန့် သက်ဆိုင်ရေ သေနင်္ဗျူဟာ စိုက်ပညာကို စိုက်ကျောင်းမာ ဖြိုက်ဖြိုက်၊ သင်တန်းမာ ဖြိုက်ဖြိုက်၊ သင်ကြားနိုင်ကေ အကောင်းဆုံးဖြိုက်တေ။ ယင်းပိုင်လို့ လိ့ကျင့်ရဖို့ဖြိုက်တေ။ ယေကေ လိ့လာလို့ ကောင်းစွာက စိုက်ပညာကို စိုက်ပွေးမာ သင်ယူစွဲရာ အကောင်းဆုံးဖြိုက်တေ။ စိုက်တိုက်ယင်းသင် ၊သင်ယင်းတိုက် လုပ်နေးရာဖြိုက်တေ။ ရခိုင် အမျိုးသား တော်လှန်ရီးမာလို့ ရခိုင် အမျိုးသား တရပ်လုံးနန့်သက်ဆိုင်စွာက စိုက်ပညာ သင်ပြီးမှ ဝင်ရောက်လုပ် ကိုင်နိုင်ခြင်းမပြုဘဲ၊ လုပ်ယင်းသင် သင်ယင်း လုပ်ခြင်းရာဖြိုက်တေ။ သမိုင်း အရပ်ရပ်မာလို့ ယင်းပိုင်ပင်ဖြိုက်တေ။

ယေကေ လက်နက်ကိုင် တော်လှန်ရီးရာ လွတ်လပ်ရီးကို အဆုံးအဖြတ်ပီးဖို့ဖြိုက်တေ ဆိုစွာကို ပြန်ကြေ့ကတ်မေ။ လက်နက်ကိုင် ဆိုစွာရေ အမျိုးသားစိတ်ဓါတ် လက်နက်၊ တော်လှန်ရီး မှန်ကန်ရေ သဘောတရား လက်နက်၊ စိုက်လက်နက် သုံးပါးကို ကိုင်ဆောင်စွာကို ဆိုလိုရေ။ ယင်းပိုင် တော်လှန်ရီးမျိုးရာ လွတ်လပ်ရီးကို အဆုံးအဖြတ်ပီးဖို့ဖြိုက်တေ။

ယင်းပိုင် လက်နက်သုံးရပ်နန့် စေးရုံးယူရာမှရာ ငါ့ရို့တော်လှန်ရီးမာ သံမဏိသံသားကျကျ ခိုင်မာတင့်တင်းဖို့ဖြိုက်တေ။

### ၃။ (င) အဂုနေချေ့ဆန့်ကျင်ရီးစိုက်ကို ပြေတွင်းစိုက်လို့မခံယူ၊ ပြေသူစိုက်လို့လေးမခံယူ၊ အမျိုးသားစိတ်လို့ရာခံယူရေ။

အများသိကတ်တေအတိုင်း ပြေတွင်းစိုက် (Civil War) ဆိုစွာရေ ကိုယ်နိုင်ငံတွင်းမာ တိုက်ခိုက်တေ စိုက်ဖြိုက်တေ။ နိုင်ငံတွင်းမာ ကိုယ့်အချင်းချင်း ထီးနန်းလုပွေး ပါတီအာဏာလုပွေးရို့ကို အခြေခံပြီးကေ တိုက်တေစိုက်ဖြိုက်တေ။ ပြေသူစိုက်ဆိုစွဲရေ တော်လှန်ရီး၏ ဒုတိယ စခန်းဆင့်၊ တတိယစခန်းဆင့်ရို့မာ ပေါ်ပေါက်လာစွာစိုက်ဖြိုက်တေ။ လေသမားနန့်အ လုပ်သမားရို့အပေါ်မာ အဓိက အင်အားနန့် အခြေခံအင်အား အသီးသီးထားပြီးကေ ဆင်နွှဲရေ စိုက်ဖြိုက်တေ။ ဒုတိယ၊ တတိယ စခန်းဆင့်ရို့မာ ကိုယ်နိုင်ငံ တွင်းမာ ဖြိုက်ပေါ်ရေစိုက်ကို ပြေသူစိုက်လို့ခေါ်ရေ။

ပထမ စခန်းဆင့်မာ နီချေ့ဆန့်ကျင့် ရီးဆင်နွှဲရေစိုက်ကို အမျိုးသားစိတ်လို့ ခေါ်ကတ်တေ။ ယနိရခိုင်ပြေမာ အဓိက ပတိပက္ခရေ ဗမာနီချေ့နန့် ရခိုင်အမျိုးသားရို့၏ ပတိပက္ခဖြိုက်တေ ဆိုစွဲကိုတင်ပြပြီးယာ ။ ယင်းအဓိက ပတိပက္ခကို တော်လှန်မှန်ကန်ရေ အမျိုးသားစိုက်နန့် ဆန့်ကျင် မောင်းထုတ်ရရေ။ ယင်းကြောင့် ယင်းစိုက်ရေ ပြေတွင်းစိုက်လေး မဟုတ်၊ ပြေသူစိုက်လေး မဟုတ်၊ ငါ့ရို့အမျိုးသား တော်လှန်ရီးရေ ဗမာနီချေ့ကို ရခိုင်နိုင်ငံက မောင်းထုတ်တေ

တော်လှန်ရီးဖြို က်တေ။ ရခိုင်ပြေတွင်းကို ကျူးကျော် ဝင်ရောက်လာရေ ဗမာနီချေ့ကို တော်လှန်မောင်းထုတ်ရဖို့ဖြို က်တေ။ ရခိုင်အမျိုးသားလုံး (လူတန်းစား လေးရပ်စလုံးဝ ) ပါဝင် ဆင်နွှဲးရေ မျိုးချို က် စိုက်ပွဲးကြီးဖြို က်တေ။ အမျိုးသား စိုက်ပွဲးကြီးဖြို က်တေ။

ဗမာပြေထောင်စုအတွင်းမာ လူမျိုးစုတိ ၊ အဖိနှိပ်ခံဗမာပြေသူတိ တော်လှန်ရေစိုက်ဟိရေ။ ယင်းစိုက်ရေ ပြေတွင်းစိုက်ဖြို က်တေ။ ဗမာပြေတွင်းမာ ဖိနှိပ်နီရေ အစိုးရကို ဖိနှိပ်ခံပြေသူရို့ တော်လှန်ရေစိုက်ဖြို က်လို့ ပြေတွင်းစိုက်ဖြို က်တေ။ ပြေသူဒီမိုကရေစီ တော်လှန်ရီးနန့် ဆိုရှယ်လစ်တော်လှန်ရီး (ဒုတိယစခန်းဆင့် တတိယစခန်းဆင့်) ကာလမာ ဆင်နွှဲးရေစိုက်ကို ပြေသူစိုက်လို့ခေါ်ရေ။ ယင်းပြေသူစိုက်မာ အတန်းစားလက္ခဏာပါရေ။ ပြေသူဆိုရေ ဝေါဟာရမာလေး လေသမား၊ အလုပ်သမားရို့ကိုရာဆိုလိုရေ ။ ပြေသူစိုက်အဆုံးသတ်ရေ လူတန်းစား လွတ်မြောက်ရီးဖြို က်တေ။ အမျိုးသား တော်လှန်ရီး၏ အဆုံးသတ် အောင်ပွဲးရေ နိုင်ငံ လွတ်လပ်ရီးဖြို က်တေ။

ပြေသူစိုက်မှာ အတန်းအစား လက္ခဏာပါရေဆိုလို့ အချို့ ဘက်မစုံ တောင်မစုံလို့ အမျိုးသား လက္ခဏာစိတ်မာ အတန်းအစား လက္ခဏာမပါ။ ယင်းကြောင့် အမျိုးသားစိတ်ကို မဆင်နွဲ့ရ။ အမျိုးသားတော် လှန်ရီးသမားရေ အမျိုးသားလက္ခဏာကို မဆောင်လို့ မှောက်မှောက်မှားမှား ယူဆကတ်တေ။ ဝံသာနုလုပ်ငန်း(ဝါ) အမျိုးသားတော်လှန်ရီး၊ စေးရုံးရီး၊ အမျိုးသား တော်လှန်ရီး၊ လူတန်းစား တော်လှန်ရီး ၊ ဆိုရှယ်လစ် တော်လှန်ရီးရို့ရေ သမိုင်းခေတ်တလျှောက် အပိုင်းအခြမ်းရာဖြို က်တေ။ အားလုံး ဖြတ်လျှောက် လားရဖို့ စခန်းဖြို က်တေ။ ယင်းအဆင့်ဆင့်ကို ဖြတ်လျှောက်တေနီရာမာ အကြင်ပုဂ္ဂိုလ်တဦးရေ ပုံအမျိုးမျိုး သဘောတရား အမျိုးမျိုးနန့်ပါ ဝင်လာရေဆိုကေလေး ထိုပုဂ္ဂိုလ်ကို တော်လှန်ရီးက စိုက်ဆေးရဖို့ဖြို က်တေ။ တော်လှန်ရီးက အားလုံးသူကို စိုက်ဆေးရဖို့ဖြို က်တေ။ (ဝါ) တော်လှန်ရီး သူသူငါငါအားလုံး၏ အမျိုးသား အညစ်အဆိုးတိကို တိုက်ဖျက် လိုက်ရဖို့ဖြို က်တေ။ တိုက် ဖျက်လို့မရရေလူရေ တော်လှန်ရီးဘောင်က ထွက်လားရဖို့ပင်ဖြို က်တေ၊ တော်လှန်ရီးသမား အဖြို က် ချုပ်ငြိမ်း လားရဖို့ပင်ဖြို က်တေ။ ဇာလူဇာပိုင်သီသီ ၊ ဇာပိုင်ဖြို က်ဖြို က် ၊ တော်လှန်ရီး လမ်းကြောင်းကားဟိမြဲ။ တော်လှန်ရီးကား ဘဇောင်တော်လှန်ရီးနန့် တကွ တရားမှန်ကန်ရေ တော်လှန်ရီးတိရို့ကား ချီတက်မြဲ ချီတက်လို့ပင်ဖြို က်တေ။

ယင်းပိုင် တော်လှန်ရီး တကြောင်းတေးပင်ဖြို က်ကေလေး ထူးခြားရေ လက္ခဏာအလိုက် စခန်းဆင့် ပိုင်းထားစွာ ရာဖြို က်တေ။ တဆင့်ထက်တဆင့် တိုက်ခိုက်နီရဖို့ မဟုတ် ။ ပျက်ဆီးနီရဖို့ မဟုတ် ။ ယင်းနန့်ဇ ငါ့ရို့ရောက်အောင် စခန်းဆင့်ရောက်အောင် တော်လှန်ရီး ကာလကိုလေးကောင်း၊ တော်လှန်ရီးကာလ၏ စိုက်လက္ခဏာကိုလေးကောင်း၊ တော်လှန်ရီး၏ လေယာမြီ ပြဿနာကိုလေးကောင်း၊ တော်လှန်ရီး ယိုင်ကျေးမှုပြဿနာကိုလေးကောင်း၊ အထက်ကဆိုခရေအတိုင်း လက္ခဏာ ထူးခြားချက်အလိုက် အဆင့်ဆင့် စီစဉ်ပိုင်းခြားထားစွာဖြို က်တေ။ ယင်းပိုင် ပိုင်းခြားထားကေလေး နောက်ဆုံး နိဂုံးချုပ်ပန်းတိုင်က တခုတေးရာဟိရေ။ ယင်းရှင့်ကား လူသားအပေါင်း ငြိမ်းငြိမ်း ချမ်းချမ်း၊ စိုက်မဲ့ ၊ ဘေးမဲ့နီထိုင်နိုင်ရီး ၊ လောကကို ချီတက်ကတ်စွာပင်ဖြို က်တေ။

**(၄) ငါ့ရို့၏ မဟာဗျူဟာရေ အမျိုးသားတော်လှန်ရေးဖြစ်တေ။**
**(၅) ငါ့ရို့၏ နေးဗျူဟာမာ အမျိုးသား ညီညွတ်ရေးဖြစ်တေ။**
**ချိုက်တေရဲဘော်အပေါင်းရို့**

ဂနိ ရခိုင်အမျိုးသား တော်လှန်ရီးထူးခြားချက်တိ၊ ပက်ပင်း ပြဿနာတိကို သမိုင်းနန့်ချီပြီးကေ သိုင်းလို့ဝန်းလို့ အထက်က သင့်အောင်ချေ သျှင်းပြီးခယာဖြို က်တေ။ ယင်းပိုင် သျှင်းလင်းရစွာကလေး ထူးခြားချက်နန့် ပက်ပင်းပြဿနာတိကို တင်ပြချင်လို့ဖြို က်တေ။ ယင်းချင့်ကို သဘော ပေါက်စီချင်လို့ဖြို က်တေ။ ကိုယ့်ရခိုင်ရုပ်ဘဝကို သဘောပေါက်စီချင်လို့ဖြို က်တေ။ ယင်းပိုင်ပြီးမှရာ ခံယူချက်၊ ယုံကြွေချက်၊ ဦးတေချက်၊ ရွှေရေချက်ရို့ စနိတ်တကျ မှန်မှန်ကန်ကန် ဖြို က်ပေါ်လာဖို့ဖြို က်တေ။ ခံယူချက်မှန်ကေ ရှိဆက်ဖို့ အတွက်မှန်ကန်ရေ။ ခံယူချက်မမှန်ကေ ရှိဆက်ဖို့အတွက် မမှန်ကန်ဖြို က်နီရေ။

ခံယူချက်၊ ရပ်တေချက်၊ ယုံကြွေချက်တို့ မှန်ကန်ကေ ဦးတေချက်၊ ရပ်တေချက်တို့ မှန်ကန်ရေ၊ တချက်တေးမာ မဟာဗျူဟာ နေးဗျူဟာရို့လေး မှန်ကန်နိုင်ရေ။ ယင်းရို့ မမှန်ကန်ကေ ဦးတေချက်၊ ရွှေရေချက်ရှိမမှန်ကန်နိုင်။ တဆက်တေးမာ မဟာဗျူဟာ၊ နေးဗျူဟာရို့လေး မမှန်ကန်နိုင်ဖြို က်တေ။

မဟာဗျူဟာဆိုစွါရေ လုပ်ငန်းစိုင် စီမံကိန်းဖြို က်တေ။ နေးဗျူဟာ ဆိုစွာရေ လုပ်းငန်း လုပ်ဟန်ဖြို က်တေ။ မဟာဗျူဟာ အောင်မြင်ဖို့ အတွက် နေးဗျူဟာ လုပ်နေးလုပ်ဟန် ကောင်းမွန်ဖို့လိုရေ။ နေးဗျူဟာပေါင်းထောင်၊ သောင်းမကလို့ မဟာဗျူဟာရေ ထူးထူးခြားခြား ရုပ်ဘဝနန့် တော်လှန်မှန်ကန်ရေ သဘောတရားကရာ ပေါ်ထွက်နိုင်ရေ။ မဟာဗျူဟာဆိုစွါရေ ရုပ်ဘဝနန့် တော်လှန်မှန်ကန်ရေ သဘောတရား၏ အဓိက စိတ်တရား အနှစ်သာရ တရားပင်ဖြို က်တေ။

ဒေသတခု၊ နိုင်ငံတခုရေ နိုင်ငံ၏ အစိပ်အပိုင်းပင်ဖြို က်တေ။ ယင်းဒေသ၊ ယင်းနိုင်ငံ၏ လူ့မှု အဖွဲ့အစေးရေ ကမ္ဘာ လူ့အဖွဲ့အစေး၏ အစိပ်အပိုင်းပင်ဖြို က်တေ။ ယင်းအစိပ်အပိုင်းတိုင်းမာ ထူးခြားချက် ကိုယ်စီဟိရေ ။ ထူးခြားချက် အလိုက်မဟာ ဗျူဟာဟိရေ။ ယင်းဗျူဟာရေ ကမ္ဘာ၏ တော်လှန်မှန်ကန်ရေ မဟာဗျူဟာကို ဆန့်ကျင်လို့မရ အစိပ်အပိုင်း၏ မဟာဗျူဟာရေ ကမ္ဘာ့ မဟာဗျူဟာမာ အကျုံးဝင်ရေ။

ယနီရခိုင်နိုင်ငံရေ ကမ္ဘာ အစိပ်အပိုင်းတခုဖြို က်တေ။ ရခိုင် လူ့အဖွဲ့အစေးရေ ကမ္ဘာ့ လူ့အဖွဲ့အစေး၏ အစိပ်အပိုင်ဖြို က်တေ။ ရခိုင်သမိုင်းမှာ တခြားနန့်မတူရေ ကိုယ်ပိုင် ထူးခြားချက်ဟိရေ။ ယင်းကိုယ်ပိုင် ထူးခြားချက်အလိုက် မဟာဗျူဟာဟိရေ။ ရခိုင်၏ မဟာဗျူဟာရေ ကမ္ဘာ၏ တော်လှန်မှန်ကန်ရေ မဟာဗျူဟာကို ဆန့်ကျင့်လို့မရ။ ယနီ ကမ္ဘာတစ်ခုလုံးရေ တော်လှန် မှန်ကန်ရေ တော်လှန်ရီး သမိုင်းကို ဆက်ချီးနီရေ။ ရခိုင်လေ့ ကိုယ်နေးကိုယ်ဟန်နန့် ဆက်ချိရဖို့ဖြို က်တေ။ ကမ္ဘာ၏ အစိတ်အပိုင်းဖြို က်တေ ကိုယ်ထူးခြားချက်အတိုင်း ကိုယ်မဟာဗျူဟာရေ ဟိပြီးသားဖြို က်တေ။ ရခိုင် ရုပ်ဘဝအတိုင်း မဟာဗျူဟာရေ ဟိပြီးသားဖြို က်တေ။ မဟာဗျူဟာရေ အသီမဟုတ် ထူးခြားရေ ရုပ်တရားအရ ပေါ်လာရေ မဟာဗျူဟာရေအသီမဟုတ် စခန်းဆင့် အလိုက်ဖြို က်တေ။ ရန်သူ အနီအထားအလိုက်ဖြို က်စီ၊ ပြောင်းလေးရရေ စခန်းဆင့် ပြောင်းလေးရစွာကလေး အမှန်မှာဟိကေ အဓိကရန်သူ(ဝါ) အဓိက ပတိပက္ခ ပြောင်းလေးလို့ ပြောင်းလေးရစွာဖြို က်တေ။ သားသမင်၏ အနီအထားကို လိုက်လို့ မြှားကို ချိန်ဆွေရရေပိုင် ရန်သူ အနီအထားကို လိုက်လို့ ပြောင်းလေးရရေ။

ပုံစံပြရဖို့ဆိုကေ တရုတ် တော်လှန်ရီး သမိုင်းပင်ဖြို က်တေ။ တရုပ်ပြေကို ဂျပန်ဖက်ဆစ် မဝင်မီ တရုတ်ပြေမှာ ပြေသူဒီမိုကရေစီ တော်လှန်ရီး(ဝါ) လူတန်းစား တော်လှန်ရီးကို ဆင်နွှဲးရေ။ ဂျပန်ဝင်လာရေအခါ အမျိုးသား တော်လှန်ရီးကို ဆင်နွှဲး လိုက်တေ၊ ဂျပန်မဝင်မီ အဓိက ရန်သူရေ တရုတ် ဖောက်ပြန်ရီး အစိုးရဖြို က်တေ၊ ဂျပန်ဝင်လာရေအခါ ဂျပန်နီချဲ့ဖြို က်လားရေ။ အဓိက ရန်သူကို ပြောင်းလေးရေ အတိုင်း မဟာဗျူဟာကိုပြောင်းလေး ပေးရရေ။ ယင်းနန့်ဇ အောင်ပွဲး အဆင့်ဆင့်ခံယူနိုင်ခရေ။

နောက်ပုံစံတခုပြရဖို့ဆိုကေ ၊ ရခိုင်တော်လှန်ရီးသမိုင်းပင်ဖြိုက်တေ။ ရခိုင်ပြေမှာ ဗမာပဒေသရိုက်မဝင်မီ၊ ရခိုင် မြေသျှင်စနိတ် ထွန်းကားနီရေ။ ယင်းအခါကပင် ရခိုင်ပြေမှာ ပြေတွင်းစိုက် အချင်းချင်းဖြိုက်ပေါ်နီယာ။ ဗမာနီချဲ့ဝင်ရေအခါ အမျိုးသား စိုက်ကိုဆင်နွှဲကတ်တေ၊ ဗမာ ပဒေသရိုက်မဝင်ခင် အဓိက ရန်သူရေ ရခိုင်မြေသျှင် ပဒေသရိုက်ဖြိုက်တေ။ ဗမာဝင်လာလတ်တေအခါ အဓိက ရန်သူရေ ဗမာနေချဲ့ဖြစ်တေ။ ရန်သူ အနီအထားပြောင်းလဲတိုင်း မဟာဗျူဟာ ပြောင်းလဲခရေ။ ယေကေလေ့ ရခိုင် တော်လှန်ရီးမှာ မဟာဗျူဟာ အောင်မြင်ရီးအတွက် နေးဗျူဟာအင်အား၊ ညံ့ခလို့ အောင်ပွဲမဆင်နိုင်ခခြင်း၊ အရံအင်အားကောင်း မရနိုင်ခခြင်း၊ စရေစရေ အချက်အလက်ရို့ကြောင့် အောင်ပွဲမခံနိုင်ခ။

ယင်းနန့်ဇ မဟာဗျူဟာ မှန်ကန်ဖို့ အရီးကြီးသလောက် နေးဗျူဟာ မှန်ကန်ကောင်မွန်ဖို့ အများကြီးလိုရေ၊ နေးဗျူဟာ အများကြီး လိုရေဆိုစွာ ထင်သျှင်းရေ၊ ရခိုင်သမိုင်းမှာ ဖြိုက်ပေါ်ခရေ မဟာဗျူဟာ ပြဿနာတိ၊ နေးဗျူဟာ ပြဿနာတိကို ဆက်လက် ပုံစံပြနိုင်သိရေ၊ မဟာဗျူဟာ မှန်ကန်ကေလေ့ နေးဗျူဟာအရ၊ မဟာမိတ်အင်အား ထားစွာမှာလေး ပိုင်နိုင်ပြတ်သားဖို့လိုရေ။ ယင်းနန့်ဇ မဟာဗျူဟာကို ကိုင်စွဲထားရာမှာပင် ဖြိုက်ဖြိုက်၊ နေးဗျူဟာကို လုပ်ဆောင်ရာမှာပင်ဖြိုက်ဖြိုက် ဆန္ဒပိုင်းကို ဦးစားမပီးရ၊ လူသားရို့ရေ ကိုယ်ဗဟုသုတ၊ ကိုယ်အတွေ့အကြုံ၊ ကိုယ်အတွေးအခေါ် ၊ ကိုယ်ခံစားချက်အရ၊ ဆန္ဒပိုင်းဆိုင်ရာ လှုပ်ယှားလာကတ်တေ။ ယင်းဆန္ဒစွေးကြောင့် နောက်မီးဆွေးခြင်း၊ ဝေးယာ လွန်ကျွံခြင်း၊ ရှိလွန်ကျွံနီခြင်း၊ စာအုပ်ကြီးဆန်ခြင်း၊ စိတ်ကူးယိုင်ခြင်း စရေ မကောင်းတရားတိ ပေါ်ပေါက်လာကတ်တေ၊ ယင်းတရားဆိုးတိကြောင့် ဆန္ဒပိုင်း လှုပ်ယှားလာကေ ပကတိပိုင်း မှုန့်ဝါးလာကတ်တေ။ ယင်းပိုင်ဆန္ဒကြီးစိုးလာလို့ ရခိုင်မဟာဗျူဟာ နေးဗျူဟာပိုင်း မအောင်မြင်စွာကို သာဓက အများပြနိုင်ရေ။

၁၈၊ ၁၉ ရာစုတွင်းက ဗမာ ပဒေသရာဇ်နေချဲ့နန့် ဗြိတိသျှအရင်းသျှင်တို့ကို တော်လှန်ချင်ရေ ရခိုင်အမျိုးသားတော်လှန်ရီး မဟာဗျူဟာအရ မှန်ကန်ရေ။ နေးဗျူဟာအရ အရန်အင်အား၊ မဟာမိတ် အင်အားဖွေ့ယူရာမှာ ဆန္ဒပိုင်း ပါခစွာကို အနေးနန့်အများ တွိ့ရရေ။ ၂၀ ရာစု ပထမပိုင်းမာဆိုကေ မဟာဗျူဟာရော နေးဗျူဟာပါ ဆန္ဒပိုင်း လွှမ်းမိုးချက်တိကို ခံလာရရေ။ ဗြိတိသျှအရင်းသျှင် နေချဲ့ တိုက်ခိုက်ရာမာ ဖြိုက်ဖြိုက်၊ ဖက်ဆိတ်ဂျပန်နေချဲ့ကို တိုက်ခိုက်ရာမာ ဖြိုက်ဖြိုက် ၊ ဆန္ဒပိုင်းစိုးမိုးစွာကို အများကြီးတွိ့ရရေ။ ကိုယ်ကျိုးဆန်ခြင်း ၊ နောက်မြီးဆွဲခြင်းဝါဒ၊ သဘောတရားကို တရားသီ ကိုင်စွဲရေ ဝဲယာ လွန်ကျွန်ခြင်း၊ အရိုကျူးလွန်ခြင်း စရေ တရားဆိုးတိ ကြီးစိုးစွာကို တွိ့ရရေ။ ယင်းနန့်ဇ အောင်ပွဲ မခံရဘဲ ကျွန်ပုန်း ကိုလိုနီဘဝကို ကျရောက်လာရရေ။

နောက်ပြီးကေ မစ် ဝါဒကိုကိုင်စွဲပြီးကေ ရခိုင်အမျိုးသားတိမာ တောတွင်းမာ လက်နက်ကိုင် တော်လှန် တိုက်ခိုက်နီကတ်ကေလေး ရခိုင်ရုပ်ဘဝကို ကမ္ဘာ့အစိပ်အပိုင်းအဖြိုက် တသီးတခြား မသတ်မှတ်ဘဲ ဗမာအစိပ်အပိုင်းအဖြိုက် လက်အောက်ခံ သတ်မှတ်ထားကတ်လို့ မဟာဗျူဟာ တစခန်းလွှန်နီရေ။ ရခိုင်ရုပ်ဘဝ တောင်းဆိုချက်နန့် မကိုက်ညီဖြိုက်နီရေ ။ ရခိုင် အခြေအနီနန့် မကိုက်ညီဖြိုက်နီရေ။ မက်စ် ဝါဒ၏ အနိတ်တကာ အနှစ်နန့် မက်စ်ဝါဒ၏ အသက်ဝိဉာဏ်မှာ သူ့အခြေအနီနန့်သူစီ စိတ်သုံး သပ်ခြင်းပင်ဖြိုက်တေလို့ လီနင်က မှာကြားဖူးရေ။ ( မော်စီတုန်းစိုက်ရီးစာစောင်၆) ဒေအချက်တိကို ရခိုင် မကစ်ဝါဒလို့ခံ ယူလူတိ ပိုက်ပင်ထားကတ်ပုံဖြိုက်တေ။

ဇာကိုက်စပင်လုပ်လုပ် ယင်းကိုက်စ၏ အခြေအနီ ယင်းကိုက်စ၏လက္ခဏာ ယင်းကိုက်စနန့် အခြားကိုက်စတိ ဆက်စပ်နီပုံများကို နားမလည်ပါက ယင်းကိုက်စ၏ တရားတိကို သိဖို့မဟုတ်။ ယင်းကိုက်စကို ကောင်းကောင်းလေး လုပ်နိုင်ဖို့မဟုတ် ဆိုစွာကို အားလုံး အသိပင်ဖြိုက်တေ။ ဒေနိ ရခိုင်အမျိုးသား အသီးသီးတို့ရေ ရခိုင်နိုင်ငံရီး တော်လှန်ရီးအပေါ်မာ အများကြီး ဟိကတ်တေ။ ယေဘုယအားဖြင့် ကိုယ့်နေးကိုယ့်ဟန်နန့် အများကြီးလုပ်ဆောင်လို့ ဟိကတ်တေ။ ရခိုင် လူ့မှုအဖွေ့အစေး ကောင်းကျိုးကို ဆောင်ရွက်နီကတ်တေ။ ယင်းပိုင်ဆောင်ရွက်စွာမာ မဟာဗျူဟာ ၊နေးဗျူဟာမှန်ကန်ဖို့ ကောင်းကောင်းအရီးကြီးရေ။

ယင်းပိုင်အရီးကြီးရေ မဟာဗျူဟာ၊ နေးဗျူဟာကို ဆန္ဒပိုင်းမာ ချမှတ်လို့မမှန်ကန်နိုင်။ ဆန္ဒပိုင်းဆိုစွာကို အထက်က ဖွင့်ပြခရေအတိုင်း အစွေးအလမ်း အလွန်အကျွံအယိုင်းအယိုင် အများကြီးပါရေ။ ယင်းနန့်ဇ ပကတိပိုင်းကို အဓိက ထားရရေ။ ယေကေ ရခိုင် လူ့အဖွေ့အစေး ကောင်းကျိုးကို ဆောင်ရွက်နီကတ်တေ အားလုံးသူသူငါငါရို့ရေ ပကတိကိုရာ အဓိကထားသင့်ရေ ။ ယင်းပကတိပိုင်းက တောင်းဆိုချက်နန့် တော်လှန်မှန်ကန်ရေ သဘောတရားပိုင်းကို ပေါင်းစပ်ပြီးကေ နေးဗျူဟာ မဟာဗျူဟာကို ဖော်ဆောင် လုပ်ကိုင်ရဖို့ဖြိုက်တေ။

ရခိုင် ကောင်းကျိုးကိုက်စကိုလုပ်ကေ ရခိုင်ကိုက်စအခြေအနီ၊ ရခိုင်ကိုက်စ၏ လက္ခဏာ ၊ ရခိုကိုက်စနန့် အခြားကိုက်စရို့၏ ဆက်စပ်နီပုံကို နားမလည်ပါက ရခိုင်ကိုက်စ၏ တရားတိကို သိဖို့မဟုတ်၊ ရခိုင်ကိုက်စကို ဇာပိုင် လုပ်ရဖို့ဆိုစွာကိုလေး သိဖို့မဟုတ်။ ရခိုင် ကိုက်စကိုလေး ကောင်းကောင်း လုပ်နိုင်ဖို့မဟုတ်။ ယင်းပိုင်ဆိုကေ ထိုထို ရခိုင် ပုဂ္ဂိုလ်ရို့၏ နိုင်ငံရီး၊ တော်လှန်ရီးတို့ရေ ရခိုင်ကိုက်စ အရပ်ရပ် ပကတိပိုင်းကို ပိတ်ပင်ပြီး ဆန္ဒပိုင်းကို အဓိက တင်ထားကေ ဂိုဏ်းဂဏ တသီးပုဂ္ဂလ အလုပ်ကို လုပ်နီစွာမှအပ အောင်ပွဲကို ရှေ့ရှုနိုင်ဖို့မဟုတ်။ မှန်ကန်ရေ မဟာဗျူဟာ နေးဗျူဟာကို ချမှတ်နိုင်ဖို့မဟုတ်။ တိုက်ပွဲကိုလေး အောင်မြင်အောင် တိုက်ခိုက်နိုင်ဖို့ မဟုတ်။

တော်လှန်ရီးတရပ်၏ မဟာဗျူဟာ၊ နေးဗျူဟာကို ချမှတ်တေအခါမာ ယေဘုယအခြေအနီနန့် ထူးခြားရေ လက္ခဏာကိုလေး ဂရုစိုက်ဖို့လိုရေ။ ရုယှားတော်လှန်ရီး ၊ တရုပ်တော်လှန်ရီး၊ ဗမာတော်လှန်ရီး စရေ နိုင်ငံတကာ တော်လှန်ရီး အတွေးအခေါ်တိ ဥပဒေသတိအတိုင်း ထပ်တူလုပ်လို့မဖြိုက်။ ယင်းပိုင်လုပ်ကေ လောင်းအလိုက် ပေါင်းဆင်ရဖို့အစား၊ ပေါင်းအလိုက် လောင်းဆင်ရဖို့ ဖြိုက်နီရေ။ ယင်းပိုင်ဆိုကေ သမားရိုးကျနောက်လိုက်နေးပင်ဖြိုက်တေလို့ စိုက်ပွဲတိုင်းမာ ဆုံးရှုံးပြီးကေ တော်လှန်ရီး နိုင်ငံရီး ယော့ကျလားရဖို့ ၊ ဆုံးရှုံးလားရဖို့ပင်ဖြိုက်တေ။

ယင်းအတွက်တာကြောင့် ငါ့ရို့ရေ ယေဘုယ အခြေအနီနန့် လက္ခဏာကို ဂရုစိုက်ရရေပိုင် ကိုယ်ပိုင်အခြေအနီ ထူးခြားချက်နန့် လက္ခဏာ ထူးခြားချက်ရို့ကိုလေး ဂရုစိုက်ရဖို့ပင်ဖြိုက်တေ။ ယေပြီးမှရာ အပြင်ရော အနှစ်ပါ ဂရုစိုက်ရာကျရေ။ ယေဘုယ သဘောတရား သက်သက်ကို လိုက်နီကေ အပြင်ကို ကိုင်နီရေလို့ဆိုရဖို့ ။ ရုပ်တရား အနှစ်သာရ တရားကို မကိုင်မိလို့ဆိုရဖို့ ဖြိုက်တေ။ စိုက်အောင်ရီး လမ်းကြောင်းကို ပိုက်ပယ်ပြီးကေ အောင်ပွဲရှိရာ လမ်းကြောင်းကို လမ်းခွဲပြီးကေ လူအထေးက လူအဖြိုက်ကို စွန့်ပြီးကေ ယေဘုယ သဘောတရားဆိုရေ ကြိုးနန့် တိုင်းပြေကို အတင်းနဖားထိုးလို့ ဆွဲယူဖို့ ကြိုးစားနီရေလို့ ဆိုရဖို့ဖြိုက်တေ။ ယင်းပိုင်ဆိုကေ ဆန္ဒပိုင်း (မိမိဝါဒ၏အစွေးအလမ်းပိုင်း) အတွက် ပကတိပိုင်းကို အလုပ်အကျွေးပြုဖို့ ခိုင်းနီရာဖြိုက်တေ။ မိမိအကြိုက် ဆန္ဒပိုင်းအတွက် အမျိုးသား တရပ်လုံးကို အလုပ်အကျွေးပြုဖို့ စေးရိုးသိမ်းသွင်းနီစွာ တိုက်ပွဲဝင်နီစွာ ဖြိုက်တေလို့ ဆိုရဖို့။ အမှန်မှာ ပကတိပိုင်း (ကိုယ့်ပြေ၏ ပကတိပိုင်း) ရေ အဓိက ကိုယ်ဆန္ဒပိုင်းရေ သမညဖြိုက်ရဖို့ပင် ။

ယင်းပိုင်ဆိုကေ မဟာဗျူဟာနေးဗျူဟာကို ကိုယ့်အကြိုက် ကိုယ့်ရင်တွင်း ကိုယ့်ချောင်းတွင်းမှာ ကျင်းပပြီးကေ ပြေသူတရပ်လုံးကို အမျိုးသားတရပ်လုံးကို ခုတုံးလုပ်ဖို့ ကြံနီရာကျရေ။ ယကေ ကိုယ်တွိ့ထားရေဝါဒတရပ်နန့် ပြေသူကို အကျိုးပြုဖို့အစား ကိုယ့်ကိုရာ အမျိုးသားတရပ်လုံးက အကျိုးပြုအောင်

လေးစားနီရာကျလားရေ။ ဂုပိုင် အဖြိုက်တိကို အနိုင်နိုင်ငံ တော်လှန်ရီးမာရာ တွိ့နိုင်စွာမဟုတ်။ တွိ့ရစွာမဟုတ်။ ရခိုင် တော်လှန်ရီးသမိုင်းမာလေး အများပင်တွိ့ရရေ။ အထူးသဖြင့် ၂၀ ရာစု တော်လှန်ရီး ခရီးကို ပြန်ကြေ့ကေလေး တွိ့နိုင်ရေ။

ဒေနိ ရခိုင်လူမှုအဖွေ့အစေး ရုပ်ဘ၀ တောင်းဆိုချက်အတိုင်း ပေါ်ပေါက်လာရေ မဟာဗျူဟာမှာ အမျိုးသား တော်လှန်ရီးဖြိုက်တေ။ ဒေမဟာဗျူဟာရေ တရားရေ၊ မှန်ကန်ရေ။ ရေရှေချက်မှာ ကိုလိုနီကျွန်ဘ၀က လွပ်လပ်ရီးဖြိုက်တေ။ ယင်းကြောင့် အမျိုးသား တပ်ပြန်တော်လှန်ရီးစိုက်ကို အမျိုးသား တော်လှန်ရီးစိုက်နန့် တိုက်ခိုက် အနိုင်ယူရဖို့ဖြိုက်တေ။ ယင်းစိုက်ကို အနိုင် တိုက်နိုင်ဖို့အတွက် စိုက်၏ ယေဘုအခြေအနီ လက္ခဏာနန့်တကွ ကိုယ်အခြေအနီထူးနန့် လက္ခဏာရို့ကို ဂရုစိုက်ရဖို့ဖြိုက်တေ။ ရခိုင်ပြေထေးမှာ ဖြိုက်ပေါ်ခရေ မတူရေ သမိုင်းအဆင့်တိ ၊ ဖြိုက်ပေါ်ခရေ စိုက်ပွေးတိ၊ လက္ခဏာချင်းမတူရေ စိုက်ပွေးတိ ၊ မတူရေ ပဒေသရိုက်မာ ဖြိုက်ပွားရေ စိုက်ပွေးတိ ၊ မတူရေ နေချေ့တိနန့် တိုက်ခိုက်ရရေ တိုက်ပွေးတိ၊ သေနက ဗျူဟာတိကို စူးစမ်းလို့လာ ပညာယူရဖို့ပင်ဖြိုက်တေ။ ရခိုင် အမျိုးသားတော်လှန်ရီးနန့် ဗမာ တော်လှန်ရီးဘောင် ရောထွီးလားခြင်းရို့ကိုလေး စူးစမ်းလို့လာ ပညာယူရဖို့ဖြိုက်တေ။ ယင်းရို့ရေ မဟာဗျူဟာ နေးဗျူဟာ၏ ပြဿနာတိကို စူးစမ်းလို့လာခြင်းပင်ဖြိုက်တေ။

မဟာဗျူဟာဆိုစွာရေ တော်လှန်ရီး အခြေအနီတရပ်လုံး၏ လုပ်ငန်း အစီအစဉ်ဖြိုက်တေ။ ကမ္ဘာ့လုံး၏ တော်လှန်ရီးအခြေအနီနန့်လေးကောင်း နိုင်ငံတနိုင်ငံ၏ တော်လှန်ရီး အခြေအနီနန့်လေးကောင်း၊ တော်လှန်ရီး စခန်းဆင့် အခြေအနီနန့်လေးကောင်း သက်ဆိုင်ရေ။ ယင်းနန့်ဇ မဟာဗျူဟာကို အောင်ပွေးရအောင် လုပ်ဆောင်ရေ အခါမာ အရီးကြီးဆုံးအချက်ကား လုပ်ငန်းအစီအစဉ်တခုလုံးကို အထူးဂရုစိုက်ဖို့လိုရေ။ ယင်းဂရုတစိုက် လုပ်ဆောင်ရေ အခါမာ အောက်ပါ အချက်အလက်တိကို တွိ့ဟိရရေ။ အမျိုးသား တော်လှန်ရီးကာလ (အထူးသဖြင့် ရခိုင်အမျိုးသား တော်လှန်ရီးကာလ အတွင်း) မာ ဆိုကေ ယင်းအချက်အလက်တိပင် အဓိကဖြိုက်တေလို့ယူဆရေ။

၁။ တော်လှန်ရီး စခန်းဆင့်တခု အစီအစဉ်အတိုင်း ဆက်စပ်နီခြင်း ( ရခိုင်အမျိုးသား တော်လှန်ရီး၏ ပက်ပင်းပြဿနာ)

၂။ အမျိုးသား တော်လှန်ရီး သမားနန့် နေချေ့ရို့ ဆက်စပ်နီခြင်း( ရန်ဘက်ပတိပက္ခ)

၃။ တော်လှန်ရီး တခုအဓိက မောင်းနှင်ရီး အားသုံးရပ်ဖြိုက်တေ စီးပွားရီး၊ နိုင်ငံရီး၊ ယိုင်ကျေးမှုရို့ ဆက်စပ်နီခြင်း၊

၄။ အမျိုးသား စိတ်ဓါတ် ၊ တော်လှန်ရီး သဘောတရား၊ သေနင်္ဗျူဟာ စိုက်ပညာရို့၏ ဆက်စပ်နီခြင်း ( ပက်ပင်းလိုအပ်ချက်)

၅။ အမျိုးသား တော်လှန်ရီး၏ အရံအင်အားစု အဓိက အင်အားစုရို့ရို့ ဆက်ဆပ်နီခြင်း။

၆။ အမျိုးသား တော်လှန်ရီးကို ဦးဆောင်မှုပါသည်နန့် အမျိုးသား တရပ်လုံး ဆက်စပ်နီခြင်း၊ (အဓိက လိုအပ်ချက်)

၇။ မဟာဗျူဟာနန့် နေးဗျူဟာရို့၏ ဆက်စပ်နီခြင်း ။

၈။ အေအချက်အလက်တိကို တွိ့ဟိရရေ။ အေပြဿနာတိကို စူးစမ်းဆင်ခြင်လို့လာကြေ့ကေ နားလည်နိုင်ရေ။ သဘောပေါက်နိုင်ရေ။ နားလည်ရုံနန့်မပြီး သဘောပေါက်အောင် စူးစမ်းဆင်ခြင် လို့လာရဖို့ဖြိုက်တေ။ စူးစမ်းဆင်ခြင် လို့လာနိုင်ကေ ဆေးပူးဖို့ကိုက်စ လွယ်လားရေ၊ ဆေးပူးနိုင်ကေ အသုံးချဖို့ လွယ်ကူလာရေ။ စနိတ်တကျ အသုံးချခြင်းရေ နေးဗျူဟာ ပိုင်းကို မှန်ကန်စွာ စီမံနိုင်ရေ။ နေးဗျူဟာပိုင်းကို မှန်မှန်ကန်ကန် စီမံနိုင်ကေ မဟာဗျူဟာကို အောင်အောင်မြင်မြင် လုပ်ဆောင်နိုင်ရေ။ မဟာဗျူဟာ အောင်ပွေးခံရအောင် လုပ်ဆောင်နိုင်ရေ။ ဒေခေါင်းစိုင်၏ နိဂုံးပိုင်းမာ ရခိုင်ပြေ အမျိုးသား တော်လှန်ရီးစိတ်၏ ထူးခြားချက်တိကို အကျိုင်းချုပ် တင်ပြလိုက်တေ။ ယင်းရို့မာ

၁။ ရခိုင် နိုင်ငံရီးနန့် ဗမာ နိုင်ငံရီးကို ရောထွီးနိုင်ရေ။ စီးပွားရီးအရ ချိုးနှိမ်ခြင်း ခံနီရရေ။ ယှဉ်ကျေးမှုအရ အမျိုးသား လက္ခဏာကို မျိုးပွားခံနီရရေ။ ကျွန်ပုန်းကို လိုနီနိုင်ငံ တခုဖြိုက်တေ။

၂။ ရခိုင်နိုင်ငံမာ စီးပွားရီးအရ ပဒေသရာဇ်စနိတ် အကြွင်းအကျန်တိ အပြိုအပျက်တိ တေဟိနီရေ။ ပဒေသရာဇ် တပိုင်းနိုင်ငံဖြိုက်တေ။

၃။ ရန်သူအင်အား ကြီးမားခြင်းဖြိုက်တေ၊ ရန်သူရို့အတွက်ဆိုကေ သူရို့ တိုက်ခိုက်ရဖို့စိုက်မှာ တစိပ်တဒေသ စိုက် အင်အားကိုသုံးလို့ တိုက်ခိုက်ရဖို့ဖြိုက်တေ။ ငို့ရို့အတွက်ဆိုကေ တမျိုးသား လုံးဆင်နွှီးရဖို့စိုက်ဖြိုက်တေ။

၄။ အမျိုးသားအင်အားစုတိ သိမ့်ငယ်အားညံ့နီရေ၊ ဖရိုဖရဲပြန့်ကြဲနီရေ၊ အရေအတွက်ရော၊ အရေအခြင်းပါ ရန်သူထက် အားညံ့နီရေ။

၅။ လက်ဟိကာလမာ အမျိုးသား တော်လှန်ရီးအတွက် ခေါင်းဆောင်မှုပါတီကို ကြိုးစားနီတုန်းဖြိုက်တေ။ စေးရုံးရီးမှာလေး ကောင်းကောင်း နိကျနီတုန်းဖြိုက်တေ။ အေအချက်ငါးချက်ရေ ထူးခြားရေ လို့ယူဆရေ။ အေ ထူးခြားချက်တိကို အထက်က သျှင်းပြပြီးခယာ ဖြိုက်တေလို့ ထပ်လို့ တင်ပြဖို့လို့ဖို့မဟုတ်ယာ။

ဒေထူးခြားချက်တိမာပင် မဟာဗျူဟာနန့် နေးဗျူဟာ အမျိုးသားအတွက် သေနင်္ဗျူဟာ စိုက်ဗျူဟာနန့် စိုက်ပရိယာယ်ရို့ ပေါ်ပေါက်လာစွာဖြိုက်တေ။ ဒေတရားတိကပင် တော်လှန်ရီး၏ လမ်းညွှန့်လမ်းစိုင် လုပ်နေး  လုပ်ဟန်ရို့ကို သတ်မှတ်ပီးလိုက်တေ။ ရပ်တေချက်၊ ယုံကြွေချက်၊  ဦးတေချက် ၊ ရေရှေချက်ရို့ကို မွေးထုတ်လိုက်စွာလေး ထူးခြားချက်တိပင်ဖြိုက်တေ။

## ကောက်နုတ်ချက်တိ
## ချိုက်တေရဲဘော်အပေါင်းရို့

"ဇာလုပ်ကတ်ဖို့လေး? (ဝါ ) ရခိုင် တော်လှန်ရီး၏ ပြဿနာတိ" စာတမ်းကို ရဲဘော်ရို့ကို တင်ပြဆွေးနွီးစွာ အပိုင်းကြီး ၇ ပိုင်းဟိယာ။ ဒေအပိုင်းဆိုကေ ၈ ပိုင်းဟိဖို့။ ဒေအပိုင်းမာ ကောက်စိုက်ထုတ်ကြွေကတ်မေ။ နောက်ဆုံး နိဂုံးပိုင်းမာ ကောက်စိုက်ချက် ချမှတ်စွာတိကို တခါ လုပ်ငန်းပိုင်း လက်တွိသဘော ချမှတ်ကတ်မေ။

၁။ နိဒါန်း "ဇာလုပ်ကတ်ဖို့လေး"။ ရခိုင့်အမျိုးသားတိ ဇာလုပ်ကတ်ဖို့လေး။ ရခိုင်နိုင်ငံနန့် အမျိုးသား လွတ်လပ်အောင် ငို့ရို့ ကြိုးပမ်းကတ်ရဖို့

၂။ ငို့ရို့ ဇာတော်လှန်ရီးမျိုးနန့် တော်လှန်ကတ်ရဖိုလေး။ ဗမာနီချေ့ကို အမျိုးသား တော်လှန်ရီးနန့် ငို့ရို့တော်လှန်ကတ်ရဖို့။

၃။ ရခိုင် အမျိုးသား တော်လှန်ရီး သမိုင်းကြောင်း

**(က) ဗမာ ပဒေသရာဇ် နေချေ့ကို တော်လှန်ခြင်း**

ရခိုင် ဗမာ သဘောတူချက်ကို ဖောက်ဖျက်ပြီးကေ ကျူးကျော် ဝင်ရောက်လာခြင်း

ပထမပိုင်း (အေဒီ ၁၇၈၅– ၁၇၈၈) ကျားရီဝတ် တောင်မင်းကြီး၊ ဗိုလ်ကျောင်ထွီး၏ အမျိုးသားတော်လှန်ရီး ၁၇၈၈ ခု ရခိုင် အမျိုးသား လက္ခဏာအရပ်ရပ်ကို ဗမာနေချေ့ ပဒေသရာဇ်က ခြိမ့်နှင်းဖျက်ဆီးလိုက်ခြင်း။

ဒုတိယပိုင်း (အေဒီ ၁၇၈၄ –၁၈၁၅ ) ဗိုလ်ချင်းပျံ၏ အမျိုးသား တော်လှန်ရီး။

(ခ) **ဗြိတိသျှအရင်းသျှင် နီချေ့ကို တော်လှန်ခြင်း (အေဒီ ၁၈၂၆–၁၉၁၆)**

–ရခိုင် ဗြိတိသျှသဘောတူချက်

–ရန္တပိုစာချုပ် (၂၄ –၂– ၁၈၂၆ ) အရ ဗြိတိသျှက ရခိုင်ပြေကို လက်တလုံးခြား လိမ်လို့သိမ်းပိုက်လိုက်ခြင်း

–ဓါးပိုင်ကြီး၊ ပြေစိုးကြီး၊ ကျွန်အုပ်– အမ်းစား၊ မင်းသားကြီး၊ ဒေးဝန်ကြီး၊ မြို့သူကြီးရို့၏ အမျိုးသား တော်လှန်ရီး

–ဗိုလ်ချိုက်စံ (လေးမြို့ချောင်း) ၏ အမျိုးသား တော်လှန်ရီး

–ဗိုလ်မောင်သာနီ (သံတွေးနီ)

–ကြိမ်သလီဆရာတော် (သံတွေးနီ)

–ဗိုလ်မောင်ဦးဖြူ (မြောက်ဦးမြို့နီ)

–ကျောက်စိမ်းဗိုလ် (သံတွေးနီ)

–သံတွေးဆရာတော် (သံတွေးနီ )

–ဗိုလ်ကြာထွန်း၊ ဗိုလ်ရွှေလှ၊ ဗိုလ်လာဘ (စိုက်တွေခရိုင်)

–ဗိုလ်ကျော်ဝ (သံတွေးနီ)

–ဗိုလ်ချင်းဖို့၊ ဗိုလ်မောင်ဖော်အောင် (ရသေ့တောင်)

**သုံးသပ်ချက်**

**၁။ အထက် ပါတော်လှန်ရီးမှာ**

(က) တော်လှန်ရီး၏ အဓိက ဝင်ရို့ဖြိုက်တေ စေးရုံးမှု အင်အားနေးပါးခြင်း

(ခ) တော်လှန်ရီး သဘောတရားတရပ် ခိုင်ခိုင်နောင်းနောင်း မဟိခြင်း။

(ဂ) ရန်သူ အခြေအနီ၊ ကိုယ့် အခြေအနီ ၊ ပြေသူ အခြေအနီ အရပ်ရပ်ကို စိစိစပ်စပ် မဆန်းစိပ်ဘဲ တော်လှန်ရီး ကာလ မရင့်ကျက်ဘဲ တော်လှန်တိုက်ခိုက်ခြင်း၊

(ဃ) စိုက်ရီး၊ စိုက်ရာ၊ တိုက်နေးတိုက်ဟန် ၊ လုပ်နေးလုပ်ဟန် အားနေးခြင်း

(င) မဟာမိတ် အင်အားစု အရံအင်အားစု ရို့ကို စနိတ်တကျ မကိုင်တွယ်ခခြင်း

(စ) နေချေ့ နှစ်တိုင်ကြားက ရှန်းကန်နီရခြင်း

**သုံးသပ်ချက်**

**၂။အထက်ပါ တော်လှန်ရီး၏ ကောင်းမွန်ပြတ်သားရေ အချက်အလက်တိ**

(က) **ခံယူချက် ခိုင်ခိုင် နောင်းနောင်းဟိခြင်း**

**(ခ) ရန်သူကို သဘောထား ပြတ်သားခြင်း**

**(ဂ) သူ့ကျွန်မခံလိုစိတ် အပြေအဝဟိခြင်း**

**(ဂ) ဗြိတိသျှ အိန္ဒိယဆိုရေ စီးပွားရီး စားကျက်ကြီးကို ဖွေ့စေးခြင်း**

–၁၈၈၅ ခုမာ ကချင်၊ ကယား၊ ကရင်၊ ရှမ်းမွန်၊ ဗမာ ၊ ရခိုင်၊ ရှမ်း၊ အင်အားစု အားလုံးကို ပေါင်းစေးလို့ ဗြိတိသျှဘားမာ (British Burma) ဖွေ့စေးခြင်း။ နောက်ဗြိတိသျှ ဗားမားကို ဗြိတိသျှ အိန္ဒိယထေးမှာ ထေးသွင်း ပေါင်းစေးလိုက်ခြင်း

(ဃ) **၁၉၃၇ ခု ဗြိတိသျှ ဗားမားကို ခွဲထုတ်ခြင်းနန့် မတ်မိုဟတ်နေနမိတ်မျဉ်းကြောင်းသတ်မှတ်ခြင်း**

–ဗြိတသျှ –ဗားမားကို ဗြတိသျှ– အိန္ဒိယက ခွေးထုတ်ခြင်း

–မတ်မိုဟန် နေနမိတ် မျဉ်းကြောင်းသတ်မှတ်ခြင်း

–ရခိုင်ရဟန်း ပုဂ္ဂိုလ် လူပုဂ္ဂိုလ်တိ ယင်းနေနမိတ် ပြဿနာကို မျက်ကွယ်ပြုတတ်ခြင်း

## (c) ရခိုင်နေနမိတ် အခြမ်းခြမ်း ခွဲစိပ်ခံရခြင်း၊ ဇာကြောင့်လေး?

–ရခိုင်ပြေ အခြမ်းခြမ်း ခွဲစိပ်ခံရခြင်း (Partatain and Arakan)
-ကျွန်ပုန်း ကိုလိုနီဘဝကို ကျဆင်းလားခြင်း
–ရခိုင်တိုင်း (Arakan Division) လို့သတ်မှတ်ခံရခြင်း
–AD -1853 ခု တောင်ခွင်ခရိုင်နန့် ဟိုင်းကြီးကျွန်းရို့ကို ရခိုင်ပြေက ဖဲ့ထုတ်လိုက်ခြင်း
– ဗမာ့ လွတ်လပ်ရီး ရပြီးနောက် ပလက်ဝ ခရိုင်ကို ရခိုင်ပြေက ဖဲ့ထုတ်လိုက်ခြင်း
– ဖြူတောင်ကို အိန္ဒိယထေးမှာ ပါလားခြင်း
– ဗိုလ်မင်းထောင်၊ သက်ထောင်၊ ဖလံထောင်နန့် ဘင်္ဂါ ၁၂ မြို့ဒေသရို့မှာ ပါကိုက်စတန်ထေးမှာ ပါလားခြင်း
–ရခိုင်အမျိုးသား တော်လှန်ရီးသမိုင်းကြောင်း ရောထွီးလားခြင်း၊

**ပထမ ရခိုင်ဝံသာနု ခေတ် ဇာပိုင်လေး**

–၁၈၂၆ ခု စပြီးကေ ဗြိတိသျှ ကုမ္ပဏီ အစိုးရက ရခိုင်ပြေကို ကိုလိုနီ ပုံစံအဖြစ်က် သွတ်သွင်းခြင်း
–၁၈၅၂ ခု မှာ ရခိုင်ပြေ (ပလက်ဝ၊ ကျောက်ဖြူ ၊ စိုက်တွေ၊ သံတွေ၊ တောင်ခွင်ခရိုင်၊ ဟိုင်းကြီးကျွန်း) ပဲခူး ၊မုတ္တမ၊ တနင်္သာရီရို့ကို ဗြိတိသျှ ကုမ္ပဏီ အစိုးရက ဗြိတိသျှ ဗမားကို ဖွေ့စေးလိုက်ခြင်း၊

**မဟာဝန်သျှင်တော်မင်းကြီးက အုပ်ချုပ်ခြင်း**

–ရခိုင်ပြေမှာ လက်ဝီခံ(ဝါ)ကွန်ပရာဒိုတိပေါ်ပေါက်လာခြင်း၊ ရှိအင်ဂျာကုလားတိ ပြောက်သောက်ဝင်လာကတ်ခြင်း
–၁၈၈၅ ခု ဗမာဘုရင်သီပေါ့မင်းကို ဖမ်းဆီးခြင်း ရခိုင်ပြေကို တိုင်းအဖြစ်က်နန့်ဗမာပြေထေးမှာ ထေ့လိုက်ခြင်း
–၁၈၉၇ ခု မှာ ဘုရင်ခံငယ်တစ်ဦးက အုပ်ချုပ်ခြင်း ရခိုင်တိုင်းကိုကား ဝန်သျှင်တော်မင်းကြီး(Commissioner)အုပ်ချုပ်ခြင်း
-AD 1826 -1916 ခုအတိုးအတွင်း ဗြိတိသျှအရင်းးသျှင်နီချေ့အစိုးရကို ရခိုင် အမျိုးသား တော်လှန်ရီးနန့် ဆန်ကျင့် တိုက်ခိုက် ကတ်ခြင်း ။
-AD 1937 ခုမှာ ဗြိတိသျှဗမားကိုခွဲထုတ်လိုက်ခြင်း။
–ဗြိတိသျှရို့၏ လက်အောက်ခံဘဝမှာ ရခိုင်ပြေရေ ရန်ကုန်၏တဆင့်လက်အောက်ခံဖြစ်က်လားရခြင်း။
–ရခိုင့်နိုင်ငံရီးခေါင်ဆောင်တိ ၊ ရခိုင်စာပေ သမား၊ ရခိုင်ရာဇာဝင်ဆရာတိ၊ ဗမာ့နိုင်ငံရီးဘောင်၊ ဗမာစာပေဘောင်ရို့မှာ လုပ်ယှားနီကတ်ခြင်း၊
–နိုင်ငံရီးအဖွေ့တိပေါ်ပေါက်လာခြင်း

**ပထမရခိုင်ဝံသာနုခေတ်ဘောင်ရောထွီးလားခြင်း**
**သုံးသပ်ချက်**

၁။ ၂၀ ရာစု ပထမပိုင်း ရခိုင်နိုင်ငံရီးခေါင်ဆောင်၊ စာပေခေါင်ဆောင်ရို့ အမျိုးသား တော်လှန်ရီးလမ်းကြောင်းကို ဂရုမစိုက်ခြင်း
၂။ ဗြိတိသျှအရင်းသျှင်နီချေ့ရို့ ရခိုင်စီးပွားရီး၊ လူမှုရီး၊ နိုင်ငံရီးရို့ကို ၊ ယိုင်ကျေးမှုရို့ကို ရောထွီးပိုက်ခြင်း၊ ရခိုင်ပြေကို ခွဲစိပ်ချင်ပိုင် ခွဲစိပ်လို့ ပေါင်းစပ်ချင်ပိုင်ပေါင်းစပ်ပိုက်ခြင်း။
၃။ ဗမာပဒေသရာဇ်နီချေ့ရို့ ရခိုင်အမျိုးသားလက္ခဏာကို ဖျက်ဆီးပိုက်ခြင်း၊ တပြေလုံးကို ဆောက်တေရာမရအောင် နှိက်စက်သတ်ဖြတ်ခြင်း
၄၊ ရခိုင်အမျိုးသားအချင်းချင်း ဒေသစွေးအရ ၊ ဂိုဏ်းစွေးအရ ခွဲခြားကတ်ခြင်း၊ အမျိုးသားစေးရုံးရီး ပြိုကွဲပျက်စီးခြင်း

### ၂၀ ရာစု ပထမပိုင်း တော်လှန်ရီးတိ ဇာပိုင်လေး?

–ဗြိတိသျှ အရင်းသျှင် နီချေ့ လက်အောက်မှာ အိပ်မောကျနီခြင်း
–ဝိုင်အမ်ဘီအေ အသင်း ၊ ဂျီစီဘီအေ အသင်းရို့မှာ ဗမာရောက် ရခိုင် ပညာတတ်တိ ပါဝင်လုပ်ယှားနီကတ်ခြင်း
–ရခိုင် နိုင်ငံရီး အသင်းအဖွေ့အစေးတိ ပေါ်ပေါက်လာခြင်း။
–၁၉၂၃ ခု ဒိုင်အာခီ စနိတ်ပေါ်ပေါက်လာခြင်း ၊ ရခိုင် အမျိုးသားတိ ယင်းတွင် လုပ်ယှားနီကတ်ခြင်း။
– ခွဲရီး၊တွေးရီး၊ ပြဿနာတိ ဗမာပြေ အတွက် စားပွေးဝိုင်း ဆွေးနွီးပွေးတိမှာ လုပ်ယှားနီကတ်ခြင်း။
–ဒို့ဗမာ အစေးအရုံးဗမာပြေမှာ ပေါ်ပေါက်လာခြင်း။
– ရခိုင် လူငယ်အချို့ နောက်မြီးဆွဲကတ်ခြင်း၊
–၉၁ ဌာန အုပ်ချုပ်ရီး ပေါ်ပေါက်ခြင်း။ ရခိုင်အမျိုးသားတိ ယင်းတွင်လုပ်ယှားနီကတ်ခြင်း။

**ဖက်ဆိတ်၊ ဂျပန်နီချေ့ခေတ်**

– ဒို့ဗမာ ဆင်းရဲသားအစေးအရုံး ဖတပလ ရို့ လက်အောက်ကို ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစေးအလုံးဝင်ကတ်ခြင်း၊ နောက်မြီးဆွဲလိုက်ခြင်း။

– ဖတပလ (ရခိုင်တိုင်း) ၊ ဗမာ မျိုးချိုက်တပ်မတော်(ရခိုင်တိုင်း) အဖြိုက်နန့် ဖက်ဆစ်ဂျပန်ကို ရန်ကုန် ညွှန်ကြားချက်အတိုင်း တော်လှန်ကတ်ခြင်း။

### ဗြိတိသျှ အစိုးရ ဂစ်ဘီ လက်အောက်ခံ ရခိုင်ပြေ၊

–နိုင်ငံရီးအရ ၊ စီးပွားရီးအရ ၊ လူမှုရီးအရ ဗြိတိသျှရို့ ဖိနှိပ်ခြင်း၊

– ဝရမ်းပြီးသမဂ္ဂရို့ ပေါ်ပေါက်လာရခြင်း။

–ရခိုင်အမျိုးသား တော်လှန်ရီး လမ်းကြောင်း ပျောက်ဆုံးလာရခြင်း

### ဝေဖန်ချက်

–ပျားတေးညီလာခံ (ဖတပလ ရခိုင်တိုင်း) တောင်းဆိုချက်တိ ၊

–စီးပွားရီး အခြေအနီ ဆိုးဝါးလာပုံ၊

–တောကန် ညီလာခံ၏ ဆုံးဖြတ်ချက်တိ၊

–ဗမာပြေ နိုင်ငံရီးအကွဲအပြဲတိ၊ ရခိုင်ပြေမှာ နောက်လိုက် အကွဲအပြဲတိ၊

–ဆရာတော်အသျှင်စိန္တာ၏ ရခိုင်ချောင်းဆွေးနွီးပွေး–

### မြေပုံလက်ဝဲညီညွှတ်ရီးတပ်ပေါင်းစု ညီလာခံ၊ <u>ဆရာတော်အသျှင် စိန္တာ အဖမ်းခံရခြင်း၊</u>

–ဗြိတိသျှ လက်အောက် ရခိုင်ပြေမှ ဗမာ လက်အောက် ရခိုင်ပြေ အဖြိုက်စတင်ပုံ၊ ဝေဖန်ချက်

–ဗမာ နိုင်ငံရီးဂယက်ကြောင့် ရခိုင်ပြေက ပါတီအသီးသီး တောခိုကတ်ခြင်း၊ လူတန်းစား တော်လှန်ရီးကို ထိုပါတီတိ လုပ်ဆောင်ကတ်ခြင်း

–တော်လှန်ရီး စခန်းဆင့် ရောထွီးလာခြင်း

### ၁၉၄၈ ခု နောက်ပိုင်း လောက်မာ ရခိုင်ပြေ လက်နက်ကိုင်တော်လှန်ရီးလောကမာ

၁။ အသျှင်စိန္တာ ခေါင်းဆောင်ရေ ပြေသူလွတ်မြောက်ရီးပါတီ

၂။ ရဲဘော် ကျော်မြ ခေါင်းဆောင်ရေ ဗမာပြေ ကွန်မြူနိတ်ပါတီ

၃။ ရဲနီ ဖုံပေါက်သာကျော် ခေါင်ဆောင်ရေ ကွန်မြူနိတ်ပါတီ

၄။ ပြေသူရဲဘော်ပါတီ

ရခိုင်ပြေ လူတန်းစား ပါတီ၏ ဘောင်ရော ထွီးခြင်း၊ စခန်းဆင့်ရောထွီးခြင်း၊ နောက်မြီး ဆွဲခြင်းရို့ကို ဝေဖန်သုံး သပ်ချက်။

၁၉၅၈ ခု ရခိုင်တောတွင်းပါတီအချို့နန့် ရဲဘော်တိ အလင်းဝင်ခြင်း

## (၅) “ကျွန်ပုန်းခေတ်”

(က) ဒုတိယ ရခိုင်ဝံသာနုခေတ်(ရခိုင်အမျိုးသားတော်လှန်ရီး၊ စေးရုံးရီးကာလ)

–ရခိုင် လူမှုအဖွဲ့တိ ဆုတ်ယုတ်တေ လက္ခဏာတိ ကိုလိုနီ လက္ခဏာ ၊လေသမား လက္ခဏာ ၊ ဗျူရိုကရေစီ၊ မင်းမဲ့ဂိုဏ်းစွေး၊ ဒေသစွေး၊ ဘာသာစွေး၊ လူမျိုးစွေး ၊ စခန်းလွှန်မှု၊ ရာထူးမက်မှု ၊

**၂၀ ရာစု ပထမပိုင်း ရခိုင် နိုင်ငံရီး ကာလ အကျိုင်းချုပ်**

–ရတည ၏ ပြေနီလှုပ်ယှားရီး စတင်လာခြင်း၊ ယင်း၏ မဟာဗျူဟာ နေးဗျူဟာ

–ရခိုင် ဝံသာနု အစိုက်အမှုန် လုပ်ငန်းတိ၊

–၂၀ရာစု ဒုတိယ ပိုင်းကာလ နိုင်ငံရီး အဖွဲ့အစေးတိ။

–ပထမ ရခိုင်ဝံသာနု ခေတ်နန့် ဒုတိယ ရခိုင် ဝံသာနုခေတ် နိုင်းယှိုင်ဝေဖန်ခြင်း

–ဒုတိယ ရခိုင်ဝံသာနုခေတ်၏ ထူးခြားချက်တိ၊

–ဗမာ နိုင်ငံရီးပါတီ အကွဲအပြဲတိ၊ ရခိုင် နိုင်ငံရီးမာ ဂယက်ရိုက်မှုတိ

– ၂၅ ၊ ၂ ၊ ၆၂ ရှမ်းပြေ တောင်ကြီးညီလာခံ ဖယ်ဒရယ်မူ
–၂၊ ၃၊ ၆၂ ဖက်ဆိတ် နီဝင်း အစိုးရ အာဏာသိမ်းခြင်း
–ရခိုင် ပြေကို တိုင်းခွဲ (၁၃ )လို့ သတ်မှတ်ခြင်း
–ရခိုင် ပြေကို ဖက်ဆိတ် နေးနန့်ဖိနှိပ်ခြင်း၊

**(ခ) ရခိုင် အမျိုးသား တော်လှန်ရီး ပါတီ အဖွဲ့အစေးများ ပေါ်ပေါက်လာခြင်း။**
–လျို့ဝှက်နိုင်ငံရီး လှုပ်ယှားခြင်းတိ  အမျိုးသား အင်အားစုတိ အဖမ်းခံကတ်ရခြင်း၊ အချို့ တောခိုခြင်း။
–ရခိုင်ပြေ လွတ်မြောက်ရီး အဖွဲ့ချုပ် (ရမလပ)
–ယင်း၏ မဟာဗျူဟာ နေးဗျူဟာ
–ရခိုင်ပြေ ကွန်မြူနိတ်ပါတီ (ရကပ)
–ယင်း၏ ခံယူချက်၊ မဟာဗျူဟာ၊ နေးဗျူဟာ
–ရခိုင်ပြေ အမျိုးသား ညီညွတ်ရီးအဖွဲ့ (ရမညဖ)
–ရခိုင်ပြေ လွတ်လပ်ရီး တပ်ဦး (ရလတ)
–ဗမာ နေချေ့ဆန့်ကျင်ရီး ၊ ရခိုင်ပြေ အမျိုးသား လွတ်မြောက်ရီး တပ်ပေါင်းစု ၊ ယင်း၏ ခံယူချက်တိ
–ယင်း၏ အားနေးချက်တိ
–ဖက်ဆိတ် တိုက်ဖျက်ရီး အမျိုးသား တပ်ပေါင်းစု ယင်း၏ လုပ်ဆောင်ချက်တိ ၊ ရခိုင်ပြေ တောတွင်းပါတီတိ
–အမျိုးသား တော်လှန်ရီးကို မဟာဗျူဟာခင်းလို့ ပေါ်ပေါက်လာရေ အဖွဲ့အစေးတိ။ ရခိုင်ပြေသူ့ သမ္မတနိုင်ငံကို နေးဗျူဟာ ခင်းကျင်းရေပါတီ။
–ရမလဖ ၊ ရကပ နေးဗျူဟာ ရခိုင်ပြေသူ့ သမ္မတနိုင်ငံ၊  မဟာဗျူဟာ ၊ ပြေသူဒီမိုကရေစီ တော်လှန်ရီး (ရလတ၊ ရမညဖ)
–ရခိုင်ပြေ အမျိုးသား တော်လှန်ရီးဘောင်မာ ရပ်တေကတ်တေ ရခိုင် တိုင်းရင်းသား အဖွဲ့အစေးတိ လူမျိုးစုအဖွဲ့အစေးတိ၊
–ရခိုင်ပြေ ချင်းအမျိုးသား လွတ်မြောက်ရီးအဖွဲ့၊
–လူမျိုးစုအဖွဲ့၊
–ရခိုင်ပြေ တိုင်းရင်းသား ရှင့်ကျာ မူဆလင် အမျိုးသား လွတ်မြောက်ရီးအဖွဲ့
–ရခိုင်ပြေ ပြေသူဒီမိုကရေစီ တော်လှန်ရီးကို မဟာဗျူဟာ ခင်းကျင်းထားရေ ပါတီတိ ၊
–ကွန်မြူနိတ်ပါတီ (ရခိုင်ပြေ ကော်မသျှင်)
–ဗမာပြေ ကွန်မြူနိတ်ပါတီ( ရခိုင်ပြေနီ )၊
–ရကပ နေးဗျူဟာ ရခိုင် သူသမ္မတနိုင်ငံ၊
–(၆) အမျိုးသား တော်လှန်ရီးနန့် တော်လှန်ရမယ်။

မဟာဗျူဟာ၊ နေးဗျူဟာနန့် ခံယူချက်တိ၊
(က) အမျိုးသား တော်လှန်ရီး သမိုင်းဆက်ကို ဦးထိပ်ထားလို့ ဆက်ခံရဖို့
(ခ)  ရခိုင် တမျိုးသားလုံး လွတ်လပ်ရီးအတွက် အမျိုးသား တော်လှန်ရီးကို ရာ လုပ်ဆောင်ရဖို့၊
(ဂ) ငါရို့၏ ခံယူချက်တိ
၁။ ရခိုင်ပြေရေ သီးခြားနိုင်ငံ တနိုင်ငံဖြိုက်တေ။ ရခိုင် လူမှုအဖွဲ့အစေးရေ သီးခြား အဖွဲ့အစေးဖြိုက်တေ။
၂။ ရခိုင်ပြေရေ လုံးဝ ကိုလိုနီနန့် ပဒေသရာဇ် တပိုင်းနိုင်ငံဖြိုက်တေ။
၃။ ငါ့ရို့၏ အဓိက ရန်သူရေ ဗမာနေချေ့ဖြိုက်တေ။
၄။ လက်နက်ကိုင် တော်လှန်ရီးရာ ရခိုင်ပြေ လွတ်လပ်ရီးကို အဆုံးအဖြတ်ပီးဖို့ဖြိုက်တေ။ ဥပဒေတွင်းတိုက်ပွေးရို့ကား အခြေအနီ အထောက်အပံ့ကိုရာ ပီးနိုင်လိမ့်မယ်ဖြိုက်တေ။
၅။ အဂု နီချေ့နန့် ပဒေသရာဇ် ဆန့်ကျင်ရီးစိုက်ကို ပြေတွင်းစိုက် ၊ ပြေသူစိုက်လို့ မခံယူရ ၊ အမျိုးသား စိုက်လို့ရာ ခံယူရဖို့ဖြိုက်တေ။

၃။ (က) ရခိုင်ပြေရေ သီးခြားနိုင်ငံ တနိုင်ငံဖြိုက်တေ၊ ရခိုင် လူမှုအဖွဲ့အစေးရေ သီးခြား အမျိုးသားတရပ်ဖြိုက်တေ။
၁။ တူညီရေ ပထဝီ အနီအထားဟိခြင်း။
၂။တူညီရေ စီးပွားရီး သဘာဝဟိခြင်း။
၃။ တူညီရေ ဘာသာစကားဟိခြင်း။
၄။ သီးခြား အမျိုးသား ယိုင်ကျေးမှုဟိခြင်း။

(က) ၁။ တူညီရေ ပထဝီအနီအထား ဟိခြင်း။
–ဘီစီ လောက်က ရခိုင်ပြေမာ ရခိုင် လူမှုအဖွဲ့အစေး စတင်နီထိုင်ရေ။
–ဝေသာလီ၊ ဒွါရဝတီ၊ ဓညဝတီရို့မာ အင်ဒိုအယ်ရီယံလူမျိုး၊ သက်လူမျိုး၊ မြို့လူမျိုးရို့ နိုင်ငံ(State) ထူထောင်ကတ်ခြင်း။

–

**ရှိနိုင်ငံခြားဆက်ဆံရီး**

–အေဒီ ၁၄၅၄ ခု နရနုမင်းကြီး၏ နေနမိတ်သတ်မှတ်ခြင်း။
–အေဒီ  ၁၅၁ရခု မင်းဘာသာဘုရင်၏ နေနမိတ်သတ်မှတ်ခြင်း။
–သမိုင်း အမွီအဆက် နေနမိတ်နန့် ရခိုင်လူမှုအဖွဲ့အစေးလက်ဟိ မိဋ္ဌနေနမိတ်။

(က) ၂။ တူညီရေ စီးပွားရီး သဘာဝဟိခြင်း။
–လေယာလုပ်ငန်း၊ ဥယိုင်လုပ်ငန်း၊ တံငါလုပ်ငန်း၊ ဆားလုပ်ငန်း၊ ရှိစီးပွားရီး
–ဗမာနေချေ့ လက်အောက် ရခိုင်စီးပွားရီး ၊ ရေနံလုပ်ငန်း၊

(က) ၃။ တူညီရေ ဘာသာစကားဟိခြင်း။
–ဒေသအလိုက် ရခိုင်စကားသံတိ၊
–ရခိုင် တိုင်းရင်းသားတိ၊ (မြို၊ ခမီ၊ ဒိုင်းနက်၊ ရှမ်းဒူး၊ သက်၊ လင်းကေး၊ မြံု၊ မဂုပါ (ဝါ) မာရမာကြီး၊ အနု၊ ခေါင်စို၊ ခုံ၊ ချော၊ ရခိုင်)
–အမျိုးသား စာပီတရပ်ကို ထူထောင်နိုင်ရေ အင်အားနန့် ပြေ့စုံနိုင်ရေ။

(က) ၄။ သီးခြားအမျိုးသားယိုင်ကျေးမှုဟိခြင်း
(၁) ကိုးကွယ်မှုဆိုင်ရာ ယိုင်ကျေးမှု၊
(၂) ဘာသာ စာပီဆိုင်ရာ ယိုင်ကျေးမှု
(၃) သုခုမ အနုပညာဆိုင်ရာ ယိုင်ကျေးမှု
(၄) ဆင်ယင် ထုံးဖွဲ့မှုဆိုင်ရာ ယိုင်ကျေးမှု
(၅) ဗိသုကာ ဆိုင်ရာ ယိုင်ကျေးမှု

၃။ (ခ) ရခိုင်ပြေရေ လုံးဝ ကိုလိုနီ နိုင်ငံနန့် ပဒေသရိုက် တပိုင်းနိုင်ငံဖြိုက်တေ။
–လက်ဟိ ကာလမာ ရခိုင်ပြေရေ ကျွန်ပုန်း ကိုလိုနီ နိုင်ငံ တနိုင်ငံဖြိုက်တေ။ ရခိုင် အချုပ်အချာ အာဏာကို ဗမာက သိမ်းပိုက် ချုပ်ကိုင်ထားရေ။ ဗမာပြေထောင်စုဆိုရေ ဝေါဟာရနန့် ဖုံးကွယ်ထားခြင်း၊ စီးပွားရီး၊ နိုင်ငံရီး၊ လူမှုရီးအရ ဖိနှိပ်ထားခြင်း။
–ဖြိုတိသျှ ပဒေသရာဇ် စနိတ်တပိုင်းဟိခြင်း၊
–လေယာမြီ ပြုပြင်ပြောင်းလေးရီးကို အနာဂတ် ကာလမာ တိုးတက်တေ လောကကို တက်လှမ်းဖို့ အတွက် ခြေလှမ်းသစ် တလှမ်းအဖြိုက် လုပ်ဆောင်ရဖို့၊
–လေယာမြီ တော်လှန်ရီး၏ အဓိက ရေရှေချက်

၁။ လေလုပ် သူတိုင်းလေပိုင်ဆိုင်ရီး
၂။ ခိုက်မမီရေ လေယာလုပ်ငန်းကို ခိုက်မီရေ လေယာလုပ်ငန်းအဖြိုက်ပြောင်းလေးရီး ။
၃။ လေထွက်ပစ္စေးကို လေသမားအပြေ့အဝခံစားရီး။

**လေသမားလူတန်းအလွှာလေးလွှာ**

၁။ မြီသျှင်ကြီး ၊ ၂။ ချမ်းသာရေ လေသမား ၃။ အလေအလတ်လေသမား ၄။ ဆင်းရဲရေ လေသမား၊

**လေယာတိုက်ပွေးလမ်းစဉ်**

၁။သီးစားတိုက်ပွေး
၂။ လက်ငုတ်လက်ရင်း လက်မပြုတ်ရီး တိုက်ပွေး၊
၃။ လေယာမြီ ပြေသူပိုင် တိုက်ပွေး။
၄။ စုပေါင်း လေယာတိုက်ပွေး (ဝါ) ကွန်ဗျူးတိုက်ပွေး၊

**ရမညဖနန့် ရမလတ တို့၏ တိုက်ပွေးလမ်းစိုင်၊**

(ဘကပ) နန့် (ရကပ) ရို့၏ တိုက်ပွဲလမ်းစဉ်
တော်လှန်ရီးအင်အားသုံးခု
၁။ အလုပ်သမား အခြီခံအား
၂။ လေသမားနန့် ဓနသျှင်ပေါက်စ အဓိက အား
၃။ မျိုးချိုက် ပြေချိုက် ဓနသျှင်အရံအား၊

**ဗီယက်နာမ်နန့် တရုတ်တော်လှန်ရီးတိ**

၃။ (င) ငါ့ရို့၏ အဓိက ရန်သူမှာ ဗမာနေချေ့ဖြိုက်တေ။
–ရခိုင် လူမှုအဖွေ့အစေးတွင် ပတိပက္ခ ၊
–ဗမာ နေချေ့နန့် ရခိုင် တမျိုးသားတရပ်လုံး၏ ပတိပက္ခရေ အဓိက ပတိပက္ခဖြိုက်တေ။ ဗမာနေချေ့ရေ အဓိက ရန်သူဖြိုက်တေ။
၃။ (ဃ) လက်နက်ကိုင် တော်လှန်ရီးရာ လွတ်လပ်ရီးအတွက် အဆုံးအဖြတ်ဖြိုက်တေ။ ဥပဒေတွင်း တိုက်ပွဲကား အခြီအနီ အထောက်ပံ့ကို ရာပီးနိုင်လိမ့်မယ်။
–ဗမာ နေချေ့က သူ့စိုက် အင်အား ၊နိုင်ငံရီးအင်အားနန့် ရခိုင်နိုင်ငံရီးအင်အားတွင်းမာ ရခိုင် အချုပ်အချာအာဏာကို ကျူးကျော် သိမ်းပိုက်ထားစွာကို ငါ့ရို့ သာမာန်တောင်းဆိုလို့မရ။ ရခိုင်စိုက်အင်အား ၊ရခိုင် နိုင်ငံရီးအင်အားနန့် တော်လှန် တိုက်ခိုက်ရဖို့ဖြိုက်တေ။

**အမျိုးသား တော်လှန်ရီး၏ လက်နက်သုံးပါး၊**

၁။ စင်ကြယ်မွန်မြတ်တေ အမျိုးသားစိတ်ဓါတ်လက်နက်
၂။ တော်လှန်မှန်ကန်ရေ သဘောတရားလက်နက်
၃။ ခေတ်မီစိုက်လက်နက်
–တော်လှန်ရီး၏ အခြီခံစခန်း
–အမျိုးသား စိုက်ဓါတ် လူမျိုးရီး စိတ်ဓါတ်၊ သဘောတရားဆိုစွာရေ လူ့အသုံးခံပစ္စေးရာဖြိုက်တေ။ အလုပ်၏ လမ်းညွှန့်ရာဖြိုက်တေ။ စိုက်၏ တရားရေ ပြောင်းလေးနီရေ တိုးတက်နီရေ၊ အခြီအနီနန့် စိုက်၏ လက္ခဏာကို ထူးခြားရေ အခြီအနီနန့် ထူးခြားရေ လက္ခဏာ ။

၃။ (င) အဂု နေချေ့နန့် ပဒေသရာဇ်ဆန့်ကျင်ရီးစိုက်ကို ပြေတွင်းစိုက်။ ပြေသူစိုက်လို့ မခံယူရ၊ အမျိုးသား စိတ်လို့ရာ ခံယူရရေ။
ပြေတွင်းစိုက် (Civil War) ၊ ပြေသူစိုက် (People War)/၊ အမျိုးသားစိုက် (National War)
(ဃ) ငါ့ရို့၏ မဟာဗျူဟာမှာ အမျိုးသား တော်လှန်ရီးဖြိုက်တေ။
(င) နေးဗျူဟာမှာ အမျိုးသား ညီညွတ်ရီးဖြိုက်တေ။
–တော်လှန်မှန်ကန်ရေ မဟာဗျူဟာနန့် နေးဗျူဟာ
– အဓိက ပတိပက္ခအတိုင်း မဟာဗျူဟာဖြိုက်ပေါ်လာရေ၊ ပုံစံတိ (တရုတ်တော်လှန်ရီး ရခိုင်တော်လှန်ရီး)

## (၈) လုပ်ငန်းပိုင်း
## ချိုက်တေရဲဘော်အပေါင်းရို့

ငါ့ရို့ရေ ရခိုင် တော်လှန်ရီး သမိုင်း၏ အဖြိုက်မျိုးစုံတိ ဝံသာနုခေတ် နှစ်ခေတ်၏ ထူးခြားချက်တိ ဗမာ ၊ ရခိုင် ဘောင်ရောထွီးလာခြင်းကြောင့် ငါ့ရို့အထိနာချက်တိ စရေစွာတိကို ဝေဖန်သတ္တုချပြီးကေ ဆွေးနွီးခယာဖြိုက်တေ။ အဆုံးမာ ကောက်စိုက်ချက်ကိုလေး တင်ပြခယာဖြိုက်တေ။ ဒေအချက် အလက်တိရေ ငါ့ရို့၏ အတွီအကြုံ၊ ငါ့ရို့အတွေးအခေါ်၊ ငါ့ရို့၏ ဗဟုသုတ၏ ရခိုင် သမိုင်းရုပ်၏ရုပ်ဝတ္တု အဖြိုက်အနိုက်တိကို ပေါင်းစပ်နီးနှော ပြီးကေ တင်ပြဆွေးနွီးခြင်း၊ ကောက်စိုက် ချခြင်းဖြိုက်သည်။ ဒေအချက် အလက်တိရေ ငါ့ရို့၏ အမျိုးသား တော်လှန်ရီးကာလမာ ကောင်းကောင်းထိရောက်ဖို့ အချက်အလက်တိပင် ဖြိုက်လိမ့်မယ်။ ငါ့ရို့၏ ပထမ စခန်းဆင့် အမျိုးသား တော်လှန်ရီးအတွက် ကိုင်စွဲရဖို့ ခံယူချက်တိပင် ဖြိုက်ဖို့ ယူဆရရေ။

## ချိုက်တေရဲဘော်အပေါင်းရို့

ငါ့ရို့ရေ သဘောတရား သက်သက်နန့် စခန်းလားကေ အမြဲဖြိုက်နီလိမ့်မည်။ လက်တွိ့ သက်သက်နန့် စခန်းလားကေ အကန်းဖြိုက်နီလိမ့်မေ။ ယင်းနန့်ဇ သဘောတရားနန့် လက်တွိ့ပေါင်းစပ်မှရာ အောင်ပွဲအရောက် တိုက်ခိုက် ချီတက်နိုင်ဖို့ဖြိုက်တေ။ အလုပ်လုပ်ရာ တိုင်းမာ စီမံကိန်းချပြီးကေ နေးကောင်း လမ်းကောင်းကို ကိုင်တေပြီးကေ တာဝန်ချလို့ လုပ်ဆောင်မှရာ ယင်းအလုပ်ရေ လုပ်ငန်းတရပ်ဖြိုက်တေ။ အောင်ပွဲအတွက် ပြေ့ဝရေ၊ ကောင်းမြတ်တေ အလုပ်အဆောင်တခု ဖြိုက်တေ။

ပထမအချက်။ ။ ငါ့ရို့မာ တော်လှန်ရီး တခု၏ တွေးခေါ်မြော်မြင်ရီး တရား၊ တော်လှန်ရီး တခု၏ သဘောတရား၊ ခံယူချက်၊ ရပ်တေချက်၊ ယုံကြွေချက်၊ ဦးတေချက်၊ ရေရွေချက်ရို့ ခိုင်ခိုင်နှောင်းနှောင်း ဟိဖို့လို့ရေ။

ဒုတိယအချက်။ ။ မဟာဗျူဟာ ပြတ်သားတေ့မတ်ဖို့လို့ရေ။ နေးဗျူဟာကို ပါးနပ်ကျင်လည်စွာ ၊ သိမ့်မွေ့ နက်နေးစွာ ၊ နေးမှန်လမ်းမှန် သုံးတတ်ဖို့လိုရေ။

တတိယအချက်။ ။ ဒေကာလမာ မျိုးချိုက် အင်အားစုအသီးသီး၊ တသီးပဂ္ဂလ အသီးသီးရို့ကို စေးရုံးနိုင်ဖို့ ကောင်းကောင်း အရီးကြီးရေ။ သံမဏိ ရဲဘော်တိကို စုစေးပြီးကေ အမာခံအမြုံတေပါတီ တေဆောက်ဖို့လိုရေ။ ယေပြီးကေ တဆင့် ကေဒါပါတီ (ဝါ) စေးရုံးရီးပါတီ တေဆောက်ဖို့လိုရေ။ စေးရုံးရီးရေ တော်လှန်ရီး၏ အဓိက ဝင်ရိုးဖြိုက်တေအတိုင်း စေးရုံရီး လုပ်တေအခါ မဟာဗျူဟာ ဆိုစွာကို တေ့မက်စွာ ပြတ်သားစွာ ချမှတ်ထားပြီးကေ နေးဗျူဟာကို အထူးကျွမ်းကျင်လိမ္မာ ပိရိစွာနန့် နေးမှန်လမ်းမှန် သုံးတတ်ဖို့လို့ရေ။ မဟာဗျူဟာတခု အောင်မြင်ဖို့အတွက် နေးဗျူဟာ ထောင်သောင်းမကလိုရေ။ ငါ့ရို့ ရခိုင် တမျိုးသားလုံးကို စေးရုံးရေ အခါမာ စီးစီးစိုက်စိုက်လုပ်ဖို့လိုရေ။

၁။အလုပ်သမား၊ လေသမား၊ ခနသျှင်ပေါက်စ၊ မျိုးချိုက်ပြေချိုက် ခနသျှင်၊ ဒေလူတန်းစားလေးရပ်ကို ပထမ စခန်းဆင့်အမျိုးသား တော်လှန်ရီးကာလမာ ညီညွှတ်ရီး တပ်ပေါင်းစုနိုင်ဖို့အတွက် စေးရုံးရေ အဓိက လက်နက်ဖြိုက်တေ။

စတုတ္ထအချက်။ ။ တော်လှန်ရီးတရပ်မှာ မောင်းနှင့်ရီးအင်အား သုံးရပ်ရှိရေ၊
၁။ နိုင်ငံရီး အင်အား
၂။ စီးပွားရီး အင်အား
၃။ ယှိုင်ကျေးမှု အင်အား ရို့ပင်ဖြိုက်တေ။
ယင်းကြောင့် အမျိုးသားတော်လှန်ရီး မဟာဗျူဟာနန့်အညီ စီးပွားရီး ကိုက်စဖြိုက်တေ လေယာမြေပြုပြင် ပြောင်းလေးရီးကို တွေးပြီးကေလုပ်ဆောင်ဖို့လိုရေ။
နေးတူ နိုင်ငံခြား ယိုင်ကျေးမှုကို ဆန့်ကျင်ပြီးကေ အမျိုးသား ယိုင်ကျေးမှု ပြုပြင်ပြောင်းလေးရီးကိုလိ့ တွေးလို့ လုပ်ဆောင်ဖို့လိုရေ။

ပဉ္စမအချက်။ ။ အမျိုးသား တော်လှန်ရီးကြီးကို ဆင်နွှဲးဖို့အတွက်
၁။ စင်ကြယ်မွန်မြတ်တေ အမျိုးသားစိတ်ဓါတ် ပြေ့ဝလာအောင် ကြိုးစားကတ်ရဖို့ ရခိုင်သမိုင်း အရပ်ရပ် ၊ကမ္ဘာ့သမိုင်း၊ နိုင်ငံတကာသမိုင်း အတ္တုပတ္တိကို ဖတ်ရှုလိ့လာဖို့လိုလိမ့်မယ်။
၂။ တော်လှန်မှန်ကန်ရေ သဘောတရားနန့် ပြေ့ဝရေ စိတ်ဓါတ် ဖြိုက်လာအောင် ကြိုးစားကတ်ရဖို့ ။ နိုင်ငံရီးသိပ္ပံ၊ နိုင်ငံရီး ဖွေ့စေးပုံ၊ ဥပဒေပညာ၊ ဒသနိက ပညာ၊ ဘောဂဗေဒပညာ ၊ လူမှုရီးသိပ္ပံစရေ ဘာသာရပ်တိကိုလေးကောင်း၊ တော်လှန်ရီး သမိုင်းတိကို လေးကောင်း ဖတ်ရှုလိ့လာဖို့ လိုအပ်လိမ့်မည်။ ကိုယ်နိုင်ငံ၏ ရုပ်ဘဝနန့် ဆီလျှော် ကိုက်ညီအောင် ကျင့်သုံးကတ်ဖို့ လိုအပ်လိမ့်မယ်။
၃။ စိုက်ပညာ ကျွမ်းကျင်လာအောင် ကြိုးစားကတ်ရဖို့ ၊ ကိုယ်ခန္ဓာပညာ အမျိုးမျိုးကိုတတ်ကျွမ်းရဖို့ ။
၄။ တိုးတက်တေ သဘောတရားရီး အင်အားနန့် ဖွဲ့ထက်သန်စွာ လက်တွဲ့လုပ်ဆောင်ခြင်း၊ အင်အားနှစ်ခုကို ကောင်းကောင်း မွန်မွန် ပေါင်းစပ်တတ်ဖို့လိုရေ။
၅။ သစ္စာတရားကြီး သုံးပါးကို နက်နေးစွာ ကျင့်သုံးလုပ်ဆောင်ဖို့ လိုရေ။
(က) ရခိုင် အမျိုးသား အပေါ်မှာ ထားအပ်ရေ သစ္စာတရား ၊
(ခ) ရခိုင်တိုင်းပြေ အပေါ်မှာ ထားအပ်တေ သစ္စာတရား၊
(ဂ) ရခိုင်ပြေ လွှတ်လပ်ရီး တပ်မတော်အပေါ်မှာ ထားအပ်တေ သစ္စာတရား ဒေသုံးပါးကို ဦးထိပ်ထားပြီးကေ ကျင့်သုံး လုပ်ဆောင်ဖို့လိုလာရေ။

၆။ ကိုယ်၊ နှုတ် ၊နှလုံး သုံးပါးလုံး မွန်ရေကောင်းမြတ်အောင် သတိဝိရိယနန့် ထိန်းကျောင်းဖို့ လိုလာရေ။

အဖရခိုင်ပြေ နိုင်ငံနန့် အမျိုးသားလွတ်လပ်ရမေ။ ညီညွှတ်မှုဖြင့် အောင်ပွေးသို့
အသျှင်စောမွန် (ရခိုင်ပြေ)

(ရသေ့တောင်မြို့နေ၊ ရီချောင်းရွာ ၊ထားဘူတောင်ကွင်း စခန်းတနီရာမာ ၂၁၊ ၁၊ ၆၉ နိန့် ၁၈၊ ၂၉ နာရီ အချိန်တွင် ရွှီးသားခရေ ။ ဇာလုပ်ကတ်ဖို့လေး? စာတမ်းကို သုတ်သင် ပြင်ဆင်လို့ပြီးစီးယာ။)